# မြဝတီ
The Mirror Daily
ဘဝ္ဂျာ ဒေါ်ပြီ ၁၅ ကွင်း ဝတ်မီးစဉ်ကောင်းသည်။ Established in 1957


**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့်မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ် (ဓမ္မပဒ- ၂၀၈)


၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ စနေနေ့။ Saturday, 2 May 2020 ၁၀၀၀၀


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

# မိမိတို့ တစ်ယောက်ချင်း လုပ်သင့်လုပ်ထိုက်တာကို မှန်မှန်ကန်ကန်လုပ်သွားရန် လိုအပ်ကြောင်း သတင်းစကားပါး

နေပြည်တော် မေ ၁

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိမိတို့ တစ်ယောက်ချင်း လုပ်သင့်လုပ်ထိုက်တာကို မှန်မှန်ကန်ကန်လုပ်သွားရန် လိုအပ်ကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် အောက်ပါအတိုင်း သတင်းစကားပါး ရေးသားထားသည်-**

မေလ(၁)ရက်နေ့ ရောက်လာပါပြီ။ Covid-19 နဲ့ ပတ်သက်တဲ့ ကျန်းမာရေး၊ စီးပွားရေး အစီအစဉ်တွေ ပထမဆုံးချမှတ်ခဲ့တဲ့အချိန်ကစပြီးတွက်ရင် (၅)လထဲ ဝင်လာပါပြီ။

**ပူးပေါင်းပါဝင်မှုကြောင့်ဖြစ်**

ယခုထိတော့ ကျွန်မတို့ Covid ရောဂါကို ထိန်းထားနိုင်တယ်လို့ ဆိုရပါမယ်။ ရောဂါကူးစက်သူပေါင်း ၁၅၁၊ ဆုံးပါးသွားသူ ၆ ဦး၊ ပျောက်ကင်းသူ ၂၈ ဦး။ အခြားနိုင်ငံများနဲ့ နှိုင်းယှဉ်ကြည့်ရင် အခြေအနေ အသက်သာဆုံးထဲမှာပါတယ်လို့ ပြောနိုင်ပါတယ်။ ဒါဟာ သက်ဆိုင်ရာဌာနတွေအားလုံးရဲ့ ကြိုးပမ်းမှုနဲ့ အဓိကဖြစ်တဲ့ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုကြောင့် ဖြစ်ပါတယ်။

ရှေ့မှာဆက်ပြီး ကြိုးပမ်းကြရပါအုံးမယ်။ သိန်းဂဏန်းထိများနိုင်တဲ့ ပြည်တော်ပြန်တွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်တွေ၊ မုတ်သုံနဲ့အတူ ဖြစ်လေ့ရှိတဲ့ တုပ်ကွေး၊ သွေးလွန်တုပ်ကွေးအန္တရာယ် ကာကွယ်ရေးတွေ၊ အခြားမြားမြောင်လှတဲ့ ဤလူ့ဘောင်ကိစ္စတွေ၊ ဤနိုင်ငံကိစ္စတွေ ဒါတွေအားလုံးကို ကျော်ဖြတ်ကြရပါမယ်။

ဖတ်လိုက်ရတာနဲ့မောသွားလား။ မမောပါနဲ့။ အင်မတန်ခက်ခဲရှုပ်ထွေးတယ်ထင်ရတဲ့ ကိစ္စဟာ တကယ်တော့ ရိုးရိုးရှင်းရှင်းလေးပါပဲ။ ကျွန်မတို့တွေ တစ်ယောက်ချင်း တစ်ယောက်ချင်း ကိုယ်လုပ်သင့်လုပ်ထိုက်တာကို မှန်မှန်ကန်ကန် လုပ်သွားဖို့ပါပဲ။

ဖေဖေ ဘုန်းကြီးကျောင်းသားလေး လေသံလေးနဲ့ မိန့်ခွန်းတစ်ခုကို နိဂုံးချုပ်သလို- (အပ္ပမာဒေန သမ္ပာဒေထ) (မမေ့သောသတိဖြင့် ပြီးစီးပြည့်စုံလုံခြုံအောင် စောင့်ထိန်းကြပါလေ။)

**ရှေ့မှာဆက်ပြီး ကြိုးပမ်းကြရပါအုံးမယ်။ သိန်းဂဏန်းထိများနိုင်တဲ့ ပြည်တော်ပြန်တွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်တွေ၊ မုတ်သုံနဲ့အတူ ဖြစ်လေ့ရှိတဲ့ တုပ်ကွေး၊ သွေးလွန်တုပ်ကွေးအန္တရာယ် ကာကွယ်ရေးတွေ၊ အခြားမြားမြောင်လှတဲ့ ဤလူ့ဘောင်ကိစ္စတွေ၊ ဤနိုင်ငံကိစ္စတွေ ဒါတွေအားလုံးကို ကျော်ဖြတ်ကြရပါမယ်။**




**မြဝတီ ယနေ့ ဖတ်စရာ**

အရှေ့တောင်အာရှနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ကျန်းမာရေးဝန်ကြီးများ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးဗီဒီယိုကွန်ဖရင့် ကျင်းပ

စာမျက်နှာ » ၃

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး Video Conferencing စနစ်ဖြင့် မီဒီယာများနှင့် တွေ့ဆုံ၍ လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား

စာမျက်နှာ » ၄

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

စာမျက်နှာ » ၁၅


TMR 004815(0320) / TMR 000394(0320)
RE GD.
ကွမ်းရွက်ပုံ
မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့သြလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။
RE GD
လိပ်ဦး
ဝမှန်းရှင်
လေငန်းလိမ်းဆေးရည်

ကြေးမုံ

# ရောဂါကာလ သဘာဝဘေးအန္တရာယ်သတိပြု

မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားနေသောကာလတွင် ထပ်မံသတိပြုရမည့် ဘေးအန္တရာယ်များကို အသိပေးထားသည်။ ပထမသတိပေးမှုမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသောကာလတွင် အသွင်ပြောင်းလှုပ်ရှားလာသော ဒုစရိုက်မှုအန္တရာယ်များ ဖြစ်သည်။ လက်ရှိသတိပြုရမည်မှာ ရောဂါဖြစ်ပွားနေစဉ်ကာလ ထပ်မံကြုံတွေ့နိုင်သည့် မုန်တိုင်းအန္တရာယ် ဖြစ်သည်။

မြန်မာနိုင်ငံတွင် မိုးဦးကာလနှင့် မိုးနှောင်းကာလတို့သည် မုန်တိုင်းအဖြစ်များသော ကာလများဖြစ်သည်။ ယခု ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားနေချိန်တွင် ရာသီအလိုက်ဖြစ်ပွားတတ်သည့် သဘာဝဘေးအန္တရာယ်အတွက်လည်း ကြိုတင်ပြင်ဆင်မှုများကို ပိုမိုသတိပြုဆောင်ရွက်ရန် လိုအပ်လာပါသည်။ ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးရွာသွန်းခြင်းတို့ ဖြစ်ပွားနေသည်။ ထိုသဘာဝဘေးနှင့် ရာသီဥတုအပြောင်းအလဲကြောင့် ဖြစ်ပေါ်လာတတ်သည့် ရာသီတုပ်ကွေးရောဂါများကို အထူးသတိထားဖို့ လိုမည်ဖြစ်သည်။

ရောဂါဘေးနှင့်ပတ်သက်၍ အဓိကဦးဆောင်လှုပ်ရှားလုပ်ကိုင်ဆောင်ရွက်နေသည်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနဖြစ်ပြီး သဘာဝဘေးနှင့်ပတ်သက်၍ အဓိကဦးဆောင်လုပ်ကိုင်နေသည်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဖြစ်သည်။ ယင်းဝန်ကြီးဌာနက ရောဂါဖြစ်ပွားနေစဉ်ကာလ၌ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ စီမံဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ အစီအမံများကိုလည်း ပေါင်းစပ်ထည့်သွင်းပြီး ကြိုတင်စီစဉ်ဆောင်ရွက်နေသည်။

သဘာဝဘေးအန္တရာယ်သည် မြန်မာနိုင်ငံတွင် နှစ်စဉ်ကြုံတွေ့လျက်ရှိပြီး ပြည်သူများအနေဖြင့် အတွေ့အကြုံရှိကြပြီးသားဖြစ်သည်။ ယခုကဲ့သို့ မုန်တိုင်းဖြစ်ပေါ်လာနိုင်သည့် ရာသီကာလတွင် အဆက်မပြတ်ထုတ်ပြန်လျက်ရှိသော ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့်ညွှန်ကြားချက်များကို မုန်တိုင်းလာစဉ် ပစ်ပယ်မထားဘဲ ဆက်လက်လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။ ထုတ်ပြန်နေသော မုန်တိုင်းသတင်းများကို စဉ်ဆက်မပြတ်နားထောင်၍ မိမိပတ်ဝန်းကျင်သို့လည်း အသိပေးနှိုးဆော်ရန်လိုပါသည်။

မိမိတို့နေအိမ်ခိုင်ခံ့မှု၊ မိမိတို့နေအိမ်ကို ထိခိုက်မှုရှိနိုင်သော အရာများကို သတိပြုဖို့လိုပါသည်။ ရောဂါကြောင့် မိမိတို့နေအိမ်တွင် နေထိုင်ရစဉ် နေအိမ်ကြံ့ခိုင်ရေးကို ပြင်ဆင်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ အရေးပေါ်ရွှေ့ပြောင်းနေထိုင်ရေးနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို စုဆောင်းထားရန် လိုအပ်ပါသည်။ ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ စီမံဆောင်ရွက်ပေးမှုများကို လိုက်ပါဆောင်ရွက်ကြဖို့လိုပါသည်။ ကမ်းရိုးတန်းဒေသများတွင် မုန်တိုင်းဒီရေကို သတိပြုရန်လိုပြီး ကုန်းတွင်းပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းရာမှ လျှပ်တစ်ပြက်ရေကြီးမှုများ ဖြစ်ပေါ်နိုင်သည်ကို သတိပြုရမည် ဖြစ်သည်။

ကမ်းရိုးတန်းနှင့် မြစ်ချောင်းများတွင် အသက်ကယ်ပစ္စည်းများနှင့် စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် သောက်ရေများကို အတတ်နိုင်ဆုံး စုဆောင်းထားရန် လိုအပ်ပါသည်။ မိသားစုများကွဲပြားသွားပါက ပြန်လည်ဆုံတွေ့နိုင်မည့် ကြိုတင်သတ်မှတ်ထားသည့်နေရာများကို မိသားစုများအား အသိပေးထားရန်လိုအပ်ပါသည်။ လေပြင်းတိုက်ခတ်စဉ်၊ မိုးရွာသွန်းစဉ်၊ လျှပ်စီးလက်စဉ်နှင့် မိုးခြိမ်းမှုဖြစ်ပွားနေစဉ် လက်ကိုင်ဖုန်းများကို အသုံးမပြုမိစေရန်လည်း လိုအပ်ပါသည်။

မုန်တိုင်းသတင်းနှင့်ပတ်သက်၍ ကောလာဟလသတင်းများကို မယုံစားကြရန်နှင့် တရားဝင်အသိပေးထုတ်ပြန်ချက်များကိုသာ သိရှိမှတ်သားလိုက်နာကြရန်လိုအပ်ပါသည်။ ယခုမိုးလေဝသဖြစ်စဉ်သည် အစပျိုး အချိန်ယူနေသည်ကို တွေ့ရမည်ဖြစ်သည်။ လက်ရှိတွင် မိုးရွာသွန်းမှု၊ လေပြင်းတိုက်ခတ်မှုဖြစ်စဉ်များသာ ဖြစ်ပေါ်နေပြီး မေလ ၁ ရက်နေ့မှသာ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်ခြေရှိသည်။ ထိုလေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာပြီး နောက်သုံးရက်မြောက်နေ့တွင် မုန်တိုင်းငယ်ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက တရားဝင်အသိပေးထားသည်။

မုန်တိုင်းသည် မြန်မာနိုင်ငံဘက်သို့ဦးလှည့်ရန် အလားအလာများရှိသည်ဟု ခန့်မှန်းထားပြီး လေဖိအားနည်းရပ်ဝန်း အရှိန်ယူမှုကာလ အနည်းအများအလျောက် မုန်တိုင်းပြင်းအား အနည်းအများဖြစ်နိုင်ခြေရှိသည်။ ယခုအခါ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက လေဖိအားနည်းရပ်ဝန်းစတင်ဖြစ်ပေါ်ချိန်မှ ကမ်းခြေသို့ဝင်ရောက်နိုင်မည့်အချိန်အထိ ဖြစ်ပေါ်လာနိုင်သည့် အလားအလာများကို ၂၄ နာရီ စဉ်ဆက်မပြတ် စောင့်ကြည့်သတင်းထုတ်ပြန်ပေးလျက်ရှိပြီး ထိုသတင်းအချက်အလက်များနှင့်အညီ သက်ဆိုင်ရာတို့၏ အသိပေးနှိုးဆော်ချက်များအတိုင်း လိုက်နာဆောင်ရွက်ကြဖို့ လိုမည်ဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်တွင် ပြည်သူများအနေဖြင့် ရောဂါဘေးအန္တရာယ်များကို လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းများနှင့်အတူ မုန်တိုင်းဖြတ်ကျော်ဝင်ရောက်လာပါက သက်ဆိုင်ရာအဖွဲ့အစည်းများက ဆောင်ရွက်ရန်ညွှန်ကြားသည့် အချက်များအတိုင်း လိုက်ပါဆောင်ရွက်ကာ သဘာဝဘေးအမျိုးမျိုးတို့ကို ရင်ဆိုင်ကျော်လွှားတုံ့ပြန်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် "စောစောရှာ" Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်"စောစောရှာ" Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်–

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများ အနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ၊ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ "စောစောရှာ" Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် "စောစောရှာ" Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည်မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့်**
**အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် "စောစောရှာ" Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

# ကျိုင်းတုံမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း



**ကျိုင်းတုံ မေ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းကို အသွားအလာများသော မြို့တွင်းလမ်းများတွင် ယမန်နေ့ နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နယ်မြေခံတပ်မတော်သားများ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးမျိုးဇင်ဝင်းနှင့် တပ်ဖွဲ့ဝင်များက ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီးမှ မြို့မဈေးရှေ့လမ်းတစ်လျှောက်၊ မြို့လယ်ကျောက်တိုင်မှ ကားကြီးကွင်းလမ်းတစ်လျှောက်၊ နောင်တုံကန်ပတ်လမ်းတစ်လျှောက်နှင့် မဟာမြတ်မုနိဘုရားကြီး အဝိုင်းပတ်နေရာများတွင် မော်တော်ယာဉ်များဖြင့် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သင့်စီးပွားရေး အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင်ကြော်ငြာစို့



ကြေးမုံ

| | | | |
|---|---|---|---|
| ခေတ္တ စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင် | | အငယ်တန်း သတင်းထောက်များ | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | – ဦးဝင်းနိုင် | | |
| စာတည်းများ | – ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း | | |
| သတင်းထောက်မှူး | – ဦးမြင့်စိုး | ဓာတ်ပုံသတင်းထောက် | – ဦးခင်မောင်ဝင်း |
| ဘာသာပြန်စာတည်းများ | – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော် | သုတေသန | – ဒေါ်ဇင်မာဝင့် |
| အကြီးတန်း သတင်းထောက်များ | – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦ | စာပြင် | – ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – ဒေါ်အေးအေးသင်း၊ ဦးတင်ထွန်းတာနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | – ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။


themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၃၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## အရှေ့တောင်အာရှနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ကျန်းမာရေးဝန်ကြီးများ၏ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးဗီဒီယိုကွန်ဖရင့် ကျင်းပ



**နေပြည်တော် မေ ၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့ နံနက်ပိုင်း၌ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးဗီဒီယိုကွန်ဖရင့်(Special Video Conference of Health Ministers of ASEAN and the United States in Enhancing Cooperation on COVID-19 Response)အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမမှ တက်ရောက်ဆွေးနွေးခဲ့သည်။

**အဖွင့်အမှာစကားပြော**

အဆိုပါအစည်းအဝေးတွင် အာဆီယံ အတွင်းရေးမှူးချုပ် Mr. Dato Lim Jock Hoi က အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် အာဆီယံ-ယူအက်စ် ပူးတွဲဥက္ကဋ္ဌများဖြစ်သော အင်ဒိုနီးရှားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီးများက အဖွင့်အမှာစကားပြောကြားကြသည်။

ယင်းနောက် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း နှင့် ဗီယက်နမ်နိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီးများသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကို တုံ့ပြန်ရာတွင် အာဆီယံနှင့် အမေရိကန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုအရှိန်မြှင့်တင်ရေး အတွက် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က မြန်မာနိုင်ငံ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ပြင်ဆင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ပြောကြားရာတွင် ယခုကဲ့သို့ အာဆီယံနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စု ကျန်းမာရေးဝန်ကြီးများ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးဆိုင်ရာ အထူးဗီဒီယိုကွန်ဖရင့်ကို ဆောင်ရွက်ပေးခဲ့သည့် အာဆီယံ-ယူအက်စ် ပူးတွဲဥက္ကဋ္ဌများဖြစ်သော အင်ဒိုနီးရှားနှင့် အမေရိကန်နိုင်ငံတို့အား ကျေးဇူးတင်ပါကြောင်း။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများအတွက် တစ်ကိုယ်ရေ ရောဂါကာကွယ်ရေး ဝတ်စုံများ (PPE) နှင့် အမေရိကန် ဒေါ်လာ ခုနစ်သိန်းလှူဒါန်းခဲ့သည့် အမေရိကန်အစိုးရ နှင့် USAID အဖွဲ့တို့ကိုလည်း ကျေးဇူးတင်ပါကြောင်း။

အမေရိကန် ကူးစက်ရောဂါနှိမ်နင်းရေး ဗဟိုဌာန (US-CDC) ဒေသဆိုင်ရာရုံး (ထိုင်းနိုင်ငံ)နှင့် မြန်မာနိုင်ငံ US-CDC အဖွဲ့၏ နည်းပညာအကူအညီများလည်း ရယူ၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့အနေဖြင့် US-CDC (Atlanta)၊ National Institute of Health တို့နှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကိုစမ်းသပ်ကုသမှုဆိုင်ရာ သုတေသနများ (Multi-centric clinical trials or studies on COVID-19 and beyond)အား ပိုမိုလုပ်ဆောင်လိုပါကြောင်း။

အာဆီယံနိုင်ငံများအနေဖြင့် အမေရိကန်နိုင်ငံရှိ သုတေသနဌာနများ (health and research institutions)နှင့်ပူးပေါင်း၍ ကျန်းမာရေးသုတေသနများ ဆက်လက်ဆောင်ရွက်သွားနိုင်မည့် သုတေသနကြားခံစင်မြင့် (research platform)တစ်ခု ထူထောင်နိုင်ပါက လွန်စွာအကျိုးရှိနိုင်မည်ဖြစ်ကြောင်း။

ဗီဒီယိုကွန်ဖရင့်များသည် ယခုအချိန်၌ နိုင်ငံများအကြား အတွေ့အကြုံဖလှယ်ရာတွင် အလွန်ထိရောက်သည့် နည်းလမ်းတစ်ခု ဖြစ်ကြောင်း။

US-CDC, National Institute of Health တို့မှ ပညာရှင်များ၊ အာဆီယံနိုင်ငံများမှ သုတေသနပညာရှင်များ၊ ပြည်သူ့ကျန်းမာရေး ပညာရှင်များ ပူးပေါင်း၍ မျိုးဆက်သစ် ကျန်းမာရေးဝန်ထမ်းများအတွက် ကျွမ်းကျင်မှု တိုးတက်စေရေးသင်တန်းများ ဆက်တိုက် ပူးပေါင်းဆောင်ရွက်သွားနိုင်ပါကြောင်း။

ဤ ကိုဗစ်-၁၉ ကပ်ရောဂါတိုက်ဖျက်ရေး အတွက် ကျန်းမာရေးမဟုတ်သည့် အခြား ကဏ္ဍများ၏ အခန်းကဏ္ဍများ အရေးကြီးပုံကိုလည်း မိမိတို့ချန်လှပ်ထား၍ မရပါကြောင်း။

ထို့အတွက် မြန်မာနိုင်ငံသည် ကျန်းမာရေး ဝန်ထမ်းမဟုတ်သည့် စေတနာ့ဝန်ထမ်းများ၏ ပါဝင်ဆောင်ရွက်မှုကို မြှင့်တင်နိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အစိုးရတစ်ရပ်လုံး၊ ကဏ္ဍအားလုံး ပါဝင်ချဉ်းကပ်သည့်ပုံစံဖြင့် အမျိုးသားအဆင့် ဗဟိုကော်မတီတစ်ရပ်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဦးဆောင်၍ ဖွဲ့စည်းထားပါကြောင်း။

နိုင်ငံတော်အဆင့် မြင့်မားသော ကော်မတီဖြစ်သည့်အတွက် လုပ်ဆောင်ရမည့်ကိစ္စရပ်များအပေါ် ဆုံးဖြတ်ချက်များ မြန်ဆန်ပြီး ပြည်ထောင်စုဝန်ကြီးများအဖွဲ့ဝင်အဖြစ် ပါဝင်သည့်အတွက် ကဏ္ဍများ၏ ပူးပေါင်းဆောင်ရွက်မှု ပိုမိုထိရောက်မြန်ဆန်ပါကြောင်း။

အကျိုးဆက်အဖြစ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ ဆွေးနွေးချက်နှင့် အကျိုးရှိ ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အာဆီယံ-ယူအက်စ် အထူးဗီဒီယိုကွန်ဖရင့်မှ ထွက်ပေါ်သည့် ပူးတွဲကြေညာချက်ကို မြန်မာနိုင်ငံအနေဖြင့် အတည်ပြုပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**အကြံပြုဆွေးနွေး**

ဆက်လက်၍ အမေရိကန်နိုင်ငံမှ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ဆောင်ရွက်ရာတွင် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရေးအတွက် အကြံပြုဆွေးနွေးသည်။ ထို့နောက် ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ASEAN-US Joint ပူးတွဲကြေညာချက်အား အတည်ပြုနိုင်ခဲ့သည်။ ထို့နောက် အာဆီယံ-ယူအက်စ် ပူးတွဲဥက္ကဋ္ဌဖြစ်သော အင်ဒိုနီးရှားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီးများက နိဂုံးချုပ်စကား ပြောကြားကြသည်။

အဆိုပါ ဗီဒီယိုကွန်ဖရင့်သို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ဗဟိုကူးစက်) ဒေါက်တာထွန်းတင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## COVID-19 ရောဂါ တုံ့ပြန်ဆောင်ရွက်ရာတွင် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့၏ စေတနာ့ဝန်ထမ်း (Volunteer) အစီအစဉ်တွင် ပါဝင်ဆောင်ရွက်လိုသူများသို့ အသိပေးနှိုးဆော်ခြင်း

COVID-19 ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်ရာတွင် အရေးကြီးသည့်လုပ်ငန်းစဉ်တစ်ရပ်မှာ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာအဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ် (Community Based Facility Quarantine) ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ရောဂါပိုးကူးစက်သူများနှင့် အနီးကပ်ထိတွေ့ခဲ့သူများ၊ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများသည် Community Based Facility Quarantine ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်တွင် ပါဝင်ရမည့်သူများဖြစ်ပါသည်။ မိမိတို့တွင် ရောဂါလက္ခဏာပြသခြင်းမရှိသော်လည်း ရောဂါပိုးကို သယ်ဆောင်သူဖြစ်နေနိုင်ခြင်းကြောင့် အခြားသူများသို့ ပြန့်ပွားခြင်းမရှိစေရန် ရောဂါပျိုးချိန် (၂၈)ရက်တာ ကာလအတွင်း စောင့်ကြည့်စောင့်ရှောက်မှုခံယူရခြင်း ဖြစ်ပါသည်။ ဤအစီအစဉ်တွင် (၂၁)ရက်ပြီးမြောက်ပါက မိမိ၏နေအိမ်တွင် (၇)ရက်ထပ်မံ၍ Home Quarantine ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။

Community Based Facility Quarantine လုပ်ငန်းစဉ်အတွင်း ပါဝင်သူများအတွက် လိုအပ်သောစောင့်ရှောက်ကူညီမှုများကို စနစ်တကျလေ့ကျင့်ထားသော စေတနာ့ဝန်ထမ်း (Volunteer) များက ပံ့ပိုးကူညီရမည်ဖြစ်ပါသည်။ အစီအစဉ်တွင် သတ်မှတ်လုပ်ငန်းစဉ်နှင့် သတ်မှတ်ကာလအရ ပါဝင်ဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းသည် မိမိဒေသရှိ Community Based Facility Quarantine Center တွင် လိုအပ်ချက်အလိုက်၊ မိမိပါဝင်ဆောင်ရွက်နိုင်သည့် အတိုင်းအတာအလိုက် အတွင်းစည်း(သို့မဟုတ်) အပြင်စည်းတွင် နေ့စဉ်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် သတ်မှတ်ကာလ (၂၁)ရက်ပြည့်အောင် ပါဝင်ကူညီဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ပြီး ထပ်မံ၍ (၇)ရက်ကို သတ်မှတ်ပေးထားသော နားနေရန်နေရာတွင် အနားယူအပန်းဖြေနေထိုင်ခြင်းပြုရမည်ဖြစ်ပြီး စုစုပေါင်း (၂၈)ရက်အပြည့် အနည်းဆုံး (၁)ကြိမ် ဆောင်ရွက်ရန်ဖြစ်သည်။ မိမိ၏ဆန္ဒအရ တစ်ကြိမ်ထက်ပိုပြီး ဆက်လက်၍ပါဝင်ဆောင်ရွက်နိုင်ပါသည်။

စေတနာ့ဝန်ထမ်း(Volunteer) အဖြစ် မိမိ၏အချိန်၊ လုပ်အား၊ ကျွမ်းကျင်မှု၊ အကြံဉာဏ်စသည်များကို အခကြေးငွေမယူဘဲ ဤလုပ်ငန်းစဉ်တွင် သတ်မှတ်အချိန်ကာလအပြည့် မိမိတစ်ဦးချင်းအနေဖြင့် ဆန္ဒအရပါဝင်ရန် ကြိုဆိုဖိတ်ခေါ်အပ်ပါသည်။ လက်ရှိသက်ဆိုင်ရာ ဒေသအလိုက် Community Based Facility Quarantine Center များ၌ စေတနာ့ဝန်ထမ်း(Volunteer) များအဖြစ် ဆောင်ရွက်လျက်ရှိသူများကိုလည်း စာရင်းကောက်ယူမှတ်တမ်းတင်လျက်ရှိပါသည်။


ပါဝင်ဆောင်ရွက်ကြမည့် စေတနာ့ဝန်ထမ်းများအတွက် လိုအပ်သော သင်တန်းများပေးခြင်း၊ လုံခြုံရေးအကာအကွယ်များဆောင်ရွက်ပေးခြင်း၊ အနေအထိုင်၊ အစားအသောက်၊ အသွားအလာကိစ္စများအတွက် စနစ်တကျ ပံ့ပိုးကူညီခြင်း၊ လုံလောက်သော အနားယူအပန်းဖြေမှုရရှိစေခြင်းနှင့် နိုင်ငံတော်က အသိအမှတ်ပြုခြင်းများ ဆောင်ရွက်ပေးလို၍ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ (National Volunteer Steering Unit)ကို ဖွဲ့စည်းဆောင်ရွက်ရခြင်း ဖြစ်ပါသည်။

ဤစေတနာ့ဝန်ထမ်း(Volunteer)အစီအစဉ်တွင် သတ်မှတ်လုပ်ငန်းစဉ်နှင့် သတ်မှတ်ကာလအတွင်း ပါဝင်လိုသူများအနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ Facebook စာမျက်နှာဖြစ်သော Ministry of Social Welfare, Relief and Resettlement Myanmar သို့ ဝင်ရောက်၍ သတ်မှတ်ထားသော Volunteer Registration ပုံစံကို ဖြည့်စွက်ပြီး (၅.၅.၂၀၂၀) ရက်နေ့ ညနေ (၆) နာရီ နောက်ဆုံးထား စာရင်းပေးသွင်းကြရန် နှိုးဆော်အပ်ပါသည်။

တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ပြည်သူလူထုအတွက် ယခု COVID-19 ကာလအတွင်း ထိရောက်စွာ ကူညီပံ့ပိုးဆောင်ရွက်ပေးနေကြသော ပရဟိတအသင်းများ၊ ပရဟိတသမားများအားလုံးကိုလည်း အထူးကျေးဇူးတင်ဂုဏ်ယူပါသည်။ ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးကြရန်လည်း မေတ္တာရပ်ခံအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး Video Conferencing စနစ်ဖြင့် မီဒီယာများနှင့် တွေ့ဆုံ၍ လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား



**နေပြည်တော် မေ ၁**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးသည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေများ၊ မီဒီယာသမားများ၏ သိရှိလိုသည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက မိမိအနေဖြင့် ပဏာမ ပြောလိုသည်မှာ ယမန်နေ့က ပလက်ဝဒေသကို AA က ဖြတ်တောက် ပိတ်ဆို့ထားသည့်အတွက် ဆန်ရိက္ခာများ မပို့ဆောင်နိုင်ခဲ့ပါကြောင်း၊ ပထမအကြိမ်အနေဖြင့် ဆန်အိတ် ၈၃၀ ပို့ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ဆန်အိတ် ၈၃၀ ဆိုသည်မှာ ယင်းဒေသရှိ ပြည်သူများအတွက် ရိက္ခာနှစ်ပတ်စာခန့်သာ လုံလောက်သည့်အတွက် ဒုတိယအသုတ်အနေဖြင့် WFP ကားများဖြင့် ပို့ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ ပို့ဆောင်ရာတွင် AA အဖွဲ့က World Food Programme– WFP တံဆိပ်ကပ်ထားသည့် ကားများကိုပစ်ခတ်သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ပါကြောင်း။

**အရုပ်ဆိုးအကျည်းတန်**

ယင်းသို့ ဆန်အိတ်များပို့ဆောင်ရာတွင် တပ်မတော်ယာဉ်တန်းဖြင့် သွားရောက်ခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ ပို့ဆောင်ရာတွင် ကားများ၏ရှေ့တွင် WFP ဆိုင်းဘုတ်ကို စာတန်းကြီးများကပ်ပြီး ပို့ဆောင်ခဲ့သော်လည်း AA က ပစ်ခတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အဝေးမှနေ၍ သိသာထင်ရှားမြင်နိုင်သည့် ဆိုင်းဘုတ်များကပ်ထားသည်ကို ပစ်ခတ်သည့်အတွက် ယခုဖြစ်ရပ်သည် အင်မတန် အရုပ်ဆိုးအကျည်းတန်ပါကြောင်း။

အထူးသဖြင့် ပလက်ဝဒေသတစ်ဝိုက်မှ ဒေသခံများ အစာရေစာ ပြတ်လပ်နေသည့်အတွက် WFP ကို အကူအညီတောင်းပြီး လူသားချင်းစာနာထောက်ထားသည့်အနေဖြင့် ပို့ခဲ့ပါကြောင်း၊ ယင်းသို့ ပို့ဆောင်ရာတွင် လက်နက်ငယ်ကျည်ထိ၍ WFP မှ ယာဉ်မောင်း ပခုက္ကူမြို့တွင် နေထိုင်သူ ဦးဝင်းကိုအောင်၏ မျက်နှာတွင် ကားမှန်ကို ကျည်ဆန် ထိမှန်ပြီး မှန်စပြတ်ရှဒဏ်ရာ ရရှိခဲ့ပါကြောင်း၊ ခြောက်ဘီးကားများ၏ ဆီတိုင်ကီ၊ ဘီးများနှင့် ကားကိုယ်ထည်ကို လက်နက်ငယ် ထိမှန်ခဲ့ပါကြောင်း။

ထို့ကြောင့် ယမန်နေ့က ကားများကိုပြုပြင်ပြီး နေ့လယ်ပိုင်းတွင် ဆက်လက်ထွက်ခွာခဲ့ပါကြောင်း၊ ထို့နောက် စိမ့်စမ်းဝတွင် ညအိပ်ရပ်နားခဲ့ပါကြောင်း၊ ယနေ့အခြေအနေအရ ယင်းဒေသတွင် မိုးများသည်းထန်စွာရွာနေသည်ဟု သိရှိရပါကြောင်း၊ မိုးရွာ၍ လမ်းအဆင်မပြေသည့်အတွက် ရေလမ်းကနေ သွားရောက်ပို့ဆောင်ရန် လုပ်နေပါကြောင်း၊ ယနေ့ ပို့ပေးရန်အဆင်မပြေသည့်အတွက် မနက်ဖြန်တွင် ရေလမ်းကြောင်းမှ ဆန်အိတ်များကို လွှဲပြောင်း၍ ပလက်ဝကို ပို့ပေးသွားမည်ဖြစ်ပါကြောင်း၊ ဆန်အိတ်နှစ်ထောင်ပို့မည် ဖြစ်ကြောင်း။

**မလုပ်သင့်၊ မလုပ်ထိုက်**

အလားတူ မင်းပြားတွင် မကြာသေးမီက WHO ယာဉ်တန်းပစ်ခတ်ခံရမှု ဖြစ်ပွားသည့်နေရာတွင်လည်း AA က ချောင်းမြောင်းပစ်ခတ်သည့်အတွက် ဇက်ကူးရန် စောင့်ဆိုင်းနေသော ယာဉ်မောင်းတစ်ဦးထိခိုက်ဒဏ်ရာ ရရှိခဲ့သည့် ဖြစ်စဉ် ဖြစ်ပွားခဲ့ပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်တွင် ကိုဗစ်–၁၉ နှင့် ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်ရာတွင် ကူညီဆောင်ရွက်ပေးသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယာဉ်ကိုလည်း ပစ်ခတ်ခံခဲ့ရကြောင်း၊ ယခု WFP ယာဉ်တန်းကိုလည်း ပစ်ခတ်ခံခဲ့ရပါကြောင်း၊ ယင်းကိစ္စများသည် မလုပ်သင့်၊ မလုပ်ထိုက်သည့်ကိစ္စများဖြစ်ပါကြောင်း၊ AA သည် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့်အဖွဲ့အစည်းလည်း ဖြစ်ပါကြောင်း၊ ယခုဆိုလျှင် ပိုမိုထင်ရှားလာသည်မှာ အပြစ်မဲ့ပြည်သူများအပြင် ကုလသမဂ္ဂ အဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်အဖွဲ့များကိုပါ ပစ်ခတ်လာသည့် သဘောမြင်တွေ့ ရပါကြောင်း ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက ကိုဗစ်–၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ပြန်လည်ကုစားရေးကော်မတီ၏ ဆောင်ရွက်နေမှု၊ အခြေခံလူတန်းစားများအတွက် ကိုဗစ်–၁၉ ကာလအလွန် ဆောင်ရွက်ပေးနိုင်သည့် အခြေအနေ၊ ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဆောင်ရွက်နေမှုအခြေအနေ၊ AA က WHO ဝန်ထမ်းမောင်းနှင်လာသည့် UN မော်တော်ယာဉ်အား ပစ်ခတ်ခဲ့သည်အတွက် စုံစမ်းစစ်ဆေးရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်ရသည့် အကြောင်းအရင်း၊ လူ့အခွင့်အရေးကိုယ်စားလှယ် ယန်ဟီလီ၏အစီရင်ခံစာကိစ္စ၊ ရခိုင်ပြည်နယ် မြို့နယ်အချို့၌ အင်တာနက်လိုင်း ပြန်လည်ဖွင့်လှစ်ပေးနိုင်မည့် အခြေအနေ၊ Quarantine Centre များ၌ အဆင့်မြင့်အရာရှိကြီးများ ရှိမရှိ၊ ရခိုင်ပြည်နယ်၌ တိုက်ပွဲများကြောင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်မှု ရှိ၊ မရှိ၊ ကိုဗစ် –၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီ၏ ဆောင်ရွက်နေမှု အခြေအနေ၊ ရခိုင်ပြည်နယ်မှ နေရပ်ပြန်ပြည်သူများ နေရပ်ပြန်နိုင်ရေး ဆောင်ရွက်ပေးမည့် အခြေအနေ၊ ကိုဗစ်–၁၉ ရောဂါကူးစက်မှု များပြားလာပါက တုံ့ပြန်နိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ကိုဗစ်–၁၉ ရောဂါနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံ၏ အကူအညီပေးမှုအပေါ် သဘောထားအမြင်၊ ကိုဗစ်–၁၉ ရောဂါ တုံ့ပြန်ရန် ဘတ်ဂျက်လျာထားမှုအခြေအနေ၊ ရောဂါဖြစ်ပွားသူ တစ်ဦးချင်း ကုန်ကျစရိတ်၊ အခြေခံလူတန်းစားများအား ထပ်မံထောက်ပံ့ရန် အစီအစဉ် ရှိ၊ မရှိ၊ ခရီးသည်ယာဉ်လိုင်းများ ပြန်လည် ပြေးဆွဲရန် အစီအစဉ် ရှိ၊ မရှိ။

ကိုဗစ်ကာလ၌ ကူညီဆောင်ရွက်နေကြသည့် ပရဟိတအဖွဲ့များ၏ လူနာတင် လိုင်စင်မဲ့မော်တော်ယာဉ်များ မှတ်ပုံတင်ပေးရန် ရှိ၊ မရှိ၊ အင်းလေးကန် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ဆောင်ရွက်နေမှုအခြေအနေ၊ နိုင်ငံတကာ၌ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားနေသည့် မြန်မာနိုင်ငံသားများအား အစိုးရအနေဖြင့် ကူညီပေးမည့်အစီအစဉ်၊ ကိုဗစ်ကာလ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ကျန်းမာရေးကာကွယ်စောင့်ရှောက်ထားမှုအခြေအနေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား မည်သည့်နည်းလမ်းဖြင့် တွေ့ဆုံရန် စီစဉ်ထားမှုအခြေအနေ၊ သင်္ကြန်ကာလအတွင်း ခွင့်ပြုချက်မရှိဘဲ နေပြည်တော်ပြင်ပ ထွက်ခွာကြသည့် နိုင်ငံ့ဝန်ထမ်းများအား အရေးယူရန် အစီအစဉ် ရှိ၊ မရှိ၊ မကြာမီကာလအတွင်း စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ထားမှုအခြေအနေ၊ ရွေးကောက်ပွဲကျင်းပမည့်ကာလ ရွှေ့ဆိုင်းရန် အစီအစဉ်ရှိ၊ မရှိ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်တို့ တယ်လီဖုန်းဖြင့် ဆွေးနွေးခဲ့မှု အခြေအနေ၊ အခြားဒေသတွင်း ခေါင်းဆောင်များနှင့် ဆွေးနွေးရန် အစီအစဉ်ရှိ၊ မရှိ၊ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များအတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ ပြည်ပချေးငွေရယူရန် အစီအစဉ် ရှိ၊ မရှိ၊ မိုးရာသီကာလ ရောက်ရှိလာမည်ဖြစ်သည့်အတွက် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ (၂၁)ရာစုပင်လုံ စတုတ္ထအကြိမ် ကျင်းပနိုင်မည့် အခြေအနေ၊ လေကြောင်းလိုင်းများ မေ ၁၅ ရက်နောက်ပိုင်း ပြန်လည်ဖွင့်လှစ်ရန် အစီအစဉ် ရှိ၊ မရှိ၊ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးအတွက် စက်ရုံ၊ အလုပ်ရုံများအား စစ်ဆေးနေမှုအခြေအနေ၊ ချေးငွေ ဘီလီယံ ၂၀၀ ဦးစားပေးထုတ်ချေးရန် သတ်မှတ်ထားသည့် အခြေအနေ၊ စက်ရုံ၊ အလုပ်ရုံများ စိစစ်ပြီးစီးမှုအခြေအနေနှင့် ကိုဗစ်–၁၉ ကြောင့် အလုပ်ရပ်နားခံရသည့် လုပ်သားများအတွက် ဆောင်ရွက်ထားမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ မေးမြန်းကြသည်။

**ရှင်းရှင်းလင်းလင်းဖြစ်စေရေး**

သတင်းမီဒီယာများ၏ မေးမြန်းချက်များနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက COVID–19 Economic Relief Plan ထုတ်ပြန်ထားပါကြောင်း၊ အဆိုပါထုတ်ပြန်ချက်တွင် အခြေခံလူတန်းစားများအတွက် ရိက္ခာဖြန့်ဝေရေးများပါဝင်ပြီး အသေးစိတ်ဖော်ပြထားပါကြောင်း၊ ချေးငွေကိစ္စတွင် ကနဦး ဘီလီယံ ၁၀၀ ထုတ်ချေးနေပါကြောင်း၊ ထပ်မံ၍ ဘီလီယံ ၂၀၀ ထုတ်ချေးရန် စီစဉ်နေပါကြောင်း၊ COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၌ ရုံးထိုင်၍ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေပါကြောင်း၊ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးကော်မတီအနေဖြင့်လည်း EAOs များနှင့် ဆက်သွယ်ဆောင်ရွက်နေပါကြောင်း၊ WHO ကားကို AA အဖွဲ့က ပစ်ခတ်ခြင်းဖြစ်ပါကြောင်း၊ WHO မှ ဝန်ထမ်းတစ်ဦး သေဆုံးသွားသည့်အတွက် သက်ဆိုင်ရာက ရှင်းရှင်းလင်းလင်းဖြစ်စေရေးအတွက် စုံစမ်းစစ်ဆေးရန် ဖွဲ့စည်းဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတကာ စံနှုန်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန် လုပ်ငန်းတာဝန်တွင် ထည့်သွင်းထားပါကြောင်း။

ယန်ဟီလီ၏ ထုတ်ပြန်ချက်ကို တွေ့ရှိပါကြောင်း၊ ယင်းထုတ်ပြန်ချက်တွင် တပ်မတော်ကို တော်တော်များများ စွပ်စွဲထားပါကြောင်း၊ နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုဟု ကြေညာထားသည့် AA ၏ လုပ်ဆောင်ချက်များအား လျှော့ပေါ့ထားသည်ကို တွေ့ရှိရပါကြောင်း၊ အမှန်တကယ်တွင် ရိက္ခာယာဉ်တန်းများနှင့် WHO ယာဉ်တန်းကို တိုက်ခိုက်သည်မှာ AA ဖြစ်ပါကြောင်း၊ အရပ်သားများကို တိုက်ခိုက်ပြီး ကျေးရွာများကို စစ်မျက်နှာဖန်တီးသည်မှာ AA ဖြစ်ပါကြောင်း၊ မနက်ဖြန်ဆိုလျှင် ရခိုင်ပြည်နယ်မှ မြို့နယ်(၅)မြို့နယ်အား အင်တာနက်လိုင်းပိတ်ထားသည်မှာ သတ်မှတ်ရက်ပြည့်ပြီ ဖြစ်ပါကြောင်း၊ AA ၏ စာရင်းများအရ သက်ရောက်မှုနည်းပါးသည့် မြို့နယ်များအား အင်တာနက်လိုင်းများ ပြန်လည်ဖွင့်ပေးရန် အစီအစဉ်ရှိပါကြောင်း၊ ကျန်ရှိသည့်မြို့နယ်များကို ဆက်လက် ပိတ်ထားရမည်ဖြစ်ပါကြောင်း။

လတ်တလော Quarantine ထားရှိသည့်အထဲတွင် အစိုးရအရာရှိကြီးများ မပါဝင်ပါကြောင်း၊ ရခိုင်ပြည်နယ်ရှိ တိုက်ပွဲဖြစ်ပွားနေသည့် နေရာများတွင် လုံခြုံရေးအတွက် အရင်ဆုံးဆောင်ရွက်ရပါကြောင်း၊ လုံခြုံရေးကောင်းမွန်မည်ဆိုပါက အုပ်ချုပ်ရေးနှင့် ပူးပေါင်းပြီး ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံမှ နိုင်ငံသားများ နေရပ်ပြန်လာရေးကိစ္စကို ပိတ်ဆို့ထားခြင်း မရှိပါကြောင်း၊ ပြန်လာကြသူများအား Quarantine (၂၁)ရက် ထားရှိပြီး သံသယရှိပါက စစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စစ်ဆေးပေးနိုင်သည့် အရေအတွက်လည်း မြင့်တက်လာပါကြောင်း၊ လက်ရှိ၌ အများအပြားဖြစ်ပွားလာပါက ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားပါကြောင်း၊ လုံလောက်မှုအခြေအနေ မရှိသေးပါကြောင်း၊ သို့သော်လည်း အကောင်းဆုံးဖြစ်အောင် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ပြင်ဆင်ထားပါကြောင်း၊ ကျွမ်းကျင်ဆရာဝန်အပိုင်းတွင်လည်း ခေတ်မီနည်းပညာများအသုံးပြုလာသည်မှာ မိမိတို့နိုင်ငံအတွက် အားသာချက်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုများအပြင် အခြားအကူအညီများ ရရှိပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်လာသည့်အခါ စတင်ဖြစ်ပွားသည့် နိုင်ငံကို အပြစ်တင်မည့်အစား နိုင်ငံနှင့်ပြည်သူအတွက် ဦးစားပေးဆောင်ရွက်ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ပတ်သက်ပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်ဖြင့်သာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်–၁၉ ရောဂါ တစ်ဦးချင်းကုသမှုအတွက် တစ်ဦးနှင့်တစ်ဦး ကုန်ကျငွေ မတူညီနိုင်ပါကြောင်း၊ ခရီးသည်တင်ယာဉ်များ ပြန်လည်ပြေးဆွဲရန်အပါအဝင် တစ်နိုင်ငံလုံးနှင့် ပတ်သက်ပြီး မေ(၁၅)ရက်မတိုင်မီ Review ပြန်လည်လုပ်ဆောင်သွားမည်ဖြစ်ပြီး ပြည်သူများသိရှိရန် အသိပေးကြေညာချက် ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း၊ လတ်တလောအနေဖြင့် ပရဟိတလိုင်စင်မဲ့ယာဉ်များကို လိုင်စင်ချပေးရန် အစီအစဉ်မရှိပါကြောင်း။

**စနစ်တကျဆောင်ရွက်ထား**

တစ်နိုင်ငံလုံးရှိ Volunteer စာရင်းများကို ကောက်ခံလျက်ရှိပြီး ပါဝင်လိုသူများကို ဖိတ်ခေါ်လျက်ရှိပါကြောင်း၊ ဖိတ်ခေါ်ပြီးနောက် National Volunteer Corps အဖြစ် ဆောင်ရွက်ရန်ရှိပါကြောင်း၊ အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် စီမံချက်များဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ကိုဗစ်–၁၉ လူနာများအား သက်ဆိုင်ရာနိုင်ငံတွင် ကုသမှုများ ဆောင်ရွက်ပေးနေသည်ဟု သိရှိရပါကြောင်း၊ နိုင်ငံတကာရှိ မြန်မာနိုင်ငံသားများ ပြန်လည်လာရောက်ရန် စုရပ်များ ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကျန်းမာရေးနှင့်စပ်လျဉ်းပြီး ရောဂါကူးစက်မှု မရှိအောင် စနစ်တကျဆောင်ရွက်ထားပါကြောင်း၊ စာသင်ကျောင်းများပြန်ဖွင့်ရန် မေ ၁၅ ရက်မတိုင်မီ တစ်နိုင်ငံလုံးအနေအထားဖြင့် Review ပြန်လည် လုပ်ဆောင်ပြီး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လောလောဆယ်တွင် ရွေးကောက်ပွဲကို နိုဝင်ဘာလတွင် ကျင်းပရန် ကြေညာထားပါကြောင်း၊ လတ်တလောတွင် ရွှေ့ဆိုင်းရန် အစီအစဉ်မရှိဟု သိရှိရပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်တို့ အိန္ဒိယရောက် မြန်မာသံဃာတော်များအား ခေါ်ယူရန်နှင့် ကိုဗစ်–၁၉ ရောဂါနှင့် ပတ်သက်ပြီး နှစ်နိုင်ငံ အပြန်အလှန် ကူညီဆောင်ရွက်ရန်အတွက် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ ကိုဗစ်–၁၉ ကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတကာအဖွဲ့အစည်းများမှ ပြည်ပအကူအညီရယူရန် ကိစ္စများလည်း COVID–19 Economic Relief Plan တွင် ပါရှိပါကြောင်း။

National Volunteer Corps ကို ဆောင်ရွက်ရခြင်းမှာ လက်တွေ့ မိမိတို့နိုင်ငံအတွက် ကိုဗစ်–၁၉ သည် ထူးခြားသည့် အတွေ့အကြုံဖြစ်ပါကြောင်း၊ ရေကြီးခြင်း၊ မြေငလျင်လှုပ်ခြင်းတို့နှင့် မတူပါကြောင်း၊ ကိုဗစ်–၁၉ သည် ရေရှည်သဘောဆန်ပါကြောင်း၊ တခြားဖြစ်စဉ်များတွင် မြေငလျင်လှုပ်သွားသည့်အတွက် အပျက်အစီးများကြားမှ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရပါကြောင်း၊ နေရာချထားခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရပါကြောင်း၊ ယခု ကိုဗစ်–၁၉ သည် ထိုသို့ မဟုတ်ပါကြောင်း၊ Volunteer များနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ ဆွေးနွေးသည့်အခါ မြင်ရသည်မှာ ရေရှည် စဉ်ဆက်မပြတ်ဖြစ်စေရန် Volunteer ဖြစ်သည့်အတွက် အလှူရှင်အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များအပေါ်တွင် မှီခို၍ ဆောင်ရွက်ရပါကြောင်း၊ ရေရှည်တွင် အစဉ်မပြတ် ပံ့ပိုးပေးနိုင်ခြင်းမရှိပါကြောင်း၊ ထို့သို့ ရေရှည်ပံ့ပိုးနိုင်ခြင်းမရှိသည့်အတွက် အခက်အခဲများ ဖြစ်ပေါ်လာပါကြောင်း။

အခက်အခဲများ ဖြစ်ပေါ်လာသည့်အခါ၌ အရေးကြီးသည့် လိုအပ်ချက်များကို ဝင်ရောက်ဖြည့်ဆည်းပေးသည့် Volunteer များကို နိုင်ငံတော်အနေဖြင့် မည်သို့ ကူညီနိုင်မည်၊ COVID–19 အတွက် ဆေးရုံဆေးခန်းများတွင် သွားရောက်လုပ်ကိုင်ကြသည့် Volunteer များ

စာမျက်နှာ ၅ သို့ ❍

## ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်

ယနေ့ကာလသည် အတိတ်သမိုင်းကို သင်ခန်းစာယူကာ သံသယနှင့် ပဋိပက္ခများ ကင်းစင်ပပျောက်ပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ငြိမ်းချမ်းရေးရရှိရန် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ယုံကြည်မှုရရှိရေးအတွက် ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံအစည်းအဝေးများကို သုံးကြိမ်အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် လိုအပ်သော သဘောတူညီချက်အချို့ကိုလည်း ရရှိထားပါသည်။ တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ထွန်းလာရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

*[နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်]*



○ စာမျက်နှာ ၄ မှ

ပြန်လာသည့်အခါ ရပ်ကွက်က လက်မခံသည့် အခြေအနေများရှိပါကြောင်း၊ ၎င်းတို့အနားရနိုင်ရန်အတွက်လည်း မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို အခြေအနေများအပေါ်တွင် စီစဉ်ခြင်းဖြစ်ပါကြောင်း၊ ထိုကိစ္စအပေါ်တွင် တချို့ဝေဖန်သူများကိုလည်း တစ်ခါတည်း ပြောချင်ပါကြောင်း၊ National Volunteer Corps ဆိုသည်မှာ နိုင်ငံ၏ ထူးခြားသည့် ဝိသေသဖြစ်ပါကြောင်း၊ ကျန်သည့် CSO များနှင့်လည်း မသက်ဆိုင်ပါကြောင်း၊ CSO များသည် သူ့အလုပ်သူ လုပ်ကြပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် မည်သို့မျှ မပြောလိုပါကြောင်း၊ အဓိကမှာ ပြည်သူလူထုအတွက် အရေးကြုံလာသည့်အခါတွင် ပံ့ပိုးကူညီသူများ များစွာ ရှိပါကြောင်း၊ သူ့နည်းသူ့ဟန်ဖြင့် ပံ့ပိုးကြပါကြောင်း၊ မည်သည့်အဖွဲ့အစည်းကမှ မဟုတ်ဘဲ လူစု၍ ဆောင်ရွက်ရာတွင် တချို့အစုအဖွဲ့များက စနစ်တကျ ဆောင်ရွက်နိုင်ပါကြောင်း၊ တချို့တွင် အတွေ့အကြုံမရှိပါကြောင်း၊ လုပ်ကိုင်ချင်သည့်စိတ်၊ စေတနာနှင့် လုပ်အားရှိပါကြောင်း၊ သို့သော် စနစ်တကျမဖြစ်သည့် အခါတွင် အဆင်မပြေမှုများရှိပါကြောင်း၊ အစိုးရဌာနများနှင့် ဆက်သွယ်သည့် အခါတွင်လည်း မည်သို့လုပ်ဆောင်ရမည်ကို နားမလည်သူများ ရှိပါကြောင်း၊ နားလည်သည့်အဖွဲ့များက အဆင်ပြေပါကြောင်း၊ ထိုအခါမျိုးတွင် မိမိတို့အနေဖြင့် Capicity မြှင့်တင်ပေးရန် လိုအပ်ပါကြောင်း၊ စနစ်တကျဖြစ်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် National Volunteer Corps ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း၊ ထို့အတွက်လည်း သက်ဆိုင်သည့် ဝန်ကြီးဌာနများက သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ဆောင်ရွက်ထားသည်များ ရှိပါကြောင်း၊ အရေးပေါ်ကိစ္စရပ်များ ပေါ်ပေါက်လာပါကလည်း Volunteer များကို အားကိုးရမည် ဖြစ်ပါကြောင်း။

မိမိတို့သိရှိထားသည်မှာ EAOs အပိုင်းအနေဖြင့် ယခင်ရက်ပိုင်းက အစည်းအဝေးပြုလုပ်ပါကြောင်း၊ ယင်းသို့ အစည်းအဝေးဆောင်ရွက်၍ မိမိတို့ အဆိုပြုထားသည် Option–1 အနေဖြင့် ရန်ကုန်တွင်ရှိသည့် EAO အဖွဲ့ငယ်နှင့် တွေ့ဆုံ၍ တစ်ရက်နားမည်ဖြစ်ပါကြောင်း၊ ယင်းနောက် ၎င်းတို့အဖွဲ့အချင်းချင်း Video Conferencing စနစ်ဖြင့် ပြန်လည်ဆွေးနွေးပါကြောင်း၊ မိမိတို့အနေဖြင့်လည်း အစိုးရပိုင်း၊ လွှတ်တော်၊ တပ်မတော်ဆွေးနွေးပါကြောင်း၊ နောက်ရက်တွင် အလုပ်အဖွဲ့ငယ် ပြန်ထိုင်ပါကြောင်း၊ ယင်းသို့ ပြန်ထိုင်သည့်အပေါ်တွင်လည်း ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၃) ချုပ်ဆိုမည့်အပိုင်း၌ (၃)ပိုင်း ပိုင်းထားပါကြောင်း၊ ကိုဗစ်–၁၉ မတိုင်မီက သဘောတူညီချက် ရရှိထားခြင်းများ ရှိပါကြောင်း၊ တချို့မှာ နှစ်ဖက်ညှိနှိုင်းရမည့်အပိုင်းများရှိပါကြောင်း၊ ယင်းအတွက်လည်း အဆိုပြုချက်များလုပ်ဆောင်ထားပါကြောင်း။

သို့ဖြစ်၍ လာမည့် မေလဆန်းတွင် Option–1 အနေဖြင့် အလုပ်အဖွဲ့ငယ် တွေ့ဆုံမည်ဖြစ်ပါကြောင်း၊ ယင်းနောက် ၎င်းတို့အဖွဲ့အချင်းချင်း ပြန်လည်ဆွေးနွေးညှိနှိုင်း၍ ရရှိလာမည့် ဘုံသဘောထားရပ်တည်ချက်ကို ရယူပြီး မိမိတို့နှင့် တွေ့ဆုံမည့်အစီအစဉ် ဖြစ်ပါကြောင်း၊ Option–2 အနေဖြင့်လည်း ယခုကဲ့သို့ Online video conferencing စနစ်ဖြင့် ဆွေးနွေးညှိနှိုင်းမည်ဖြစ်ပါကြောင်း၊ ယခုကာလတွင် ၎င်းတို့အချင်းချင်း video conferencing စနစ်ဖြင့် ဆွေးနွေးနေပါကြောင်း၊ အစိုးရအပိုင်းတွင်လည်း video conferencing စနစ်များ ပြုလုပ်နေသည့်အတွက် အတွေ့အကြုံအားလုံးတွင်ရှိနေပါကြောင်း၊ မိမိတို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အနေဖြင့် ကိုဗစ်–၁၉ ဖြစ်နေသော်လည်း မရပ်တန့်စေရန် မူလအချိန်ဇယားအတိုင်း သွားရန်ရှိပါကြောင်း၊ ယခုအချိန်ထိ ၎င်းတို့အနေဖြင့် မည်သည့်နည်းလမ်းသွားမည် ဆိုသည်ကို အဆိုပြုချက် မလာသေးပါကြောင်း။

### ချေးငွေဘီလီယံ ၂၀၀ ထုတ်ချေးမည့် အစီအစဉ်နှင့်စပ်လျဉ်း၍

ချေးငွေဘီလီယံ ၂၀၀ ထုတ်ချေးမည့် အစီအစဉ်နှင့်စပ်လျဉ်း၍ အချို့လုပ်ငန်းများသည် သိန်းထောင်ချီ၍ ချေးငွေတောင်းခံကြပါကြောင်း၊ သို့သော် ချေးငွေရရှိရာတွင် သိန်းရာဂဏန်းမကျော်ကြပါကြောင်း၊ ယင်းကို မယူတော့ဘဲ ပြန်အပ်မည်ဟု တင်ထားကြသည်ကို တွေ့ရပါကြောင်း၊ ယင်းအကြောင်းနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနသို့ စုံစမ်းကြည့်ရာတွင် ကိုဗစ်–၁၉ ကြောင့် ထိခိုက်မှုရှိသော နိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး သိရှိရသည်မှာ စတင်လျှောက်ထားစဉ်က သက်ဆိုင်ရာလျှောက်လွှာများ ဖြည့်သွင်းရပါကြောင်း၊ ယင်းတွင် ချေးငွေရယူရာ၌ ပြည့်စုံရမည့် အချက် (၁၀) ချက်ရှိပါကြောင်း၊ ကိုဗစ်–၁၉ ကြောင့် အမှန်တကယ်ထိခိုက်မှုရှိသည့် နိုင်ငံသားပိုင်လုပ်ငန်း၊ လက်ရှိလည်ပတ်နေသည့်လုပ်ငန်း သို့မဟုတ် လွန်ခဲ့သည့် သုံးလအတွင်း ယာယီရပ်စဲထားပြီး ချေးငွေရသည်နှင့် ချက်ချင်းစတင်နိုင်သည့်လုပ်ငန်း ၊ ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်မတိုင်မီ ခွင့်ပြုချက် လိုင်စင်ရရှိထားသည့်လုပ်ငန်း၊ ပြီးခဲ့သည့် နှစ်နှစ်တာ အတွင်း နှစ်စဉ် ယင်းလုပ်ငန်းမှ ဝင်ငွေရနေသည့် လုပ်ငန်း၊ ချေးငွေပြန်ဆပ်နိုင်သည့် ခိုင်လုံသည့် လုပ်ငန်း၊ ချေးငွေကို ဝန်ထမ်းနှင့် လုပ်သားများကို လစာပေးရန်နှင့် လုပ်ငန်း ပြန်လည်လည်ပတ်နိုင်ရန်အတွက် အသုံးပြုရန်၊ ကုမ္ပဏီဖြစ်ပါက မှတ်ပုံတင်စာရင်းမှ ဆိုင်းငံ့ထားသည့် ကုမ္ပဏီမဖြစ်ခြင်း၊ ဝင်ငွေခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ထားသည့် ကုမ္ပဏီလုပ်ငန်း၊ လူမှုဖူလုံရေး ပုံမှန်ထည့်ဝင်သည့် လုပ်ငန်းနှင့် ကုမ္ပဏီဖြစ်ပါက ဒါရိုက်တာအဖွဲ့၊ ကုမ္ပဏီမဟုတ်ပါက လုပ်ငန်းပိုင်ရှင်မှ ပြန်ပေးဆပ်ပါမည်ဆိုသည့် အာမခံချက် ပေးနိုင်ရမည်ဆိုသည့် အချက် (၁၀) ချက်ဖြင့်ကိုက်ညီရန်လိုအပ်ပါကြောင်း။

လျှောက်ထားရာတွင် စိစစ်သည့်အပိုင်းနှစ်ပိုင်းရှိပါကြောင်း၊ ပဏာမစိစစ်ခြင်းနှင့် အသေးစိတ် စိစစ်ခြင်းဖြစ်ပါကြောင်း၊ ပဏာမစိစစ်ရေးအဖွဲ့တွင် DICA၊ စက်မှုကြီးကြပ်နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး တစ်ဦးစီ၊ UMFCCI မှ ဒုတိယဥက္ကဋ္ဌ သို့မဟုတ် CEC တစ်ဦး၊ အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ သို့မဟုတ် CEC တစ်ဦး၊ စက်မှုလုပ်ငန်းရှင်များအသင်းမှဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ သို့မဟုတ် CEC တစ်ဦးပါဝင်သည့် အဖွဲ့ဖြစ်ပါကြောင်း။

### အသေးစိတ်စိစစ်

ယင်းအဖွဲ့အနေဖြင့် ရန်ကုန်ရှိ UMFCCI ရုံးချုပ်တွင် ချေးငွေလျှောက်လွှာများကို စိစစ်ပါကြောင်း၊ စစ်ဆေးရာတွင် စာရွက်စာတမ်းများ မှန်ကန်စုံလင်မှု ရှိ၊ မရှိ၊ လျှောက်လွှာများတွင် ဖြည့်သွင်းထားသည့် အချက်အလက်များ မှန်ကန်မှု ရှိ၊ မရှိ၊ လျှောက်ထားသူကို ချေးငွေထုတ်ချေးပေးရန် သင့်၊ မသင့် recommend ပေးရပါကြောင်း၊ ယင်းအဖွဲ့အနေဖြင့် recommend ပေးသည်ကို အသေးစိတ် စိစစ်ပြီး နောက်တစ်ဆင့် ဆောင်ရွက်ရပါကြောင်း၊ နောက်တစ်ဆင့်တွင် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းဥက္ကဋ္ဌ၊ UMFCCI ဒုတိယဥက္ကဋ္ဌ (သို့မဟုတ်) CEC တစ်ဦးပါဝင်ပါကြောင်း၊ ယင်းစိစစ်ရေးအဖွဲ့ကို လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းမှ တာဝန်ပေးသည့် အသင်းဝင်များက ဝိုင်းကူပေးပါကြောင်း၊ ယင်းအဖွဲ့အနေဖြင့် ရန်ကုန်မြို့ရှိ စာရင်းစစ်ချုပ် သင်တန်းကျောင်း၌ စိစစ်ပါကြောင်း၊ စိစစ်ရာတွင် ပညာရပ်ပိုင်းဆိုင်ရာ စိစစ်ခြင်း၊ ခွင့်ပြုပေးသင့်သည့် လျှောက်လွှာများကို စိစစ်ရွေးချယ်ရပါကြောင်း၊ လုပ်ငန်းတစ်ခုချင်းအလိုက် ချေးငွေမည်မျှ ခွင့်ပြုပေးသင့်သည်ကို စိစစ်ပါကြောင်း၊ ခွင့်ပြုလျာထားသည့် အမည်စာရင်း၊ ချေးငွေပမာဏကို စိစစ်ပြီး လုပ်ငန်းအဖွဲ့(task force)အဖွဲ့ထံသို့ တင်ပြပါကြောင်း၊ လုပ်ငန်းအဖွဲ့မှတစ်ဆင့် လုပ်ငန်းကော်မတီထံသို့ တင်ပြပြီး ယင်းကော်မတီမှ ခွင့်ပြုပေးခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် ချေးငွေချေးယူသည့် လုပ်ငန်းစဉ်များကိုလည်း သိရှိနားလည်ရန် လိုအပ်ပါကြောင်း၊ ချေးငွေစိစစ်ရေးအဖွဲ့များက ချေးငွေမည်မျှပေးသင့်သည်ကို recommend ပေးရပါကြောင်း၊ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူများက လေ့လာသုံးသပ်ပြီး တင်ပြလာသည်ကို ကော်မတီဝင်များ သိရှိပြီးသည်နှင့် နိုင်ငံတော်အနေဖြင့် ခွင့်ပြုပေးခြင်းဖြစ်ပါကြောင်း၊ ချေးငွေအငြင်းပွားမှုများ အနေဖြင့် မူလပြည့်စုံရမည့် အချက်(၁၀)ချက်အပေါ်တွင် ညီညွတ်ခြင်း ရှိ၊ မရှိ အပေါ်၌လည်း မူတည်ပါကြောင်း၊ ချေးငွေထုတ်ချေးပေးခြင်းနှင့်စပ်လျဉ်း၍ ပဏာမစိစစ်သည့်အဖွဲ့နှင့် အသေးစိတ်စိစစ်သည့် အဖွဲ့များ၏ တွေ့ရှိချက် အပေါ်တွင် မူတည်သည်ဟု ရှင်းလင်းဖြေကြားပြီး သတင်းမီဒီယာများ၏ မေးခွန်းများနှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းပြောကြားသည်။

**မျိုးမြင့်၊ ဟန်လင်းနိုင်၊ မျိုးသူဟိန်း**




COVID-19 ကိုဗစ်ဟာ အဆုတ်ရောင်ရောဂါကို ဖြစ်ပွားစေပါတယ်။ အထူးသဖြင့် အသက်အရွယ်ကြီးရင့်သူများမှာ ပိုမိုစိုးရိမ်ရပါတယ်။ အဘိုးအဘွားများ အိမ်မှာပဲနေပါ။ မိသားစုဝင်တွေကတော့ အဘိုးအဘွားတို့နဲ့ ထိတွေ့ဆက်ဆံရာမှာ မိမိကိုယ်တိုင် သန့်ရှင်းရေးဦးစားပေးပြီး သတိထား ထိတွေ့ပေးကြပါ။ မိသားစုဝင်မဟုတ်သူများကို အိမ်တွင်း မဝင်ပါစေနှင့်။



သင်ဟာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သရွေ့ အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။

# ကြိုတင်သတိပြုရမည့် မုန်တိုင်းဖြစ်ပေါ်နိုင်မှုအခြေအနေ

ကျော်လွင်ဦး(မိုးဇလ)

၂၀၂၀ ပြည့်နှစ်ရဲ့ နွေကာလအလွန် မိုးကြိုကာလတွေမှာ အနောက်ဘက်က သမပိုင်း မိုးလေဝသအခြေအနေတွေ စိုးမိုးနေမှုနဲ့အတူ မိုးလေဝသအခြေအနေ အပြောင်းအလဲတွေ ဖြစ်ပေါ်စေတတ်တဲ့ ဘင်္ဂလားပင်လယ်အော်ရဲ့ မုန်တိုင်းဆင်မယ့် အရိပ်အယောင်ပြ ပုံရိပ်တွေကို ဧပြီလ ဒုတိယ ဆယ်ရက်ပတ်အကုန်မှာ နေ့စဉ်တွေ့ရှိလာခဲ့ပါတယ်။ ဒီကာလမှာ ဖြစ်တတ်တဲ့ လေထုသဘာဝဘေး ဖြစ်စဉ်တွေထဲက ဘင်္ဂလားပင်လယ်အော် မုန်တိုင်းတွေရဲ့ ယေဘုယျစရိုက်လက္ခဏာတွေနဲ့ မုန်တိုင်းဖြစ်ပေါ်နိုင်မှုဆိုင်ရာ တွေ့ရှိချက် အခြေအနေတွေကို ဆွေးနွေးတင်ပြလိုက်ပါတယ်။

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းတွေရဲ့ ယေဘုယျစရိုက်လက္ခဏာများ**

ဘင်္ဂလားပင်လယ်အော် မုန်တိုင်းတွေက ဧပြီလ၊ မေလ၊ အောက်တိုဘာလနဲ့ နိုဝင်ဘာလတွေမှာ အဖြစ်များကြပါတယ်။ အထူးသဖြင့် ရာသီအစ ဧပြီလ၊ မေလမှာ မုန်တိုင်းတွေဖြစ်ခဲ့ရင် စွမ်းအင်အလွန်များလို့ အင်အားပြင်းထန်တတ်ပါတယ်။ ဒါပေမဲ့ မုန်တိုင်းတွေရဲ့ စရိုက်လက္ခဏာတွေက တစ်ခုနဲ့တစ်ခု မတူတာတွေ အများကြီးရှိသလို တူတာတွေလည်း များပါတယ်။ ဆိုင်ကလုန်း၊ တိုင်ဖွန်း၊ ဟာရီကိန်းလို့ အမည်နာမတွေ မတူပေမယ့် အဖျက်စွမ်းအားပေးတာကတော့ အတူတူဖြစ်ပါတယ်။ မုန်တိုင်းတွေစတင်ဖြစ်ပေါ်တဲ့နေရာကတော့ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၊ အရှေ့တောင်ပိုင်းမှာ အဖြစ်များပါတယ်။ စတင်ဖြစ်ပေါ်ဖို့ကတော့ ပူနွေးတဲ့ ပင်လယ်ရေမျက်နှာပြင် အပူချိန်၊ လေထုအောက်ပိုင်း လေဝဲဖြစ်ပေါ်မှု၊ မုန်တိုင်းစတင်ဖြစ်မယ့်နေရာအနီး လေထု အထက်၊ အောက် လေအလျဉ် ရွဲ့စောင်းမှု အနည်း၊ အများ၊ လေထုအလယ်ပိုင်း ရေငွေ့ အလုံအလောက်ရရှိနေမှု၊ လေထုမတည်ငြိမ်မှုအခြေအနေတွေက အဓိကအချက်တွေ ဖြစ်ပါတယ်။ သတင်းနည်းပညာခေတ်ရဲ့ တိုးတက်လာမှုနဲ့အတူ မုန်တိုင်း စဖြစ်လာနိုင်မယ့် လေဖိအားနည်းရပ်ဝန်းတစ်ခုကို မိုဘိုင်းဖုန်းတွေမှာတောင် ငါးရက်ကနေ ၁၀ ရက်အတွင်း ကြိုတင်ပြီးရနေတဲ့ အခြေအနေဖြစ်ပါတယ်။

မုန်တိုင်းတစ်လုံးစီတိုင်းမှာ စရိုက်သဘာဝ တစ်မျိုးစီရှိတတ်ကြလို့ မုန်တိုင်းခန့်မှန်းသူတွေအနေနဲ့ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်မှုကို သင်္ချာပုံစံ တွက်ချက်မှုတွေနဲ့အတူ လေထု၊ ရေထု အခြေအနေတွေ ဘက်စုံစောင့်ကြည့်သုံးသပ်ခြင်း၊ မုန်တိုင်းငယ်ဖြစ်လာပြီဆိုရင် အင်အားအဆင့်ကို ဂြိုဟ်တုတိမ်ပုံနဲ့ အခြေခံသတ်မှတ်ထားတဲ့ Dvorak Technique နဲ့အတူ တိမ်စုဖွဲ့မှုပုံစံအလိုက် မုန်တိုင်းငယ် T-Number (၁ ဒသမ ၅) ကနေ မုန်တိုင်းကြီး T-Number (၈ ဒသမ သုည) အထိ အဆင့်ဆင့် အကဲဖြတ်လျက် မုန်တိုင်းအင်အားကို သတ်မှတ်ကြပါတယ်။ တိုင်းထွာချက်နည်းပါးတဲ့ ပင်လယ်ပြင်မှာ မုန်တိုင်းအဆင့်အင်အားကို T-Number နဲ့ ဆုံးဖြတ်တာ အလွန်အသုံးဝင်ပြီး မုန်တိုင်းအဆောက်အဦ ကမ်းခြေနားရောက်ရှိလာပါက မုန်တိုင်းရေဒါများ၊ မိုးလေဝသစခန်းမှ တိုင်းထွာတဲ့ လေထုဖိအားနဲ့ မြေပြင်တိုက်လေလာရာအရပ်၊ လေတိုက်နှုန်းတို့ဟာ အလွန်ပဲ အရေးပါတဲ့အချက်အလက်တွေ ဖြစ်ပါတယ်။ မုန်တိုင်းတွေရဲ့ အင်အားကောင်းမှု အခြေအနေတွေကတော့ အလွန်ရှုပ်ထွေးတဲ့ လေထုရူပဗေဒဆိုင်ရာ ဖြစ်စဉ်တွေပါဝင်နေပြီး အဓိကအနေနဲ့ ရေခိုးရေငွေ့ရရှိမှုနဲ့ လေထု အထက်၊ အောက် လေအလျဉ်ပြောင်းလဲမှု အနည်း၊ အများတို့က အရေးပါကြောင်း တွေ့ရပါတယ်။ နောက်တစ်ချက်ကတော့ မုန်တိုင်းတွေက ဘယ်လိုနေရာတွေကို ဝင်ရောက်တာလဲဆိုတော့ လေစုဆုံမှုများတဲ့ ဒေသတွေ၊ လေထုမတည်ငြိမ်မှုများတဲ့ ဒေသတွေ၊ လေထုဖိအား ကျဆင်းတဲ့ ဒေသတွေကို ဝင်ရောက်ပါတယ်။ ကမ်းရိုးတန်း မိုးလေဝသ စခန်းတွေရဲ့ နာရီအလိုက် လေထုဖိအား ပြောင်းလဲနှုန်းကိုကြည့်ရင် သိသာစွာတွေ့ရပါတယ်။ မြန်မာ့ကမ်းရိုးတန်းကို မုန်တိုင်းတွေဝင်ခါနီးမှာ ရုတ်တရက် အင်အားကောင်းလာခြင်း ရှိ၊ မရှိကို မုန်တိုင်းခန့်မှန်းသူတွေ စောင့်ကြည့်ရမယ့် အရေးကြီးတဲ့အချက်တစ်ခု ဖြစ်ပါတယ်။ ကမ်းခြေဝင်ခါနီးမှ ရုတ်တရက် အင်အားကောင်းလာတာကို ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ဂီရိမုန်တိုင်းကြီးမှာ ကြုံတွေ့ခဲ့ရပြီး Cyclone Rapid Intensification(RI)ဖြစ်စဉ်ကို သုတေသီတို့ အလေးထားလာကြတာ တွေ့ရပါတယ်။ မုန်တိုင်းတွေဟာ ကုန်းတွင်းဝင်ရောက်ပြီးနောက် ၂၄ နာရီအတွင်း အားပျော့သွားတတ်ပေမယ့် ကမ်းခြေဝင်ရောက်ချိန် အင်အားကြီးမားပါက ကုန်းတွင်းမုန်တိုင်းအဖြစ် နှစ်ရက်ကနေ သုံးရက်လောက်အထိ ရှိနေပြီးမှ အားပျော့သွားလေ့ရှိပါတယ်။

**မြန်မာ့မိုးလေဝသအခြေအနေက ဘင်္ဂလားပင်လယ်အော်မှာ တစ်ခုခု ထူးခြားမှုရှိတာနဲ့ ပြောင်းလဲသွားတတ်လို့ နေ့စဉ်မိုးလေဝသခန့်မှန်းချက်တွေမှာ ဘင်္ဂလားပင်လယ်အော်အခြေအနေကို ပထမဆုံး ကြေညာပေးနေရတာ ဖြစ်ပါတယ်။ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းဖြစ်ပေါ်လာခဲ့ရင် အဝါရောင် မုန်တိုင်းသတင်း၊ မြန်မာ့ကမ်းရိုးတန်းကို မုန်တိုင်းဦးတည်လာရင်တော့ လိမ္မော်ရောင်မုန်တိုင်း သတိပေးချက်အဆင့်နဲ့ ထုတ်ပြန်ပေးပါတယ်။ မုန်တိုင်း ကမ်းခြေကို မဖြတ်ကျော်မီ ၁၂ နာရီမှာ အနီရောင် သတိပေးချက်နဲ့ မုန်တိုင်းကမ်းဖြတ်နေချိန်မှာ အညိုရောင် သတိပေးချက်တွေ ထုတ်ပြန်ပေးပါတယ်**

**မုန်တိုင်းများကြောင့် ဒေသအလိုက် ယေဘုယျ ဘေးကျရောက်နိုင်မှု**

ပထဝီဝင်အနေအထားကြောင့် ယပ်တောင်ပုံစံရှိနေတဲ့ ဘင်္ဂလားပင်လယ်အော်မှာဖြစ်တဲ့ မုန်တိုင်းတွေဟာ သက်တမ်းကြာရှည်ခွင့် မရပါဘူး။ မြောက်ဘက်ရောက်လေ ရေပြင်ဧရိယာ ကျဉ်းသွားပြီး ရေငွေ့စွမ်းအင် အလုံအလောက် မရတော့လို့ ကမ်းခြေကို ဝင်ရောက်တဲ့အခါ အဓိကအားဖြင့် မိုးသည်းထန်ခြင်း (Torrential Rain)၊ ပြင်းထန်တဲ့လေပြင်းတွေ(Violent Wind) တိုက်ခတ်ခြင်းနဲ့ ကမ်းရိုးတန်းဒေသတွေမှာ မုန်တိုင်းဒီရေ (Storm Surge) တက်ရောက်ပါတယ်။ အားကောင်းတဲ့ မုန်တိုင်းကြီး ကမ်းခြေနားမှာ ရောက်လာရင် အလွန်အားကောင်းတဲ့ မိုးတိမ်တောင်ကြီးတွေ လျင်မြန်စွာ ရွေ့လျားတာကြောင့် မိုးသက်လေပြင်းတွေ မကြာခဏ ကျရောက်တာ၊ ပင်လယ်ပြင်မှာ လှိုင်းအလွန်ကြီးတာ၊ လေဆင်နှာမောင်း တိုက်ခတ်တာ၊ စိုက်ဆင်းလေပြင်း တိုက်ခတ်တာမျိုးတွေ ဖြစ်ပါတယ်။ မုန်တိုင်းဒီရေ ဝင်ရောက်မှုကတော့ မုန်တိုင်းဖြတ်ကျော်တဲ့ ဒေသအတွင်းမှာ ကြုံတွေ့ရပြီး ပင်လယ်ဒီရေကြွရက်တွေနဲ့တိုက်ဆိုင်ပါက မုန်တိုင်းဒီရေအမြင့် ပိုလေ့ရှိပါတယ်။ ၂၄ နာရီအတွင်း မိုးရေချိန် ၁၀ လက်မနဲ့အထက် မိုးကြီးသည်းထန်နိုင်တာ၊ တစ်နာရီ မိုင် ၁၀၀ ခန့် ပြင်းထန်တဲ့ လေပြင်းကျရောက်မှုတွေကိုလည်း ဒေသအလိုက် ကြုံတွေ့ရနိုင်ပြီး ရုတ်တရက် ရေကြီးခြင်း၊ မြေပြိုခြင်းဘေးတွေကို ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတွေမှာ ကြုံတွေ့ရလေ့ရှိပါတယ်။

**၂၀၂၀ပြည့်နှစ် ဧပြီလ ၂၈ ရက်နေ့ မိုးလေဝသအခြေအနေတွေနဲ့ မုန်တိုင်းဖြစ်နိုင်ခြေ**

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်ကိုယ်စား၊ ဘင်္ဂလားပင်လယ်အော်နိုင်ငံတွေအတွက် မုန်တိုင်းဆိုင်ရာခန့်မှန်းချက်၊ သတင်း၊ အကြံပြုချက်တွေပေးပို့ ထုတ်ပြန်ပေးနေတဲ့ အိန္ဒိယနိုင်ငံ မိုးလေဝသဌာနရဲ့ ဧပြီလ ၂၉ ရက်နေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် ထုတ်ပြန်တဲ့ ဒေသဆိုင်ရာ မိုးလေဝသခန့်မှန်းချက်မှာတော့ ဧပြီလ ၃၀ ရက်နေ့လောက်မှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်လာနိုင်ပြီး နောက်နှစ်ရက်လောက်မှာ မုန်တိုင်းငယ်အဖြစ် အားကောင်းလာနိုင်ကြောင်း၊ နောက် ၂၄ နာရီအတွင်း အားကောင်းတဲ့ မုန်တိုင်းငယ် ဖြစ်လာနိုင်ကြောင်း ခန့်မှန်းထုတ်ပြန်ထားပါတယ်။

**မုန်တိုင်း သတင်း၊ သတိပေးချက်များ**

မြန်မာ့မိုးလေဝသအခြေအနေက ဘင်္ဂလားပင်လယ်အော်မှာ တစ်ခုခု ထူးခြားမှုရှိတာနဲ့ ပြောင်းလဲသွားတတ်လို့ နေ့စဉ် မိုးလေဝသ ခန့်မှန်းချက်တွေမှာ ဘင်္ဂလားပင်လယ်အော်အခြေအနေကို ပထမဆုံး ကြေညာပေးနေရတာ ဖြစ်ပါတယ်။ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းဖြစ်ပေါ်လာခဲ့ရင် အဝါရောင်မုန်တိုင်းသတင်း၊ မြန်မာ့ကမ်းရိုးတန်းကို မုန်တိုင်း ဦးတည်လာရင်တော့ လိမ္မော်ရောင် မုန်တိုင်းသတိပေးချက်အဆင့်နဲ့ ထုတ်ပြန်ပေးပါတယ်။ မုန်တိုင်းကမ်းခြေကို မဖြတ်ကျော်မီ ၁၂ နာရီမှာ အနီရောင် သတိပေးချက်နဲ့ မုန်တိုင်းကမ်းဖြတ်နေချိန်မှာ အညိုရောင် သတိပေးချက်တွေ ထုတ်ပြန်ပေးပါတယ်။ မုန်တိုင်းအန္တရာယ် ကင်းရှင်းသွားချိန်မှာတော့ အစိမ်းရောင်အဆင့်နဲ့ သတင်းတွေ ထုတ်ပြန်ပေးသွားမှာ ဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ဂီရိမုန်တိုင်းမှာတော့ အဝါ၊ လိမ္မော်၊ အနီ၊ အညို၊ အစိမ်းရောင် သတိပေးချက်တွေနဲ့ မုန်တိုင်းကြိုတင်သတိပေးစနစ် အောင်မြင်ခဲ့တာ တွေ့ရပါတယ်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ၂၀၂၀ ပြည့်နှစ် မေလဆန်းမှာ မုန်တိုင်းဖြစ်ပေါ်ခဲ့ပါက မြန်မာ့ကမ်းရိုးတန်းဆီကို ဦးတည်ခဲ့ရင်လည်း အရင်အတွေ့အကြုံကောင်းတွေကို ပေါင်းစပ်ပြီး ဒေသတွင်း မိုးလေဝသဗဟိုဌာနတွေရဲ့ သတင်းအချက်အလက်တွေ၊ ခန့်မှန်းချက်တွေ၊ မြေပြင်မိုးလေဝသ တိုင်းထွာချက်တွေ၊ သတင်းအချက်အလက်တွေနဲ့အတူ မုန်တိုင်းသတင်း၊ သတိပေးချက်တွေ ဆက်တိုက်ထုတ်ပြန်ပေးသွားဦးမှာ ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြလိုက်ပါတယ်။ ။

## ပွင့်ဖြူမြို့နယ်၌ ကိုဗစ် - ၁၉ ရောဂါကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ



ပွင့်ဖြူ မေ ၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မြို့နယ်အတွင်း ကိုဗစ် -၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အထောက်အကူပြုစေရန်နှင့် ပြည်သူများ ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ယနေ့ နံနက် ၉ နာရီက ပွင့်ဖြူမြို့နယ် စံပြကျေးရွာအနီး တောင်မုန်းမြောင်းမကြီးတွင် စုရပ်ပြုလုပ်ပြီး ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအား လက်ကမ်းစာစောင်နှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုသို့ မြို့နယ်အတွင်း ပြည်သူများ ကိုဗစ် - ၁၉ ရောဂါကင်းဝေးစေရေး လက်ကမ်းစာစောင်နှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးရာတွင် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးအရာရှိ ဦးမြတ်ဇော်သိန်းနှင့် ဝန်ထမ်းများက ပွင့်ဖြူ - စလင်း - မင်းဘူး ကားလမ်း၌ ဖြတ်သန်းသွားလာသည့် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအနေဖြင့် ကိုဗစ် - ၁၉ ရောဂါမဖြစ်ပွားစေရေး မဖြစ်မနေသွားလာရမည့်ခရီးစဉ်မှအပ ခရီးသွားလာခြင်းများ မပြုလုပ်ကြရန်နှင့် တတ်နိုင်သမျှ မိမိတို့အိမ်၌သာ နေထိုင်ကြရန်၊ အပြင်သို့ သွားလာပါက နှာခေါင်းစည်း စနစ်တကျတပ်ဆင်ပြီးမှသာ သွားလာကြရန်နှင့် လက်ကိုမကြာခဏဆေးကြောရန် စသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးဆွေးနွေး ဟောပြောကာ နှာခေါင်းစည်းမပါသော ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြို့နယ်အတွင်း ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေး အခမဲ့ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် နှာခေါင်းစည်း ဖြန့်ဝေခြင်းအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာ ဆောင်ရွက်နိုင်ရေး ဆက်လက်ကွင်းဆင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

■

# သမိုင်းမော်ကွန်း ရေးထိုးရင်းနဲ့ ပြည်သူ့အတွက် ဆက်လက်ချီတက်မည်

**ကျော်ဇေယျာမြင့်**

ယနေ့သည်ကား ကြေးမုံသတင်းစာရဲ့ အမှတ်စဉ် ၁၀၀၀၀ ပြည့်သောနေ့၊ တစ်နည်းအားဖြင့် နိုင်ငံနဲ့ ပြည်သူလူထုအကြား ပေါင်းကူးတံတား ဆက်သွယ်ပေးတဲ့ အမှတ်စဉ် ၁၀၀၀၀ ပြည့်သောနေ့။

ဧပြီလ ၁၆ ရက်နေ့မှာ ၆၃ နှစ်ပြည့်ခဲ့တဲ့ ကြေးမုံသတင်းစာဟာ သတင်းစာဆရာကြီးများဖြစ်ကြတဲ့ ဦးသောင်း(အောင်ဗလ)၊ ဦးသိန်း(ဇဝန)၊ ဦးခင်မောင်စိန်(စိန်ခင်မောင်ရီ)၊ ဟံသာဝတီဦးဝင်းတင်နဲ့ ဦးသော်(ကြေးမုံ)တို့ စတင်ထူထောင်ခဲ့ကြတာ ဖြစ်ပါတယ်။ ကြေးမုံကို ၁၉၅၇ ခုနှစ် ဧပြီ ၁၆ ရက်မှာ စတင်တည်ထောင်ခဲ့ပြီး ၁၉၆၄ ခုနှစ် ပြည်သူပိုင်သိမ်းခံရစဉ်တွင် တစ်ကြိမ်၊ ၁၉၈၈ ခုနှစ် အရေးအခင်းကာလတွင် တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ် ရပ်ဆိုင်းခဲ့ရပြီးမှ ၁၉၉၂ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် စာမျက်နှာ ၁၆ မျက်နှာဖြင့် ပြန်လည်ထုတ်ဝေနိုင်ခဲ့ပါတယ်။

မြန်မာ့သတင်းစာသမိုင်း နှစ် ၂၀၀ ဝန်းကျင်ရှိလာချိန်မှာ ကြေးမုံသတင်းစာရဲ့ သက်တမ်းကလည်း နှစ် ၆၀ ကျော်ခရီးကို အောင်မြင်စွာနဲ့ ခိုင်မာစွာ ရပ်တည်လျက်ရှိနေပါတယ်။ တည်ထောင်သူ ဦးသောင်းက ကြေးမုံ ဒီလို ရပ်တည်နိုင်ဖို့ စတင်အခြေတည်ကတည်းက လန်ဒန်ထုတ် Daily Mirror ရဲ့ စာမျက်နှာ အပြင်အဆင်ကို မှီငြမ်းခဲ့ပြီး ဂျပန်နိုင်ငံလုပ် လစ်သိုပတ်လည်စက်နှစ်လုံးကို အသုံးပြုကာ အာရှရဲ့ ပထမဆုံး ပတ်လည်ပုံနှိပ်စက်အသုံးပြုတဲ့ သမိုင်းကိုပါ ရေးထိုးနိုင်ခဲ့ပါတယ်။ ကြေးမုံရဲ့ အသွင်အပြင်ဟာ အဲဒီအချိန်ခေတ်ကာလ ပုံနှိပ်လောကမှာ ထင်ရှားပြတ်သားတဲ့ ခေါင်းစီးတွေ၊ စာသားတွေနဲ့ အလှဆုံး၊ အရှင်းဆုံး၊ အထင်းဆုံး၊ အသန့်ဆုံး ပုံနှိပ်နည်းကို အာရှမှာ ပထမဆုံး သုံးနိုင်တဲ့အထိ အောင်မြင်ခဲ့ပါတယ်။

ကြေးမုံသတင်းစာထုတ်ဝေမှု နှစ်ကြိမ်ရပ်ဆိုင်းခံရအပြီး ပြန်လည်ထုတ်ဝေတဲ့ ၁၉၉၂–၁၉၉၃ ခုနှစ်မှာတော့ ခဲစာစီစနစ်ကနေ ကွန်ပျူတာစာစီစနစ်သို့ အဆင့်မြှင့်ပြောင်းလဲနိုင်ခဲ့ပြီး ပုံနှိပ်ထုတ်ဝေခဲ့ပါတယ်။ အဖြူအမည်းနဲ့ ထုတ်ဝေနေတဲ့ ကြေးမုံဟာ ၂၀၁၂ ခုနှစ်ကာလမှာ ရောင်စုံကာလာနဲ့ ပြောင်းလဲလာခဲ့ပြီး ၂၀၁၅ ခုနှစ်အရောက်မှာ စာမျက်နှာကလည်း ၃၂ မျက်နှာအထိ တိုးမြင့် လာခဲ့ပြီ ဖြစ်ပါတယ်။

၁၉၉၅ ခုနှစ်မှာ ကြေးမုံသတင်းစာရဲ့ အပတ်စဉ်ထုတ် ကဏ္ဍအဖြစ် နိုင်ငံတကာသတင်းဂျာနယ်ကို ထုတ်ဝေခဲ့ပြီး ကမ္ဘာ့ဖြစ်ရပ်မှန်သတင်းတွေကို ပြည်သူလူထုထံ အရောက်ပို့ဆောင်နိုင်ခဲ့ပါတယ်။ လွတ်လပ်၍ တက်ကြွတဲ့ နိုင်ငံခြားရေးမူဝါဒကို အခြေခံပြီး ကြေးမုံစာတည်းတွေနဲ့ ပြင်ပ ပညာရှင်တွေက ကမ္ဘာ့ထိပ်တန်းရောက်သတင်းတွေကို ဘာသာပြန် တည်းဖြတ်ဖော်ပြပေးနေတာကြောင့် လူကြိုက်များနေတာဟာ ယနေ့ထိတိုင် ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာသတင်းဂျာနယ် ထုတ်ဝေပြီး မရှေးမနှောင်းမှာပဲ အပတ်စဉ်ထုတ် အားကစားဂျာနယ်ကို ထုတ်ဝေခဲ့ပါတယ်။ ပြည်တွင်း ပြည်ပအားကစားသတင်းတွေနဲ့ အားကစားဆောင်းပါးတွေကို ဖော်ပြပေးခဲ့ပြီး ပရိသတ်ကြိုက်နှစ်သက်မှုကို အထူးရရှိခဲ့ပါတယ်။ နောက်ပိုင်းကာလ ဈေးကွက်၌ အားကစားဂျာနယ်တွေ အပြိုင်အဆိုင်ထုတ်လာချိန်မှာတော့ အဲဒီဂျာနယ်ထုတ်ဝေတာကို ရပ်နားခဲ့ပါတယ်။

ကြေးမုံသတင်းစာကို အမြဲတစေ ဆန်းသစ်ပြီး ပရိသတ် ကြိုက်နှစ်သက်မယ့် ကဏ္ဍတွေ ထည့်သွင်းဖော်ဆောင်လျက်ရှိရာမှာ တိုင်းရင်းသားကဏ္ဍ၊ မျိုးဆက်သစ်ကဏ္ဍ၊ ဆန်းဒေးကာတွန်း စသဖြင့် အမယ်စုံအောင် အပတ်စဉ် ဖော်ပြပေးနေသလို အထူးကဏ္ဍတွေကိုလည်း အချပ်ပိုအဖြစ် ထည့်သွင်းဖော်ပြပေးနေပါတယ်။

၂၄ နာရီ ပိတ်ရက်မရှိ လည်ပတ်ရတဲ့ သတင်းစာလုပ်ငန်းမှာ ဝင်ရောက်လုပ်ကိုင်ကြသူတွေဟာ အောင်လက်မှတ်တို့၊ ဘွဲ့တို့ ရရှိနေဖို့ထက် သတင်းအပေါ် ဝါသနာပါမှု၊ ဗဟုသုတလေ့လာလိုက်စားမှု၊ ပေါင်းသင်းဆက်ဆံရေးတတ်ကျွမ်းမှု၊ ကြိုးစားချင်စိတ်အပြည့်ရှိနေမှုတို့အပေါ် လိုက်ပြီး အောင်မြင်ကျော်ကြား ပျော်ရွှင်ရတဲ့ သတင်းသမားကောင်း၊ သတင်းစာသမားကောင်းတစ်ယောက်အဖြစ် ရပ်တည်ရှင်သန်လာနိုင်ပါတယ်။ အဓိကအားဖြင့် သတင်းပညာနဲ့ အသက်မွေးမယ့်သူဟာ ပညာရပ်နယ်ပယ်စုံကို အနည်းငယ်စီ တတ်သိထားဖို့လိုသလို တချို့ ပညာရပ်တွေကိုတော့ ကျွမ်းကျင်အောင် တတ်မြောက်ထားဖို့ လိုပါတယ်။ ဒါမှသာ လုပ်ငန်းခွင်ပျော်ပြီး ဘဝတိုးတက်နိုင်မှာ ဖြစ်ပါတယ်။

ကြေးမုံသတင်းစာကို စာတည်းမှူးချုပ် ၁၁ ဦးက ဦးဆောင်လမ်းပြ ထိန်းကျောင်းခဲ့ပြီးဖြစ်ပါတယ်။ လက်ရှိတွင် ၁၂ ယောက်မြောက် ခေတ္တစာတည်းမှူးချုပ်နဲ့ စာတည်းမှူးအပါအဝင် အယ်ဒီတာများ၊ သတင်းထောက်များ၊ စာပြင်၊ စာဖောင်ဖွဲ့၊ စာစီတို့ပါမကျန် စုပေါင်းသိုင်းဝိုင်းကာ သတင်းစာတစ်စောင်လုံးရဲ့ ပင်မသွေးကြောဖြစ်တဲ့ သတင်းခန်းကို အသက်သွင်း ပံ့ဖော်ပြီး အစိုးရနဲ့ ပြည်သူအကြား ဆက်သွယ်ပေါင်းကူးပေးလျက်ရှိနေပါတယ်။ သတင်းခန်း တစ်ခုတည်းနဲ့ ရပ်တည်လို့မရနိုင်တဲ့ သတင်းစာလုပ်ငန်းဟာ ပုံနှိပ်ဌာန၊ စီမံဌာန၊ ငွေစာရင်းဌာန၊ ကြော်ငြာဌာန၊ ဖြန့်ချိရေးဌာန၊ မော်တော်ယာဉ်ဌာနတို့နဲ့အတူ လူအား၊ ငွေအား၊ စေတနာအား အချိုးကျ ဟန်ချက်ညီ ပေါင်းစပ်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ကြေးမုံသတင်းစာ စတင်တည်ထောင်စဉ်ကတည်းက ယနေ့အထိ နိုင်ငံရဲ့ မဏ္ဍိုင်အသီးသီးမှာ တာဝန်ယူဆောင်ရွက်နေတဲ့ တာဝန်ရှိသူတွေနဲ့ အများပြည်သူအကြား ထိတွေ့မှုရှိဖို့၊ ပြည်သူအချင်းချင်း ထိတွေ့ပြီး အတွေးအမြင် အယူအဆတွေ ဖလှယ်နိုင်ဖို့ ဆောင်ရွက်ခဲ့တာဟာ အစိုးရအဆက်ဆက်ပဲ ဖြစ်ပါတယ်။ ပြည်သူ့အစိုးရလက်ထက်မှာလည်း ပြည်သူကို ဗဟိုပြုပြီး ပြည်သူတွ အသိပညာဖွံ့ဖြိုးဖို့အတွက် ပြည်သူ့သတင်းစာအဖြစ် တာဝန်ကျေ ထမ်းဆောင်လျက်ရှိပါတယ်။ ခေတ်အဆက်ဆက် ရှင်သန်ခဲ့ပြီး လူထုက ထောက်ခံအားပေးနှစ်ခြိုက်ခဲ့တဲ့ ကြေးမုံဟာ နောင်လာမယ့် ရက်တွေမှာလည်း လွတ်လပ်တဲ့၊ ကိုယ်ပိုင်အယူအဆရှိတဲ့၊ ကိုယ်ပိုင်မူ၊ ကိုယ်ပိုင်အာဘော်တွေ ဆက်လက်ရှင်သန်အောင် အားထုတ်ကြိုးပမ်းရင်း ပြည်သူလူထုအတွက် ပြည်သူ့သတင်းစာအဖြစ် ခိုင်ခိုင်မြဲမြဲ ရပ်တည်နေဦးမည်မှာ ဧကန်မလွဲ ဖြစ်ပါတယ်။

ဤသို့ဆိုလျှင် ကြေးမုံသတင်းစာရဲ့ အမှတ်စဉ် ၁၀၀၀၀ ပြည့်မှသည် ကမ္ဘာမှာ မြန်မာရှိသရွေ့ အမှတ်စဉ်တိုး အောင်မြင်ရပ်တည်နိုင်ဖို့ နိုင်ငံရဲ့ နေ့စဉ်ဖြစ်ရပ်၊ ပြည်သူတို့ရဲ့ နေ့စဉ်ဘဝကို ကြည့်မှန်သဖွယ် ကြေးမုံ(မှန်)မှာ အမှန်အတိုင်း တွေ့နိုင်၊ သိနိုင်၊ ပြင်ဆင်ဖြည့်ဆည်းနိုင်အောင် ကြေးမုံရဲ့ ကျရာကဏ္ဍအသီးသီးက အမှားအယွင်းမရှိ အတိမ်းအစောင်းမဖြစ်ဘဲ ကြိုးစားအားထည့်လုပ်ဆောင်ရင်းနဲ့ ခေတ်ရဲ့သမိုင်းကို ဆက်လက်မော်ကွန်းထိုးကြပါစို့ဟု သန္နိဋ္ဌာန်ပြု ရေးသားလိုက်ရပါတယ်။ ။

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၈၂၈၁ | ၁၅၁ |
| **ပြန်လည်သက်သာလာသူ** | **သေဆုံးသူ** |
| ၃၁ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၃၁၆၃

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရသူ – ၂၇ (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

- ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိ သေဆုံးသူ စာရင်းအဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၁၇ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | - |
| ၄ | ချင်း | ၆ | - |
| ၅ | ရှမ်း (ရှေ့) | ၃ | - |
| ၆ | မန္တလေး | ၃ | - |
| ၇ | ရှမ်း (တောင်) | ၂ | - |
| ၈ | ရှမ်း (မြောက်) | ၂ | - |
| ၉ | နေပြည်တော် | ၁ | - |
| ၁၀ | မွန် | ၁ | - |
| ၁၁ | မကွေး | ၁ | - |
| ၁၂ | ကချင် | ၁ | - |
| စုစုပေါင်း | | ၁၅၁ | ၆ |

- အောက်ပါပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| တိုင်းဒေသကြီး | ပြည်နယ် |
|---|---|
| ဧရာဝတီ တိုင်းဒေသကြီး | ကယားပြည်နယ် |
| တနင်္သာရီတိုင်းဒေသကြီး | ရခိုင်ပြည်နယ် |
| | ကရင်ပြည်နယ် |

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁-၅-၂၀၂၀ ရက် ည (၈:၀၀) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၁၀၀၆၀၈ | ၁၅၆၀၈၉ | ၆၄၀၂၂ |
| စပိန် | ၂၃၉၆၃၉ | ၁၃၇၉၈၄ | ၂၄၈၂၄ |
| အီတလီ | ၂၀၅၄၆၃ | ၇၅၉၄၅ | ၂၇၉၆၇ |
| ဗြိတိန် | ၁၇၁၂၅၃ | စိစစ်ဆဲ | ၂၆၇၇၁ |
| ပြင်သစ် | ၁၆၇၁၇၈ | ၄၉၄၇၆ | ၂၄၃၇၆ |
| ဂျာမနီ | ၁၆၃၃၃၁ | ၁၂၆၉၀၀ | ၆၆၃၂ |
| တူရကီ | ၁၂၀၂၀၄ | ၄၈၈၈၆ | ၃၁၇၄ |
| ရုရှား | ၁၁၄၄၃၁ | ၁၃၂၂၀ | ၁၁၆၉ |
| အီရန် | ၉၅၆၄၆ | ၇၆၃၁၈ | ၆၀၉၁ |
| တရုတ် | ၈၂၈၇၄ | ၇၇၆၄၂ | ၄၆၃၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၁၇၁၀၁ | ၁၂၄၄ | ၁၅ |
| အင်ဒိုနီးရှား | ၁၀၅၅၁ | ၁၅၉၁ | ၈၀၀ |
| ဖိလစ်ပိုင် | ၈၇၇၂ | ၁၀၈၄ | ၅၇၉ |
| မလေးရှား | ၆၀၇၁ | ၄၂၁၀ | ၁၀၃ |
| ထိုင်း | ၂၉၆၀ | ၂၇၁၉ | ၅၄ |
| ဗီယက်နမ် | ၂၇၀ | ၂၂၂ | ၀ |
| မြန်မာ | ၁၅၁ | ၃၁ | ၆ |
| ဘရူနိုင်း | ၁၃၈ | ၁၂၄ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၁၉ | ၀ |
| လာအို | ၁၉ | ၈ | ၀ |

# ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး မုံရွာမြို့ ကျောက္ကာ ရေနံချက်ဖိုဇုန်အတွင်း ဒရုန်းဖြင့် သုံးရက်ကြာဆေးဖျန်း



**မုံရွာ မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကျောက္ကာ ရေနံချက်ဖိုဇုန်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်သည့်အနေဖြင့် ဒရုန်းဆေးဖျန်းစက် သုံးကာပိုးသတ်ဆေးဖျန်းခြင်းကို သုံးရက်ကြာဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"စမ်းသပ်တီထွင်ထားတဲ့ ဆေးဖျန်းစက်(ဒရုန်း)ကို အသုံးပြုပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖျန်းတာကို ဧပြီ ၂၆ ရက်ကနေ ၂၈ ရက်အထိ မုံရွာမြို့ ကျောက္ကာရေနံချက်ဖိုဇုန်အတွင်း ဆောင်ရွက်ခဲ့ကြပါတယ်။ စွမ်းအားဖွံ့ဖြိုးကုမ္ပဏီပိုင် ရေနံချက်ဖိုဇုန်အတွင်း ကောင်းကင်ကနေ ဆေးဖျန်းတာကို ဒရုန်းနဲ့စမ်းသပ်ဆေးဖျန်းခဲ့ကြတာ ဖြစ်ပါတယ်"ဟု Agriculture Drone Service(A.G.D.S)အဖွဲ့ ခေါင်းဆောင်ကိုထိန်လင်းက ပြောသည်။

Agriculture Drone Service(A.G.D.S)အဖွဲ့ကို လူဦးရေ ၁၀ ဦးခန့်ဖြင့်ဖွဲ့စည်းထားပြီး ဒရုန်းဖြင့် ဆေးဖျန်းစက်စမ်းသပ်တီထွင်ဖန်တီးနေသော အဖွဲ့တစ်ဖွဲ့ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ စမ်းသပ်လုပ်ဆောင်တာ မြို့ထဲမှာအဆင်မပြေတဲ့အတွက် ကျောက္ကာရေနံချက်ဖိုဇုန်အတွင်းမှာရှိတဲ့ စွမ်းအားဖွံ့ဖြိုးကုမ္ပဏီနဲ့ ပူးပေါင်းပြီး ပရဟိတအနေနဲ့ ကူညီလုပ်ဆောင်ပေးခဲ့တာဖြစ်ပါတယ်"ဟု ကိုထိန်လင်းက ပြောသည်။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ စွမ်းအားဖွံ့ဖြိုးကုမ္ပဏီပိုင် ကျောက္ကာရေနံချက်ဖိုဇုန်သည် မြေဧက ၂၇၇ ဒသမ ၇၉ ဧကခန့်ကျယ်ဝန်းကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

---

**○ ကျောဖုံးမှ**

တစ်နေ့ကို အိမ်ထောင်စု ၈၀၀ လောက်ကို အပြင်မထွက်ရအောင်၊ ဈေးထဲကို မသွားရအောင်လုပ်နိုင်တယ်။ အဓိကကတော့ အိမ်ထဲမှာ နေထိုင်တဲ့သူ ပိုများစေချင်တယ်။ မိမိအိမ်မှာနေပြီးတော့ ဈေးသက်သက်သာသာနဲ့ လိုအပ်တာတွေကို ဝယ်ယူနိုင်မယ်။ ဝယ်တဲ့သူတွေဘက်ကလည်း အဆင်ပြေတယ်လို့ ပြောကြပါတယ်။ အဆင်မပြေမှုတွေရှိရင်လည်း ကျွန်တော်တို့ဘက်က ဆောင်ရွက်ပေးဖို့ အဆင့်သင့်ပါပဲ"ဟု တောင်ဥက္ကလာပမြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဇေယျာဝင်းက ပြောသည်။

**အိမ်တိုင်ရာရောက် ဈေးရောင်းချပေး**

တောင်ဥက္ကလာပမြို့နယ်အတွင်း အိမ်ထောင်စုပေါင်း လေးသောင်းကျော်နှင့် လူဦးရေ တစ်သိန်းရှစ်သောင်းခန့်ရှိပြီး အဆိုပါ အိမ်ထောင်စုများ စားသောက်မှု အဆင်ပြေစေရန် မြို့နယ်တွင်းရှိ ရပ်ကွက်(၁၃)ရပ်ကွက်သို့ လှည့်လည်ကာ ဈေးကားများဖြင့် အိမ်တိုင်ရာရောက် ဈေးရောင်းချပေးသည့် အစီအစဉ်ကို တောင်ဥက္ကလာပမြို့နယ် စည်ပင်သာယာရေးကော်မတီက ကြီးကြပ်၍ အဆိုပါမြို့နယ်အတွင်းရှိ ဈေး ၁၀ ဈေးမှ ဈေးသည်များ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

ယင်းသို့ရောင်းချရာတွင် ဓာတုကင်းလွတ်သည့် ဟင်းသီးဟင်းရွက်မျိုးစုံ၊ ကြက်သား၊ ဝက်သား၊ ငါး၊ ပုစွန်၊ ဆိတ်သား၊ အမဲသား စသည့် အသားငါးမျိုးစုံ ပါဝင်သည့် ကားများဖြင့် တစ်ရပ်ကွက်လျှင် ပျမ်းမျှ ကားရှစ်စီးနှုန်းနှင့် တစ်ရက်ကို ရပ်ကွက်ခြောက်ရပ်ကွက်အထိ ယခင်က နံနက် ၆ နာရီခွဲမှ ၁၀ နာရီအတွင်း လိုက်လံရောင်းချပေးခဲ့သော်လည်း လက်ရှိတွင် ၁၁ နာရီဝန်းကျင်အထိ ရောင်းချပေးလျက်ရှိကြောင်း၊ ထို့ပြင် ရောင်းချသည့် ဈေးသည်များအနေနှင့် မိမိရောင်းချသည့် ရပ်ကွက်အတွင်း နံနက် ၉ နာရီအထိ ရောင်းအားနည်းပါက ကျန်ရပ်ကွက်နှစ်ခုသို့ သွားရောက်ရောင်းချနိုင်ကြောင်း ဦးကျော်ဇေယျာဝင်းက ရှင်းပြသည်။

"လက်ရှိအချိန်မှာ ဈေးသည်တွေက စည်းကမ်းလိုက်နာကြပါတယ်။ စည်းကမ်းမလိုက်နာရင်လည်း ကျွန်တော်တို့က ဆက်မရောင်းခိုင်းတော့ဘူး။ စည်းကမ်းလိုက်နာမယ့်သူကို အစားထိုးရောင်းခိုင်းသွားမှာပါ။ ဈေးနှုန်းကိုလည်း အသက်သာဆုံးဖြစ်အောင် ရောင်းချပေးတယ်။ ဝယ်သူတွေဘက်က ဈေးတင်ရောင်းတယ်။ မကောင်းဘူးဆိုတဲ့အသံ မကြားရပါဘူး။ ဝယ်ယူရတာ အဆင်ပြေမှုတွေရှိတယ်လို့ ပြောကြပါတယ်။ ရောင်းသူရော ဝယ်သူပါ စည်းကမ်းလိုက်နာမှု အားကောင်းကြပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

**စီစဉ်ဆောင်ရွက်ပေးလျက်ရှိ**

လက်ရှိတွင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ လှည့်လည်ကာ ဈေးကားများဖြင့် ဟင်းသီးဟင်းရွက်နှင့် အသားငါးများအိမ်တိုင်ရာရောက် လိုက်လံရောင်းချပေးသည့် အစီအစဉ်ကဲ့သို့ အခြားမြို့နယ်များတွင်လည်း အိမ်တိုင်ရာရောက် ရောင်းချမှုများကို ၎င်းတို့အဆင်ပြေသည့် နည်းလမ်းများဖြင့် ပြည်သူများအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အေးမင်းသူ**

---

# (၁၅)ကြိမ်မြောက် အောင်ဘာလေသိန်းတစ်သောင်းခွဲဆု နေပြည်တော်ရှိထီဆိုင်မှ ဘုရားဖူးရင်းကံစမ်းသူ ဆွတ်ခူး

**နေပြည်တော် မေ ၁**

(၁၅)ကြိမ်မြောက် ၁၀၀၀ ကျပ်တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ကျပ်သိန်း ၁၅၀၀၀ ဆုကို ရန်ကုန်မြို့ရှိ ဦးအောင်နေလ၊ ဒေါ်ဝေဝေလင်းတို့က ဆွတ်ခူးသွားခဲ့ကြောင်းသိရသည်။ ကျပ်သိန်း တစ်သောင်းခွဲ အောင်ဘာလေဆုနံပါတ်မှာ စ ၄၄၁၇၉၈ ဖြစ်ပြီး ကံထူးရှင်များသည် နေပြည်တော်သို့ ဘုရားဖူးလာရောက်ရင်း လက်လုပ်တောင်ဘုရားခြေတော်ရင်းတွင် ဖွင့်လှစ်ထားသည့် ဆုလာဘ်ပိုင်ထီဆိုင်၌ ထီကံစမ်းရင်း ယခုကဲ့သို့ ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ကျပ်သိန်း တစ်သောင်းဆုကို ပဲခူးတိုင်း က၀မြို့မှ ဆွတ်ခူးသွားခဲ့ခြင်းဖြစ်သည်။

ယနေ့တွင်ကျင်းပသည့် (၁၅)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် က အက္ခရာမှ ကင အထိ စုစုပေါင်း အက္ခရာ ၃၈ လုံး၊ ထီစာအုပ် ၃၁၀၉၀၈၄ အုပ်ရောင်းချခဲ့သော်လည်း ထီစာအုပ် ၁၈၁၁၆၈၅ အုပ်မှာ ရောင်းမကုန် ထီအဖြစ်ကျန်ရှိကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သတင်းထုတ်ပြန်ထားသည်။ (၁၅)ကြိမ်မြောက် ထီရောင်းရငွေမှာ ကျပ်သန်း ၁၂၉၇၃ ဒသမ ၉၉၀ ခန့်ရှိပြီး ၆၀ ရာခိုင်နှုန်းကို ထီဆုငွေအဖြစ် ချီးမြှင့်ပေးခြင်းဖြစ်ကြောင်း သိရသည်။ ယနေ့တွင် အထူးဆုကြီးစနစ် ကျပ်သိန်းတစ်သောင်းခွဲနှင့် ကျပ်သိန်း တစ်သောင်းဆု၊ ကျပ်သိန်း ငါးထောင်ဆုတို့နှင့်အတူ ကျပ်သိန်းနှစ်ထောင်ဆု နှစ်ဆု၊ ကျပ်သိန်း တစ်ထောင်ဆု နှစ်ဆု၊ ကျပ်သိန်း ငါးရာဆု ၁၀ ဆု၊ ကျပ်သိန်း ၂၀၀ ဆု ၁၁ ဆု၊ ကျပ်သိန်း ၁၀၀ ဆု ၁၂ ဆု၊ ကျပ်သိန်း ၅၀ ဆု ၁၂ဆုနှင့် ကျပ်သိန်း ၂၀ ဆု ၁၅ဆုတို့ကို ဖွင့်လှစ်ပေးခဲ့ပြီး ကျန်ရှိနေသေးသည့် ဆုများကို ရောင်းမထွက်ထီနံပါတ်များကို ပယ်ချိန်ကြာမြင့်သည့်အတွက် နှစ်ရက်ခွဲကာ မေ ၂ရက်တွင် ဆက်လက်ကျင်းပဖွင့်လှစ်ပေးမည်ဟု ပြည်တွင်းအခွန်များဦးစီးဌာနမှ သိရှိရသည်။

ပြီးခဲ့သည့် (၁၄)ကြိမ်မြောက် ၁၀၀၀ ကျပ်တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ထီအက္ခရာ ၄၀ လုံး၊ ထီစာအုပ်ပေါင်း ၃၂၇၂၇၂၀ အထိ ရောင်းချခဲ့ပြီး ရောင်းချသည့် ရငွေ၏ ၆၀ ရာခိုင်နှုန်းကို ထီဆုငွေအဖြစ် ချီးမြှင့်ခဲ့သည်။

**ခင်ရတနာ**

---

# ယာဉ်စီးနင်းသည့်ခရီးသည်နည်းပါးသော်လည်း YBS ယာဉ်လိုင်းများ ၁၅ မိနစ်ခြားတစ်စီး ပြေးဆွဲပေးနေ

**ရန်ကုန် မေ ၁**


ရန်ကုန်မြို့နေ ပြည်သူများခရီးသွားလာရာတွင် အားထားအသုံးပြုနေကြသည့် YBS ယာဉ်လိုင်းများမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း စီးနင်းသည့်ခရီးသည် နည်းပါးလျက်ရှိကြောင်း သိရသည် ။

Power Eleven Public Co.,Ltd လက်အောက်ရှိ YBS ယာဉ်လိုင်း အမှတ် (၂၁)၊ (၃၉)နှင့် လူထုမိတ်ဆွေကုမ္ပဏီ လက်အောက်ရှိ YBS ယာဉ်လိုင်းအမှတ် (၃၂)၊ (၇၈)၊ (၉၃)၊ (၉၄)၊ (၉၇) ယာဉ်လိုင်းများမှာ စီးနင်းသည့်ခရီးသည် ဦးရေနည်းပါးမှုကြောင့် သင်္ကြန်ကာလအတွင်း တစ်နာရီခြားတစ်စီးပြေးဆွဲခဲ့ပြီး ဧပြီ ၂၀ ရက်မှစတင်၍ ၁၅ မိနစ်ခြားတစ်စီးပြေးဆွဲပေးလျက်ရှိသည်။

ထိုသို့ပြေးဆွဲရာတွင် ယာဉ်စီးရေကန့်သတ်ထားခြင်းမရှိကြောင်း၊ မိနစ်အပိုင်းအခြားဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ဆောင်ခြင်းဖြစ်ပြီး စီနင်းသည့်ခရီးသည်ဦးရေနည်းပါးကြောင်း ကုမ္ပဏီ၏ တာဝန်ရှိသူပြောကြားချက်အရ သိရသည်။

နေ့စဉ်ပြေးဆွဲသည့်ယာဉ်များကို ပိုးသတ်ဆေးဖျန်း၍ ကာကွယ်မှုပြုလုပ်ထားပြီး ညွှန်ကြားချက်အတိုင်းယာဉ်မောင်းများက နှာခေါင်းစည်းတပ်ဆင်ပြီး မောင်းနှင်ကြသည်။ ထို့အပြင် ခရီးသည်များကလည်း နှာခေါင်းစည်း တပ်ဆင်ပြီး စီးနင်းရန်နှင့် ဝတ်ဆင်မလာပါက ယာဉ်လိုင်းပေါ်တွင် ရောင်းချပေးလျက်ရှိပြီး ဝယ်ယူရန် မတတ်နိုင်သူများအား အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။ ယာဉ်အတက်အဆင်းနှစ်နေရာတွင် လက်သန့်ဆေးရည်တစ်ဘူး စီထားရှိပြီး ထိုင်ခုံတစ်ခုတွင် ခရီးသည်တစ်ဦးသာ စီးနင်းခွင့်ပြုကာ သတ်မှတ်ထားသည့် အကွာအဝေးအတိုင်း စီးနင်းရကြောင်း သိရသည်။

**အောင်သူရ**



# ကရင်ပြည်နယ်အတွင်းမှာ လူဦးရေ ၆၅၀၀ ထားနိုင်မယ့် Facility Quarantine နဲ့ မွန်ပြည်နယ်မှာ လူဦးရေ ၈၅၀၀ လောက်ထားနိုင်မယ့် Facility Quarantine တွေ စီစဉ်ထား

တွေ့ဆုံမေးမြန်း-မင်းသစ်(MNA)
ဓာတ်ပုံ-တေဇာ

ထိုင်းနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာရွှေ့ပြောင်းလုပ်သားများ အဆင်ပြေချောမွေ့စွာ နေရပ်ပြန်နိုင်ရေးအတွက် ထိုင်းနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံအစိုးရတို့အကြား ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် မြဝတီမြို့ ချစ်ကြည်ရေး တံတားအမှတ်(၂) မှ ပြန်လည်ဝင်ရောက်လာပြီဖြစ်သည်။

ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာရွှေ့ပြောင်းလုပ်သားများနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိမှုများအား မြဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် သတင်းစဉ်က ဆက်သွယ်မေးမြန်းထားပါသည် -

**မေး။** ။ဒီနေ့မြဝတီနယ်စပ်ကနေ မြန်မာရွှေ့ပြောင်းလုပ်သားတွေ ပြန်လည်ဝင်ရောက်လာမှုအခြေအနေ သိပါရစေ။

**ဖြေ။** ။ဒီနေ့ မနက်ပိုင်းကစပြီး ချစ်ကြည်ရေးတံတား အမှတ် (၂)ကနေ မြန်မာရွှေ့ပြောင်းလုပ်သား ၆၀ ပြန်လည်ဝင်ရောက်လာပါတယ်။ ပြန်လာတဲ့အထဲမှာ ကျား ၃၄ ဦး၊ မ ၂၆ ဦး ပါပါတယ်။ ယခင် ပြန်လည်လက်ခံတဲ့ နေရာကနေ ပြန်လည်ဝင်ရောက်လာတာပါ။

**မေး။** ။ပြန်လည်ဝင်ရောက်လာတဲ့ ရွှေ့ပြောင်းလုပ်သားတွေကိုထားဖို့ Quarantine Centre တွေ ဆောင်ရွက်ထားရှိမှုကိုလည်း သိချင်ပါတယ်။

**ဖြေ။** ။လက်ရှိ မြဝတီမှာ လူဦးရေ နှစ်ထောင်ထားနိုင်အောင် Quarantine Centre (၁၀) ခု စီမံထားပါတယ်။ Quarantine Centre တွေကို ကရင်ပြည်နယ်မှာလည်း စီစဉ်ထားတယ်။ မွန်ပြည်နယ်မှာလည်း စီစဉ်ထားပါတယ်။ ကရင်ပြည်နယ်အတွင်းမှာ လူဦးရေ ၆၅၀၀ ထားနိုင်မယ့် Facility Quarantine နဲ့ မွန်ပြည်နယ်မှာ လူဦးရေ ၈၅၀၀ လောက်ထားနိုင်မယ့် Facility Quarantine တွေ စီစဉ်ထားပြီး လိုအပ်ရင် လူဦးရေ နှစ်သောင်းလောက်ထိ ထားနိုင်အောင် စီစဉ်ထားပါတယ်။ ကျန်တဲ့ Community Based Quarantine အနေနဲ့ ရပ်ကွက်ကျေးရွာအုပ်စုအလိုက် စီစဉ်ထားပြီး ဖြစ်ပါတယ်။

သက်ဆိုင်ရာတိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့တွေက လာရောက်ကြိုဆိုတဲ့ ကားတွေလည်း ရောက်ရှိနေပြီ ဖြစ်ပါတယ်။

**မေး။** ။ပြန်လည်ဝင်ရောက်လာသူတွေ စနစ်တကျဖြစ်အောင် ချစ်ကြည်ရေးတံတားအမှတ်(၂)မှာ စီမံဆောင်ရွက်ထားရှိမှုကိုလည်း သိချင်ပါတယ်။

**ဖြေ။** ။ချစ်ကြည်ရေးတံတား အမှတ် (၂) ကိုဖြတ်သန်းပြီးတာနဲ့ BCF ဇုန်ရှိပါတယ်။ အဲဒီဇုန်ရဲ့ ခြံစည်းရိုးမဝင်ခင်မှာ အကြမ်းဖျင်း ၂၄ ပေလောက်ကျယ်တဲ့ အဝင်လမ်း၊ အထွက်လမ်းရှိပါတယ်။ ရှေ့နောက် ဝဲယာ ၆ ပေ ခြားနဲ့ လူဦးရေ ၇၀၀ လောက် နေရာယူလို့ရပါတယ်။ ရောက်တာနဲ့ သတ်မှတ်ထားတဲ့အတိုင်း နေရာယူမယ်။ နှာခေါင်းစည်း မပါရင် တပ်ပေးနိုင်အောင် စီစဉ်ပေးထားတယ်။ လက်ဆေးဖို့ ဆပ်ပြာနဲ့ ဘေစင်တွေ လုပ်ပေးထားတယ်။ နှာခေါင်းစည်း တပ် လက်ဆေးပြီးရင် BCF ဇုန်ထဲ ဝင်ပြီဆိုရင်တော့ ဘယ်ညာတစ်ခုစီမှာ လိုင်းသုံးလိုင်းစီနဲ့ လိုင်းခြောက်လိုင်း ပြင်ဆင်ထားပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဝင်ရပါမယ်။ ဝင်ပြီးတာနဲ့ ဖောင်ဖြည့်မယ်။ ပြီးရင် သူတို့ကိုကိုယ်အပူ ချိန်တိုင်းမယ်။

တိုင်းပြီးရင် သက်ဆိုင်ရာ ကောင်တာအလိုက်မှာ ကွန်ပျူတာနဲ့ နာမည်၊ အသက်၊ ဘယ်ဒေသက ပြန်လာတယ်။ ဘယ်ဒေသကိုသွားမယ်။ လာတဲ့လိပ်စာ၊ သွားမယ့်လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ် ဒါတွေ ယူပြီးရင် BCF ဇုန်ထဲ ဝင်ပါပြီ။ မလွှတ်ခင် ကျန်းမာရေးဌာနက Thermal Scanner တစ်လုံးတပ်ထားတယ်။ Thermal Scanner နဲ့ စစ်ပါမယ်။ တစ်ယောက်ဖြတ်ရင် တစ်ယောက်ပေါ်မယ်။ နှစ်ယောက် ဖြတ်သွားရင် နှစ်ယောက်ပေါ်မယ်။ ပြီးရင် လူဝင်မှုကြီးကြပ်ရေးက စစ်မယ်။ BCF ဇုန်ထဲ ရောက်နေတဲ့သူတွေကို အပြင်ထွက်ခွင့်မပေးဘူး။ စားဖို့သောက်ဖို့အတွက်လည်း ရေသန့်ဘူးတွေ၊ ထမင်းဘူးတွေ စီစဉ်ပေးထားပါတယ်။ ဒါက WFP နဲ့ ချိတ်ဆက်ဆောင်ရွက်ထားတာဖြစ်ပါတယ်။ ပြီးရင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်တွေက လာရောက်ကြိုဆိုတဲ့ ကားတွေနဲ့ သက်ဆိုင်ရာ မြို့နယ်အလိုက် သွားကြမယ်။ သူတို့လာတဲ့ အုပ်စုအပေါ်မူတည်ပြီး ဘယ်မှာထားမယ်ဆိုတာ စီစဉ်ရမှာဖြစ်ပါတယ်။

**မေး။** ။မြန်မာရွှေ့ပြောင်းလုပ်သားတွေ နေရပ်ပြန်နိုင်ဖို့အတွက် ဘယ်လိုဆောင်ရွက်ခဲ့တယ်ဆိုတာလည်း သိချင်ပါတယ်။

**ဖြေ။** ။ထိုင်းဘက်မှာရှိတဲ့အလုပ်သမားသံအရာရှိရုံးကနေ နေရပ်ပြန်ချင်တဲ့ သူတွေရဲ့ အချက်အလက်တွေကို အွန်လိုင်းကနေ ဖောင်ဖြည့်ခိုင်းတာရှိတယ်။ အချက်အလက်တွေ လုပ်တာပေါ့။ အဲဒီ အချက်အလက်တွေအရ ဆိုရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီး ပြန်မယ့်သူ ဦးရေ ၂၀၀၀၀ ကျော်လောက်ရှိတယ်။ တချို့လည်း လေယာဉ်နဲ့ပြန်ဖို့ အဆိုပြုတာရှိတယ်။ လေယာဉ်နဲ့ ပြန်မယ့်သူတွေကို သက်ဆိုင်ရာ အလုပ်သမားသံအရာရှိရုံးကနေ ထောက်ခံချက်ပေးမယ်ဆိုရင် သံအမတ်ကြီးကနေ ချိတ်ဆက်ဆောင်ရွက်ပေးမယ်လို့ ညွှန်ကြားထားတာရှိပါတယ်။ နယ်စပ်ကနေ ပြန်မယ်ဆိုရင်တော့ ခွင့်ပြုထားတဲ့ နယ်စပ်ဝင်ပေါက်တွေကနေ ပြန်လို့ရအောင် စီစဉ်ဆောင်ရွက်ပေးထားတယ်။ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အချင်းချင်းလည်း ချိတ်ဆက်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

**မေး။** ။လက်ရှိမှာ ပြန်လည်ဝင်ရောက်ဖို့ အခက်အခဲလေးတွေ ရှိတယ်လို့ သိရပါတယ်။ အခြေအနေကိုလည်း သိချင်ပါတယ်။



မြဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်

**ဖြေ။** ။ပြီးခဲ့တဲ့ ၄/၅ ရက်လောက်က ထိုင်းနိုင်ငံမှာ အရေးပေါ်ကြေညာချက် ထပ်ပြီးရက်တိုးသွားတယ်။ ၃၁-၅-၂၀၂၀ ထိ ရက်တိုးလိုက်တယ်။ အဲဒီမှာ အဓိကအချက်လေးချက်ပါတယ်။ လေးချက်ထဲမှာမှ မြန်မာရွှေ့ပြောင်းလုပ်သားတွေ ခရီးသွားလာတာနဲ့ပတ်သက်ပြီးတော့ ကန့်သတ်ချက် နှစ်ခုရှိပါတယ်။ တစ်ချက်က ထိုင်းနိုင်ငံအတွင်းမှာ ခရိုင် တစ်ခုနဲ့တစ်ခု ဖြတ်သန်းသွားလာခွင့် မပြုထားဘူး။ ခရီးသွားမယ်ဆိုရင် ခရိုင်လေးခုလောက် ဖြတ်လာရတာ။ ဖြတ်သန်းသွားလာခွင့်က ခွင့်ပြုချက်မရှိဘူး ဖြစ်နေတယ်။ ခရိုင်အသီးသီးမှာ ည ၁၀ နာရီနဲ့ နံနက် ၄ နာရီကြား ညမထွက်ရ အမိန့်ထုတ်ထားတာရှိတယ်။ ဒါက ကန့်သတ်ချက်ဖြစ်နေတယ်။ ထိုင်းနိုင်ငံမှာ ရောက်နေတဲ့ မြန်မာနိုင်ငံသားတွေ အနေနဲ့လည်း ထိုင်းနိုင်ငံက ထုတ်ပြန်တဲ့ အမိန့်ညွှန်ကြားချက်တွေကို လိုက်နာဖို့ တာဝန်ရှိတယ်။ ခရီးသွားလာခွင့်ရရှိအောင် ဆောင်ရွက်ဆဲကာလအတွင်းမှာ မိမိတို့ရောက်ရှိတဲ့ နေရာမှာ စိတ်ရှည်သည်းခံစွာနဲ့ ထိုင်းနိုင်ငံက ထုတ်ပြန်ထားတဲ့ ကျန်းမာရေးဆိုင်ရာ အချက်တွေကို လိုက်နာဖို့ တိုက်တွန်းထားတာရှိပါတယ်။ ခရီးသွားလာခွင့်ရအောင် စောင့်ရအုံးမှာ ဖြစ်ပါတယ်။ မြန်မာရွှေ့ပြောင်းလုပ်သားတွေ နေရပ်ပြန်လာနိုင်ဖို့ ခရီးသွားလာခွင့် မရရှိသေးတာကို မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနကနေ ဆက်ပြီးဆောင်ရွက်နေပါတယ်။

**မေး။** ။ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနဲ့ ပတ်သက်ပြီး ဒေသမှာရှိတဲ့ အဖွဲ့အစည်းတွေရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို သိချင်ပါတယ်။

**ဖြေ။** ။ခရိုင်အဆင့် ဌာနဆိုင်ရာတွေ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတွေပါတယ်။ တပ်မတော်ဘက်ကလည်း ကူညီဆောင်ရွက်ပေးနေပါတယ်။ တပ်မတော်(ကြည်း၊ ရေ၊ လေ)က စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ ခေါင်းအုံးစွပ်၊ အခင်း (အိပ်ရာလိပ်) အစုံ ၁၀၀၀ ပထမအသုတ်ကတည်းက လှူဒါန်းပေးထားပါတယ်။ ညလုံခြုံရေးလှည့်ကင်းမှာလည်း ပူးပေါင်းဆောင်ရွက်ပေးပါတယ်။ အဖွဲ့အစည်းပိုင်းကဆိုရင် UN Agencies တွေလည်း ပါဝင်ပါတယ်။ IOM နဲ့ WFP တို့ကတော့ Focal အနေနဲ့ ပါဝင်ဆောင်ရွက်ပေးပါတယ်။ IOM ကတော့ အဝတ်လျှော်စက်၊ အိပ်ရာလိပ်၊ တစ်ကိုယ်ရေသုံးပစ္စည်း၊ သန့်စင်ခန်း စတာတွေ စီစဉ်ပေးပါတယ်။ WFP ကတော့ BCF Zone မှာ နေ့လယ်စာနဲ့ Quarantine Centre တွေမှာ နံနက်စာ၊ ညနေစာတွေကို Food Box တွေနဲ့ ဖြန့်ဝေပေးပါတယ်။ NGO အဖွဲ့အစည်းတွေပါမယ်။ NGOs တွေနဲ့ ဒေသခံဆရာဝန်တွေ၊ လုပ်ငန်းရှင်တွေနဲ့ ဒေသခံတွေ အားလုံးကလည်း တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကြပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအထဲက KNU နဲ့ DKBA တို့ကလည်း Quarantine Centre တွေမှာ လုံခြုံရေးနဲ့ အုပ်ချုပ်မှုထောက်ပံ့မှုဆိုင်ရာ ကိစ္စတွေမှာ အပြင်စည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါတယ်။

ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး စတင်ဆောင်ရွက်ကတည်းက အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်ကြပါတယ်။ နိုင်ငံတော်ကလည်း ပါဝင်ဖို့ ဖိတ်ခေါ်ထားပါတယ်။ အဓိက အဖွဲ့အစည်းတွေ ပူးပေါင်းပါဝင်ရတဲ့ ရည်ရွယ်ချက်ကတော့ ဒီမှာလည်း ဆောင်ရွက်နိုင်အောင်က တစ်ပိုင်း၊ ဧရိယာအသီးသီးမှာလည်း ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး လုပ်နေတဲ့ လုပ်ငန်းစဉ်တွေအားလုံးက သိရှိနားလည်ပြီးတော့ ပူးပေါင်းဆောင်ရွက်ပြီး ဝိုင်းထိန်းရမယ့် အခြေအနေဖြစ်တော့ ကျွန်တော်တို့ဆီမှာတော့ အားလုံးပါဝင်ပြီး ဆောင်ရွက်ကြတယ်။ နယ်ခြားစောင့်တပ်ဖွဲ့ BGF ကတော့ ကဏ္ဍတိုင်းမှာ အကြားအလပ်မရှိရအောင် နေ့နေ့ညည လူအား၊ ပစ္စည်းအားနဲ့ ပူးပေါင်းဆောင်ရွက်ပေးပါတယ်။

**※ ထိုင်းနိုင်ငံမှ**

ယနေ့ ပြန်ဝင်လာသူများအနေဖြင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင်အတွင်းမှဖြစ်ပြီး ဗန်ကောက်နှင့် တခြားခရိုင်ဒေသများမှ မြန်မာအလုပ်သမားများအနေဖြင့် ညမထွက်ရအမိန့် အပါအဝင် အခြားစည်းကမ်းချက်များကို မေလကုန်အထိ တိုးမြှင့်လိုက်သည့်အတွက် ပြန်လာရန် စောင့်ရဦးမည်ဖြစ်ကြောင်း သိရသည်။

"တစ်ခရိုင်နဲ့တစ်ခရိုင် ဖြတ်သန်းသွားလာခွင့်မပြုဘူးဆိုပေမယ့် တာ့ခ်ခရိုင် မဲဆောက်မှာရှိနေတဲ့ မြန်မာနိုင်ငံကို ပြန်လာချင်တဲ့သူတွေအနေနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရ ဧပြီ ၃၀ ရက်နေ့ နောက်ပိုင်းဖြစ်တဲ့အတွက် မေ ၁ ရက်မှာ မြန်မာနိုင်ငံက စတင်လက်ခံခဲ့တာ ဖြစ်ပါတယ်"ဟု မြဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က ပြောသည်။

"ပြန်ဝင်လာတဲ့သူတွေကို ၎င်းတို့ပြန်မည့်နေရပ်ဒေသ လူဦးရေအနည်းအများ အပေါ်မူတည်ပြီး ပြန်လည်ပို့ဆောင်ဖို့နဲ့ မြဝတီစခန်းတွေမှာ ထားဖို့ကို စီစဉ်သွားမှာဖြစ်ပါတယ်"ဟု ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်က ပြောသည်။

ယနေ့ မွန်းတည့် ၁၂ နာရီအထိ ကရင်ပြည်နယ်မှ ခုနစ်ဦး၊ မွန်ပြည်နယ်မှ ကိုးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ တစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၃၀၊ နေပြည်တော်မှ နှစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ နှစ်ဦး စုစုပေါင်း ၅၁ ဦး ပြန်လည်ဝင်ရောက်လာခြင်းဖြစ်သည်။

ပြန်ဝင်လာသူများအနက် ပဲခူးတိုင်းဒေသကြီးမှ ၃၀ နှင့် မွန်ပြည်နယ်မှ ကိုးဦးတို့ကို ယနေ့တွင် ၎င်းတို့ဒေသသို့ ဆက်လက်ပို့ဆောင်ပေးမည်ဖြစ်ပြီး ၎င်းတို့၏ နေရပ်ဒေသများ၌ ကန့်သတ်စောင့်ကြည့်သွားမည်ဟု သိရသည်။

ယနေ့ ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ်၊ လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်၊ ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက ပြန်လည်လက်ခံကြိုဆိုရေးတွင် ကျန်းမာရေးစစ်ဆေးမှု အပါအဝင် အခြားလိုအပ်သည်များအား ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## မြန်မာ-ကိုရီးယားချစ်ကြည်ရေး ဒလမြစ်ကူးတံတားတည်ဆောက်မှု ၁၀ ရာခိုင်နှုန်းကျော် ပြီးစီး

**ရန်ကုန် မေ ၁**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနှင့် ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းမကြီးတို့သို့ ဆက်သွယ်တည်ဆောက်လျက်ရှိသော မြန်မာ-ကိုရီးယားချစ်ကြည်ရေး ဒလမြစ်ကူးတံတား တည်ဆောက်မှုစီမံကိန်းတွင် တံတားတစ်စင်းလုံး၏ ၁၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ သိရသည်။



"တံတားတည်ဆောက်ရေးလုပ်ငန်းများကို ရပ်နားခြင်းမရှိဘဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်များနဲ့အညီ စနစ်တကျ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ တံတားတည်ဆောက်ရေး လုပ်ငန်းများအနေနဲ့ ရန်ကုန်ဘက်ခြမ်းနဲ့ ဒလဘက်ခြမ်း ချဉ်းကပ်တံတားများ ဘိုးပိုင်တူးခြင်း၊ ကွန်ကရစ်လောင်းခြင်းလုပ်ငန်းတွေ အကုန်ပြီးစီးနေပြီ ဖြစ်ပါတယ်၊ ရန်ကုန်ဘက်ခြမ်း ဆင်ခြေလျှောတံတားအတွက် ဘိုးပိုင်တူးရန် လုပ်ငန်းပဲ ကျန်ပါတော့တယ်။ ပင်မတံတား ရေလယ်တိုင် PY1, PY2 တို့၏ ဘိုးပိုင်တူးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိပါတယ်။ လက်ရှိအချိန်ထိ တံတားတစ်စင်းလုံးရဲ့ ၁၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါတယ်"ဟု တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက ပြောသည်။

လတ်တလော ဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ရောဂါကြောင့် လုပ်ငန်းခွင်အတွင်းရှိ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများကို နေ့စဉ် ကျန်းမာရေးစစ်ဆေးခြင်း၊ သတ်မှတ်ထားသော နှာခေါင်းစည်းများ တပ်ဆင်ခြင်း၊ လက်ဆေးဘေစင်များကို ဂိတ်အဝင်အထွက်များတွင် ပြုလုပ်ပေးထားခြင်းနှင့် ကျန်းမာရေးမှူးဖြင့် ယာယီဆေးပေးခန်းဖွင့်၍ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းတို့ကို ပုံမှန်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဒလတံတားစီမံကိန်းမှာ စုစုပေါင်း တံတားအရှည် ၁၈၆၇ မီတာ၊ အကျယ် ၂၆ ဒသမ ၅ မီတာ၊ လေးလမ်းသွားတံတား၊ ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ် ကိုယ်ထည်အပေါ်တွင် သံမဏိကြိုးဆိုင်း တံတားဖြစ်ပြီး တံတား၏ ခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် မေလတွင် တည်ဆောက်ရေးလုပ်ငန်းများကိုစတင်ခဲ့ပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ဆောင်ရွက်ပြီးစီးမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- နိုင်လင်းကျော်(ပြန်ဆက်)**

# လေဖိအားနည်းရပ်ဝန်းနှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ (၁-၅-၂၀၂၀)နေ့(၁၃:၀၀) နာရီအချိန် ထုတ်ပြန်ချက်အရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေကြောင်း၊ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ နောက်(၄၈)နာရီအတွင်း မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိပြီး မြောက်-အနောက်မြောက်ဘက်သို့ တဖြည်းဖြည်းရွေ့လျားနိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ယခုဖြစ်ပေါ်လျက်ရှိသော မုန်တိုင်းလမ်းကြောင်းခန့်မှန်းချက်သည် မိုးလေဝသဖြစ်စဉ် သဘောသဘာဝများကြောင့် အချိန်နှင့်အမျှပြောင်းလဲဖြစ်ပေါ်နိုင်သည်ဖြစ်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှလည်း ပြောင်းလဲဖြစ်ပေါ်နေသည့်အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။ ပြည်သူလူထုအနေဖြင့်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်များကို စဉ်ဆက်မပြတ် ဂရုပြုနားထောင်ရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံဘက်သို့ မုန်တိုင်းဝင်ရောက်ပါကလည်း ကမ်းရိုးတန်းဒေသများဖြစ်သည့် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့သည် မုန်တိုင်းဒဏ်ကိုခံစားရနိုင်သည့် ဒေသများဖြစ်ပြီး မုန်တိုင်းဖြစ်ပေါ်ပါကမုန်တိုင်းနှင့်အတူ မုန်တိုင်းဒီရေတက်ခြင်း၊ မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းရာမှ လျှပ်တစ်ပြက်ရေကြီးခြင်း၊ မြေပြို/တောင်ပြိုခြင်း၊ တောင်ကျချောင်းများတွင် ရုတ်တရက် အရှိန်အဟုန်ဖြင့် ရေစီးခြင်း/ရေကျော်ခြင်းများဖြစ်ပွားနိုင်သဖြင့် ကုန်းတွင်းပိုင်းဒေသများသည်လည်း မုန်တိုင်းဒဏ်ကို တိုက်ရိုက်မခံစားရသော်လည်း အခြားသက်ရောက်မှုများရှိနိုင်ကြောင်း သတိပြုကြိုတင်ပြင်ဆင်ကြရပါမည်။

သို့ဖြစ်ရာ ကမ်းရိုးတန်းဒေသများသာမက ကုန်းတွင်းပိုင်းဒေသများသည်လည်း မုန်းတိုင်းနှင့် ပတ်သက်၍ အထူးသတိပြုရန်လိုအပ်ပြီး အောက်ဖော်ပြပါကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အကြံပြုအပ်ပါသည်-

(၁) မုန်တိုင်းဖြစ်ပေါ်လာပါက လုံခြုံမှုရှိစေရေး ဘေးလွတ်ကင်းရာနေရာတွင် ခိုလှုံနေထိုင်ရန် လိုအပ်ပါသည်။ သို့ရာတွင် ယခုကာလသည် COVID-19ကူးစက်ရောဂါဖြစ်ပွားနေချိန်ဖြစ်သဖြင့် တတ်နိုင်ပါကမိမိအိမ်၌သာ ခိုလှုံနေထိုင်နိုင်ရေးအတွက် နေအိမ်အဆောက်အဦများအား လေဒဏ်၊ မိုးဒဏ်ခံနိုင်စေရန် ပြင်ဆင်ထားပါ။

(၂) လိုအပ်လာပါက အရေးပေါ်ပြောင်းရွှေ့နိုင်ရန်စီစဉ်ထားပြီး အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ။ COVID-19 ကူးစက်ရောဂါကာကွယ်နိုင်ရန်အတွက် ဆပ်ပြာ၊ လက်သန့်ဆေးရည်၊ မျက်နှာနှင့်နှာခေါင်းစည်းများ ကြိုတင်စုဆောင်း ယူဆောင်သွားပါ။

(၃) လက်နှိပ်ဓာတ်မီး၊ ဖယောင်းတိုင်၊ မီးခြစ်များ အရံသင့်ဆောင်ထားပါ။ လက်ကိုင်ဖုန်းများကို အားသွင်းထားပါ။

(၄) မိသားစုဝင်များကွဲကွာသွားခဲ့ပါက ပြန်လည်ဆုံတွေ့နိုင်မည့်ဆုံရပ် သတ်မှတ်ထားပါ။ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်/ကျေးရွာ၊ မြို့၊ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ။

(၅) ကမ်းခြေများအနီး နေထိုင်သူများ၊ အလုပ်လုပ်ကိုင်နေသူများ၊ ပင်လယ်ပြင်တွင် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေသူများ မုန်တိုင်းသတင်းကို စဉ်ဆက်မပြတ်နားထောင်၊ လေ့လာ၍အထူးသတိပြု နေထိုင်ပါ။ မုန်တိုင်းဒီရေတက်ရောက်နိုင်သည်ကိုလည်း သတိပြုပါ။

(၆) ကုန်းတွင်းပိုင်းဒေသများအနေဖြင့် မုန်တိုင်းဒဏ်ကိုတိုက်ရိုက်မခံစားရသော်လည်း လေပြင်းတိုက်ခတ် ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းများ၊ မိုးကြိုးပစ်ခြင်းများလည်း ဖြစ်ပေါ်နိုင်သည့်အတွက် အထူးသတိပြုနေထိုင်ပါ။

(၇) တောင်ကျချောင်းများတွင် ရုတ်တရက်ရေကြီးမှုများဖြစ်လာနိုင်သဖြင့် တောင်ကျချောင်းများအနီး နေထိုင်သူများအထူးသတိထားနေထိုင်ပါ။ လိုအပ်ပါက လုံခြုံသည့်နေရာသို့ ကြိုတင်ရွှေ့ပြောင်းပါ။

(၈) မြစ်၊ချောင်းများအနီးနှင့် မြေပြိုမှုများဖြစ်ပေါ်နိုင်သည့်နေရာများမှ ခေတ္တရှောင်ရှား နေထိုင်ပါ။

(၉) မိမိတို့ရပ်ရွာအတွင်း မုန်တိုင်းဒဏ်ခံနိုင်သည့် နီးစပ်ရာ အိမ်များ၊ အဆောက်အဦများသို့ ရွှေ့ပြောင်း နေထိုင်သည်ဖြစ်စေ၊ သတ်မှတ်ထားသည့် ဘေးလွတ်ကင်းရာ နေရာများသို့ ရွှေ့ပြောင်းသည်ဖြစ်စေ COVID-19ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာပါ။

- ပြည်သူများအနေဖြင့် မုန်တိုင်းဖြစ်ပေါ်မှုအခြေအနေနှင့်ပတ်သက်၍ စဉ်ဆက်မပြတ်လေ့လာကာ အရေးပေါ်အချိန်တွင် သက်ဆိုင်ရာတာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုများအတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇တို့သို့ အချိန်မရွေးဆက်သွယ် သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း ပြည်သူသို့ အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားစတင်ဖြန့်ဖြူး



**နေပြည်တော် မေ ၁**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရ၏ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် လျှပ်စစ်ဓာတ်အား တည်ငြိမ်ပြည့်ဝစွာ ရရှိစေရေးဆိုသည့် မူဝါဒများနှင့်အညီ နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားတိုးတက်ဖြန့်ဖြူးပေးနိုင်ရေးနှင့် နိုင်ငံတော်ဓာတ်အားစနစ်အား တည်ငြိမ်ပြည့်ဝသော ဓာတ်အားစနစ်ဖြစ်ပေါ်စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တစ်နိုင်ငံလုံး၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို ၅၀ ရာခိုင်နှုန်းအထိ ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သော တစ်နိုင်ငံလုံး၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို ၂၀၂၅ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ရာနှုန်းပြည့်သို့လည်းကောင်း လျှပ်စစ်ဓာတ်အားတိုးတက်သုံးစွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာမှ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးဆောင်ရွက်မှုများနှင့်အတူ ရည်မှန်းချက်ပြည့်မီစေရေး ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်း စသည့် အခန်းကဏ္ဍများကိုလည်း ဟန်ချက်ညီညီ တိုးတက်စေရန် စီမံဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအပိုင်းတွင်လည်း တိုးတက်သုံးစွဲလာသော လျှပ်စစ်ဓာတ်အားကို ပြည့်မီစွာ ထုတ်လုပ်ပေးနိုင်ရန်အတွက် ယခုနှစ်တွင် ၁၁၆၆ မဂ္ဂါဝပ် တိုးတက်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ မကြာမီကာလတွင်လည်း ဓာတ်အားထုတ်လုပ်ရေးစက်ရုံများမှ လျှပ်စစ်ဓာတ်အားများကို တိုးချဲ့ထုတ်လုပ်နိုင်တော့မည်ဖြစ်သည်။

အခြားတစ်ဖက်တွင်လည်း ဓာတ်အားဖြန့်ဖြူးရေး အပိုင်းများကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ နိုင်ငံတော်ဓာတ်အားစနစ်မှဓာတ်အားပို့လွှတ်နိုင်ရေး အတွက် ၆၆ ကေဗွီ ကလေးဝ-မော်လိုက် ဓာတ်အားလိုင်း ၃၃.၄ မိုင်နှင့် ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ မော်လိုက် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းစီမံကိန်းမှာလည်း တစ်ခုအပါအဝင် ဖြစ်သည်။


စစ်ကိုင်းတိုင်းဒေသကြီး အထက်ချင်းတွင်းဒေသရှိ မော်လိုက်မြို့ပေါ်တွင် အိမ်ထောင်စုပေါင်း ၁၆၆၈ စု ရှိသည့်အနက် ၈၃၆ စုကိုသာ တစ်နေ့လျှင် ဒီဇယ်ဓာတ်အားပေးစက်ဖြင့် ၄ နာရီခန့်သာ ဓာတ်အားပေးခဲ့ရာမှ ယခုအခါတွင် မြို့ပေါ်အိမ်ထောင်စုပေါင်း ၁၆၆၈ စုနှင့် ပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့်တွန်းပင်ကျေးရွာ၊ သရက်ပင်လယ်ချောင်ကျေးရွာ၊ မော်ကူးကျေးရွာ စသည့် ကျေးရွာ သုံးရွာကိုလည်း ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း၌ လျှပ်စစ်ဓာတ်အားရရှိသွားမည်ဖြစ်ပြီး ကျန်ရှိသည့်ကျေးရွာများကိုလည်း လျှပ်စစ်ဓာတ်အားတိုးတက်ဖြန့်ဖြူးနိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းတွင် မြို့ပေါင်း ၅၀၊ ကျေးရွာပေါင်း ၅၉၉၂ ရွာရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် မြို့ပေါင်း ၃၂ မြို့၊ ကျေးရွာပေါင်း ၁၃၄၇ ရွာတို့ကိုသာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့သော်လည်း ယခုအခါ မြို့ပေါင်း ၃၆ မြို့၊ ကျေးရွာပေါင်း ၂၆၀၉ ရွာတို့အား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်သဖြင့် မြို့ လေးမြို့နှင့် ကျေးရွာပေါင်း ၁၂၆၂ ရွာတို့ကို တိုးချဲ့ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ကလေးဝ-မော်လိုက် ဓာတ်အားလိုင်းနှင့် မော်လိုက်ဓာတ်အားခွဲရုံစီမံကိန်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်တည်ဆောက်ခဲ့ပြီး ပေ ၁၂၀၀ ခန့် မြင့်မားသော တောင်ပေါ်ဒေသရှိမာကျောသော ကျောက်စိုင်ကျောက်သားများကို ခက်ခဲစွာတူးဖော်ရသည့်အပြင် တောင်ကမ်းပါးအစွန်းတွင် ကျရောက်နေသော တိုင်များအတွက် မြေဖြတ်ရခြင်း၊ ပစ္စည်းများသယ်ပို့ရန် ချဉ်းကပ်လမ်းများ အချိန်ယူဖောက်လုပ်ရခြင်း စသည့်အခက်အခဲများကို ကျော်လွှားပြီး သတ်မှတ်စီမံကိန်းကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် မော်လိုက်ဒေသရှိ ပြည်သူလူထုအနေဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးများ တိုးတက်ကောင်းမွန်လာပြီး လူနေမှုအဆင့်အတန်းများ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

facebook



သင့်လုံခြုံမှုရှိရေးအတွက်
ကျွန်ုပ်တို့ အလေးထားပါသည်

ကျွန်ုပ်တို့သည် Facebook ကို အသုံးပြုနေသူများအားလုံး၏ ကိုယ်ရေးဆိုင်ရာအချက်အလက် လွတ်လပ်မှုနှင့် ကိုယ်ရေးဆိုင်ရာ လုံခြုံရေးအချက်အလက်များကို အထူးအလေးထားပြီး ကာကွယ်ပေးပါသည်။ Facebook ကို အသုံးပြုနေသူများ၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ကျွန်ုပ်ကဲ့သို့ သင့်အား လိုက်နာလေးစားစေလိုသည်။

Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

# ဗိုင်းရပ်စ်ကူးစက်မှု လျော့နည်းလာသဖြင့် တားမြစ်ကန့်သတ်ချက်များကို ဖြေလျှော့မည်ဟု မလေးရှားဝန်ကြီးချုပ် ပြောကြား


မလေးရှားဝန်ကြီးချုပ် မာယစ်ဒင်ယပ်ဆင်

**ကွာလာလမ်ပူ မေ ၁**
မလေးရှားနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု လျော့နည်းလာသဖြင့် ဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်ရန်ချမှတ်ထားသည့် အသွားအလာတားမြစ်ကန့်သတ်မှုများကို ဖြေလျှော့၍ လာမည့်သီတင်းပတ်မှစ၍ စီးပွားရေးလုပ်ငန်းအများစုကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် မာယစ်ဒင်ယပ်ဆင်က ယနေ့တွင် ပြောကြားခဲ့သည်။

မလေးရှားအစိုးရသည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှု တစ်ရှိန်ထိုးမြင့်တက်ခဲ့စဉ် မတ်လအလယ်က စာသင်ကျောင်းများနှင့် မရှိမဖြစ်ဖွင့်လှစ်ရန် လိုအပ်သည့်လုပ်ငန်းများမှအပ စီးပွားရေးလုပ်ငန်းအားလုံးကိုပိတ်ရန် အမိန့်ထုတ်ခဲ့ပြီး ပြည်သူများ အပြင်မထွက်ဘဲ အိမ်ထဲ၌သာနေကြရန် မေတ္တာရပ်ခံခဲ့သည်။

ပြီးခဲ့သည့်သီတင်းပတ်များအတွင်း ဗိုင်းရပ်စ်ကူးစက်မှု အရေအတွက် သိသိသာသာလျော့နည်းခဲ့ပြီး အများဆုံးနေ့များတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူဦးရေသည် ၁၀၀ အောက်သာရှိခဲ့သည်။ စုစုပေါင်းအားဖြင့် မလေးရှားနိုင်ငံအတွင်း၌ ယခုအချိန်အထိ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၀၀၀ ခန့်နှင့် သေဆုံးသူ ၁၀၀ ရှိသည်။

ဝန်ကြီးချုပ် မာယစ်ဒင်ယပ်ဆင်က စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စီးပွားရေးလုပ်ငန်းအားလုံးနီးပါးကို တနင်္လာနေ့မှစ၍ လုပ်ငန်းလည်ပတ်ခွင့်ပြုမည်ဖြစ်ကြောင်း ပြောကြားသည်။ စည်းကမ်းသတ်မှတ်ချက်များတွင် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်းစည်းမျဉ်းကို မှန်မှန်ကန်ကန် ကျင့်သုံးနိုင်ရန် ဆောင်ရွက်ခြင်းပါဝင်ကြောင်း ဝန်ကြီးချုပ်က ရုပ်မြင်သံကြားမိန့်ခွန်း၌ ပြောကြားသည်။

အသွားအလာတားမြစ်ကန့်သတ်ထားသော ကာလအတွင်း စီးပွားရေးလုပ်ငန်းများ ရပ်နားခဲ့ရသဖြင့် မလေးရှားနိုင်ငံသည် ရင်းဂစ် ၆၃ ဘီလီယံ(ဒေါ်လာ ၁၄ ဘီလီယံ) ဆုံးရှုံးခဲ့ကြောင်း ပြောကြားခဲ့သည်။

သို့သော်လည်း စာသင်ကျောင်းများ၊ ဗိုင်းရပ်စ်ကူးစက်မှု အန္တရာယ်ကို မြင့်တက်စေနိုင်သည့် လူလူချင်း နီးကပ်စွာ ထိစပ်မှုများရှိသည့် စီးပွားရေးလုပ်ငန်းများ (ဥပမာ၊ ရုပ်ရှင်ရုံများ) ကို ဆက်လက်ပိတ်ထားမည်ဖြစ်သည်။

မူဆလင်အများစုရှိသည့် မလေးရှားနိုင်ငံတွင် ဗလီများကိုလည်း ဆက်လက်ပိတ်ထားမည်ဖြစ်သည်။ ထို့ပြင် မေလကုန်တွင် ကျရောက်မည့် အိဒ် အားလပ်ရက်တွင် ပြည်သူများကို ၎င်းတို့၏ ဇာတိမြို့ရွာများသို့ ခရီးသွားခွင့်ပြုမည်မဟုတ်ပေ။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-အောင်ဇော်လင်း**

# ကိုရိုနာဗိုင်းရပ်စ်ဇာစ်မြစ် စုံစမ်းစစ်ဆေးမှုတွင် ပါဝင်နိုင်ရေး တရုတ်နိုင်ငံ၏ ဖိတ်ခေါ်မှုကို WHO မျှော်လင့်

**ဂျီနီဗာ မေ ၁**
တရုတ်နိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ် စတင်ရာ တိရစ္ဆာန်ဇာစ်မြစ်ကို ရှာဖွေစစ်ဆေးမှု၌ ပါဝင်ရန်အတွက် တရုတ်နိုင်ငံက WHO အဖွဲ့ကို ဖိတ်ခေါ်မည်ဟု မျှော်လင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ယနေ့တွင် ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ဇာစ်မြစ် ရှာဖွေစစ်ဆေးမှုတွင်ပါဝင်ရန် တရုတ်နိုင်ငံ၏ ဖိတ်ကြားချက်ဖြင့် WHO အဖွဲ့သည် နိုင်ငံတကာမိတ်ဖက်များနှင့် အတူတကွ အလုပ်လုပ်ရန် စိတ်အားထက်သန်နေကြောင်း WHO အဖွဲ့၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် တာရစ်ခ်ဂျာဆရီဗစ် က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကို ပိုမိုနားလည်ရန်အတွက် တရုတ်နိုင်ငံတွင် စုံစမ်းစစ်ဆေးမှု အများအပြားဆောင်ရွက်နေသည်ကို WHO အဖွဲ့က သိရှိနားလည်ပါကြောင်း၊ သို့သော်လည်း WHO အဖွဲ့သည် တရုတ်နိုင်ငံ၌ ပြုလုပ်သည့် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားရာ ဇာစ်မြစ်လေ့လာမှုများတွင် လတ်တလောတွင် ပါဝင်ခြင်းမရှိကြောင်း ၎င်းက ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်သည် ပြီးခဲ့သည့်နှစ်နှောင်းပိုင်းက တရုတ်နိုင်ငံ ဝူဟန်မြို့ရှိ ထူးခြားဆန်းပြားသည့် တိရစ္ဆာန်များကို ရောင်းချသည့် အသား၊ ငါးဈေးမှ စတင်ပေါ်ပေါက်ခဲ့သည်။ ၎င်းဗိုင်းရပ်စ်သည် တိရစ္ဆာန်မှ လူသို့ ကူးစက်ခဲ့သည်ဟု သိပ္ပံပညာရှင်များက ယုံကြည်ကြသည်။

သို့သော်လည်း ကိုရိုနာဗိုင်းရပ်စ်သည် တရုတ်ထိပ်တန်းလျှို့ဝှက်ဓာတ်ခွဲခန်းမှထွက်ပေါ်လာခြင်း ဖြစ်နိုင်သည်ဟုဆိုသည့် ထင်မြင်ချက်များနှင့် ကောလာဟလများကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မီးလောင်ရာလေပင့်လုပ်သည်။ ယင်းထင်မြင်ချက်များနှင့် ကောလာဟလများကို ပညာရှင်များက ယေဘုယျအားဖြင့် ငြင်းပယ်ကြသည်။

ဗိုင်းရပ်စ်ဇာစ်မြစ်လေ့လာမှုများမှ ရလဒ်များသည် လူအများအပြားသို့ ကူးစက်ပျံ့နှံ့ခဲ့သည့် ကိုဗစ်-၁၉ ရောဂါဗိုင်းရပ်စ်ပိုး ဖြစ်ပေါ်စေခဲ့သည့် ဗိုင်းရပ်စ်၏ စတင်ဖြစ်ပွားမှုကို ကာကွယ်တားဆီးရန်အတွက် အလွန်အရေးပါကြောင်း ဂျာဆရီဗစ်က ပြောကြားသည်။ WHO အဖွဲ့သည် တရုတ်နိုင်ငံ၌ စတင်ဖြစ်ပွားခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်၏ ဇာစ်မြစ်ကို ဖော်ထုတ်နိုင်ရေးအပါအဝင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးအတွက် ဦးစားပေးသုတေသနလုပ်ငန်းများနှင့် ဟာကွက်များကို ဖော်ထုတ်နိုင်ရန် တိရစ္ဆာန်ကျန်းမာရေးနှင့် လူသားကျန်းမာရေးပညာရှင်များ၊ နိုင်ငံများ၊ အခြားမိတ်ဖက်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - အောင်ဇော်လင်း**




# ရုရှားနိုင်ငံ၌ ၂၄ နာရီအတွင်း လူ ၈၀၀၀ နီးပါး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ ၉၆ ဦး ထပ်မံသေဆုံး

**မော်စကို မေ ၁**
ရုရှားနိုင်ငံတွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၉၃၃ ဦး စံချိန်တင်စမ်းသပ်တွေ့ရှိခဲ့ရာ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၄၄၃၁ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးဗဟိုဌာနမှ ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ထို့အတူ ရုရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ၂၄ နာရီအတွင်း လူနာ ၉၆ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၁၆၉ ဦး ရှိလာခဲ့ကြောင်း သိရသည်။ သို့သော် ရုရှားနိုင်ငံတွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါမှ လူနာ ၁၆၀၁ ဦးပြန်လည်ကျန်းမာလာခဲ့ပြီးပြန်လည်ကျန်းမာလာသူပေါင်း ၁၃၂၂၀ ရှိလာကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံး ထိခိုက်သွားသည့် မော်စကိုမြို့၌ ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၅၆၁ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ မော်စကိုမြို့တစ်မြို့တည်းတွင် ကူးစက်ခံရသူပေါင်း ၅၇၃၀၀ ရှိလာခဲ့သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ရုရှားပြည်သူများအား မတ် ၃၀ ရက်မှ ဧပြီ ၃၀ ရက်အထိ လစာအပြည့်ဖြင့် ခွင့်ယူရန်ပြဋ္ဌာန်းထားသည့်စီမံချက်နှင့် အသွားအလာကန့်သတ်မှုကို မေ ၁၁ ရက်အထိ သက်တမ်းတိုးချဲ့လိုက်ပြီး မေ ၁၂ ရက်မှစ၍ အသွားအလာကန့်သတ်မှုများကို တဖြည်းဖြည်းချင်း ဖြေလျှော့နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုပြုလုပ်ရန် အစိုးရကို ညွှန်ကြားထားကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ရုရှားဝန်ကြီးချုပ် မီခေးလ်မီရှူစတင်သည် ယမန်နေ့က ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရပြီး သီးသန့်ခွဲ၍နေရကြောင်း သိရသည်။ သမ္မတ ပူတင်သည် မီခေးလ်မီရှူစတင်၏ တာဝန်များကို လောလောဆယ်တာဝန်ယူဆောင်ရွက်ရန် ဒုတိယဝန်ကြီးချုပ်-၁ အန်ဒရေးဘီလာဆော့ဗ်ကို ညွှန်ကြားထားကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# ဖိလစ်ပိုင်၌ ကျန်းမာရေးလုပ်သား ၁၆၉၄ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီး ရောဂါကူးစက်ခံရသူပေါင်း ၈၇၇၂ ဦးရှိလာ

**မနီလာ မေ ၁**
ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၄ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ခြင်းနှင့်အတူ ရောဂါကူးစက်ခံရသူပေါင်း ၈၇၇၂ ဦးရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

**ပြန်လည်ကျန်းမာလာသူပေါင်း ၁၀၈၄ ဦးရှိလာ**

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် လူနာ ၁၁ ဦး ထပ်မံသေဆုံးခဲ့ပြီး ယင်းရောဂါကြောင့် သေဆုံးသူပေါင်း ၅၇၉ ဦးရှိလာကြောင်း၊ သို့သော် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၁ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာလာခဲ့ပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၀၈၄ ဦး ရှိလာကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၄ ဦးအနက် ၁၃၀ သည် မြို့တော်မနီလာမှ ဖြစ်ပြီး ၁၁၆ ဦးသည် နိုင်ငံ၏ အလယ်ပိုင်း ဆီဘူးမြို့မှဖြစ်ကာ ကျန် ၃၈ ဦးသည် နိုင်ငံ၏ ဒေသအသီးသီးမှဖြစ်ကြကြောင်း ဖိလစ်ပိုင် ဒုတိယကျန်းမာရေးဝန်ကြီး မာရီယာရိုဆာရီယိုဗာဂျီရီက ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးတွင် ရှေ့တန်းမျက်နှာစာ၌ တိုက်ပွဲဝင်နေကြသော ဖိလစ်ပိုင်ကျန်းမာရေးလုပ်သား ၇၅ ဦးသည် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံခဲ့ရပြီး ယခုအခါ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ကျန်းမာရေးဝန်ထမ်းပေါင်း ၁၆၉၄ ဦး ရှိလာခဲ့ကြောင်း၊ သို့သော် ရောဂါကူးစက်ခံရသော ကျန်းမာရေးဝန်ထမ်းများအနက် ၂၅၆ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာသွားကြောင်း ဗာဂျီရီက ထပ်မံပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ၏ ၂၀ ရာခိုင်နှုန်းနီးပါးသည် ကျန်းမာရေးဝန်ထမ်းများဖြစ်ကြရာ နိုင်ငံအတွင်း ဤနည်းအတိုင်း ဆက်လက်၍ ရောဂါကူးစက်ပျံ့နှံ့နေမည်ဆိုပါက ကျန်းမာရေးဝန်ထမ်းအင်အားလျော့နည်းလာမည်ကို စိုးရိမ်မကင်းဖြစ်မိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့် ကျန်းမာရေးလုပ်သားများအနက် ၃၃ ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

**စမ်းသပ်စစ်ဆေး**

ဖိလစ်ပိုင်အစိုးရသည် နိုင်ငံအတွင်း ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ တစ်နေ့လျှင် လူနာ ၈၀၀၀ ၏ နမူနာကို စမ်းသပ်စစ်ဆေးနိုင်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ အကြောင်းမှာ ရောဂါစောစောရှာဖွေတွေ့ရှိပြီး ရောဂါကူးစက်ခံရသူအား သီးသန့်ခွဲ၍ထားခြင်းသည် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအတွက် အဓိကကျသော နည်းလမ်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ပြင် ဖိလစ်ပိုင်အစိုးရသည် ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြန်လည်ရောက်ရှိလာသည့် နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ကိုင်ကြသော ဖိလစ်ပိုင်အလုပ်သမား ၂၀၀၀၀ ကျော်ကိုလည်း ရောဂါရှိ၊ မရှိ စမ်းသပ်စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံနှင့် ဒေသပေါင်း ၄၆ ခုတွင် အလုပ်လုပ်ကိုင်ကြသော ဖိလစ်ပိုင်နိုင်ငံရပ်ခြားအလုပ်သမား ၁၇၀၇ ဦးတို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ကြပြီး ၎င်းတို့အနက် ၂၀၂ ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း ဖိလစ်ပိုင် ပြည်ပရေးရာဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**



# ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အရေးပေါ်အခြေအနေကြေညာထားခြင်းကို အချိန်တိုးမြှင့်သွားမည်ဟု ရှင်ဇိုအာဘေးပြောကြား

**တိုကျို မေ ၁**

ဂျပန်အစိုးရအနေဖြင့် နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အရေးပေါ်အခြေအနေ ကြေညာထားခြင်းကို နောက်ထပ် တစ်လခန့်အထိ အချိန်တိုးမြှင့်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ပြောကြားသည်။ ယခုချမှတ်ထားသည့် အရေးပေါ်အခြေအနေကြေညာချက်သည် မေ ၆ ရက်တွင် ကုန်ဆုံးမည်ဖြစ်သည်။ အာဘေးသည် ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများနှင့်တွေ့ဆုံပြီးနောက် သတင်းထောက်များကို အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အခြားနိုင်ငံများ၌ ဖြစ်ပွားနေသော ကိုရိုနာဗိုင်းရပ်စ်အား နိုင်ငံအတွင်း ကာကွယ်တားဆီးရေးအတွက် ဆောင်ရွက်ရာတွင် ပြည်သူများ၏ ကြိုးပမ်းမှုများသည် အထောက်အကူပြုကြောင်း ၎င်းကပြောကြားသည်။ နိုင်ငံ၏ကျန်းမာရေးစနစ်မှာ အကန့်အသတ်များရှိနေသဖြင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများစွာလိုအပ်ကြောင်း၊ နိုင်ငံတွင်းရှိ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသောဒေသများတွင် လျင်မြန်စွာဆောင်ရွက်နိုင်ရန် ကပ်ရောဂါဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးဝန်ကြီးအား ညွှန်ကြားထားကြောင်း အာဘေးက ပြောကြားသည်။ ဒေသများရှိ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများအား အဖွဲ့ဖွဲ့စည်းပြီး သုံးသပ်သွားမည်ဟု ၎င်းက ပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-စိုးသူရ**

# ရုရှားဝန်ကြီးချုပ် မီခေးလ်မီရှူစတင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ

**မော်စကို မေ ၁**

ရုရှားဝန်ကြီးချုပ် မီခေးလ်မီရှူတင်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရကြောင်း စမ်းသပ်တွေ့ရှိသဖြင့် လုပ်ဖော်ကိုင်ဖက်များကို ကာကွယ်ရန် သီးသန့်ခွဲနေထိုင်ရမည်ဟု မီခေးလ်က ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ရုပ်သံအစည်းအဝေးတစ်ခုအတွင်း ပြောကြားခဲ့ပြီး ယာယီဝန်ကြီးချုပ်ခန့်အပ်ရန် အကြံပြုခဲ့သည်။

**အစားထိုးခန့်အပ်**

သမ္မတပူတင်က ဒုတိယဝန်ကြီးချုပ်-၁ အန်ဒရေဘီလော်ဆော့ဗ်ကို ယာယီဝန်ကြီးချုပ်အဖြစ် အစားထိုးခန့်အပ်သော အမိန့်တစ်ရပ်ကို မြန်မြန်ဆန်ဆန် လက်မှတ်ရေးထိုးခဲ့သည်။ လူတိုင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရနိုင်ပြီး မီခေးလ်မပါဘဲ အရေးကြီးသော ဆုံးဖြတ်ချက်များ ပြုလုပ်မည်မဟုတ်ဟု သမ္မတ ပူတင်က ပြောကြားခဲ့သည်။

ပူတင်က မျက်နှာချင်းဆိုင် အစည်းအဝေးများ မကျင်းပသည်မှာ သီတင်းပတ်များစွာ ကြာမြင့်နေပြီဖြစ်ပြီး မီခေးလ်ကို အဆိုပါအခန်းတွင် မတ် ၂၄ ရက်က နောက်ဆုံးအကြိမ်မြင်တွေ့ခဲ့ရခြင်းဖြစ်ကြောင်း ရုရှားသမ္မတရုံး ဝက်ဘ်ဆိုက်၏ ဖော်ပြချက်အရ သိရသည်။ ရုရှားနိုင်ငံတွင် ပြီးခဲ့သော ၂၄ နာရီအတွင်း အတည်ပြုထားသော ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၀၉၉ ဦးရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၁၀၆၄၉၈ ဦးနှင့် သေဆုံးသူပေါင်း ၁၀၇၃ ဦးအထိရှိလာခဲ့သည်ဟု အစိုးရ၏ နေ့စဉ်ကိုရိုနာဗိုင်းရပ်စ် နောက်ဆုံးအခြေအနေဖော်ပြချက်အရ သိရသည်။

နေ့စဉ် ကူးစက်မှုအရေအတွက် ထောင်ချီမြင့်တက်လာခြင်းကြောင့် ရုရှားနိုင်ငံမှာ ယခုအခါ ဥရောပတိုက်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုသစ် အများဆုံးဖြစ်ပွားရာ နိုင်ငံဖြစ်လာသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ကျော်ထိုက်စိုး**



ရုရှားဝန်ကြီးချုပ် မီခေးလ်မီရှူစတင်



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်

# တောင်ကိုရီးယားနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုနှင့် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်မှုကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ချီးကျူး

**နယူးယောက် မေ ၁**

ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးနှင့် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်မှု တစ်ပြိုင်နက်တည်း လုပ်ဆောင်ခြင်းအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က တောင်ကိုရီးယားနိုင်ငံကို ချီးကျူးခဲ့သည်။

**လွန်စွာအောင်မြင်**

တောင်ကိုရီးယားနိုင်ငံက ရာသီဥတုပြောင်းလဲမှုနှင့် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်မှုကို အတူတကွ တိုက်ဖျက်နိုင်သည်ဆိုသည့် အံ့သြလောက်သော စံနမူနာတစ်ရပ်ပေးကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခု၌ ဂူတာရက်စ်က ပြောကြားခဲ့သည်။ လွန်ခဲ့သော နှစ်လကျော်က နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါတွေ့ရှိပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုအသစ်မရှိဟု တောင်ကိုရီးယားနိုင်ငံက ကြေညာခဲ့ကြောင်း၊ တောင်ကိုရီးယားနိုင်ငံက ကိုဗစ်-၁၉ ရောဂါဖြေရှင်းရာတွင် လွန်စွာအောင်မြင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

Green Deal သဘောတူညီချက်အရ တောင်ကိုရီးယားနိုင်ငံက ဓာတ်ငွေ့ထုတ်လွှတ်မှုများ၊ ကျောက်မီးသွေးလောင်စာသုံး ဓာတ်အားပေးစက်ရုံများ လျှော့ချရေးပါဝင်သည့် ကိုရိုနာဗိုင်းရပ်စ်အလွန် စီးပွားရေးပြန်လည်ထူထောင်မှုကို အတူတကွလုပ်ဆောင်ခဲ့သည်ဟု ၎င်းက ဆိုသည်။ ပတ်ဝန်းကျင်နှင့် သဟဇာတရှိပြီး လူမှုရေးအရ အားလုံးပါဝင်သော စီးပွားရေးပြန်လည်ထူထောင်မှုဖြစ်သည့် ဗိုင်းရပ်စ်အမြစ်ပြတ်ရှင်းလင်းမှုက နိုင်ငံတိုင်းလိုက်နာသင့်သည့် စံနမူနာတစ်ရပ်ဖြစ်ကြောင်း ၎င်းက ပြောသည်။

**ကိုးကား-ကေဘီအက်စ်**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်တာအတွင်း ၇၂ ဦးသေဆုံး၊ သေဆုံးသူပေါင်း ၁၁၄၇ ဦးရှိလာ

**နယူးဒေလီ မေ ၁**

အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်တာအတွင်း လူနာ ၇၂ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် ယနေ့အထိ သေဆုံးသူပေါင်း ၁၁၄၇ ဦး ရှိလာကြောင်း၊ ထို့အတူ အိန္ဒိယနိုင်ငံတွင် နိုင်ငံခြားသား ၁၁၁ ဦးအပါအဝင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ပေါင်း ၃၅၀၄၃ ဦးရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

သို့သော် လက်ရှိအိန္ဒိယနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၀၀၇ ဦးရှိသည့်အနက် လူနာ ၈၈၈၈ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာလာပြီး ဆေးရုံများမှ ပြန်ဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ သေဆုံးသူ ၇၂ ဦးတို့သည် ကိုဗစ်-၁၉ ရောဂါဖြင့် တစ်ရက်တာအတွင်း သေဆုံးခဲ့ခြင်းဖြစ်ပြီး မဟာရာ့ရှ်ထရာ ပြည်နယ်တွင် ၂၇ ဦး၊ ဂူဂျရတ်ပြည်နယ်တွင် ၁၇ ဦး၊ အနောက်ဘင်ဂေါ ပြည်နယ်တွင် ၁၁ ဦး၊ မာဒဟီယာပရာဒေ့ရှ်နှင့် ရာဂျာ့စ်တန်ပြည်နယ်တွင် ခုနစ်ဦးစီ၊ ဒေလီဒေသတွင် သုံးဦးစသည်ဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၁၄၇ ဦးအနက် ၄၅၉ ဦးသည် မဟာရာ့ရှ်ထရာပြည်နယ်တွင် သေဆုံးခဲ့ပြီး အိန္ဒိယနိုင်ငံ၌ သေဆုံးမှုအများဆုံး ပြည်နယ်ဖြစ်လာခဲ့သည်။ ထို့ပြင် ဂူဂျရတ်ပြည်နယ်တွင် ၂၁၄ ဦး၊ မာဒဟီယာ ပရာဒေ့ရှ်ပြည်နယ်တွင် ၁၃၇ ဦး၊ ဒေလီဒေသတွင် ၅၉ ဦး၊ ရာဂျာ့စ်တန်ပြည်နယ်တွင် ၅၈ ဦး၊ ဥတ္တာပရာဒေ့ရှ်ပြည်နယ်တွင် ၃၉ ဦး အနောက်ဘင်ဂေါလ်တွင် ၃၃ ဦးနှင့် မာဒဟီယာပရာဒေ့ရှ် ပြည်နယ်တွင် ၃၁ ဦး၊ တမီလ်နာဒူးပြည်နယ်တွင် ၂၇ ဦး၊ တယ်လီဂါနာတွင် ၂၆ ဦးနှင့် ကာဂန်တာကာပြည်နယ်တွင် ၂၁ ဦး၊ ပန်ဂျပ်ပြည်နယ်တွင် ၁၉ ဦး၊ ဂျာမူးနှင့် ကက်ရှ်မီးယားပြည်နယ်တွင် ရှစ်ဦး၊ ကယ်ရားလားပြည်နယ်တွင် လေးဦး၊ ဂျာဟာခန့်နှင့် ဟာရီယာနာ ပြည်နယ်တွင် သုံးဦးစီ၊ ဘီဟာပြည်နယ်တွင် နှစ်ဦး၊ မီဂါလာယာ၊ ဟီမာချာပရာဒေ့ရှ်၊ ဩဒိသာနှင့် အာသံပြည်နယ်တို့တွင် တစ်ဦးစီ စသည်ဖြင့်သေဆုံးခဲ့ကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာန၏ ကိန်းကဏန်းများအရ သိရသည်။

ကိုဗစ်-၁၉ ရောဂါသည် ယခုအခါ အိန္ဒိယနိုင်ငံရှိ ပြည်နယ်နှင့် ဒေသအများအပြားသို့ ကူးစက်ပျံ့နှံ့သွားပြီး မဟာရာ့ရှ်ထရာ ပြည်နယ်တွင် ရောဂါကူးစက်ခံရသူပေါင်း ၁၀၄၉၈ ဦးရှိကာ နိုင်ငံအတွင်း ရောဂါကူးစက်မှုနှုန်း အများဆုံးပြည်နယ် ဖြစ်လာခဲ့သည်။ ထို့အတူ ဂူဂျာရတ်ပြည်နယ်တွင် ၄၃၉၅ ဦး၊ ဒေလီဒေသတွင် ၃၅၁၅ ဦးနှင့် မာဒဟီယာ ပရာဒေ့ရှ်ပြည်နယ်တွင် ၂၆၆၀၊ ရာဂျာ့စ်တန်ပြည်နယ်တွင် ၂၅၈၄ ဦး၊ တမီလ်နာဒူးပြည်နယ်တွင် ၂၃၂၃ ဦး၊ ဥတ္တာပရာဒေ့ရှ်ပြည်နယ်တွင် ၂၂၀၃ ဦး၊ အင်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် ၁၄၀၃ ဦးနှင့် တယ်လီဂါနာပြည်နယ်တွင် ၁၀၃၈ ဦး စသည်ဖြင့် ရောဂါကူးစက်ခံခဲ့ရကြောင်း သိရသည်။

ထို့အတူ မဏိပူရပြည်နယ်နှင့် ထရီပူရပြည်နယ်တွင် နှစ်ဦးစီနှင့် မီဇိုရမ်ပြည်နယ်နှင့် အာရူနာချာလ်ပရာဒေ့ရှ်ပြည်နယ်တွင် တစ်ဦးစီ ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရပြီး အိန္ဒိယနိုင်ငံတွင် ရောဂါကူးစက်မှုနှုန်း အနိမ့်ဆုံးပြည်နယ်များ ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ပီတီအိုင်**
**ဘာသာပြန်-ဂျေတီ**



# နေရပ်ပြန်ခွင့်ရပြီဖြစ်တဲ့ အိန္ဒိယရွှေ့ပြောင်းလုပ်သားများ

အောင်ကျော်ကျော်

အိန္ဒိယနိုင်ငံတစ်ဝန်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးဖို့ ခရီးသွားလာမှုတွေ ပိတ်ပင်ထားတဲ့အတွက် အနယ်နယ်အရပ်ရပ်မှာ သောင်တင်နေကြတဲ့ ရွှေ့ပြောင်းလုပ်သားတွေကို နေရပ်ပြန်ပို့ဖို့ အိန္ဒိယအစိုးရက စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

မေ ၁ ရက်မှာ တီလန်ဂါနာပြည်နယ်အတွင်း သောင်တင်နေကြတဲ့ ရွှေ့ပြောင်းလုပ်သားတွေကို မီးရထားနဲ့ နေရပ်ပြန်ပို့တဲ့အစီအစဉ်တွေကို စတင်နေပြီဖြစ်ပါတယ်။ ရွှေ့ပြောင်းလုပ်သားတွေကို နေရပ်ပြန်ပို့တာဟာ တစ်နိုင်ငံလုံးမှာ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ ရထားတွဲဆိုင်း ၂၄ ဆိုင်းပါတဲ့ မီးရထားကြီးဟာ ရွှေ့ပြောင်းလုပ်သား ၁၂၀၀ ခန့်ကို တင်ဆောင်ပြီး တီလန်ဂါနာပြည်နယ်ကနေ ဂျာဟန်ပြည်နယ် အရှေ့ပိုင်းကို ဦးတည်ထွက်ခွာနေပြီဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံမှာ နေရပ်ပြန်ခွင့်မရဘဲ သောင်တင်နေတဲ့ ရွှေ့ပြောင်းလုပ်သားတွေကို နေရပ်ပြန်ဖို့ ခွင့်ပြုလိုက်ပြီလို့ အိန္ဒိယအစိုးရက ဧပြီလနှောင်းပိုင်းမှာ ကြေညာခဲ့ပါတယ်။ နိုင်ငံအတွင်းမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးဖို့ ခရီးသွားလာခွင့် ကန့်သတ်ချက်တွေကို မတ် ၂၄ ရက်မှာ ဝန်ကြီးချုပ် နရန်ဒရာမိုဒီက ကြေညာခဲ့ပါတယ်။

ရွှေ့ပြောင်းလုပ်သားတွေကို နေရပ်ပြန်ဖို့ ခွင့်ပြုလိုက်ပေမယ့် အစိုးရအာဏာပိုင်တွေရဲ့ စီစဉ်ဆောင်ရွက်မှုနဲ့သာ နေရပ်သို့ပြန်ရမှာဖြစ်ပါတယ်။ ပြည်နယ်တွေကို ဝင်ရောက်တော့မယ်ဆိုရင်လည်း သတ်မှတ်ထားတဲ့ရက်အထိ သီးခြားစောင့်ကြည့်မှုတွေ ခံယူရမှာဖြစ်ပါတယ်။



နေရပ်ပြန်ကြတော့မည့် အိန္ဒိယ ရွှေ့ပြောင်းလုပ်သားများကို တီလန်ဂါနာပြည်နယ် လင်ဂမ်ပါလီဘူတာရုံ၌ တွေ့ရစဉ် ။

### ရထားပေါ်မှာ ခပ်ခွာခွာ

မေ ၁ ရက်အစောပိုင်းမှာ ရွှေ့ပြောင်းလုပ်သားတွေကို တင်ဆောင်လာတဲ့ ရထားကြီးဟာ တီလန်ဂါနာပြည်နယ် ဟောဒီရာဘတ်မြို့ရဲ့ ဆင်ခြေဖုံးနေရာတစ်ခုဖြစ်တဲ့ လင်ဂမ်ပါလီကနေ စတင်ထွက်ခွာလာပြီး ဂျာဟန်ပြည်နယ် ဟာတီယာမြို့ကို မေ ၂ ရက်မှာ ရောက်ရှိမယ်လို့ သိရပါတယ်။

ရွှေ့ပြောင်းလုပ်သားတွေဟာ ခပ်ခွာခွာနေရမယ့် စည်းမျဉ်းတွေကို လိုက်နာပြီး မီးရထားပေါ်လိုက်ပါစီးနင်းရမှာဖြစ်ပါတယ်။ အချင်းချင်းထိတွေ့မှုမရှိဘဲ ခပ်ခွာခွာ လိုက်ပါစီးနင်းနိုင်ဖို့ ရထားပေါ်မှာ နေရာတွေ သတ်မှတ်ထားပြီး ရွှေ့ပြောင်းလုပ်သားတွေကို စားနပ်ရိက္ခာတွေလည်း ဝေမျှပေးထားတယ်လို့ မီးရထားလုပ်ငန်းအကြီးအကဲ ရာကတ်ချာက ဆိုပါတယ်။ ပုံမှန်ဆိုရင် တွဲဆိုင်းတစ်ခုမှာ ခရီးသည်နေရာ ၇၂ နေရာ သတ်မှတ်ထားပါတယ်။ ဒါပေမယ့် ခပ်ခွာခွာနေရမယ့်စည်းမျဉ်းအရ မီးရထားတွဲဆိုင်းတစ်ခုပေါ်မှာ ခရီးသည် ၅၄ ဦးသာ လိုက်ပါစီးနင်းရမှာဖြစ်တယ်လို့ ရာကတ်ချာက ပြောကြားခဲ့ပါတယ်။

မီးရထားမထွက်ခွာမီ လိုက်ပါစီးနင်းမယ့် ရွှေ့ပြောင်းလုပ်သားတွေအနေနဲ့ ဗိုင်းရပ်စ်ပိုးရှိ၊ မရှိ ကျန်းမာရေးစစ်ဆေးမှုတွေ ခံယူရပါတယ်။

အခု နေရပ်ပြန်နေပြီဖြစ်တဲ့ ရွှေ့ပြောင်းလုပ်သားတွေဟာ ဟောဒီရာဘတ်မြို့က အိန္ဒိယနည်းပညာအင်စတီကျုရဲ့ ဆောက်လုပ်ရေးလုပ်ငန်းခွင်က လုပ်သားတွေဖြစ်ပါတယ်။ မကြာသေးမီက ဒီလုပ်သားတွေဟာ သူတို့ရဲ့ လုပ်ခလစာတွေ မရရှိတဲ့အတွက် ကန်ထရိုက်တာကို လစာပေးဖို့ ဆန္ဒထုတ်ဖော်ခဲ့တယ်လို့ သိရပါတယ်။

အိန္ဒိယရွှေ့ပြောင်းလုပ်သားတွေဟာ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အဓိကကျောရိုးပဲဖြစ်ပါတယ်။ နိုင်ငံအတွင်းမှာရှိတဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေ၊ စားသောက်ဆိုင်တွေ၊ ကုန်စည်ပို့ဆောင်ရေး၊ အလှပြင်ခန်း၊ မော်တော်ကားထုတ်လုပ်ရေး၊ ရေပိုက်ဆက်လုပ်ငန်းတွေနဲ့ သတင်းစာတွေ လိုက်လံပို့ဆောင်တဲ့လုပ်ငန်း စတဲ့နေရာ အများအပြားမှာ ရွှေ့ပြောင်းလုပ်သားတွေ ပါဝင်လုပ်ကိုင်နေတာကို တွေ့မြင်ရပါတယ်။

အိန္ဒိယနိုင်ငံအတွင်း ရွှေ့ပြောင်းလုပ်သားအရေအတွက် သန်း ၁၀၀ နီးပါးရှိပါတယ်။ အများစုကတော့ ချို့တဲ့စွာ နေထိုင်ကြရပါတယ်။ နိုင်ငံအတွင်းမှာ ကိုဗစ်-၁၉ ကူးစက်မှု စတင်တွေ့ရှိခဲ့တဲ့အတွက် ခရီးသွားလာခွင့်တွေ ပိတ်ပင်လိုက်တော့ စက်ရုံ၊ အလုပ်ရုံတွေအပါအဝင် စီးပွားရေးလုပ်ငန်းအားလုံး ပိတ်ပင်လိုက်ရပါတယ်။ ဒီအချိန်မှာ ရွှေ့ပြောင်းလုပ်သားအများစုဟာ ရောဂါကူးစက်ခံရမှာထက် အစာရေစာငတ်ပြီး သေဆုံးရမှာကို ပိုလို့ကြောက်လန့်နေကြပါတယ်။

နိုင်ငံအတွင်းမှာ မီးရထား၊ ဘတ်စ်ကားစတဲ့ ပို့ဆောင်ရေးစနစ်တွေ ပိတ်ပင်ထားတဲ့အတွက် တချို့ ရွှေ့ပြောင်းလုပ်သားတွေဟာ မိုင်ပေါင်းများစွာရှည်လျားတဲ့ ခရီးရှည်ကြီးကို ခြေကျင်လမ်းလျှောက်သွားပြီး နေရပ်ပြန်ခဲ့ကြပါတယ်။ ခရီးရှည်တွေကို လမ်းလျှောက်ပြန်ရင်း သေဆုံးသွားတဲ့ ရွှေ့ပြောင်းလုပ်သားတွေလည်း အများကြီး ရှိခဲ့ပါတယ်။

**အိန္ဒိယရွှေ့ပြောင်းလုပ်သားတွေဟာ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အဓိကကျောရိုးပဲဖြစ်ပါတယ်။ နိုင်ငံအတွင်းမှာရှိတဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေ၊ စားသောက်ဆိုင်တွေ၊ ကုန်စည်ပို့ဆောင်ရေး၊ အလှပြင်ခန်း၊ မော်တော်ကား ထုတ်လုပ်ရေး၊ ရေပိုက်ဆက်လုပ်ငန်းတွေနဲ့ သတင်းစာတွေ လိုက်လံပို့ဆောင်တဲ့ လုပ်ငန်း စတဲ့နေရာ အများအပြားမှာ ရွှေ့ပြောင်းလုပ်သားတွေ ပါဝင်လုပ်ကိုင်နေ**

အချို့ပြည်နယ်အာဏာပိုင်တွေကလည်း ဘတ်စ်ကားတွေ၊ မီးရထားတွေအသုံးပြုပြီးတော့ ရွှေ့ပြောင်းလုပ်သားတွေကို နေရပ်ပြန်ပို့ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိအချိန်မှာတော့ ရွှေ့ပြောင်းလုပ်သားတွေ နေရပ်ပြန်ခွင့်ရတဲ့အတွက် အလွန်ဝမ်းသာပျော်ရွှင်နေတာကို တွေ့ရပါတယ်။

### စီမံမှုတွေ ကြိုတင်ပြင်ဆင်

ရွှေ့ပြောင်းလုပ်သားတွေ နေရပ်ပြန်လာကြပြီဖြစ်တဲ့အတွက် သူတို့ကို ယာယီထားရှိမယ့် သီးခြားစောင့်ကြည့်မယ့်နေရာတွေအပြင် စားနပ်ရိက္ခာတွေကိုပါ ကြိုတင်ပြင်ဆင်ထားဖို့ ဥတ္တရပရာဒေ့ရှ်ပြည်နယ် ဝန်ကြီးချုပ် ယိုဂီအာဒီယာနာက တာဝန်ရှိသူတွေကို ညွှန်ကြားထားပါတယ်။ ဒါ့အပြင် ခွင့်ပြုချက်မရှိဘဲ ဘယ်သူ့ကိုမှ ပြည်နယ်အတွင်း ဝင်ခွင့်မပေးဖို့ကိုလည်း မှာကြားထားပါတယ်။

### ဗိုင်းရပ်စ်ကူးစက်မှုတွေ မြင့်မားလာမှာကို စိုးရိမ်

အခုလို အိန္ဒိယရွှေ့ပြောင်းလုပ်သားတွေကို နေရပ်ပြန်ဖို့ ခွင့်ပြုလိုက်တာကြောင့် ပြည်နယ်တွေမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုတွေ မြင့်တက်လာမှာကို စိုးရိမ်ရတယ်လို့ ကျွမ်းကျင်သူတွေက ဆိုပါတယ်။ ဘာလို့လဲဆိုရင် အိန္ဒိယနိုင်ငံရဲ့ ဗိုင်းရပ်စ်ကူးစက်မှု မြင့်မားတဲ့ဒေသတွေမှာ ရွှေ့ပြောင်းလုပ်သားတွေအများဆုံးနေထိုင်ကြတဲ့နေရာတွေ ပါဝင်နေလို့ဖြစ်ပါတယ်။ ရောဂါပိုးမတွေ့ရှိတဲ့ ပြည်နယ်တွေ၊ ကျေးရွာတွေကို ပြန်လာကြတဲ့ ရွှေ့ပြောင်းလုပ်သားတွေဟာလည်း ဗိုင်းရပ်စ်ပိုးသယ်ဆောင်လာသူတွေ ဖြစ်လာနိုင်ဖွယ်ရှိတယ်လို့လည်း ကျွမ်းကျင်သူတွေက ထောက်ပြပြောဆိုခဲ့ပါတယ်။ အိန္ဒိယနိုင်ငံဟာ ကမ္ဘာပေါ်မှာ လူဦးရေသိပ်သည်းတဲ့နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒီလိုနေရာမျိုးမှာ ဗိုင်းရပ်စ်ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်တွေ လုပ်ဆောင်ရတာ အလွန်ခက်ခဲတဲ့ စိန်ခေါ်မှုတွေ ရှိနိုင်ပါတယ်။

လက်ရှိအချိန်အထိ အိန္ဒိယနိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၅၀၄၃ ဦးရှိပြီး သေဆုံးသူ ၁၁၅၄ ဦး ရှိပါတယ်။ ရောဂါကူးစက်ခံရသူတွေထဲက ၉၀၆၈ ဦးမှာ ကျန်းမာရေးပြန်လည်ကောင်းမွန်လာပါပြီ။ ဒါပေမယ့် အာဏာပိုင်တွေကတော့ ဗိုင်းရပ်စ်ကူးစက်မှုကာကွယ်တားဆီးရေးလုပ်ငန်းတွေကို လစ်ဟာမှုမရှိဘဲ စနစ်တကျ ကိုင်တွယ်လုပ်ဆောင်နေတာကို တွေ့မြင်ရပါတယ်။

### အပြုံးပန်းတွေ ဖူးပွင့်ဝေဆာ

အိန္ဒိယအစိုးရက ရွှေ့ပြောင်းလုပ်သားတွေကို နေရပ်ပြန်ဖို့ ခွင့်ပြုလိုက်တော့ နေရပ်ပြန်ဖို့တာစူနေကြတဲ့ ရွှေ့ပြောင်းလုပ်သားတွေဟာ အတိုင်းမသိ ဝမ်းသာနေကြတာကို တွေ့မြင်ရပါတယ်။

"ကျွန်တော်တို့တွေ နေရပ်ပြန်ဖို့ အထူးမီးရထားကြီး စီစဉ်ပေးတဲ့အတွက် အစိုးရကို အလွန်ပဲကျေးဇူးတင်ပါတယ်။ အခုအိမ်ပြန်ဖို့ မီးရထားပေါ်မှာ ရောက်ရှိလို့နေပါပြီ" လို့ အသက် ၂၄ နှစ်အရွယ်ရှိတဲ့ ရွှေ့ပြောင်းလုပ်သား ဒီလစ်ရာဒွေဗ်က ဆိုပါတယ်။

ဒီလစ်ရာဒွေဗ်ဟာ ဂျာခန်ပြည်နယ် ဒါတွန်ဂန်ခရိုင်မှာရှိတဲ့ ချန်ဒိုကျေးရွာမှဖြစ်ပြီး ပြီးခဲ့တဲ့ဒီဇင်ဘာလက ဆောက်လုပ်ရေးလုပ်ငန်းမှာ အလုပ်လုပ်ဖို့ ဟောဒီရာဘတ်ပြည်နယ်ကို လာရောက်ခဲ့တဲ့ ရွှေ့ပြောင်းလုပ်သားတစ်ဦးဖြစ်ပါတယ်။

မီးရထားပေါ်မတက်မီ ကျွန်တော်တို့တွေကို ရောဂါရှိ၊ မရှိ စစ်ဆေးပေးပါတယ်။ အစားအစာတွေကိုလည်း မျှဝေပေးတယ်။ ဒီလိုအစစအရာရာ အဆင်ပြေချောမွေ့မှုရှိအောင် ကူညီပေးတဲ့တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်"လို့ အသက် ၂၇ နှစ်အရွယ် ရွှေ့ပြောင်းလုပ်သား ဆန်တိုကူမာဆင်းက ဆိုပါတယ်။

အခုလိုကပ်ရောဂါဆိုးကြီး ကမ္ဘာပေါ်ကို ကျရောက်နေတဲ့အချိန်မှာ မိဝေးဖဝေးနဲ့ အဝေးတစ်နေရာမှာ နေရတာထက် ကိုယ့်မိသားစုအနီးမှာပဲ နေထိုင်ရတာ ပိုမိုလုံခြုံတယ်လို့ ခံစားရပါတယ်။ ဒီလိုအချိန်မှာ နေရပ်ကိုခွဲခွာပြီး အဝေးတစ်နေရာကို အလုပ်သွားလုပ်ကြတဲ့ ရွှေ့ပြောင်းလုပ်သားတွေအနေနဲ့ ကိုယ်တိုင်ရောဂါကူးစက်ခံရမှာကို ကာကွယ်ရ၊ အဝေးမှာရှိတဲ့ မိသားစုဝင်တွေ ရောဂါကူးစက်ခံရမှာကို ပူပန်ရနဲ့ စိုးရိမ်သောကဗျာပါဒတွေ များလွန်းလှပါတယ်။ အခုဆိုရင် အိန္ဒိယအစိုးရက ရွှေ့ပြောင်းလုပ်သားတွေရဲ့ တောင်းဆိုချက်တွေကိုငဲ့ကွက်ပြီး နေရပ်ပြန်ခွင့်ပြုလိုက်တော့ ရွှေ့ပြောင်းလုပ်သားတွေအနေနဲ့ ဘယ်လောက်တောင် ဝမ်းသာပီတိဖြစ်ကြမလဲဆိုတာ မှန်းဆကြည့်လို့တောင်ရနိုင်မယ် မထင်ပါဘူး။ ဒါကြောင့် ရင်ထဲမှာ အတိုင်းမသိ ပျော်ရွှင်နေကြတဲ့ အိန္ဒိယရွှေ့ပြောင်းလုပ်သားတွေရဲ့ ပျော်ရွှင်ကြည်နူးမှုတွေကို ထပ်တူခံစားရင်း ရေးသားလိုက်ပါတယ်။

ကိုးကား-ဘီဘီစီ

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေသူကို နှောင့်ယှက်သူတစ်ဦးအား ထောင်ဒဏ် ခြောက်လချမှတ်

**စဥ့်ကိုင် မေ ၁**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် ပလိပ်ဘူတာ ကျေးရွာ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်နေသည်ကို နှောင့်ယှက်သူ အမျိုးသားတစ်ဦးအား စဥ့်ကိုင်မြို့နယ် တရားရုံးက ဧပြီ ၂၉ ရက်က ထောင်ဒဏ် ခြောက်လ အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရာအိမ်မှူး ဦးချို၀င်းနှင့် လူမှုရေးအဖွဲ့ဝင်များသည် ဧပြီ ၁၅ ရက်က နိုင်ငံတော်အစိုးရမှထောက်ပံ့သည့်ပစ္စည်းများအား ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများသို့ ထုတ်ပေးရန် ပြင်ဆင်နေစဉ် စဥ့်ကိုင်မြို့နယ် ပလိပ်ဘူတာ ကျေးရွာနေ ဆန်းသူရကျော်က ကျောင်းတံခါးပေါက်အား ခြေထောက်ဖြင့် ကန်၍ အော်ဟစ်ဆဲဆိုခြင်း၊ ကိုဗစ် – ၁၉ ရောဂါနှင့်ပတ်သက်သည့် ကာကွယ်မှု ပြုလုပ်ရန် ကပ်ထားသော ကြော်ငြာများ၊ ဗီနိုင်းများအား ဆွဲခွာခြင်း၊ စုတ်ဖြဲခြင်းများပြုလုပ်သဖြင့် ရာအိမ်မှူး ဦးချို၀င်းက အရေးယူပေးပါရန် တရားလိုပြု တိုင်တန်းခဲ့သည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဆန်းသူရကျော်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ-၂၆အရ ထောင်ဒဏ်ခြောက်လကျခံစေရန် ဧပြီ ၂၉ ရက်က အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**ဝင်းဝင်းသန်း(စဥ့်ကိုင်)**

## ဘားအံမြို့နှင့် ပုသိမ်ကြီးမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် လှိုင်ကဘာကျေးရွာအုပ်စု မီမန်းကျေးရွာနေ မမူးဒွတ်၏နေအိမ်ကို ရှာဖွေရာ ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲက စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ည ၉ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ၁၆ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် တင်မောင်ဆွေမောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်နောက်ခန်း၌ ရန်နိုင်နှင့် မြင့်အောင်တို့အား မော်တော်ဆိုင်ကယ်တစ်စီး တင်ဆောင်လျက်တွေ့ရှိရပြီး မော်တော်ယာဉ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၇ နှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



မမူးဒွတ်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## သံဖြူဇရပ်၌ အစာအဆိပ်သင့်၍ အမျိုးသားနှစ်ဦး သေဆုံး

**သံဖြူဇရပ် မေ ၁**

မွန်ပြည်နယ် သံဖြူဇရပ်မြို့ ဖောင်စိန်ရပ်ကွက်၌ ယမန်နေ့ နံနက် ၁၀ နာရီခွဲက အမျိုးသားနှစ်ဦး အစာအဆိပ်သင့်၍ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါရပ်ကွက်နေ ဦးမောင်ဒင်နှင့် သားဖြစ်သူ ဦးသောင်းဖေတို့ နှစ်ဦးမှာ ပင်လယ်တွင်းမှရရှိသော ငါးပူတင်းအား ချက်ပြုတ်စားသောက်ရာမှ ယာဘက်နား သွေးထွက်၊ နောက်ကျောတွင် သွေးကွက်များဖြင့် အစာအဆိပ်သင့်ကာ ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။ **ရဲပြန်ကြား**

## သထုံမြို့၌ ဆိုင်ကယ်နှင့်ဘေးတွဲဆိုင်ကယ်တိုက်မိ၍ အမျိုးသားတစ်ဦး သေဆုံး၊ နှစ်ဦးဒဏ်ရာရ

**သထုံ မေ ၁**

မွန်ပြည်နယ် သထုံမြို့ မြေနီကုန်းကျေးရွာအနီး ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမကြီးပေါ်၌ ဧပြီ ၂၉ ရက်က ဘေးတွဲဆိုင်ကယ်အား အရှိန်ပြင်းစွာ မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးက ဝင်တိုက်မိမှုကြောင့် အမျိုးသားနှစ်ဦးဒဏ်ရာရပြီး တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မွန်ပြည်နယ် သထုံမြို့ မြေနီကုန်းကျေးရွာအနီး ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမကြီး၌ ဧပြီ ၂၉ ရက် ည ၇ နာရီခွဲခန့်က သထုံမှ ဘီးလင်းသို့ ယာဉ်မောင်း ထွန်းထိုက်ဝင်း မောင်းနှင်လာသော ဆိုင်ကယ်က ယာဉ်မောင်း မြင့်ထွေး မောင်းနှင်ပြီး ဦးဖေသန်းတို့လိုက်ပါစီးနင်းလာသော ဘေးတွဲဆိုင်ကယ်အား ဝင်တိုက်မိသဖြင့် ဆိုင်ကယ်မောင်းသူနှင့် ဘေးတွဲဆိုင်ကယ်မောင်းသူတို့ ဒဏ်ရာများရရှိခဲ့သည်။ ဘေးတွဲဆိုင်ကယ်ပေါ်တွင် လိုက်ပါလာသူ ဦးဖေသန်းတွင်လည်း ဒဏ်ရာရရှိခဲ့ပြီး သထုံခရိုင် ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ယာဉ်မောင်း ထွန်းထိုက်ဝင်းအား သထုံမြို့မရဲစခန်းက ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**

■

## ညောင်တုန်းမြို့နယ်၌ ညမထွက်ရအမိန့် ဖောက်ဖျက်သူ သုံးဦးအား အရေးယူထား

**ညောင်တုန်း မေ ၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ချောင်းကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဧပြီ ၂၉ ရက် ည ၁၀ နာရီ ၅ မိနစ်က ညောင်တုန်းမြို့နယ် ရွှေပန်းကူကျေးရွာထိပ်၌ လုံခြုံရေးတာဝန် ဆောင်ရွက်စဉ် ညမထွက်ရအမိန့်အား ဖောက်ဖျက်ပြီး သွားလာနေသူ နိုင်လင်းသူပါ သုံးဦးတို့အား တွေ့ရှိခဲ့သဖြင့် ဥပဒေနှင့်အညီ တရားစွဲရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**



## မကွေးတိုင်းဒေသကြီး၌ ဧပြီလအတွင်း လေပြင်းတိုက်ခတ်မှု ၃၃ ကြိမ်ဖြစ်

**မကွေး မေ ၁**

မကွေးတိုင်းဒေသကြီး၌ ဧပြီ ၁ရက်မှ ၃၀ ရက်အတွင်း လေပြင်းတိုက်ခတ်မှု ၃၃ ကြိမ်ဖြစ်ပွားပြီး မြို့နယ် ၁၂ မြို့နယ်ရှိ အိမ်ထောင်စု ၆၄၀၊ လူဦးရေ ၂၇၀၉ ဦး လေဘေးသင့်ခဲ့ကြောင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

"မကွေးနဲ့ ဆင်ပေါင်ဝဲကတော့ ပျက်စီးမှု အများဆုံးပဲ။ သဘာဝဘေးကြုံသူတွေအတွက် ထောက်ပံ့မှုတွေကို အမြန်လုပ်ဆောင်ပေးနေပါတယ်''ဟု မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးမြင့်စိုးက ပြောသည်။

လေဘေးဒဏ်ကြုံသူတစ်ဦးလျှင် ခုနစ်ရက်စာ ဆန်ဖိုး ငွေကျပ် ၂၁၀၀၊ နေအိမ်ပြိုကျလျှင် တစ်သိန်းကျပ်၊ အမိုးလန်ပျက်ဆီးမှုများအတွက် ပျက်ဆီးမှုအနေအထားပေါ်မူတည်၍ သုံးသောင်းကျပ်၊ ငါးသောင်းကျပ် စသည်ဖြင့် ထောက်ပံ့မှုများ ဆောင်ရွက်ထားကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး၌ လေပြင်းကြောင့် နေအိမ် ၁၇ လုံး ပြိုကျခဲ့ပြီး နေအိမ် ၆၂၃ လုံး၊ ဘာသာရေးအဆောက်အအုံ ရှစ်လုံး တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ကြောင်း ၊ ပျက်စီးမှုများအတွက် ကယ်ဆယ်ရေးပစ္စည်း၊ အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုးငွေကျပ် ၂၃၈ သိန်းကျော် ထောက်ပံ့ခဲ့ကြောင်း မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

**ဇေယျာတု(မကွေး)**

## မြိုင်မြို့နယ်၌ လေပြင်းတိုက်ခတ်ကာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သစ်ပင်နှင့် ဓာတ်တိုင်များ ပြိုလဲပြီး နေအိမ်အချို့ ပျက်စီး

**မြိုင် မေ ၁**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်တွင် ယမန်နေ့ ညနေ ၄ နာရီ ၄၅ မိနစ်က လေပြင်းတိုက်ခတ်ကာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သစ်ပင်နှင့် ဓာတ်တိုင်များ ပြိုလဲပြီး နေအိမ်အချို့ ပျက်စီးမှုများဖြစ်ပွားခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ်အတွင်းရှိ ရွှေလင်းဆွဲကျေးရွာအုပ်စုတွင် နေအိမ် ငါးလုံး၊ ကန်နီကျေးရွာအုပ်စုတွင် နေအိမ် ၁၁ လုံးနှင့် အထကကျောင်း တစ်ကျောင်း၊ အိုးဘိုကျေးရွာအုပ်စုတွင် နေအိမ် နှစ်လုံး၊ ထနောင်းဝင်းကျေးရွာအုပ်စုတွင် နေအိမ် ၂၉ လုံး၊ ဘုန်းကြီးကျောင်း တစ်ကျောင်းနှင့်အထက(ခွဲ) တစ်ကျောင်းတို့ အမိုးလန်ပျက်စီးမှုများရှိခဲ့ပြီး ထနောင်းဝင်းကျေးရွာတွင် သစ်ပင်ကိုင်းကျိုး လဲကျခြင်းများနှင့် ဗို့ ၄၀၀ လိုင်းဓာတ်တိုင်ကျိုးကာ ဓာတ်ကြိုးများပြုတ်ကျခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ဖြစ်စဉ်တွင် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုလေးအုပ်စုမှ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ စာသင်ကျောင်း နှစ်ကျောင်းနှင့် လူနေအိမ် ၄၆ လုံးတို့ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှု မရှိကြောင်း သိရသည်။

**သူရ(ပုံတောင်)**

## ကနီမြို့နယ်အတွင်း မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ အမိုးလန်ပျက်စီးပြီး ကားတစ်စီးရေထဲမျောပါ

**ကနီ မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်အတွင်း ယမန်နေ့ ညနေ ၃ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ကူးဆိပ်ကျေးရွာအုပ်စု သစ်ခေါက်ကျေးရွာမှ ဦးမောင်ငွေး၏ လူနေအိမ်တစ်လုံးနှင့်ဦးအောင်မင်း၏ နွားတဲတစ်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း၊ အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲခန့်က လာပို့အုပ်စု ထန်းတပင်ကျေးရွာမှ ဦးငြိမ်း၏ နေအိမ်တစ်လုံး ပျက်စီးခဲ့ကြောင်း သိရသည်။

ထို့ပြင် ညနေ ၅နာရီ ၁၅ မိနစ်ခန့်က ပင်ကင်းအုပ်စု အထက်ကင်းကျေးရွာမှ ဦးမောင်စိုး၊ ဦးအောင်နိုင်ထွန်းနှင့် ဦးမြင့်ငွေးတို့၏ နေအိမ်များ အမိုးလန်ပျက်စီးခဲ့ကြောင်း၊ လူနှင့် တိရစ္ဆာန်အသေအပျောက်မရှိကြောင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ခင်ဝင်းကြည်(ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပွား

**ဖောင်းပြင် မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် မြေဘောင်ကြီးကျေးရွာပါ လေးရွာတို့၌ ယမန်နေ့ နံနက် ၃ နာရီက မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနေအိမ် ၁၄ လုံး၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး နှစ်ရုံး၊ စာသင်ကျောင်း တစ်ကျောင်း၊ ဘုန်းကြီးကျောင်း တစ်ကျောင်း၊ ဓမ္မာရုံတစ်ခုတို့ အမိုးလန်ပျက်စီးခဲ့ကြောင်း၊ အလားတူ မင်းကင်းမြို့နယ် အုန္နဘုတ်ကျေးရွာပါ နှစ်ရွာတို့၌ ညနေ ၄ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် ဓနိမိုး၊ ထရံကာ၊ ပျဉ်ခင်း နေအိမ်ငါးလုံး အမိုးလန်ပျက်စီးခဲ့ကြောင်း၊ ရွှေဘိုမြို့နယ် ရေတော်မှုကျေးရွာပါ နှစ်ရွာတို့၌ ညနေ ၆ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် ဓနိမိုး၊ ထရံကာ၊ ပျဉ်ခင်း နေအိမ် ၂၇ လုံး၊ စာသင်ကျောင်း တစ်ကျောင်း အမိုးလန်၊ နေအိမ်ငါးလုံး ပြိုကျပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သတင်းရရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ခမဲပြင်ကျေးရွာ၌ ယမန်နေ့ ညနေ ၄ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း နေအိမ် ၂၅ လုံး အမိုးလန်၊ တန်ဆောင်းတစ်ခု ပြိုကျဆုံးရှုံးခဲ့ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သတင်းရရှိသည်။

ထို့အတူ ရှမ်းပြည်နယ် သီပေါမြို့နယ် ဟူးမြီကျေးရွာပါ နှစ်ရွာတို့၌ ယမန်နေ့ ည ၈ နာရီ ၅၀ မိနစ်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း နေအိမ် ၁၆ လုံး အမိုးလန်ပျက်စီးဆုံးရှုံးခဲ့ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁ - ၅ - ၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၁-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ စစ်ဆေးပြီးစီးခဲ့သော အသွားအလာကန့်သတ်ခံရသူနှင့် စောင့်ကြည့်လူနာ (၁၅၅) ဦး၏ ဓာတ်ခွဲနမူနာများနှင့် ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော အသွားအလာကန့်သတ်ခံရသူနှင့် စောင့်ကြည့်လူနာ (၄၁) ဦး၏ ဓာတ်ခွဲနမူနာများ၊ စုစုပေါင်း (၁၉၆) ခုတွင် -

- COVID-19 ရောဂါပိုး မတွေ့ရှိပါ။ (ဓာတ်ခွဲအတည်ပြုလူနာသစ် မရှိပါ။)

၂။ (၁-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၅၁) ဦး ရှိပြီဖြစ်ပါသည်။

၃။ (၁-၅-၂၀၂၀) ရက်နေ့တွင် ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များအနက် ဓာတ်ခွဲနမူနာများ၌ (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၃)ဦး (Case -14, 18, 90) ထပ်မံတွေ့ရှိရသဖြင့် ယနေ့အထိ ဓာတ်ခွဲနမူနာများ၌ (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၃၁) ဦးရှိပြီးဖြစ်ပါသည်။

၄။ (၁-၅-၂၀၂၀) ရက်နေ့တွင် ရောဂါပိုးကင်းစင်လာသူ (၁၀) ဦး (Case-2, 8, 32, 33, 38, 41, 47, 50, 54, 58) တို့အား ဆေးရုံမှဆင်းခွင့်ပြုခဲ့၍ ယနေ့အထိ ဆေးရုံမှဆင်းခွင့်ရရှိသူ စုစုပေါင်း (၂၇) ဦးရှိပြီဖြစ်ပြီး ၎င်းတို့အား သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်ထားရှိပါသည်။

၅။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦးရှိပါသည်။

၆။ ကျန်ရှိ ဓာတ်ခွဲအတည်ပြုလူနာ (၁၁၈) ဦးအား သက်ဆိုင်ရာဆေးရုံများတွင် ဆေးကုသမှုပေးလျက်ရှိပြီး ၎င်းတို့အနက် အထူးကြပ်မတ်ကုသခန်းတွင် ကုသမှုခံယူနေသူ (၂) ဦးရှိပါသည်။

၇။ (၃၀-၄-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၈၅)ဦး ရှိပါသည်။

၈။ ယနေ့ညအတွက် ဓာတ်ခွဲအဖြေများ ထပ်မံထုတ်ပြန်ရန် မရှိတော့ပါ။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁ - ၅ - ၂၀၂၀)ရက်နေ့၊ ည (၈:၀၀)နာရီ**

| | |
|---|---|
| (၁-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၅၅) ခု |
| (၁-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၁) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁ - ၅ - ၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

၁။ (၃၀-၄-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၂၉)ခုတွင် COVID-19 ရောဂါပိုးမတွေ့ရှိရကြောင်း (၃၀-၄-၂၀၂၀) ရက်နေ့ ည(၈:၀၀)နာရီ သတင်းတွင်ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ထို့အပြင် (၃၀-၄-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၂၀၈) ခုတွင် COVID-19 ရောဂါပိုးစစ်ဆေးတွေ့ရှိသူ အသစ် (၁) ဦး ရှိပါသည်။

ဇယား-၁

**(၃၀-၄-၂၀၂၀ ရက်နေ့) ဓာတ်ခွဲစစ်ဆေးခဲ့မှုများတွင် COVID-19 လူနာတွေ့ရှိရမှု**
**(၁ - ၅ - ၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့်လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/မရှိ | ယခု ဆေးကုသမှု ခံယူလျက်ရှိသည့်/ ခံယူခဲ့သည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| [illegible] | ၂၀ နှစ် | [illegible] | [illegible] ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | [illegible] | တွေ့ရှိ | စောင့်ကြည့်လူနာ |

၃။ သို့ဖြစ်ပါ၍ (၁-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၅၁) ဦးရှိပြီဖြစ်ပါသည်။

၄။ အဆိုပါဓာတ်ခွဲအတည်ပြုလူနာသစ် (၁)ဦးအား သက်ဆိုင်ရာဆေးရုံသို့ လွှဲပြောင်း၍ သီးခြားထားရှိ ကုသမှုပေးသွားမည်ဖြစ်ပါသည်။

၅။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာ (၁၂၇) ဦးအား သက်ဆိုင်ရာဆေးရုံများတွင် ဆေးကုသမှုပေးလျက်ရှိပြီး ၎င်းတို့အနက် အထူးကြပ်မတ်ကုသခန်းတွင် ကုသမှုခံယူနေသူ (၂) ဦးရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၁ - ၅ - ၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

| | |
|---|---|
| (၃၀-၄-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှု စုစုပေါင်း (ဓာတ်ခွဲနမူနာ)(DMR+ NHL) | (၂၃၇) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ကန့်ဘလူမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ကန့်ဘလူ မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးနှင့် ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ခရိုင်မီးသတ်ဦးစီးမှူး၏ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လူစည်ကားရာနေရာများ၊ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စေတီပုထိုးများ၊ မြို့မဈေး၊ ဘူတာရုံ၊ မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်ရှိ လမ်းမများတွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ပိုးသတ်ဆေးဖျန်းရာတွင် အသုံးပြုခဲ့သော ဆေးများကို တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ကန့်ဘလူမြို့ မြို့မိမြို့ဖအဖွဲ့များ၊ ဒေသခံအလှူရှင်များ၏ ထောက်ပံ့လှူဒါန်းမှုတို့ဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနဝန်ထမ်းများက ကန့်ဘလူမြို့ရှိ နယ်မြေခံ တပ်ရင်းမှ တပ်မတော်သားများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းကာ ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးကျော်သူထံမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# ကိုဗစ်-၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၁**

Coronavirus Disease 2019(COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ကိုဗစ်-၁၉ Call Center ကို ဖွင့်လှစ်ထားကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၌ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ(၄)ခု၊ Blue ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ်-၂၀၁၉) အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း(၄၃)ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန်(၁၇)ဦး စုစုပေါင်း(၆၀)ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# နေဖြူမြို့နယ်၌ ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်း

**နေဖြူ မေ ၁**

ဧရာဝတီတိုင်းဒေသကြီး နေဖြူမြို့နယ်အတွင်းရှိ ဆကာကြီးကျေးရွာနှင့် စံကင်းကျေးရွာများသို့ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များက ယနေ့ နံနက် ၁၀ နာရီတွင် သက်ဆိုင်ရာကြီးကြပ်အဖွဲ့များထံသို့ ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းခြင်းနှင့် အသိပညာပေး နှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့သည်။

**အသိပညာပေး နှိုးဆော်**

ထိုသို့ပေးအပ်ရာတွင် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များက ဆကာကြီးကျေးရွာနှင့် ပြင်ကသာကျေးရွာမှ ကိုဗစ်- ၁၉ ရောဂါ စောင့်ကြည့်ရေး စခန်းများနှင့် ကျေးရွာအတွင်းသို့ ရေသန့်ဘူး၊ နှာခေါင်းစည်း၊ လက်သန့်ဆေးရည်များလှူဒါန်းခြင်းနှင့် အသိပညာပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့သည်။

မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထက်ဝေဖြိုး**

## မိုးကောင်းမြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ အလှူငွေပေးအပ်

**မိုးကောင်း မေ ၁**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ အလှူငွေပေးအပ်ခြင်းကို ယနေ့မွန်းလွဲ ၂ နာရီက မိုးကောင်းမြို့တော်ခန်းမ၌ ကျင်းပသည်။

မိုးကောင်းမြို့ပေါ်ရှိ သံဃာတော်များနှင့် မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ဘဏ္ဍာရေးဆပ်ကော်မတီဝင်များ ပူးပေါင်း၍ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်းရှိ တစ်သျှူးငှက်ပျောခြံများမှ တရုတ်နိုင်ငံအတွင်းသို့ တင်သွင်းခွင့်မရ၍ ပျက်စီးသွားတော့မည့် တစ်သျှူးငှက်ပျောသီးများကို ငှက်ပျောခြံတာဝန်ခံနှင့်ညှိနှိုင်းကာ မိုးကောင်းမြို့သို့ သယ်ဆောင်ရောင်းချပြီး ရရှိသည့်အမြတ်ငွေကျပ် သိန်း ၂၀ ကို မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ လွှဲပြောင်းပေးအပ်ရာ ကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

အခမ်းအနားသို့ မြို့ပေါ်ကျောင်းတိုက်များမှ သံဃာတော်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မကြီး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်းနှင့် ပရဟိတအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

**ဝင်းနိုင်(ကချင်မြေ)**





## လားရှိုးမြို့တွင် ဆေးဖျန်းစက်သစ်ကြီးဖြင့် ပိုးသတ်ဆေးဖျန်း

**လားရှိုး မေ ၁**

ကိုဗစ်-၁၉ အပါအဝင် ကူးစက်ရောဂါများ ကာကွယ်နိုင်ရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ဘာသာပေါင်းစုံ လူမျိုးမရွေး သာရေးနာရေးကူညီမှုအသင်းကြီးက ဝယ်ယူခဲ့သော ပိုးသတ်ဆေးဖျန်းစက်အသစ်ကြီးနှင့်အတူ အသင်း၏ ဂုဏ်ထူးဆောင်နာယက ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်(ငြိမ်း) ဦးဆောင်၍ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက လားရှိုးမြို့ မန်ဆူရှမ်းကျောင်းတိုက်သို့ ပိုးသတ်ဆေးဖျန်းပေးခဲ့ကြသည်။

ရှေးဦးစွာ အဆိုပါဆေးဖျန်းစက်သစ်ကြီးအား မန်ဆူရှမ်းကျောင်းတိုက် ဆရာတော်က ပရိတ်ရည်များ ပက်ဖျန်းပေးတော်မူသည်။ ထို့နောက် ကျောင်းတိုက်ဝင်းအတွင်း ဆေးဖျန်းစက်သစ်ကြီးဖြင့် ပထမဆုံး လိုက်လံဆေးဖျန်းပြီး လားရှိုးမြို့ရှိ အခြားလိုအပ်သောနေရာများကိုလည်း ဆက်လက်ဆေးဖျန်းပေးခဲ့ကြောင်း သိရသည်။

**သီပေါကိုလတ်**

## ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးပြီး နှာခေါင်းစည်းများ ဖြန့်ဝေ

**သာစည် မေ ၁**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်သော ထုတ်ပြန်ကြေညာချက်များ လိုက်နာရေးကြပ်မတ်ခြင်း၊ ကျန်းမာရေးနှင့်ဥပဒေဆိုင်ရာအသိပညာပေးခြင်းများ ဆောင်ရွက်ပြီး ပြန်လည်လျှော်ဖွပ်အသုံးပြုနိုင်သော ပိုးသတ်ပြီး နှာခေါင်းစည်းများ ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၁၀ နာရီက မြို့အဝင်နေရာများနှင့် မြို့တွင်းတို့၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့မြောက်ဘက်အဝင်လမ်းဖြစ်သော ငါးဆူကျောင်းအနီး၊ မြို့တောင်ဘက်အဝင်လမ်းဖြစ်သော မင်းလုကျေးရွာ၊ မြို့နယ်မီးသတ်ဦးစီးဌာနရှေ့နှင့် သံလမ်းကူးဂိတ်အနီးတို့တွင် နှာခေါင်းစည်း မတပ်ဘဲ မြို့တွင်းဝင်ရောက်လာသူများနှင့် မြို့ပေါ်တွင် သွားလာနေသူများအား အမည်စာရင်းကောက်ယူခြင်း၊ နေရပ်လိပ်စာများရယူထားခြင်းများ ဆောင်ရွက်ပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်မင်းထူးက ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့်ပတ်သက်သော အသိပညာပေးခြင်း၊ ကြိုတင်ကာကွယ်ရေးအတွက် ပြည်သူများက နှာခေါင်းစည်းတပ်ခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ကျန်းမာရေးအသိပညာပေးခြင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းက ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်ပြီး ထုတ်ပြန်ထားသော ကြေညာချက်များလိုက်နာကြရန်နှင့် ဥပဒေဆိုင်ရာ အသိပညာပေးခြင်းတို့ ဆောင်ရွက်ပြီး ပြန်လည်လျှော်ဖွပ်အသုံးပြုနိုင်သော ပိုးသတ်ပြီး နှာခေါင်းစည်း အခု ၄၀၀ အား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါအသိပညာပေးပြီး နှာခေါင်းစည်းများ ဖြန့်ဝေရာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစံထွန်း၊ မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းမောင်နှင့် ကော်မတီဝင်များ၊ မြို့နယ်အမျိုးသမီးကော်မတီဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်များ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**



## ဂန့်ဂေါမြို့ ဈေးဆိုင်ခန်းများ မိုဘိုင်းစနစ်ဖြင့် ရောင်းချမည်

**ဂန့်ဂေါ မေ ၁**

ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက်ရှိ ဈေးဆိုင်ခန်းများတွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးနှင့် ထိန်းချုပ်ကာလအတွင်း မေ ၁၅ ရက်အထိ ပိတ်သိမ်းရန် ယနေ့ နံနက် ၇ နာရီခွဲမှစတင်၍ အား/ကာဈေးဆိုင်ခန်းများအား ပိတ်သိမ်းကြသည်ကို တွေ့ရသည်။

အဆိုပါ ဈေးဆိုင်ခန်းများ ပိတ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ "တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်အရ ခရိုင်အားကစားကွင်း ပတ်ဝန်းကျင်ရှိ ဈေးဆိုင်ခန်းတွေကို ယနေ့ကစပြီး ပိတ်သိမ်းဖို့ အသိပညာပေးခဲ့ပါတယ်"ဟု ခရိုင်အားကစားမှူး ဦးဇော်ဝင်းကိုက ပြောသည်။

အဆိုပါ ခရိုင်အား/ကာ ဈေးဆိုင်ခန်းများတွင် အိမ်သုံး/ကျောင်းသုံးပစ္စည်းများ၊ အဝတ်အထည်များ၊ စားသောက်ကုန်ပစ္စည်းများရောင်းချကြပြီး ပိတ်သိမ်းထားသည့်အချိန်တွင် မိုဘိုင်းစနစ်ဖြင့်သာ ရောင်းချသွားမည်ဖြစ်ကြောင်း ဆိုင်ခန်းပိုင်ရှင်တစ်ဦး၏ ပြောပြချက်အရ သိရသည်။

**ထင်အောင်နိုင်(ပြန်/ဆက်)**

## COVID-19 ကူးစက်ရောဂါဖြစ်ပေါ်နေချိန် မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်၍ သတိပြုလိုက်နာဆောင်ရွက်နိုင်ရန် အသိပေးပန်ကြားခြင်း

- မြန်မာနိုင်ငံတွင် မုန်တိုင်းအဖြစ်များသောကာလမှာ မိုးဦးကာလနှင့် မိုးနှောင်းကာလတို့ဖြစ်ရာ ယခု COVID-19 ကူးစက်ရောဂါ ဖြစ်ပွားနေချိန်တွင် ရာသီကာလအလိုက်ဖြစ်ပွားတတ်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုများကို ပိုမိုသတိပြုဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် COVID-19 ကူးစက်ရောဂါဖြစ်ပွားစဉ်ကာလတွင် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ စီမံခန့်ခွဲဆောင်ရွက်ရာ၌ COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ အစီအမံများကိုလည်း ပေါင်းစပ်ထည့်သွင်းပြီး ကြိုတင်စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။
- ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့မုန်တိုင်းဖြစ်ပေါ်နိုင်သည့်ရာသီကာလတွင် မိသားစုအလိုက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရာ၌ COVID-19 ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များကိုလည်း မမေ့မလျော့ထည့်သွင်းဆောင်ရွက်နိုင်ပါရန်နှင့် အောက်ပါအတိုင်း သတိပြုနေထိုင်ခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်နိုင်ပါရန် နှိုးဆော်အပ်ပါသည်-
  - မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပါ။ မိမိ၏ အိမ်နီးချင်းများကိုလည်း အသိပေးနှိုးဆော်ပါ။
  - အိမ်ပေါ်သို့ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။
  - COVID-19 ကူးစက်ရောဂါဖြစ်ပွားနေချိန်ဖြစ်သဖြင့် တတ်နိုင်ပါက မိမိအိမ်၌သာ ခိုလှုံနေထိုင်နိုင်ရေးအတွက်နေအိမ်အဆောက်အဦများအား လေဒဏ်၊ မိုးဒဏ်ခံနိုင်စေရန် ကြိုတင်ပြင်ဆင်ပါ။
  - မိမိနေအိမ်သည် လုံခြုံမှုမရှိနိုင်ဟုယူဆပါက မိသားစုများ အရေးပေါ်ပြောင်းရွှေ့ရန် ဘေးလွတ်ကင်းသည့်နေရာ ကြိုတင်ရွေးချယ်ထားပါ။ အဆိုပါနေရာတွင် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၃)ပေအကွာ နေနိုင်ရေးဆောင်ရွက်ပါ။ ဆပ်ပြာ၊ လက်သန့်ဆေးရည်၊ မျက်နှာနှင့် နှာခေါင်းစည်းများ ကြိုတင်စုဆောင်းယူဆောင်သွားပါ။ COVID-19 ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာပါ။
  - မိမိအစီအစဉ်ဖြင့် ပြောင်းရွှေ့မည့်နေရာ မရရှိနိုင်ပါက ဒေသရှိ တာဝန်ရှိဌာန၊ အဖွဲ့အစည်းများ၏ စီမံဆောင်ရွက်မှုကို လိုက်နာဆောင်ရွက်ပါ။
  - ကမ်းရိုးတန်းဒေသများတွင် မုန်တိုင်းနှင့်အတူ မုန်တိုင်းဒီရေတက်ရောက်နိုင်ကြောင်း၊ ကုန်းတွင်းပိုင်းဒေသများသည် မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းရာမှ လျှပ်တစ်ပြက်ရေကြီးမှုများဖြစ်ပေါ်နိုင်ကြောင်း အထူးသတိပြုနေထိုင်ပါ။
  - လှေများ၊ အသက်ကယ်ဘောကွင်းများ၊ Life Jacket များနှင့် ရေလုံသော ပလတ်စတစ်ပုံးများ ကြိုတင်စုဆောင်းပါ။
  - မိသားစုအလိုက် (၁)ပတ်စာခန့် အရေးပေါ်အသင့်စားအစားအစာများ၊ ဆေးဝါး၊ သောက်ရေများ ကြိုတင်စုဆောင်းထားပါ။
  - မိသားစုများ တကွဲတပြားစီဖြစ်သွားပါက ပြန်လည်ဆုံတွေ့နိုင်မည့်နေရာကို ကြိုတင်သတ်မှတ်ထား၍ မိသားစုဝင်အားလုံးသိရှိပါစေ။
  - လေပြင်းတိုက်ခတ်မှုများ၊ မိုးရွာသွန်းမှုများ၊ လျှပ်စီးလက်ခြင်းနှင့် မိုးခြိမ်းခြင်းများဖြစ်ပွားနေချိန်တွင် ဖုန်းများကိုအသုံးမပြုပါနှင့်။
- ပြည်သူလူထုအနေဖြင့် COVID-19 ကူးစက်ရောဂါဖြစ်ပွားနေချိန် ယခုကာလတွင် မုန်တိုင်းဘေး၊ ရေဘေးအန္တရာယ်များ ဖြစ်ပွားနိုင်သည်ကိုလည်း ကြိုတင်သတိပြုနိုင်ပါရန်၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များကို အလေးထားဂရုပြုနားထောင်ရန်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့လည်း ဆက်သွယ်သတင်းယူခြင်း၊ အကူအညီတောင်းခံနိုင်ခြင်းများ ဆောင်ရွက်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ကိုဗစ်-၁၉ နဲ့ မညီမျှမှု

ရဲမြင့်ကျော်

ကိုရိုနာဗိုင်းရပ်စ်က နေ့စဉ်လူတိုင်းအပေါ် ဖိအားပေးနေချိန်မှာပဲ နိုင်ငံတွေမှာလည်း ကျန်းမာရေးနဲ့ စီးပွားရေးပြဿနာတင်မက အရင်ငုပ်လျှိုးနေတဲ့ 'မညီမျှမှု' အနာဟောင်းတွေထွက်ပေါ်လာပါတယ်။ တစ်နည်းအားဖြင့် ကိုဗစ်က လူသားတွေရဲ့ မညီမျှမှုပြဿနာကို တိုက်ရိုက်ဖော်ထုတ်လာတယ်။ ဆင်းရဲချမ်းသာမရွေး၊ ဝန်ကြီးချုပ်၊ မင်းသားမင်းသမီး၊ ဆယ်လီကအစ လမ်းဘေးကလူအထိ ဗိုင်းရပ်စ်ကအားလုံးကို မခွဲခြားပေမယ့်လည်း၊ လူတွေကြားက မညီမျှမှုကတော့ မဖုံးနိုင်မဖိနိုင်ပေါ်လာတယ်။ ကိုဗစ်ကို ကာကွယ်တုံ့ပြန်ရာမှာ ချမ်းသာတဲ့နိုင်ငံတွေနဲ့ ဆင်းရဲတဲ့နိုင်ငံတွေကြား ကွာခြားမှု မညီမျှမှုတွေရှိသလို နိုင်ငံကိုယ်စီပြည်တွင်း ဆင်းရဲချမ်းသာကွာဟမှုကလည်း ခေါင်ကိုတက်လာတဲ့ ပြဿနာဖြစ်နေပါတယ်။

ချမ်းသာတဲ့နိုင်ငံတွေရဲ့ အစိုးရတွေက သူတို့စီးပွားရေးကို ကယ်တင်ဖို့ ရှိသမျှဘဏ္ဍာငွေအောထည့်နေချိန်မှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေကတော့ ဟိုကဆွဲ၊ ဒီကဆွဲနဲ့ ကြွေးမြီပိုနစ်လာပါတယ်။ ကုလသမဂ္ဂကုန်သွယ်ရေးနဲ့ ဖွံ့ဖြိုးရေးအဖွဲ့ (UNCTAD) အစီရင်ခံစာအရ လက်ရှိ ဖွံ့ဖြိုးဆဲနိုင်ငံ ၁၁၇ နိုင်ငံရဲ့ ကြွေးမြီက အဲဒီနိုင်ငံအားလုံးပေါင်း ဂျီဒီပီရဲ့ ၁၉၁ ရာခိုင်နှုန်းအထိရှိတာမို့ ကြွေးအမြင့်ဆုံးချိန်လို့ ဆိုပါတယ်။ အရှေ့အာဖရိကက လူဦးရေ ၅၆ သန်းရှိတဲ့ တန်ဇန်နီးယားမှာ လူ ၇၁၀၀၀ ကို ဆရာဝန်တစ်ဦး၊ မာလီနိုင်ငံမှာ လူတစ်သန်းကို အသက်ရှူအထောက်အကူပြုကိရိယာ (ventilator) သုံးလုံးနှုန်းပဲ ရှိတယ်။ ကမ္ဘာပေါ်မှာ ဆဲလ်ဖုန်းကိုင်သူ လူသန်းငါးထောင်ရှိပေမယ့် အိမ်မှာလက်မဆေးနိုင်သူ သန်းလေးထောင့်ရှစ်ရာ ရှိနေတယ်။

Oxfam အဖွဲ့က ဆင်းရဲတဲ့နိုင်ငံ ၈၅ နိုင်ငံက လူတွေရဲ့အသက်ကယ်တင်ဖို့ ပြည်သူ့ကျန်းမာရေး ဘတ်ဂျက်အသုံးစရိတ် အရေးပေါ်နှစ်ဆတိုးမြှင့်ရေးမှာ G-20 နိုင်ငံကြီးတွေ ထည့်ဝင်ပေးဖို့ တောင်းဆိုတယ်။ ကမ္ဘာတစ်လွှားက လူသန်းလေးထောင်မှာ လူမှုကာကွယ်စောင့်ရှောက်မှုချို့တဲ့နေပြီး အဲဒီဒေသအစိုးရတွေ လူမှုစောင့်ရှောက်မှုလုပ်နိုင်ဖို့ ဘဏ္ဍာငွေ ဝိုင်းဝန်းဖြည့်ဆည်းပေးရမယ်လို့ဆိုထားတယ်။ ဒီအစိုးရတွေသာ အကျပ်အတည်းကို မကိုင်တွယ်တတ်ရင် လူသန်း ၅၀၀ လောက်ထိ ဆင်းရဲမွဲတေမှုကြုံရနိုင်ပြီး လူသန်း ၄၀ ဝန်းကျင် သေဆုံးနိုင်တယ်လို့ တွက်ချက်ပါတယ်။

နောက်ကူးစက်ရောဂါကို ကာကွယ်ဖို့ လူချင်းခွာအိမ်မှာနေကြဖို့ပြောတဲ့အခါမှာလည်း လူတွေအတွက် နေစရာအိမ်၊ လုံလောက်တဲ့ နေရာအကျယ်အဝန်း၊ နေ့စဉ်စားသောက်စရာ၊ လူမှုလုံခြုံရေး စတာတွေ လိုလာတယ်။ အာရှ၊ အာဖရိက၊ လက်တင်အမေရိက မြို့ကြီးအတော်များများ ဘယ်နေရာမှအဆင်သင့်မဖြစ်ကြပါဘူး။ ကမ္ဘာ့လူဦးရေ ၇ ဒသမ ၆ ဘီလီယံအနက် တစ်ဘီလီယံကျော်ဟာ ဆင်းရဲသားရပ်ကွက်တွေ ဆင်ခြေဖုံးတွေမှာ နေပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေက အလုပ်အကိုင်ရှိသူ ၆၀ ရာခိုင်နှုန်းကျော်ဟာ မြို့ကြီးတွေမှာ တရားမဝင်နေထိုင်သူတွေဖြစ်ပြီး လမ်းဘေးဈေးသည်၊ အငှားယာဉ်မောင်းကအစ ကြုံရာကျပန်း ရွှေ့ပြောင်းလုပ်သားအစုံပါပဲ။ သူတို့ကို မှီခိုရတဲ့ မိသားစုများစွာက နောက်မှာ စိတ်ပျက်ဖွယ် ပြွတ်ကြပ်ညပ်နေထိုင်ပြီး ရေ၊ အိမ်သာ၊ လျှပ်စစ်မီး မျှဝေသုံးစွဲတယ်။ အလုပ်အာမခံမရှိ၊ ကျန်းမာရေး အာမခံမရှိ၊ ဘဏ်စာရင်းမရှိ။ ဗိုင်းရပ်စ်က သွားလာမှုခြေချုပ်လုပ်ဖို့ တောင်းဆိုလာတဲ့အခါ သူတို့မှာ ကာလငယ်တစ်ခု အတည်နေနိုင်မယ့် ကွန်းခိုစရာမရှိပါဘူး။

ဒါကြောင့်လည်း နယူးဒေလီ၊ ဗန်ကောက်၊ မက္ကစီကိုစီးတီးနဲ့ ဘရာဇီးက ရီယိုဒီဂျနေရိုး မြို့ကြီးတွေမှာ သွားလာမှုကန့်သတ်တဲ့အမိန့်တွေကြောင့် လူသန်းပေါင်းများစွာဟာ နေရာမဲ့၊ အကာအကွယ်မဲ့၊ အကူအညီမဲ့၊ အနာဂတ်မဲ့သွားတယ်။ အိန္ဒိယမှာဆိုရင် ၁ ဒသမ ၃ ဘီလီယံ လူထုကို ဖြူးဒိုင်းကြီး ရက် ၄၀ အိမ်တွင်းအောင်းဖို့ အမိန့်ထုတ်လိုက်တဲ့အခါ အားလုံးဝရုန်းသုန်းကားဖြစ်သွားတယ်။ မြို့ပြနေထိုင်သူ သန်း ၄၆၀ အတွက် ရှင်းလင်းတဲ့ မူဝါဒမရှိသလို ဆင်းရဲသားရပ်ကွက်တွေမှာ တရားမဝင်နေထိုင်သူ သန်း ၂၀၀ ကျော်အဖို့လည်း ကူးစက်ရောဂါနဲ့ သေရမလား၊ ငတ်သေရမလားဆိုတာ စိုးရွံ့စိတ်တွေနဲ့။ မြို့ပေါ် တရားမဝင်နေထိုင်ကြတဲ့ ပြည်တွင်း ရွှေ့ပြောင်းလုပ်သားများစွာဟာ မိုင်ထောင်ချီတဲ့ ကျေးလက်ဆီခြေလျင်ပြန်ကြ၊ ရွာတွေကလည်း အဝင်မခံ။ သူတို့အတွက်တော့ တစ်ပတ်စာ လုပ်ခပြတ်သွားတာ အရာအားလုံးပျက်စီးသွားခြင်းပါပဲ။

ဆုံးရှုံးသွားတယ်။ ဆေးရုံဆေးခန်းအများစုကလည်း ဆေးကုမ္ပဏီတွေနဲ့ အာမခံကုမ္ပဏီတွေက ပိုင်ဆိုင်တဲ့ အကျိုးစီးပွားလုပ်ငန်းတွေဖြစ်ပြီး ကူးစက်ရောဂါများလာတဲ့အခါ ဆေးရုံဆေးခန်း အတော်များများ ဒေဝါလီခံပိတ်ကုန်လို့ ဆရာဝန်တွေ၊ နပ်စ်တွေ အလုပ်လက်မဲ့ဖြစ်ရတယ်။

ဗိုင်းရပ်စ်က ချမ်းသာသူတွေကိုလည်း ကူးစက်တယ်၊ သေဆုံးစေတယ်ဆိုပေမယ့် ကူးစက်မှုနဲ့သေဆုံးမှုနှုန်း အများဆုံးက အလုပ်သမားလူတန်းစားနဲ့ အောက်ခြေလူထုတွေပါပဲ။ ချမ်းသာသူတွေက မြို့အပြင်ဘက်ထွက် လူထုထပ်မှုနည်းတဲ့ သူတို့ဒုတိယအိမ်တွေမှာ နားအေး ပါးအေးနေလို့ရပေမယ့် အခြေခံလူထုအတွက်တော့ ရွေးချယ်စရာမရှိ။ ဒီတော့ ကျန်းမာရေးစောင့်ရှောက်မှုဆိုတာ တတ်နိုင်သူတွေအတွက် အခွင့်ထူးခံလား၊ အားလုံးအတွက် အခြေခံအခွင့်အရေးမဖြစ်သင့်ဘူးလားဆိုတာကို ဘာနီဆန်းဒါးက မေးခွန်းထုတ်ရင်းအားလုံးအတွက် ကျန်းမာရေးစောင့်ရှောက်မှုစနစ်မဖြစ်မနေ ဥပဒေပြဋ္ဌာန်းဖို့ တိုက်တွန်းပါတယ်။

နောက်ပြီး အမေရိကန်နိုင်ငံမှာ ထိပ်ဆုံး တစ်ရာခိုင်နှုန်းက တိုင်းပြည်ဝင်ငွေအားလုံးရဲ့ ၉၅ ရာခိုင်နှုန်းကို

**နောက်ဆုံး နိုင်ငံတွေဟာ သူတို့ကျန်းမာရေးစနစ်မှာ ဘယ်လောက်ရင်းနှီးမြှုပ်နှံသလဲ၊ ဘယ်လိုတည်ဆောက်ထားသလဲအပေါ်မူတည်ပြီး နိုင်ငံတိုးတက်ဖွံ့ဖြိုးမှုရလဒ်တွေ ခြားနားသွားပါလိမ့်မယ်။ ကျန်းမာရေးစောင့်ရှောက်မှုဟာ စစ်မှန်တဲ့ အခြေခံလူ့အခွင့်အရေးဖြစ်တယ်။ ကျန်းမာရေးစနစ်က ပြည်သူ့လက်ထဲမရှိဘဲ ဈေးကွက်လက်ထဲအပ်လိုက်ခြင်းက လူမှုတရားမျှတမှုအရ မဖြစ်သင့်သလို၊ နောက်ဆုံးလူ့အဖွဲ့အစည်း ကံဆိုးမိုးမှောင်ကျမှုကိုသာ ဦးတည်စေပါတယ်။**

တကယ်တော့ ကမ္ဘာတစ်လွှား မညီမျှမှုက ဂလိုဘယ်လိုက်ဖေးရှင်းစနစ် အရှိန်ရကတည်းကိုက ကြီးမားနေခဲ့တာပါ။ လက်ရှိ ကမ္ဘာ့အချမ်းသာဆုံး ဘီလီယံနာ လူနှစ်ထောင်ရဲ့ ကြွယ်ဝမှုက လူဦးရေ ၄ ဒသမ ၆ ဘီလီယံရဲ့ ပိုင်ဆိုင်မှုနဲ့ညီမျှတယ်။ လူချင်းခွာနေရတာဟာ တတ်နိုင်သူတွေ စီးပွားထိခိုက်သွားသလို အိုးမဲ့အိမ်မဲ့၊ ဘဝအာမခံမဲ့သူတွေအဖို့ ဆောက်တည်ရာမဲ့သွားတယ်။ ပြင်သစ်၊ အမေရိကန်၊ အီတလီ၊ ဗြိတိန် စတဲ့အရင်းရှင်နိုင်ငံကြီးတွေမှာကိုပဲ ကျန်းမာရေးစောင့်ရှောက်မှု မညီမျှမှုကြောင့် ရုန်းရင်းဆန်ခတ်တွေ ကြုံနေရပါတယ်။

### မညီမျှတဲ့အမေရိက

အမေရိကန်ဟာ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးနိုင်ငံကြီးဖြစ်သလိုပဲ တစ်ချိန်တည်းမှာ ဝင်ငွေမညီမျှမှုနဲ့ ဆင်းရဲချမ်းသာကွာဟမှု ကြီးမားတဲ့နိုင်ငံ ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံသားတစ်ဝက်နီးပါးက ခိုင်မာတဲ့ အလုပ်အာမခံစနစ်ထဲမှာ မရှိ၊ ၈၇ သန်းက ကျန်းမာရေးအာမခံ မရှိ၊ ဆင်းရဲမွဲတေမှုက လူသန်း ၄၀ လို့ ဒီမိုကရက်တစ်ပါတီကနေ သမ္မတလောင်းဝင်ပြိုင်တဲ့ ဘာနီဆန်းဒါးက နယူးယောက်တိုင်းမ်သတင်းစာမှာ ရေးထားတယ်။ အခု ဧပြီလကုန်မှာ လူတစ်သန်းကျော် ကူးစက်ခံရပြီး လူခြောက်သောင်းကျော် သေဆုံးတယ်။ အလုပ်လက်မဲ့ဖြစ်နေတဲ့ လူ ၂၆ သန်းကျော်ဟာ သူတို့လုပ်ငန်းခွင်ထဲက ကျန်းမာရေးအာမခံတွေ

၂၀၀၉ ခုနှစ်ကတည်းက ရရှိနေတယ်လို့ နိုဘယ်ဆုရစီးပွားရေးပညာရှင် ဂျိုးဇက်စတစ်ဂ်လစ်က ဖော်ပြခဲ့တယ်။ 'ပြည်သူကတင်မြှောက်တဲ့ ပြည်သူ့အတွက် ပြည်သူ့အစိုးရ' ဆိုပေမယ့် လက်တွေ့မှာ 'ချမ်းသာသူ တစ်ရာခိုင်နှုန်းအကျိုးစီးပွားအတွက် မဲဝယ်တင်မြှောက်ထားတဲ့ တစ်ရာခိုင်နှုန်းကိုယ်စားပြု အစိုးရ' (Of the 1%, for the 1%, by the 1%) လို့ သရော်တယ်။ အဲဒီချမ်းသာသူ 'တစ်ရာခိုင်နှုန်း' နဲ့ ကျန် '၉၉ ရာခိုင်နှုန်း' ဂယက်က ဝါရှင်တန်မှာတင်မက လန်ဒန်၊ မီလန်၊ တိုကျို၊ ပဲရစ်မြို့ကြီးတွေမှာပါ မညီမျှမှုကြွေးကြော်သံဖြစ်ပြီး ဆန္ဒပြမှုတွေဖြစ်ခဲ့တယ်။ အခုကူးစက်ရောဂါအတွက် ကျန်းမာရေးနဲ့ လူမှုကာကွယ်စောင့်ရှောက်မှုလိုအပ်လာတဲ့အချိန်မှာတော့ တစ်ရာခိုင်နှုန်းနဲ့ ၉၉ ရာခိုင်နှုန်းအနာဟောင်းက ပြန်ဝင်လာပါတယ်။

### သင်ခန်းစာ

အမေရိကန်ရဲ့ မညီမျှမှုလမ်းကြောင်းဟာ သမ္မတရေဂင်ခေတ် ၁၉၈၀ ပြည့်လွန်နှစ်တွေမှာ စတင်ခဲ့တဲ့ trickle-down economy ကြောင့်လို့ စတစ်ဂ်လစ်က သုံးသပ်ပါတယ်။ trickle-down စီးပွားရေးကို တချို့က လက်ကြားရေယို စီးပွားရေးလို့လည်း ခေါ်ပါတယ်။ ချမ်းသာသူတွေကို ပိုချမ်းသာစေပြီး၊ သူတို့ဆီက ပိုလျှံစီးကျလာရင် အားလုံးအတွက် ကောင်းမွန်စေမယ်။ ထိပ်ဆုံးလူတွေ ပိုချမ်းသာလာလေလေ လူ့အဖွဲ့အစည်းရဲ့ ကျန်တဲ့သူတွေ ပိုအဆင်ပြေလေလေဆိုတဲ့ အယူအဆပါ။ စီးပွားရေးဒီရေတက်နေသမျှ သင်္ဘောကြီးကြီး လှေသေးသေး အားလုံးအတူတက်မယ်။ ရေမြင့်ကြာတင့်မို့ မညီမျှမှုပြဿနာကိစ္စမရှိဆိုတဲ့ အယူအဆပါ။

ဆယ်စုနှစ်လေးခုကြာ တကယ့်လက်တွေ့မှာတော့ မညီမျှမှုက ရေရှည်ခံတဲ့ ပုံမှန်စီးပွားရေးတိုးတက်မှုကို မရရှိသလို လူ့အဖွဲ့အစည်းအတွင်း မတည်ငြိမ်မှုတွေဖြစ်လာတယ်။ ဆင်းရဲ ချမ်းသာကွာဟမှု ကြီးမားလွန်းပြီး အခွင့်အလမ်းမညီမျှမှုများလာတယ်။ ဒီမိုကရေစီကိုပါ ချည့်နဲ့စေပြီး လူ့အဖွဲ့အစည်းအကွဲအပြဲ နက်ရှိုင်းစေတယ်။ ပါတီကြီးနှစ်ခုအကွဲအပြဲက စေ့စပ်မရအောင်ပါပဲ။ တစ်ရာခိုင်နှုန်းနဲ့ ၉၉ ရာခိုင်နှုန်းကြားမှာ လူလတ်တန်းစား ပျောက်လာတယ်။ နဂိုက အမေရိကန်လူ့အဖွဲ့အစည်းရဲ့ အင်အားဟာ လူလတ်တန်းစားအင်အားဖြစ်တယ်။ ၁၉၈၀ နောက်ပိုင်း လူလတ်တန်းစား အားနည်းသွားပြီး သူတို့ကကလေးတွေရဲ့ ပညာရေး၊ ကျန်းမာရေး စတဲ့မိသားစု စီမံကိန်းတွေမှာ များများစားစား ရင်းနှီးမြှုပ်နှံမှု မလုပ်နိုင်တော့ပါ။ စီးပွားရေး လုပ်ငန်းသစ်တွေ မစတင်နိုင်တော့ပါ။ လူလတ်တန်းစား ချည့်နဲ့သွားတော့ အစိုးရအတွက် အခွန်ရရှိမှုမှာ အားနည်းသွားတယ်။ ချမ်းသာသူ တစ်ရာခိုင်နှုန်းကတော့ နည်းမျိုးစုံနဲ့ သူတို့ဝင်ငွေကို အခွန်ရှောင်ဖို့ကြိုးစားတယ်။

အမေရိကန်ရဲ့ မညီမျှမှုကနေ သင်ခန်းစာပေးတာက အနာဂတ်မှာ မည်သည့်လူ့အဖွဲ့အစည်းမဆို ရေရှည်တည်ငြိမ်ပြီး အားလုံးမျှဝေခံစားနိုင်တဲ့ စီးပွားရေးတိုးတက်မှု (sustainable and inclusive growth) ဖြစ်အောင်တည်ဆောက်ရမယ်။ လူလတ်တန်းအလွှာ တစ်နှစ်ထက်တစ်နှစ် တိုးပွားလာဖို့ ဦးတည်ရမယ်။ အပေါ်ဆုံးကသူတွေက အောက်ခြေကိုနင်းပြီး ချမ်းသာတာမျိုး မဖြစ်စေဘဲ အောက်ခြေနဲ့ လူလတ်တန်းလွှာကို ပိုမိုအားပေးတဲ့ အားလုံးအကျိုးဖြစ်စေမယ့် trickle-up စီးပွားရေးမျိုး ဖြစ်ရပါမယ်။

စီးပွားရေးမညီမျှမှုက ဒီမိုကရေစီကို ပုံပျက်သွားစေပြီး သမ္မတ ထရမ့်လို ပေါ်ပြူလစ်ဝါဒီတွေအတွက် လမ်းဖွင့်ပေးတယ်။ ဝင်ငွေမညီမျှမှုအကျိုးဆက်က ကျန်းမာရေးမညီမျှမှု၊ ပညာရေး အခွင့်အလမ်းမညီမျှမှု၊ သဘာဝဘေးအန္တရာယ်ကြုံရမှုမှာ မညီမျှမှုတွေနဲ့လည်း ဆက်ဖြစ်ပါတယ်။ လူမှုလုံခြုံမှုစနစ် (social safety net)၊ လူမှုကာကွယ်စောင့်ရှောက်မှု (social protection)၊ ကောင်းမွန်တဲ့အခွန်စနစ်၊ မျှတစွာပြန်လည်ဖြန့်ဝေမှု (redistribution) တို့ကို တည်ဆောက်နိုင်ခြင်းဟာ လူ့အဖွဲ့အစည်းတိုင်း လူမှုသွေးစည်းညီညွတ်မှု (social solidarity) ခိုင်မြဲစေဖို့ပဲ ဖြစ်ပါတယ်။

နောက်ဆုံး နိုင်ငံတွေဟာ သူတို့ကျန်းမာရေးစနစ်မှာ ဘယ်လောက် ရင်းနှီးမြှုပ်နှံသလဲ၊ ဘယ်လိုတည်ဆောက်ထားသလဲ အပေါ်မူတည်ပြီး နိုင်ငံတိုးတက်ဖွံ့ဖြိုးမှုရလဒ်တွေ ခြားနားသွားပါလိမ့်မယ်။ ကျန်းမာရေးစောင့်ရှောက်မှုဟာ စစ်မှန်တဲ့အခြေခံလူ့အခွင့်အရေးဖြစ်တယ်။ ကျန်းမာရေးစနစ်က ပြည်သူ့လက်ထဲမရှိဘဲ ဈေးကွက်လက်ထဲ အပ်လိုက်ခြင်းက လူမှုတရားမျှတမှုအရ မဖြစ်သင့်သလို၊ နောက်ဆုံးလူ့အဖွဲ့အစည်း ကံဆိုးမိုးမှောင်ကျမှုကိုသာ ဦးတည်စေပါတယ်။

ကိုးကား-
The Great Divide by Joseph E. Stiglitz
The Price of Inequality by Joseph E. Stiglitz

## မရမ်းကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြု အခြေခံစားသောက်ကုန်များလှူဒါန်းသည့် မျှဝေခြင်းအစီအစဉ် ဆောင်ရွက်

ရန်ကုန် မေ ၁

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုသည့်အနေဖြင့် စေတနာရှင် အလှူရှင်များ၏ကိုယ်စား We Love Yangon က ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား အခြေခံစားသောက်ကုန်များလှူဒါန်းသည့် မျှဝေခြင်းအစီအစဉ်ကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက်၌ ဆောင်ရွက်ကြသည်။

We Love Yangon အတွင်းရေးမှူး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်(၁၀) နန်းစုရွှေစင်က " အခြေခံလူတန်းစား ပြည်သူတွေကို အခြေခံစားသောက်ကုန်တွေ လှူဒါန်းပေးနေတာပါ။ လှူဒါန်းတဲ့အခါမှာလည်း လူစုလူဝေးမဖြစ်ပေါ်အောင် အိမ်အရောက် လိုက်လံလှူဒါန်းကြတာပါ။ ဒီကာလမှာ စားသောက်ဖို့ အခက်အခဲရှိနေနိုင်တဲ့ အခြေခံပြည်သူတွေအတွက် နေအိမ်အပြင်မထွက်ဘဲ အိမ်ထဲမှာနေထိုင်နိုင်ဖို့ ရည်ရွယ်ပြီး အခုလိုဆောင်ရွက်တာဖြစ်ပါတယ်" ဟု ပြောသည်။

လှူဒါန်းမှုအနေဖြင့် We Love Yangon နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက အဆိုပါရပ်ကွက်အတွင်း ရိုးကြီးချောင်းအနီးတစ်လျှောက် နေထိုင်ကြသူများအနက် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၁၆၅ စုတို့အား အိမ်ထောင်စုတစ်စုလျှင် ဆန်(၆)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ကြက်သွန်နီ (၁)ပိဿာ၊ ငရုတ်သီးမှုန့်(၁)ထုပ်တို့ပါဝင်သည့် အခြေခံစားသောက်ကုန်လေးမျိုးကို သက်ဆိုင်ရာ၏ ကြီးကြပ်စီစဉ်မှုဖြင့် လှူဒါန်းကြခြင်းဖြစ်သည်။

We Love Yangon သည် လူထုအခြေပြု ပရဟိတအဖွဲ့ဖြစ်ပြီး ယခုအခါ အဆိုပါ အဖွဲ့အနေဖြင့် စေတနာရှင်အလှူရှင်များ၏ ကိုယ်စား မျှဝေခြင်းအစီအစဉ် အဖြစ် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အိမ်ထောင်စုပေါင်း တစ်သောင်းကျော်ကို အခြေခံစားသောက်ကုန်များ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး



# ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ IDP စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်း နေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၉ ရက်တွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့ရှိ မြို့မနှစ်ခြင်း IDP စခန်းနှင့် လော်ဝေါ် နှစ်ခြင်း IDP စခန်းများသို့ သွားရောက်၍ လက်ဆေးဘေစင် သုံးခု၊ အပူချိန်တိုင်းကိရိယာ နှစ်ခုနှင့် ဗီနိုင်း နှစ်ချပ်တို့ကို ထောက်ပံ့ခဲ့သည်။

ထို့အတူ ဧပြီ ၃၀ ရက်တွင် ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့ရှိ မူရင်းနှစ်ခြင်း IDP စခန်း၊ လော်ဝေါ် အေဂျီ IDP စခန်းနှင့် လီဆူနှစ်ခြင်း IDP စခန်းများသို့ သွားရောက်၍ လက်ဆေးဘေစင် သုံးခု၊ အပူချိန်တိုင်း ကိရိယာ သုံးခု၊ ဗီနိုင်း နှစ်ချပ်တို့ကို ထောက်ပံ့ခဲ့သည်။

ထို့ပြင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ရှိ အေးလင်းမြတ်ရှင် IDP စခန်းနှင့် မြတ်ပန်းဝတ်မှုံ IDP စခန်းများသို့သွားရောက်၍ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်နှင့် မူဆယ်မြို့နယ်တို့ရှိ ကာလိုင်(၁) IDP စခန်း၊ ကာလိုင်(၂) IDP စခန်း၊ ရပ်ကွက်(၃) IDP စခန်း၊ ဂျော်(၁) IDP စခန်း၊ ဂျော်(၂) IDP စခန်းနှင့် စိန့်သောမတ် IDP စခန်းများသို့သွားရောက်၍ လက်ဆေးဘေစင် ခြောက်ခု၊ အပူချိန်တိုင်း ကိရိယာ ခြောက်ခုတို့ကို ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်း လုပ်ငန်းများနှင့် စိတ်ခံစားရေးရာ မြှင့်တင်ပေးမှု ဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတို့တွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# တရုတ်နိုင်ငံမှ ပြန်လာသူများအတွက် သွားလာမှုအဆင်ပြေစေရေး ဆောင်ရွက်လျက်ရှိ

**လောက်ကိုင် မေ ၁**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့(ရန်လုံကျိုင်း) မြန်မာ-တရုတ် နယ်စပ်ဂိတ်မှ နေရပ်ပြန် မြန်မာနိုင်ငံသားများ ဝင်ရောက်လျက်ရှိရာ ယနေ့တွင် နေရပ်ပြန်သူ စုစုပေါင်း ၂၂၃ ဦးရှိကြောင်း သိရသည်။

**ကူညီဆောင်ရွက်ပေးလျက်ရှိ**

နေရပ်ပြန်သူများအား သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီးများသို့ ပို့ဆောင်ပေးရာတွင် မကွေးတိုင်းဒေသကြီးမှ ၁၃၆ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၆၁ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ခုနစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ သုံးဦး၊ မန္တလေးတိုင်းဒေသကြီးမှ တစ်ဦး၊ နေပြည်တော်မှ လေးဦး၊ ကချင်ပြည်နယ်မှ တစ်ဦး၊ ရှမ်းပြည်နယ် နောင်ချို၊ ကွမ်းလုံ၊ လားရှိုးမှ ၁၀ ဦး စုစုပေါင်း ၂၂၃ ဦးအား ယင်းတို့၏ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးများသို့ ပို့ဆောင်ပေးရာတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့က နှာခေါင်းစည်းများ ထောက်ပံ့လှူဒါန်းပေးခဲ့သည်။

ထို့နောက်နေရပ်ပြန်သူများအားလောက်ကိုင်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆောင်ရန်၊ ရှောင်ရန်များမှာကြားကာ လမ်းခရီးတွင် အဆင်ပြေချောမွေ့စေရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇော်ဇော်အောင်(ပြန်/ဆက်)

# ပြင်ဦးလွင်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန် မြို့အဝင်/အထွက်၌ ကျန်းမာရေးစစ်ဆေး

**ပြင်ဦးလွင် မေ ၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် သံသယလူနာများရှိလာပါက အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ဆောင်ရွက်နိုင်ရန် မတ် ၂၅ ရက် နံနက်ပိုင်းမှစတင်၍ နေ့/ည တာဝန်များခွဲဝေပြီး ပြင်ဦးလွင်မြို့နယ်အတွင်းရှိ မြို့အဝင်/အထွက်ဂိတ်များတွင် ကျန်းမာရေးစောင့်ကြည့်စင်တာများ ထားရှိဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျန်းမာရေးစောင့်ကြည့်စင်တာများတွင် ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ သံသယလူနာများတွေ့ရှိပါက သက်ဆိုင်ရာသို့ အမြန်ပို့ဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ဇော်မျိုးထိုက်(ပြန်/ဆက်)



# လှိုင်မြို့နယ်အတွင်း လမ်းများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ရန်ကုန် မေ ၁**

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန်ရည်ရွယ်၍ လှိုင်မြို့နယ်အတွင်းရှိ လမ်းများအား ပိုးသတ်ဆေးဖျန်းပေးခြင်း၊ ပိုစတာဗီနိုင်းများ ကပ်၍ အသိပညာပေးခြင်း၊ လမ်းများတွင် လိုက်လံနှိုးဆော်ခြင်း စသည့်လုပ်ငန်းများကို ယနေ့နံနက် ၈ နာရီမှစ၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

လှိုင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေးအတွက် လူစည်ကားရာ ဈေးများ၊ တိုက်ခန်းများ၊ အိမ်များ၊ စက်ရုံအလုပ်ရုံများ၊ ဌာနဆိုင်ရာရုံးများ၊ Shopping Center များ၊ လမ်းများသို့ နေ့စဉ် အဖွဲ့အသီးသီးမှ ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို ရပ်ကွက်များအားလုံးတွင် ဆောင်ရွက်ခဲ့ကြသည်။

ထို့အပြင် လှိုင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ နေထိုင်ခဲ့သော (၂)ရပ်ကွက်ရှိ အိမ်နှင့် လမ်းတစ်လျှောက်အပါအဝင် လမ်းမများအား တိုင်းဒေသကြီး ၁ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်း ဦးဆောင်၍ ကိုဗစ်-၁၉ ကော်မတီအဖွဲ့များ စုပေါင်းပြီး မီးသတ်ယာဉ်များဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဆေးဖျန်းခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကြည်ဇေသော်(ပြန်/ဆက်)



# IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်း နေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့် စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီ အသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင် နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

- ❖ စခန်းများတွင် တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့် ဆပ်ပြာကို အသုံးပြု၍ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောပါ။
- ❖ အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ။
- ❖ စခန်းများတွင် နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ။
- ❖ စခန်းတွင်းနေထိုင်သူများ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာမှတ်သားခြင်း ပြုလုပ်ပါ။
- ❖ အဝတ်ဖြင့် ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ပါ။ တပ်ဆင်ရာတွင် အတွင်း၊ အပြင် အရောင်ခွဲခြားသတ်မှတ်၍ တပ်ဆင်ပါ။ ပါးစပ်နှင့် နှာခေါင်း (၂)ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။ တပ်ဆင်ထားစဉ် လက်ဖြင့် လုံးဝ (လုံးဝ) မကိုင်ရပါ။ ဖယ်ရှားမည်ဆိုပါက အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်၍ဖယ်ပါ။ အသုံးပြုထားသည့် အဝတ်ဖြင့် ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို နေ့စဉ် သေချာစွာ ဆပ်ပြာနှင့်ရေကို အသုံးပြု၍လျှော်ဖွပ်ပါ။
- ❖ စခန်းတွင်းသို့ပြင်ပမှဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ။
- ❖ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပါ။
- ❖ COVID–19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အချက်များကို လက်ကိုင်ဖုန်းများသို့ စာတိုပို့စနစ်(SMS)ဖြင့် ပေးပို့ထားခြင်းကို သေချာစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ပါ။
- ❖ COVID–19 ရောဂါလက္ခဏာများတွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်းလုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
- ❖ စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို သီးခြားသတ်မှတ်ထားသောနေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတလူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ။
- ❖ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များ၏ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ရှေ့နေနှင့် သတင်းမီဒီယာ

## ဦးဟန်ညွန့် (ဥပဒေ)

**နိဒါန်း**

"ဆရာ"
"ဗျာ"
"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"
"ရှေ့နေနှင့် သတင်းမီဒီယာတဲ့"
"ဘယ်လိုအဓိပ္ပာယ်နဲ့ ရေးတာလဲဆရာ"
"ဖတ်ကြည့်ကြစို့ဗျ"

**ကျွန်တော်သတင်းထောက်**

သတင်းစာဆရာကြီး လူထုဦးလှရေးသားသော "ကျွန်တော်သတင်းထောက်" စာအုပ်အကြောင်း ကြေးမုံတွင် ကျွန်တော်ရေးသားတင်ပြခဲ့သည်။ ဘာ့ကြောင့်ရေးသားခဲ့ရသလဲ။ ရည်ရွယ်ချက်ရှိသည်။ တစ်ချိန်တစ်ခါက မြန်မာ့သတင်းမီဒီယာလောကနှင့် ယနေ့သတင်းမီဒီယာလောကအကြောင်း နှိုင်းယှဉ်သိစေလို၍ ဖြစ်သည်။ ဆက်စပ်လေ့လာလို၍လည်း ဖြစ်သည်။

**သတင်းမှန်**

သတင်းမှန်သိဖို့ သတင်းမှားဖယ်ဖို့ အထူးလိုအပ်သည်။ လူထုက အမှန်အမှား ခွဲခြားသိချင်သည်။ လူထုကိုလိမ်ညာလှည့်ဖျားသူများရှိသည်။ နိုင်ငံရေးအရ၊ စီးပွားရေးအရ စသည့်ဖြင့် ထိုးနှက်တိုက်ခိုက်မှုများရှိစမြဲဖြစ်သည်။ ထိုအခါ သတင်းမှန်သိဖို့ အရေးကြီးလာသည်။ သတင်းမှန်ထုတ်ဖော်ရမည့် အဓိကတာဝန်ရှိသူများမှာ သတင်းထောက်များ ဖြစ်လာသည်။ သတင်းထောက်များ၏ စေတနာသည် လူထုအတွက် အထူးအရေးပါလာသည်။ သတင်းမီဒီယာသည် ခေတ်၏ကြေးမုံ ဖြစ်လာလေသည်။ ထို့ကြောင့် မြန်မာ့သတင်းမီဒီယာသမိုင်းကို လေ့လာဖို့ လိုအပ်လှပေသည်။

**သူတို့ပြောသည့် မြန်မာ့သတင်းမီဒီယာသမိုင်း**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ၂၀၁၈၊ မေလတွင် ထုတ်ဝေခဲ့သော "သူတို့ပြောသည့် မြန်မာ့သတင်းမီဒီယာသမိုင်း"စာအုပ်အကြောင်း တင်ပြလိုသည်။ ထုတ်ဝေသူဦးသိမ်းစိုး (သတင်းမီဒီယာကောင်စီဝင်)ဖြစ်သည်။ သတင်းလောကသားများ ဖတ်ရှုသင့်သော စာအုပ်ဖြစ်ပါသည်။

**ဦးခင်မောင်လေး၏ ဥယျောဇဉ်**

ဆရာကြီး ဦးခင်မောင်လေး (ဖိုးသောကြာ-ခေတ်+မိုး) က ဥယျောဇဉ် ရေးသားထားသည်။ ထိုစဉ်က ဆရာကြီးသည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နေချိန် ဖြစ်ပါသည်။ စာအုပ်ထုတ်ဝေရေးကော်မတီဥက္ကဋ္ဌ ဟံသာဝတီဦးအုန်းကြိုင်က အမှာရေးသည်။

> **သတင်းမှန် ထုတ်ဖော်ရမည့်**
> **အဓိကတာဝန်ရှိသူများမှာ**
> **သတင်းထောက်များဖြစ်။**
> **သတင်းထောက်များ၏ စေတနာသည်**
> **လူထုအတွက် အထူးအရေးပါ။**
> **သတင်းမီဒီယာသည်**
> **ခေတ်၏ကြေးမုံ**

**စာတမ်းများ**

စုစုပေါင်းစာတမ်း ၁၂ စောင် ဖြစ်သည်။ ယင်းတို့မှာ

၁။ မြန်မာနိုင်ငံ သတင်းမီဒီယာအဖွဲ့အစည်းများသမိုင်း
စာတမ်းရှင် ဦးခင်မောင်လေး (ဖိုးသောကြာ-ခေတ်+ မိုး) နှင့် ဦးကျော်စွာမင်း (D.မင်း)
၂။ မြန်မာနိုင်ငံနှင့် နိုင်ငံတကာ သတင်းမီဒီယာများ
စာတမ်းရှင် ဦးအောင်လှထွန်း
၃။ မြန်မာနိုင်ငံ သတင်းမီဒီယာသမိုင်း
စာတမ်းရှင် ဟံသာဝတီ ဦးအုန်းကြိုင်
၄။ ကုန်းဘောင်ခေတ် မြန်မာ့ကြေးနန်း မီဒီယာစာ
စာတမ်းရှင် ဒေါက်တာမျိုးသန့်တင်
၅။ မြန်မာသတင်းမီဒီယာသမိုင်းမှ စိတ်ဝင်စားဖွယ်အချို့သော ဖြစ်ရပ်များ
စာတမ်းရှင် ဒေါက်တာတင်လှိုင် (ဘိုးလှိုင်)
၆။ အထက်မြန်မာနိုင်ငံထုတ် သတင်းစာများ
စာတမ်းရှင် ဦးကျော်ရင်မြင့်
၇။ သတင်းစာဆရာကောင်းဖြစ်နည်း
စာတမ်းရှင် ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)နှင့် ဦးတင်မောင်ဦး
၈။ ရန်ကုန်မြူနီစီပါယ်လုပ်ငန်းများ အရွေ့များနှင့် အနာဂတ်ရန်ကုန်
စာတမ်းရှင် သန်းမြင့်အောင်
၉။ သတင်းမီဒီယာသမားများ သိထားသင့်သည့် ဥပဒေအချို့
စာတမ်းရှင် ဦးဟန်ညွန့် (ဥပဒေ)
၁၀။ နိုင်ငံရေးနှင့် သတင်းစာဆရာ၏ မဟာဗျူဟာ ရည်မှန်းချက်
စာတမ်းရှင် ဒေါက်တာတင်ထွန်း (သထုံတင်ထွန်း)
၁၁။ မြန်မာသတင်းမီဒီယာနှင့် အမျိုးသမီး
စာတမ်းရှင် သင်းသင်းသာ
၁၂။ မြန်မာ့မီဒီယာနှင့် မြန်မာနိုင်ငံရေး
စာတမ်းရှင် သားကြီး မောင်ဇေယျနှင့် မျိုးကိုမျိုး တို့ဖြစ်ကြသည်။


**ကောက်နုတ်ချက်**

စာတမ်း ၁၂ စောင်စလုံး ဖတ်ရှုမှတ်သားဖွယ်ရာချည်း ဖြစ်ပါသည်။ ကျွန်တော် လက်လှမ်းမီရာ ကောက်နုတ်တင်ပြပါရစေ။

**ဟံသာဝတီ ဦးအုန်းကြိုင်**

ဆရာကြီး ဟံသာဝတီ ဦးအုန်းကြိုင်က "သတင်းမီဒီယာသမိုင်းသည် အဓိကအားဖြင့် သတင်းစာမှစခဲ့သည်ဟု ဆိုရမည်ဖြစ်ပါသည်။ သတင်းစာသည် ပြည်သူလူထုနှင့် မကင်းကွာရသော၊ အမြဲထိတွေ့ဆက်ဆံရသော ကြေညာမောင်းသမားကြီးသဖွယ်ဖြစ်ပါသည်။ ကမ္ဘာ့ကြည့်မှန်တစ်ချပ်ဟုလည်း တင်စားကြပါသည်။ ရတနာပုံခေတ် ပညာရှင်အမတ် ဝန်ကြီးပဒေသရာဇာက သတင်းစာဆရာများကို 'ပြည်ကြီးပခုံး၊ ပြည့်မျက်လုံး'ဟု မဏိရတနာပုံကျမ်းတွင် ပမာနှိုင်းတု ပြုစုခေါ်ဆိုခဲ့ပါသည်"ဟု မြန်မာနိုင်ငံသတင်းမီဒီယာသမိုင်းစာတမ်းကို နိဒါန်းသွယ်ထားပါသည်။

သတင်းမီဒီယာ သတင်းစာတို့သည် နာရီ၊ မိနစ်၊ စက္ကန့်နှင့်အမျှ နေ့စဉ်ဖြစ်ပျက် ပြောင်းလဲနေသော လူ့လောကအခြေအနေအရပ်ရပ် ဖြစ်စဉ်ထုပ္ပတ်အကြောင်းရပ်တို့ကို စဉ်တိုက် ဆက်တိုက် ဖော်ပြပေးနေပါသည်။ သတင်းစာ၏ ကျေးဇူးကြောင့် တိုင်းရေးပြည်ရေး၊ မြို့ရေး၊ ပြရေးများမှ အစ ကမ္ဘာ့ရေးရာသတင်းများကို အချိန်မီသိရှိနေကြရပါသည်။ သတင်းစာသည် အမည်နှင့် လိုက်လျောညီစွာ အရပ်ရပ်သတင်းများကို စာဖြင့် ရေးသားဖော်ပြထားခြင်းဖြစ်သည်။ သတင်းစာ (သို့မဟုတ်) သတင်းမီဒီယာလုပ်ငန်း၏ အဓိကအချက်မှာ သတင်းဖြန့်ချိမှုပင်ဖြစ်သည်။ သတင်းစာ၊ သတင်းမီဒီယာများမပေါ်မီ ရှေးကျလွန်းသော ခေတ်အခါက လူတို့သည် ကင်းစခန်းတစ်ခုမှ ကင်းစခန်းတစ်ခုသို့ အုန်းမောင်း (သို့မဟုတ်) ကုလားတက်များ၊ သံတိုသံရှည် တီးခေါက်အချက်ပေး သတင်းပို့ကြရသည်။ သားရေဖြင့် စည်းကြပ်ထားသော စည်များကို ရိုက်တီး၍ တစ်စခန်းမှ တစ်စခန်း၊ တစ်ရွာမှ တစ်ရွာသို့ သတင်းပေးပို့လေ့လည်း ပြုခဲ့ကြသည်။




ရှေးမြန်မာမင်းများ လက်ထက်တော်က အမိန့်တော်ပြန်တမ်းများကို မောင်းကြေးနင်းခတ်၍ မြို့ရွာနယ်ပယ်အသီးသီးသို့ သတင်းဖြန့်ချိကြသည်။ ၁၈၃၆ ခုနှစ်တွင် မော်လမြိုင်မြို့မှ အမေရိကန် ခရစ်ယာန် သာသနာပြုများ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော 'မော်လမြိုင်ခရောနီကယ်' (The Maulmain Chronicle) သတင်းစာမှအစပြု၍ မြန်မာသတင်းစာ သို့မဟုတ် မြန်မာသတင်းမီဒီယာ လုပ်ငန်းစတင်ခဲ့သည် ဆိုရမည်ဟု ဟံသာဝတီ ဦးအုန်းကြိုင်က ရေးသားထားသည်။

သတင်းစာ(သတင်းမီဒီယာ)ကို ကမ္ဘာ့ကြည့်မှန်တစ်ချပ်ဟုလည်း တင်စားကြသည်။ ဟုတ်သည်၊ တစ်ကမ္ဘာလုံးမှ ပုံရိပ်များသည် ထိုကြည့်မှန်ချပ်တွင် လာ၍ထင်သကဲ့သို့ ကမ္ဘာအရပ်ရပ်တို့၌ စက္ကန့်မလပ်ဖြစ်ပျက်နေသော သတင်းအမျိုးမျိုးသည် ထိုကြည့်မှန်နှင့်တူသော သတင်းစာတို့၌ လာ၍ထင်ကြသည်။ သတင်းစာ (သတင်းမီဒီယာ) မည်သည် ပြည်သူပြည်သားတို့၏ဝန်ကို အမြဲတမ်းထမ်းရွက်သယ်ပိုးပေးကြရသည်။ ပြည်သူ့ရန်စွယ် ပြည့်အန္တရာယ်တို့ကိုလည်း ပြည်သူတို့အတွက် မလပ်မပြတ် အမြဲတမ်းကြည့်ရှု လေ့လာနေကြရသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံကြီးများတွင် သတင်းစာ (သတင်းမီဒီယာ)ကို စတုတ္ထမဏ္ဍိုင် အရာထား၍ အားကိုးလေးစားကြသည်။ မြန်မာနိုင်ငံတွင်လည်း သတင်းစာ(သတင်းမီဒီယာ)ကို ထိုအခေါ်အဝေါ်အတိုင်း နေရာပေး၍ တလေးတစား အရာထားကြသည်။

ဆက်လက်၍ ဆရာကြီး ဦးအုန်းကြိုင်က အွန်လိုင်းမီဒီယာမှ နေ့စဉ်ပုံမှန်ထုတ်လွှင့်နေကြသော ရေဒီယို အသံလွှင့်မီဒီယာ ၁၂ မျိုးနှင့် ရုပ်သံလွှင့်မီဒီယာ ၁၅ မျိုး တွေ့ရကြောင်း ပြည်သူအများစုသည် မိုဘိုင်းဖုန်း သုံးစွဲလျက်ရှိကြောင်း၊ အင်တာနက် သုံးစွဲသူဦးရေ များပြားလာကြောင်း စသည်ဖြင့် မျက်မှောက်ခေတ် သတင်းမီဒီယာ၏ သတင်းအချက်အလက်နှင့် နည်းပညာသုံးစွဲမှုအကြောင်းများကို အပိုင်း(၃)ပိုင်းခွဲ၍ ရေးသားထားလေသည်။

**ဦးအောင်လှထွန်း**

စာတမ်းရှင် ဦးအောင်လှထွန်းက မြန်မာနိုင်ငံနှင့် နိုင်ငံတကာသတင်းမီဒီယာများ စာတမ်းကို ရေးသားပြုစုရာတွင် ယနေ့ကမ္ဘာ၌ အရှိန်အဟုန်ဖြင့် ထွန်းကားလာနေသည့် အွန်လိုင်းအီလက်ထရွန်းနစ်မီဒီယာ (online electronic media) များထက် ရှေးကျသော ပင်မနိုင်ငံတကာသတင်းဌာန (International news agency) များမှာ သတင်းမီဒီယာလောကတွင် ကြီးလေးကြီးဟု ဖော်ညွှန်းလေ့ရှိကြသည့် ရိုက်တာ (Reuters)၊ အေပီ (AP) ခေါ် (Associated Press)၊ အေအက်ဖ်ပီ (AFP) ခေါ် Agence France-Press နှင့် ယူပီအိုင် (UPI) ခေါ် United Press International တို့ပင် ဖြစ်ကြသည်။ ရိုက်တာနှင့် အေအက်ဖ်ပီတို့မှာ ထိုခေတ်ကာလက အင်အားကြီးနိုင်ငံများဖြစ်ကြသည့် ဗြိတိန်နှင့် ပြင်သစ်တို့တွင် စတင်ပေါ်ပေါက်ခဲ့ပြီး အေပီနှင့် ယူပီအိုင်တို့မှာ ထွန်းသစ်စ အင်အားကြီး အမေရိကန်ပြည်ထောင်စုတွင် စတင်ခဲ့ကြောင်း မြန်မာနိုင်ငံနှင့် နိုင်ငံတကာသတင်းမီဒီယာများ စာတမ်းတွင် နိဒါန်းသွယ်ရေးသားခဲ့သည်။

**ကမ္ဘာ့ပထမဆုံး နိုင်ငံတကာ သတင်းဌာန**

ကမ္ဘာ့ပထမဆုံး နိုင်ငံတကာသတင်းဌာနမှာ ပြင်သစ်လူမျိုး စာရေးဆရာ၊ ဘာသာပြန်ဆရာနှင့် ကြော်ငြာလုပ်ငန်းရှင် ချာလ်းလူဝီအာဗ (Charles- Louis Havas) (၁၈၇၃ - ၁၈၅၈ ) က ၁၈၃၅ ခုနှစ်တွင် ပဲရစ်၌ ထူထောင်ခဲ့သည့် Agence Hava ပင်ဖြစ်သည်။ သတင်းဌာန (press agency) ဆိုသည့် စိတ်ကူးစိတ်သန်းကို ပထမဆုံး စိတ်ကူးပြီး အကောင်အထည်ဖော်ခဲ့သူမှာ ချာလ်းလူဝီအာဗ ဖြစ်သည်။ နောင်နှစ်ပေါင်း ၁၀၀ ကျော်အကြာတွင် Agence Hava ကို အေအက်ဖ်ပီ (AFP)( Agence France-Press) ခေါ် ပြင်သစ်သတင်းဌာနအဖြစ် ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း ဦးအောင်လှထွန်းက သုတေသနပြုရေးသားထားသည်။

အေအက်ဖ်ပီ AFP သတင်းဌာန၊ ရိုက်တာသတင်းဌာန(Reuters)၊ ဝေါလ့်ဖ် (WOLFF)၊ အေပီ (AP)(Associated Press) ၊ ယူပီအိုင်(UPI-United Press International)၊ အက်ဖ်တီ(FT) နစ်ကေးရှင်းဘွန်း(Nikkei Shinbum) နှင့် ဒီပီအေ (DPA) သတင်းဌာန၊ ရှင်ဟွာ (Xinhua) သတင်းဌာန၊ ရုရှတပ်စ် (TASS) သတင်းဌာနများအကြောင်းများကိုလည်း တိတိကျကျ လေ့လာရေးသားထားသည်။

**ကမ္ဘာ့ပထမဆုံး နိုင်ငံခြားသတင်းထောက်**

လန်ဒန်မြို့တွင် ၁၇၈၅ ခုနှစ်က စတင်ထုတ်ဝေခဲ့သော တိုင်းမ်(The Times) သတင်းစာ၏ သတင်းထောက် ဟန်နရီ ခြာ်ရော်ဘင်ဆင် (Henry Crabb Robinson) (၁၇၇၅-၁၈၆၇) သည် ကမ္ဘာ့ပထမဆုံးနိုင်ငံခြားသတင်းထောက်နှင့် စစ်သတင်းထောက်ဖြစ်ကြောင်း ရေးသားထားသည်။ နိုင်ငံခြားစစ်သတင်းထောက်အဖြစ် လုပ်ကိုင်ခဲ့ဖူးပြီး လျှမ်းလျှမ်းတောက် ကမ္ဘာကျော်ဖြစ်လာသော ပုဂ္ဂိုလ်ကြီး သုံးဦးကြောင်းကို လူငယ်သတင်းထောက်များ အားကျအတုယူဖွယ်ဖြစ်အောင် ဦးအောင်လှထွန်းက ဖော်ထုတ်ရေးသားခဲ့သည်။ အဆိုပါသုံးဦးမှာ ဆာဝင်စတန်ချာချီ (၁၈၇၄-၁၉၆၅)၊ ဂျက်လန်ဒန် (၁၈၇၆-၁၉၁၆) နှင့် ဖရဒ်ဒရစ် ဖောဆိုက် (၁၉၃၈) တို့ဖြစ်သည်။ ၎င်းတို့အကြောင်း အသေးစိတ်ကို စာတမ်းတွင် လေ့လာဖတ်ရှုနိုင်ပါသည်။

စာတမ်းရှင် ဦးအောင်လှထွန်း၏ သုံးသပ်အကြံပြုချက်တွင် နိုင်ငံတကာသတင်းဌာနများသည် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်းအကြား မိမိတို့နိုင်ငံ၏ပုံရိပ်ကို ပုံဖော်ပေးနေကြသည်ဆိုသောအချက်ကို အမြဲသတိရသင့်သည်။ မိမိတို့နိုင်ငံနှင့် ပတ်သက်သည့် မူဝါဒများချမှတ်ရာတွင်လည်း နိုင်ငံတကာသတင်းမီဒီယာများ၏ ရေးသားချက်များအပေါ်တွင်သာ များသောအားဖြင့် အခြေခံလေ့ရှိသည်ကို သတိမူသင့်ကြောင်းနှင့် နိုင်ငံတကာသတင်းဌာနကြီးများသည် မိမိနိုင်ငံ၏ ပုံရိပ်ကို နိုင်ငံတကာအသိုင်းအဝိုင်းကြားတွင် ပုံစံအမျိုးမျိုးဖြင့် ပုံဖော်ပေးနိုင်သဖြင့် ယင်းတို့အား စနစ်တကျလေ့လာဆက်ဆံရန် လိုအပ်ကြောင်း တင်ပြထားပါသည်။

ကျန်ရှိသော သတင်းမီဒီယာစာတမ်းများအကြောင်းကိုလည်း အလျဉ်းသင့်က တင်ပြရေးသားပါဦးမည်။

**နိဂုံး**

သတင်းမီဒီယာ၏အင်အားသည် နိုင်ငံတစ်နိုင်ငံအတွက် အရေးပါလှပုံကို မြန်မာမီဒီယာသမိုင်း စာအုပ်က ညွှန်းဆိုနေပါကြောင်း . . .။ ။

# ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာကြမည့် နေရပ်ပြန်ပြည်သူများအား စနစ်တကျ စိစစ်ကြိုဆိုလက်ခံထားရှိနိုင်ရေး ကြိုတင်ပြင်ဆင်

**ဘားအံ မေ ၁**

ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာကြမည့် မြန်မာနိုင်ငံသားများအား စနစ်တကျစစ်ဆေးကြပ်မတ်၍ နေရပ်သို့ ပြန်လည်ပို့ဆောင်နိုင်ရေးနှင့် ၂၁ ရက် အသွားအလာကန့်သတ်စောင့်ကြည့်နိုင်ရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များ စုပေါင်းအားဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်က လူဦးရေ ၁၆၀၀၀ ခန့် ပြန်ဝင်လာမည်ဟု စာရင်းရထားကြောင်း၊ လုံခြုံရေးယာဉ်တန်းများဖြင့် တစ်ပြိုင်တည်း ပို့ဆောင်မည်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် လမ်းခရီးတွင် ဆင်းချင်သည့်နေရာဆင်း၊ စားချင်သည့်နေရာစားဖြင့် ထိန်းသိမ်းရခက်သည့် အနေအထားတွင်ရှိကြောင်း၊ နေ့ချင်းပြန်မပို့နိုင်သေးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို တစ်ရက်ထားကာ နောက်နေ့တွင် စိစစ်ပြီး သက်ဆိုင်ရာသို့ ဆက်လက်စေလွှတ်ပေးမည်ဖြစ်ပြီး ကရင်ပြည်နယ်အတွင်း ထားရှိနိုင်ရန်လည်း ကန့်သတ်စောင့်ကြည့်စခန်းများလည်း ပြင်ဆင်ထားပြီးဖြစ်ကြောင်း၊ ဝေးသည့် ကချင်၊ ချင်း၊ ကယား၊ ရခိုင် စသည့်ဒေသများသို့ ပြန်လည်ဝင်ရောက်မည့်သူများကို လူအင်အားသိပ်မများသည့်အတွက် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် ညှိနှိုင်းပြီး ကန့်သတ်စောင့်ကြည့်စခန်း ဝင်ရောက်စေရန် စီစဉ်ထားကြောင်း၊ တပ်မတော် တပ်ရင်းတပ်ဖွဲ့များအနေဖြင့်လည်း ပြည်နယ်အစိုးရအဖွဲ့နှင့်ချိတ်ဆက်ပြီး လိုအပ်သည့်နေရာများ ပိုးသတ်ဆေးဖျန်းခြင်း၊ မော်တော်ယာဉ်များဖြင့် လိုအပ်သည့်နေရာများသို့ သယ်ယူပို့ဆောင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဦးသန်းနိုင်က သက်ဆိုင်ရာ မြို့နယ်များ၊ လူမှုရေးအဖွဲ့အစည်းများသို့ နှာခေါင်းစည်း၊ လက်အိတ် အစရှိသည့် ပစ္စည်းများ သီးခြားလှူဒါန်းနေသည့် အလှူရှင်များလည်းရှိကြောင်း၊ ကန့်သတ်စောင့်ကြည့်စခန်းများတွင် ကျွေးမွေးဧည့်ခံရေးကိစ္စရပ်များအတွက် WFP (World Food Program) မှ တာဝန်ယူလှူဒါန်းပေးမည်ဖြစ်ကြောင်း၊ NGO၊ INGO အဖွဲ့များလည်း ကူညီထောက်ပံ့ပေးရန် အဆင်သင့်ရှိနေကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့မှ ထောက်ပံ့ပေးထားသည်များရှိကြောင်း၊ တပ်မတော်မှလည်း ပြီးခဲ့သည့်ရက်သတ္တပတ်က လုံလောက်မှုရှိစေရန် ပစ္စည်းငါးမျိုးလှူဒါန်းထားကြောင်း၊ တချို့ကုမ္ပဏီများမှလည်း တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံများ၊ ပိုးသတ်ဆေးပုံးများ၊ လက်ဆေးဆပ်ပြာရည်များ အစရှိသည့် ကာကွယ်ရေးပစ္စည်းများ လာရောက်လှူဒါန်းထားသည်များလည်းရှိကြောင်း၊ ရပ်ကွက်တိုင်း၊ ဌာနတိုင်း၊ ကျေးရွာတိုင်းတွင် ပြန်လည်ဝင်ရောက်လာသူများနှင့်အတူ ၂၁ ရက် နေထိုင်မည့် လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် လုပ်အားပေးမည့်အဖွဲ့များ အဆင်သင့်ရှိကြောင်း ပြောကြားသည်။

ပြည်နယ်လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်က ပြန်လည်ဝင်ရောက်လာသူတို့၏ ကိုယ်ရေးအချက်အလက်များကို ကွန်ပျူတာစနစ်ကိုအသုံးပြု၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်များအဆင့်သို့ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးအသိပညာပေးခြင်းအပြင် စားသောက်ရေးမှအစ သက်ဆိုင်ရာ INGO အဖွဲ့များနှင့်ချိတ်ဆက်၍ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကန့်သတ်စောင့်ကြည့်စခန်းများတွင် နေထိုင်ကြမည့်သူများအတွက် နေထိုင်စားသောက်ရေးမှအစ ခေါင်းအုံး၊ စောင်၊ ခြင်ထောင်၊ မျက်နှာသုတ်ပဝါ၊ သွားတိုက်တံ အစရှိသည့် ပစ္စည်း ၁၂ မျိုးပါသည့် Basic Kit များ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ကန့်သတ်စောင့်ကြည့်ထားရှိမည့်နေရာအား ကြည့်ရှုစစ်ဆေး

**ထားဝယ် မေ ၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်သို့ မြဝတီနယ်စပ်ဂိတ်မှဝင်ရောက်လာမည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ကန့်သတ်စောင့်ကြည့်ထားရှိမည့် ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်းအတွင်းရှိ ခန်းမများကို မေ ၁ ရက် နံနက် ၉ နာရီက မြန်မာရွှေ့ပြောင်းအလုပ်သမားများ စိစစ်လက်ခံရေးနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးကျော်မင်းက ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးကျော်မင်းက မြန်မာရွှေ့ပြောင်းအလုပ်သမားများနေထိုင်မည့် အိပ်ရာနှင့် နေရာထိုင်ခင်း၊ ရေချိုးခန်း၊ အိမ်သာ၊ ရေမီး လုံလောက်စွာထားရှိမှုအခြေအနေများအားကြည့်ရှုစစ်ဆေးရာ ထားဝယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးက လူတစ်ဦးစာအတွက် စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ ခုတင်အပါအဝင်နေရာထိုင်ခင်းများကို လူ ၁၀၀ စာ အတွက် စီစဉ်ဆောင်ရွက်ထားကြောင်း၊ ဝင်ရောက်လာသော ရွှေ့ပြောင်းအလုပ်သမားများ၏ ဦးရေအပေါ်မူတည်၍ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် နေရာထိုင်ခင်း လုံလောက်စွာရှိကြောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် မြန်မာရွှေ့ပြောင်းအလုပ်သမားများ စိစစ်လက်ခံရေးနှင့် နေရပ်ပြန်လည် ပို့ဆောင်ရေးကော်မတီဥက္ကဋ္ဌက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

မြဝတီနယ်စပ်ဂိတ်မှ မြန်မာရွှေ့ပြောင်း အလုပ်သမား ၇၀၀ ကျော်ခန့် ဝင်ရောက်လာမည်ဟု ကနဦးသိရှိထားကြောင်း၊ အလုံးအရင်းဝင်ရောက်လာမည် မဟုတ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရပ်ပြန်အလုပ်သမားများကို စိစစ်လက်ခံကြိုဆိုရေးအဖွဲ့(ရုံးအဖွဲ့)ကို ထားဝယ်မြို့နယ်မှမြဝတီမြို့နယ်တွင်ရုံးအဖွဲ့ထားရှိပေးထားကြောင်း၊ နေရပ်ပြန် အလုပ်သမားများကိုကျန်းမာရေးစစ်ဆေးပြီး သက်ဆိုင်ရာမြို့နယ်များသို့ ပြန်လည် လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း ထားဝယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးထံမှ သိရသည်။

**ထားဝယ်(ပြန်/ဆက်)**

# မြဝတီမြို့၌ အဝေးပြေးယာဉ်လိုင်းအများစု ပိတ်ထား အချို့သာ ကုန်စည်မပြတ်လပ်စေရေး ပြေးဆွဲပေး

**မြဝတီ မေ ၁**

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် ပြေးဆွဲပေးလျက်ရှိသည့် အဝေးပြေးယာဉ်လိုင်းများစွာရှိသည့်အနက် ယာဉ်လိုင်းအများစု ပိတ်ထားလျက်ရှိပြီး ယာဉ်လိုင်းအချို့သာ ကုန်စည်ပြတ်လပ်မှုမရှိစေရေးပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ယခင်က ဘုရားဖူးလာသူများ၊ လာရောက်လည်ပတ်သူများ၊ ခရီးသွားပြည်သူများဖြင့် စည်ကားခဲ့သည့် အဆိုပါယာဉ်လိုင်းများသည် ယခုအခါ ကိုဗစ်-၁၉ ရောဂါကြောင့် ယာဉ်လိုင်းပြေးဆွဲမှုများရပ်နားခဲ့ရသည့် အခြေအနေဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ကခရီးသည်မတင်တော့ဘူး၊ ကုန်စည်ပြတ်လပ်မှုမရှိအောင်ဆိုပြီးတော့ ကုန်စည်ပဲပြေးဆွဲနေတာပါ"ဟု မြဝတီအင်ပါယာကားဂိတ်မှ ဂိတ်တာဝန်ခံကိုဖုန်းက ပြောသည်။

ယခု ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း ယာဉ်လိုင်းများအနေဖြင့် လိုက်နာရမည့်အချက်များအား ပေးပို့ညွှန်ကြားထားပြီးဖြစ်ကြောင်း မြဝတီခရိုင်လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာနမှ ဦးစီးအရာရှိဦးဝင်းမြင့်က ပြောသည်။

မြဝတီမြို့အနေဖြင့် မြဝတီအခြေစိုက် ယာဉ်လိုင်း ၁၆ သင်း၊ ပြည်နယ်အနေဖြင့် ၂၇ သင်း၊ အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ၃၆ သင်းစုစုပေါင်းယာဉ်လိုင်း ၃၆ လိုင်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်**
**(ပြန်/ဆက်)**

# ဟင်းသီးဟင်းရွက် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရန် မျိုးစေ့များ အခမဲ့ဖြန့်ဝေ

**တပ်ကုန်း မေ ၁**

နေပြည်တော် တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာတွင် ဒေသခံပြည်သူများ မိမိနေအိမ်ခြံဝင်းအတွင်း ဟင်းသီးဟင်းရွက်များ တစ်နိုင်တစ်ပိုင်(Home Garden)စိုက်ပျိုးရန် မျိုးစေ့များ အခမဲ့ဖြန့်ဝေပေးခြင်းကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါကျေးရွာရှိ လူထုဖွံ့ဖြိုးရေးစင်တာခန်းမ၌ ကျင်းပသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးထွန်းညွန့်က ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလတွင် လူအသွားအလာများသော ဈေးသို့ ဟင်းသီးဟင်းရွက်များ သွားရောက်ဝယ်ယူခြင်း လျှော့ချနိုင်ရန် ဟင်းသီးဟင်းရွက်မျိုးစေ့များ အခမဲ့ဖြန့်ဝေပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက Home Garden စိုက်ပျိုးကြမည့် တောင်သူများအား ရုံးပတီသီး၊ ဖရုံသီး၊ မုန်ညင်းရွက်၊ မုန်ညင်းဖူး၊ ကန်စွန်းရွက်၊ ဘူးသီး၊ ခရမ်းသီး၊ ပဲရှည်သီးနှင့် ပဲစောင်းလျားသီးမျိုးစေ့များကို အခမဲ့ထောက်ပံ့ပေးအပ်ခဲ့ပြီးနောက် စိုက်ခင်းများအား လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါကျေးရွာတွင် အိမ်ထောင်စုပေါင်း ၅၈၀ နှင့် လူဦးရေ ၂၇၀၀ ရှိပြီး ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးစံပြစီမံကိန်းအစီအစဉ်အဖြစ် Home Garden စိုက်ခင်း ၄၀၊ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာယူ၍ မိမိအစီအစဉ်ဖြင့် စိုက်ခင်း ၁၀၀၊ ယနေ့ စိုက်ပျိုးရေးဦးစီးဌာနမှ ထောက်ပံ့ပေးသည့်မျိုးစေ့ဖြင့် စိုက်ခင်း ၁၀ စုစုပေါင်း Home Garden စိုက်ခင်း ၁၅၀ ရှိပြီဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင် (ပြန်/ဆက်)**

# သတ်မှတ်အရွယ်အစား ရေသတ္တဝါများ ဖမ်းယူမှုမပြုရေး ပညာပေး

**ကော့သောင်း မေ ၁**

ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချမည့် ရေထွက်ပစ္စည်းများတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ဖမ်းဆီးခွင့်တားမြစ်ထားသည့် အရွယ်အစားရှိပင်လယ်ကဏန်းမည်း (Mud Crab) များအား ကော့သောင်းစစ်ဆေးရေးစခန်းတွင် စစ်ဆေးတွေ့ရှိရသဖြင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ကာ ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းများက ဧပြီ ၃၀ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ ဘဝါးကျွန်းဒီရေတောအတွင်းသို့ ပြန်လည်လွှတ်ပေးခဲ့ကြသည်။

ဂျင်းခရု၊ ကဏန်း၊ အေးခဲကင်းမွန် စသည့် ရေထွက်ကုန်များအား ကော့သောင်းမြို့မှ တစ်ဆင့် ထိုင်းနိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ထုတ်ပြန်ထားသည့် သတ်မှတ်အရွယ်အစားထက် သေးငယ်သည့် ကဏန်းအရှင်များ ပါရှိလာကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ပိုင်ရှင်အား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပြီး ကဏန်းများအား ကြီးပြင်းအရွယ်ရောက်လာစေရန် ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးသန့်ဇင်က ပြောသည်။

ဖမ်းဆီးရောင်းချခွင့်မပြုသည့် ရေသတ္တဝါအမျိုးအစားနှင့် အရွယ်အစားများအား ငါးလုပ်ငန်းဦးစီးဌာနမှ နှစ်စဉ်ထုတ်ပြန်ညွှန်ကြားလျက်ရှိရာ တားမြစ်အရွယ်အစားအနေဖြင့် ကဏန်းအရွယ် ကန့်လန့်အလျား ၈ ဒသမ ၁၅ စင်တီမီတာ၊ ဒေါင်လိုက်အလျား ၆ ဒသမ ၁၅ စင်တီမီတာအတွင်း၊ ကျောက်ပုစွန်၁၅၀ ဂရမ်အောက်၊ငါးရှဉ့်လုံးပတ် ၃ စင်တီမီတာ အောက်၊ ကင်းပုစွန် ၁၂၀ ဂရမ်အောက် ဖြစ်သည်။

**ကျော်စိုး (ကော့သောင်း)**



## မင်းလှမြို့၌ ဖွင့်လှစ်ထားသည့် Fever Clinic သို့ ဆေးဝါးများဝယ်ယူရန် အလှူငွေလှူဒါန်း

**မင်းလှ မေ ၁**

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးသည် မင်းလှမြို့နယ် ပြည်သူ့ဆေးရုံတွင်ဖွင့်လှစ်ထားသော Fever Clinic သို့ မေ ၁ ရက် နံနက် ၈ နာရီက ဆေးဝါးများ ဝယ်ယူရန် အလှူငွေများလှူဒါန်းခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်နိုင်က Fever Clinic တွင် အမှန်တကယ်လိုအပ်သည့်ဆေးဝါးနှင့် အသုံးအဆောင်ပစ္စည်းများဝယ်ယူနိုင်ရေးအတွက် ငွေကျပ် ၈၅၀၀၀၀ ကို မြို့နယ်ဆရာဝန်ကြီးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးထံ ပေးအပ်လှူဒါန်းသည်။



အဆိုပါ Fever Clinic ဆေးခန်းသည် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားချိန် ဆေးခန်းပြသရန် အခက်အခဲဖြစ်နေသူများအား တစ်ဖက်တစ်လမ်းမှကူညီကာ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေးအတွက် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ နေ့စဉ်နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ ဖွင့်လှစ်၍ မြို့နယ်ဆရာဝန်ကြီးနှင့် လက်ထောက်ဆရာဝန်များက ကိုယ်ပူခြင်း၊ ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ မောပန်းခြင်း၊ ရင်ကျပ်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်သူများကို ကျန်းမာရေး စောင့်ရှောက်မှု (အခမဲ့) ကုသပေးသွားမည်ဖြစ်၍ မည်သူမဆို လာရောက်ကုသနိုင်ကြောင်း သိရသည်။

**ပေါက်စ (မင်းလှ)**

## ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီနှင့် ပဲများလှူဒါန်း

**ဟိုပင် မေ ၁**

ကချင်ပြည်နယ် ဟိုပင်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကာကွယ်ထိန်းချုပ်နေသည့်ကာလအတွင်း ဘုန်းတော်ကြီးကျောင်းများတွင် ပစ္စည်းလေးပါးပြည့်စုံစေရန်အတွက် ဧပြီ ၂၉ ရက် ညနေ ၃ နာရီက ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီနှင့် ပဲများလှူဒါန်းပွဲကို ကျင်းပသည်။

မြဇေယျာရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်နှင့် အလှူရှင်များစုပေါင်းကာ ဆီ ၉ ပုံး၊ ဆန် ၂၉ အိတ်၊ ကြက်သွန်နီ ၄၅ ပိဿာ၊ မြေထောက်ပဲ ၂၄ ပြည်၊ ဆား ၂၅ ပိဿာတို့ကို ဟိုပင်မြို့ မြဇေယျာရပ်ကွက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများဖြစ်သော ဓမ္မအောင်စည်၊ ဓမ္မပါလ၊ ဂန္ဓာရုံ၊ ဓမ္မသီရိနှင့် မြဇေယျာ စသည့် ဘုန်းတော်ကြီးကျောင်း ငါးကျောင်းအား ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီနှင့် မြေထောက်ပဲများကို ခွဲဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**တိုးတိုးမေ(ဟိုပင်)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် ပစ္စည်းများနှင့် အလှူငွေပေးအပ်လှူဒါန်း



**သရက် မေ ၁**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ပစ္စည်းများနှင့် အလှူငွေပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ အလှူရှင် ဦးစိုးပိုင်-ဒေါ်ခင်မြတ်ဆွေ (Paing Family International Co.,Ltd.) နှင့် အောင်လံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့မှ လှူဒါန်းသည့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၂၀၊ မျက်မှန် ၂၀ ၊ ခေါင်းစွပ် ၂၀၊ ခြေစွပ် ၁၀ စုံ၊ FFP2 (PN95) အခု ၃၀ သုံးထုပ်၊ လက်အိတ်အခု ၅၀၀၊ နှာခေါင်းစည်း ၅၀၀၊ လက်သန့်ဆေးရည်နှစ်ဘူးနှင့် ငွေလှူဒါန်းရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးလတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာညွန့်ရွှေအောင်၊ မြို့နယ်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးတင်အောင်မြင့်၊ ကုန်သည်ကြီးများအသင်းဝင် ဦးလှသိန်းနှင့် ဦးဇော်ဝင်းထက်(ခ) ဦးရှိုးတီတို့က လက်ခံခဲ့ကြသည်။ လှူဒါန်းပစ္စည်းများအား ခရိုင်ဆရာဝန်ကြီး ဒေါက်တာညွန့်ရွှေအောင်အား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## ချောင်းဦးမြို့ ပြည်သူ့ဆေးရုံသို့ ငွေကျပ်ခုနစ်သိန်းလှူဒါန်း

**ချောင်းဦး မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ အစိုးရနည်းပညာအထက်တန်းကျောင်း (GTHS) ကျောင်းအုပ်ဆရာမကြီး ဒေါက်တာမျိုးမျိုးကြည်၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများက ချောင်းဦးမြို့နယ်ပြည်သူ့ဆေးရုံအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးတွင် အသုံးပြုနိုင်ရန်အတွက် ငွေကျပ် ခုနစ်သိန်းကို ယနေ့ နံနက် ၉ နာရီက ချောင်းဦးမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

လှူဒါန်းရာတွင် ချောင်းဦးမြို့ အစိုးရနည်းပညာအထက်တန်းကျောင်း (GTHS) ကျောင်းအုပ်ဆရာမကြီး ဒေါက်တာမျိုးမျိုးကြည်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးအတွက် ပေးအပ်လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ချောင်းဦးမြို့နယ် ပြည်သူ့ဆေးရုံအုပ် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်ထွန်းဦးအား ငွေကျပ်ခုနစ်သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အိအိအောင် (ချောင်းဦး)**

## ရွှေကူမြို့၌ ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်း

**ရွှေကူ မေ ၁**

ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ရေးအတွက် ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းခြင်းကို ဧပြီ ၂၉ ရက် နံနက် ၁၁ နာရီက ရွှေကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးတင်ဦးယု၊ ဦးမြသိန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးဝင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အလှူရှင်များ တက်ရောက်ခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်းက မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရွှေကူမြို့နယ် ရပ်ကွက်(၃) နေ အလှူရှင် ဦးမိုးဆွေဇနီးဒေါ်အိတင်မော်မိသားစုက မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးအတွက် ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်း နေရပ်ပြန်စောင့်ကြည့်ရေးစင်တာ အသီးသီးတွင် ၆၅၈ ဦးထားရှိရာ ဧပြီ ၃၀ ရက်တွင် နေရပ်ပြန်ပြည်သူ ၃၆၂ ဦးအား စောင့်ကြည့် ၂၁ ရက်ပြည့်မြောက်ပြီဖြစ်၍ နေအိမ်နေရပ်များသို့ ပြန်ခွင့်ပြုခဲ့ရာ စောင့်ကြည့်ရေးစင်တာများတွင် ပြည်သူ ၂၉၆ ဦးကျန်ရှိကြောင်း သိရသည်။

**မိုဃ်းကျ (မြစ်ကြီးနား)**

## တောင်ကြီးမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ငွေသွင်း၊ ငွေထုတ်ပြုလုပ်သူများအား ကျန်းမာရေးစစ်ဆေးပေး

**တောင်ကြီး မေ ၁**

တောင်ကြီးမြို့ စေတနာ့ဝန်ထမ်းလူငယ်များအဖွဲ့က ယမန်နေ့ နံနက် ၉ နာရီ မှစ၍ မြန်မာ့စီးပွားရေးဘဏ်သို့လာရောက် ငွေသွင်း၊ ငွေထုတ်ပြုလုပ်သူများအား ကိုယ်အပူချိန်တိုင်းပေးခြင်းနှင့် လက်သန့်ဆေးရည်ဖျန်းပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ကိုယ်အပူချိန်တိုင်းပေး**

ဧပြီ ၃၀ ရက်သည် လကုန်ရက်ဖြစ်၍ဘဏ်သို့ ငွေလာရောက်ထုတ်သူများသဖြင့် တောင်ကြီးမြို့ မြန်မာ့စီးပွားရေးဘဏ်မှာ စေတနာ့ဝန်ထမ်းများအနေဖြင့် ဘဏ်သို့ လာရောက်သူများအား ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ လက်သန့်ဆေးရည် ဖျန်းပေးခြင်းတို့ကို နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဘဏ်သို့ လူအများအပြား လာရောက်ခဲ့သည့် နေရာများအား ဘဏ်ပိတ်ချိန်တွင် ပိုးသတ်ဆေးဖျန်းပေးသွားရန်ရှိကြောင်း ယင်းအဖွဲ့မှ ကိုဝင်းနိုင်စိုးက ပြောသည်။

ထို့အပြင် စေတနာလူငယ်များပရဟိတအဖွဲ့အနေဖြင့် ဧပြီ ၃၀ ရက် နံနက်ပိုင်းမှစ၍ သတ်မှတ်စောင့်ကြည့်စစ်ဆေးနေရာများဖြစ်သည့် တောင်ကြီးမြို့ အမှတ်(၅)၊ အမှတ်(၉)၊အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်းများသို့ လည်းကောင်း၊ အေးသာယာအခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံမူလတန်းကျောင်းများသို့ လည်းကောင်း ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါအဖွဲ့အနေဖြင့် မြို့အတွင်း ရပ်ကွက်များရှိ လမ်းများ၊ ဈေးများအား ပိုးသတ်ဆေးဖျန်းခြင်း၊ လိုအပ်သည့်နေရာများတွင် ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ လက်သန့်ဆေးရည်ဖျန်းပေးခြင်း စသည့်လုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိသည့် အဖွဲ့တစ်ဖွဲ့ဖြစ်ကြောင်း သိရသည်။

**စိုးညွန့်ရွှေ(ပြန်/ဆက်)**

## နောင်ချိုမြို့၌ အခြေခံစားကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**နောင်ချို မေ ၁**

ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ဈေးရပ်ကွက် ရေကန်ကြီးလမ်း၌ ဧပြီ ၂၉ ရက် နံနက် ၈ နာရီက ပုံမှန်ဝင်ငွေမရှိသောအိမ်ထောင်စုအချို့အား တစ်အိမ်ထောင်စုလျှင် အလှူရှင်များမှ စုပေါင်းလှူဒါန်းထားသည့် အခြေခံစားကုန်များဖြစ်သော ဆန် ၆ ပြည်၊ ဆီ ၅၀ ကျပ်သား၊ အာလူး ၅၀ ကျပ်သား၊ ကြက်သွန်နီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ အချိုမှုန့် ၂၅ ကျပ်သား၊ ကြက်ဥ ၁၀ လုံး တို့ကို စေတနာမွန် ပရဟိတအဖွဲ့နှင့် ဖြူစင်မေတ္တာ ပရဟိတအဖွဲ့ကဦးဆောင်၍ ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဈေးရပ်ကွက်အိမ်ထောင်စု ၇၂ စု၊ ဘူတာရပ်ကွက် ၁၀၈ စု၊ နားရှိုးရပ်ကွက် ၁၀ စု၊ ပါဟတ်ရပ်ကွက် အိမ်ထောင်စု ၄၀ နှင့် သပြေရေရပ်ကွက် အိမ်ထောင်စု ၅၀ စုစုပေါင်း အိမ်ထောင်စု ၄၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွေးငယ် (ပြန်/ဆက်)**

## ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား သက်ဆိုင်ရာဒေသများသို့ စနစ်တကျလွှဲပြောင်းပေး

**ချင်းရွှေဟော် မေ ၁**

ချင်းရွှေဟော် မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ဂိတ်မှ ဝင်ရောက်လာသော တရုတ်နိုင်ငံမှ ပြန်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ကော်မတီအဖွဲ့မှ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် တာဝန်ရှိသူများနှင့်ချိတ်ဆက်ပြီး နေရပ်အသီးသီးသို့ စနစ်တကျပို့ဆောင်ပေးလျက်ရှိရာ မေ ၁ ရက် နံနက် ၉ နာရီခွဲက နေရပ်ပြန်ပြည်သူ ၂၆၇ ဦးအား ၎င်းတို့၏နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

ချင်းရွှေဟော်မှ ပြန်လည်ပေးပို့သည့် နေရပ်ပြန်ပြည်သူ ၂၆၇ ဦးတွင် အမျိုးသား ၁၅၀၊ အမျိုးသမီး ၁၁၇ ဦးတို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးမှ ၂၁ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၅၉ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၀၇ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၄၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၀ ဦး၊ ကချင်ပြည်နယ်မှ ငါးဦး၊ ရခိုင်ပြည်နယ်မှ ခြောက်ဦးနှင့် ရှမ်းပြည်နယ်မှ ၁၈ ဦးတို့ဖြစ်ကြောင်း သိရသည်။

ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီအဖွဲ့မှ နေရပ်ပြန်ပြည်သူများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးပို့လျက်ရှိရာ ဧပြီ ၃၀ ရက်တွင် အမျိုးသား ၇၅ ဦး၊ အမျိုးသမီး ၁၅၇ ဦး စုစုပေါင်း ၄၃၂ ဦးနှင့် မေ ၁ ရက်တွင် ၂၆၇ ဦးတို့ဖြစ်ပြီး ယနေ့အထိ နေရပ်ပြန်ပြည်သူစုစုပေါင်း ၆၉၉ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

## လမ်းခုလတ်များ၌ ခရီးသည်ဆင်းသက်မှုမရှိစေရေး လုံခြုံရေးစောင့်ကြပ်

**မန္တလေး မေ ၁**

မန္တလေးမြို့သို့ မြန်မာ့မီးရထား ခရီးစဉ်များဖြင့် လိုက်ပါလာသည့် ခရီးသည်အချို့မှာ မန္တလေး ဘူတာကြီးသို့ ရထားမဆိုက်ရောက်မီ လမ်းခုလတ်နေရာများ၌ ခုန်ချဆင်းသက်မှုဖြစ်စဉ်များ ဖြစ်ပွားနေကြောင်း သတင်းများအရ တာဝန်ရှိသူများက လုံခြုံရေးစောင့်ကြပ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရထားရဲတပ်ဖွဲ့ခွဲမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့၏ ကြီးကြပ်မှုဖြင့် အမှတ်(၈) မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ရထားရဲတပ်ဖွဲ့ဝင်များသည် ဘူတာကြီးသို့ မဝင်မီ သံလမ်းတစ်လျှောက် ခရီးသည်များ အတက်/ အဆင်းပြုလုပ်မှုမရှိစေရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



## ကျောက်ပန်းတောင်းမြို့နယ်သို့ ပြန်လည်ရောက်ရှိလာသည့် နေရပ်ပြန်သူများအား တာဝန်ရှိသူများထံ စနစ်တကျ လွှဲပြောင်းပေးအပ်

**ကျောက်ပန်းတောင်း မေ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့မှ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်သို့ ဧပြီ ၃၀ ရက် နံနက်ပိုင်းက ပြန်လည်ရောက်ရှိလာသည့် နေရပ်ပြန်များအား မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြပြီး သက်ဆိုင်ရာကျေးရွာ တာဝန်ရှိသူများထံ စနစ်တကျလွှဲပြောင်း ပေးအပ်ခဲ့ကြသည်။

မူဆယ်မြို့တွင် အလုပ်လုပ်ကိုင်ပြီး မိမိဒေသ ကျောက်ပန်းတောင်းမြို့နယ်သို့ ပြန်လည် ဝင်ရောက်လာသူများမှာ မိန်းကလေး ၁၁ ဦးဖြစ်ကြောင်းသိရပြီး ၎င်းတို့အား ကျောက်ပန်းတောင်းမြို့ သာသနာ့ဗိမာန် ကြိုဆိုရေးစခန်းတွင် ကြိုဆို၍ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကိုယ်ရေးအချက်အလက်ရယူခြင်းများ ဆောင်ရွက်ခဲ့ပြီး မြို့နယ်ကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းအောင်က မိမိတို့ကျေးရွာများတွင် ရောက်ရှိပါက သတ်မှတ်ထားသည့် ကန့်သတ်စောင့်ကြည့်စခန်းများတွင် ကန့်သတ်စောင့်ကြည့် ၂၁ ရက် ပြည့်မီအောင် နေထိုင်သွားကြရန်နှင့် လိုအပ်သည်များကို သက်ဆိုင်ရာကျေးရွာ အုပ်ချုပ်ရေးမှူးများထံ တင်ပြသွားရန်၊ ကန့်သတ်စောင့်ကြည့် နေထိုင်စဉ်ကာလအတွင်း သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာသွားကြရန်နှင့် မိမိတို့ကျန်းမာရေးကိုလည်း အထူးဂရုပြုကြရန် ဆွေးနွေးမှာကြားသည်။

**စနစ်တကျလွှဲပြောင်း**

ယင်းနောက် COVID-19 Volunteer (Kyaukpadaung) အဖွဲ့မှ ထောက်ပံ့သည့် စားသောက်ဖွယ်ရာများကို တစ်ဦးချင်း ပေးအပ်ပြီး အသင့်လာရောက်စောင့်ကြိုနေခဲ့သည့် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုနေ (ကျောက်ပန်းတောင်း)**



## ရေတာရှည်မြို့နယ်၌ စောင့်ကြည့်ခံသူ ၅၀၇ ဦး ပြန်လည်စေလွှတ်ပေးခဲ့ပြီး ၂၂၇ ဦး ကျန်ရှိ

**ရေတာရှည် မေ ၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ပြည်ပနိုင်ငံများနှင့် အခြားသော တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပြန်လည်ဝင်ရောက်လာသူများအား မတ် ၂၆ ရက်မှစတင်၍ ရေတာရှည်၊ ဆွာ၊ သာဂရ၊ မြို့လှ၊ ရေနီမြို့အသီးသီးရှိ သတ်မှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးစခန်းများတွင် ထားရှိသူ ၇၃၄ ဦးရှိခဲ့ပြီး ဧပြီ ၃၀ ရက်အထိ စောင့်ကြည့်ကာလပြီးသွား၍ ပြန်လည်စေလွှတ်သူပေါင်း ၅၀၇ ဦးရှိကာ ၂၂၇ ဦးသာကျန်ရှိတော့ကြောင်း သိရသည်။

''ရေတာရှည်မြို့ တောင်ဘက်အထွက်မှာ ပြည်ပနိုင်ငံ၊ အခြားတိုင်းဒေသကြီးနဲ့ပြည်နယ်တွေက ပြန်လာသူတွေကို စိစစ်နေတာတွေရှိပါတယ်။ လောလောဆယ်တော့ လူ ၂၀ ကျော်ကို စောင့်ကြည့်ရေးစခန်းကို ပို့ရတာရှိတယ်'' ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

## မူဆယ်မြို့၌ နေရပ်ပြန်များအား သက်ဆိုင်ရာဒေသအသီးသီးသို့ ပြန်လည်စေလွှတ်

**မူဆယ် မေ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ခရစ်ယာန်ရပ်ကွက်ရှိ တရုတ်စာသင်ကျောင်းတွင် ဖွင့်လှစ်ထားသည့် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်း၌ တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာပြီး ၂၁ ရက်ကြာ ကန့်သတ်ကြည့်ရှုမှု ခံယူပြီးသည့် နေရပ်ပြန် ၉၀ ကို ဧပြီ ၃၀ ရက် နံနက်ပိုင်းက သက်ဆိုင်ရာဒေသအသီးသီးသို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရသည်။



"ရှမ်းပြည်နယ် (မြောက်ပိုင်း)အပါအဝင် အောက်မြန်မာပြည်အနယ်နယ် အရပ်ရပ်က ရွှေ့ပြောင်းအလုပ်သမားတွေဖြစ်ပါတယ်၊ သူတို့တွေက တရုတ်နိုင်ငံ ယူနန်ပြည်နယ်အတွင်းနဲ့ ပြည်မကနေလာတဲ့သူတွေဖြစ်တာကြောင့် မူဆယ်မှာ ၂၁ ရက် ကန့်သတ် စောင့်ကြည့်တာဖြစ်ပြီး ကန့်သတ်ရက်ပြည့်ပြီဖြစ်တာကြောင့် ပြန်လည်စေလွှတ်တာဖြစ်ပါတယ်"ဟု မူဆယ်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှုကော်မတီမှ ဦးအောင်မိုးလွင်က ပြောသည်။

နေရပ်ဒေသသို့ ပြန်သွားသူများအား မူဆယ်မြို့ ဝိုင်အမ်စီအေအသင်းနှင့် ကချင်ယဉ်ကျေးမှုအသင်းမှ တာဝန်ရှိသူတို့က စုစုပေါင်းငွေကျပ် ၁၈ သိန်းခန့်ရှိ အသုံးစရိတ်များ လာရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မိုင်းဘညာဏ်(ကွတ်ခိုင်)**

## မြိတ်တက္ကသိုလ် ကန့်သတ်စောင့်ကြည့်စခန်း၌ ပရဟိတအဖွဲ့များက ကူညီဆောင်ရွက်ပေး

**မြိတ် မေ ၁**

မြိတ်မြို့တွင် နေရပ်ပြန်များအား ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးအတွက် မြိတ်တက္ကသိုလ်၌ ကန့်သတ်စောင့်ကြည့်ထားရှိ၍ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးလျက်ရှိရာ ပရဟိတအဖွဲ့များက ကန့်သတ်စောင့်ကြည့်စခန်း လိုအပ်ချက်များနှင့် ချက်ပြုတ်ကျွေးမွေးရေးကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

"သူတို့ရဲ့ နေရေးထိုင်ရေး၊ စားရေးသောက်ရေးအတွက် နိုင်တဲ့ဘက်က ကူညီဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ ကန့်သတ်စောင့်ကြည့်စခန်းဝင်တဲ့သူတွေ စိတ်ညှိုးငယ်မှုမရှိစေရန် အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးဖို့ တာဝန်အများကြီးရှိပါတယ်။ ဒါကြောင့် ဒီစေတနာ့ဝန်ထမ်း အသိစိတ်ဓာတ်နဲ့ ကူညီဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။ သူတို့ရဲ့ လိုအပ်ချက်ကိုစဉ်းစားပြီး ကူညီဆောင်ရွက်ပေးပါတယ်။ ဒါကသူတို့ရဲ့စိတ်ကိုဖြည့်ဆည်းပေးတာပါ" ဟု ကူညီ ဆောင်ရွက်ပေးနေသူ ဦးဇော်မင်းဦးက ပြောသည်။

နေရပ်ပြန်များကိုကျန်းမာရေးပိုင်းတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနကလည်းကောင်း၊ လုံခြုံရေးပိုင်းတွင် ရဲတပ်ဖွဲ့ဝင်များနှင့်မီးသတ်တပ်ဖွဲ့ဝင်များက လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိကြပြီး အုပ်ချုပ်ရေးအဖွဲ့နှင့် ပရဟိတများက စည်းကမ်းတကျဖြစ်အောင် ဆောင်ရွက်လျက်ရှိကြသည်။ ကူညီဆောင်ရွက်လျက်ရှိကြသည့် ပရဟိတများမှာ ကန့်သတ်စောင့်ကြည့်စခန်း တစ်ခုလျှင် ငါးဦးစီ ရှိကြပြီး ပရဟိတာ၅ဦးကလည်း အခမဲ့ချက်ပြုတ်ပေးလျက်ရှိကြသည်။

မြိတ်တက္ကသိုလ်ရှိ ပုလဲရာဇာအဆောင်နှင့် ပုလဲမာန်အဆောင်တို့တွင် ကန့်သတ်စောင့်ကြည့်စခန်းဖွင့်လှစ်ထားရှိရာ နေ့စဉ်နံနက်စာ၊ နေ့လယ်စာ၊ ညစာအပြင် မွန်းလွဲပိုင်းတွင်လက်ဖက်ရည်နှင့် မုန့်များကို တာဝန်ရှိသူများနှင့် ပရဟိတများက ကျွေးမွေးဆောင်ရွက်ပေးလျက်ရှိကြသည်။

မြိတ်မြို့နယ်တွင် ကန့်သတ်စောင့်ကြည့်စခန်း လေးခုရှိပြီး နေရပ်ပြန် စုစုပေါင်း ၇၈ ဦးအား ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိရာ မြိတ်တက္ကသိုလ် ကန့်သတ်စောင့်ကြည့်စခန်း၌ လက်ရှိအချိန်တွင် နေရပ်ပြန် ၆၆ ဦးရှိကာ ၎င်းတို့အားလုံး ကျန်းမာရေးကောင်းမွန်လျက်ရှိကြကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းမည့် ဓာတုလျှော့ချ ဟင်းသီးဟင်းရွက်များရောင်းချ

**မုံရွာ မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ သီရိရတနာဈေးကြီးတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးတောင်သူများ ပူးပေါင်းထုတ်လုပ်သည့် စားသုံးသူဘေးအန္တရာယ်ကင်းရှင်းမည့် ဓာတုလျှော့ချဟင်းသီးဟင်းရွက်များကို ဧပြီ ၃၀ ရက် နံနက်ပိုင်းက စတင်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သီးနှံဓာတုလျှော့ချစိုက်ပျိုးခြင်းနည်းဖြင့် စိုက်ပျိုးထားသော သရက်သီး၊ ပဲတီစိမ်း၊ နှမ်း၊ ဟင်းသီးဟင်းရွက်စသည်တို့ကို စားသုံးသူအများဆုံးရှိရာ မုံရွာမြို့ပေါ်ဈေးများ၌ စတင်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

" ဓာတုလျှော့ချနည်းနဲ့စိုက်တဲ့ဟင်းသီးဟင်းရွက်တွေကို ဒီကနေ့မှာ စတင်ရောင်းချပေးတာဖြစ်ပါတယ်၊ ဟိုတုန်းကတော့ ဓာတုဆေးသုံးပြီးစိုက်တဲ့သီးနှံတွေကို ဖောက်သည်ပေးတဲ့စနစ်နဲ့ စိုက်ပျိုးထုတ်လုပ်ခဲ့ရာကနေ စိုက်ပျိုးရေးဦးစီးဌာနရဲ့ လမ်းညွှန်မှုနဲ့ ဒီဇင်ဘာလဆန်းပိုင်းကနေစပြီး ဓာတုလျှော့ချနည်းနဲ့ စတင်စိုက်ပျိုးပြီး ဖောက်သည်ပေးတဲ့စနစ်နဲ့ရောင်းသလို ကိုယ်တိုင်လည်းဈေးမှာလာရောင်းတာဖြစ်ပါတယ်၊ စိုက်ပျိုးမှုကုန်ကျစရိတ် သက်သာသလို စားသုံးသူတွေကို ကျန်းမာရေးအတွက် အထောက်အကူပြုတဲ့အတွက် အဲဒီအသိလေးကိုစားသုံးသူတွေကို မျှဝေပေးရင်းနဲ့ လာရောက်ရောင်းချပေးတာဖြစ်ပါတယ်" ဟု ဓာတုလျှော့ချနည်းဖြင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရောင်းချသူ မုံရွာမြို့နယ် သစ်ဆိမ့်ကျေးရွာမှ တောင်သူ ဒေါ်အေးအေးနွယ်က ပြောသည်။

အစားအစာအဆိပ်သင့်မှုအနည်းဆုံးနှင့် အာဟာရရရှိစေနိုင်မည့်(Food Safety Market) ဈေးကွက်အဖြစ် မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာကိုးရွာတွင် ဟင်းသီးဟင်းရွက် ၂၂ မျိုးကို တောင်သူ ၂၅ ဦးမှ ၃၅ ဒသမ ၃၅ ဧကစိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုအခါ ဟင်းသီးဟင်းရွက်များဈေးကွက်တွင် စတင်ရောင်းချနေပြီဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**



# မလတ်တောင်မြေပြိုမှုတွင် အသက်ရှင်ကျန်ရှိသော အိမ်ထောင်စုဝင်များအား လုံးချင်းအိမ်ရာများ လွှဲပြောင်းပေးအပ်

**ပေါင် မေ ၁**

မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ မလတ်တောင်မြေပြိုမှုကြောင့် အသက်အိုးအိမ်ဆုံးရှုံးခဲ့ရပြီး ကျန်ရှိသူအိမ်ထောင်စုများထံသို့ ပြည်နယ်အစိုးရအဖွဲ့မှ တည်ဆောက်ပေးထားသော လုံးချင်းအိမ်ရာများကို ယနေ့နံနက်ပိုင်းက သဲဖြူကုန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ နေအိမ်နှင့်သက်ဆိုင်သော စာချုပ်စာတမ်းများ လွှဲပြောင်းပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ပြောကြား**

"မလတ်တောင်မြေပြိုမှုကြောင့် အိုးအိမ်တွေပျက်စီးဆုံးရှုံးသွားတဲ့ အိမ်ထောင်စု ၂၁ စုအတွက် အားလုံးစုစုပေါင်း ကုန်ကျစရိတ်က ကျပ်သိန်းပေါင်း ၇၀၀၀ ကျော် အသုံးပြုထားတယ်၊ နေအိမ် ၂၁ လုံးအတွက်ပါ၊ တချို့က နည်းနည်းပဲထိသွားတော့ အိမ်မယူကြဘူး၊ မယူတာက နှစ်ဦးရှိပါတယ်"ဟု မွန်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးထွန်းမင်းအောင်က ပြောကြားသည်။

မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မလတ်တောင်မြေပြိုကျမှုဖြစ်ပွားခဲ့သောမြေနေရာတွင် နောက်ထပ်မြေပြိုကျနိုင်မည့်အန္တရာယ်ရှိနိုင်သည့်အတွက် မူလမြေနေရာအစား သဲဖြူကုန်းကျေးရွာ ရန်ကုန်-မော်လမြိုင်ကားလမ်းအောက်ဘက်ခြမ်းရှိ စားကျက်မြေနေရာအပေါ်တွင် မြေအကျယ်ပေ(၆၀x၈၀)အကွက်ပေါ်တွင် ကျပ်သိန်း ၁၂၀ တန်ဖိုးရှိ လုံးချင်းနေအိမ်များကို ကျန်ရှိသူအိမ်ထောင်စု ၂၁ စုအတွက် ဆောက်လုပ်ပေးထားသည့်အပြင် ကွန်ကရစ်လမ်းခင်းပေးခြင်း၊ လျှပ်စစ်မီးသွယ်တန်းပေးထားခြင်း၊ ရေမြောင်းများဖောက်လုပ်ပေးခြင်း၊ သောက်သုံးရေများအစရှိသည်တို့ကို ရရှိနိုင်အောင် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

၂၀၁၉ ခုနှစ် ဩဂုတ် ၉ ရက်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မွန်ပြည်နယ် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာအုပ်စု ရဲပြားကုန်းကျေးရွာရှိ မလတ်တောင်မြေပြိုကျမှုဖြစ်ပွားခဲ့မှုကြောင့် လူဦးရေ ၇၀ ကျော် သေဆုံးခဲ့သည့်အပြင် နေအိမ် ၂၇ လုံးပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**

# ဇွန်ပန်းစိုက်ပျိုးကာ ပုံမှန်ဝင်ငွေရရှိ

**မန္တလေး မေ ၁**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်းမှ ကျေးရွာများတွင် ဆီးခြံများ၊ သရက်ခြံများအတွင်းနှင့် အိမ်ဝိုင်းများအတွင်း ဇွန်ပန်းပင်နှင့် စံပယ်ပန်းပင်များစွာကို စိုက်ပျိုးပြီး ရာသီအလိုက် ပုံမှန်ဝင်ငွေရရှိအောင် ဆောင်ရွက်ကြသည်။ ဇွန်ပန်းရုံ (ဇွန်ပန်းပင်)များကိုအခြေပြုကာဇွန်ပန်းအငှားခူးသူ၊ အငှားသီကုံးသူများ ရာသီအလိုက် ပုံမှန်ဝင်ငွေရရှိသည်။

လက်ရှိကာလ ဇွန်ပန်းကုံး၂၅ ကုံးလျှင်ငွေကျပ် ၁၈၀၀ ဖြင့် ရောင်းချရသည်။ ဇွန်ပန်းကုံးတစ်ကုံးလျှင် ပန်းအဖူးတစ်ရာ သီကုံးထားသည်။ ဇွန်ပန်းပင်မှာ တစ်ခါစိုက်ပြီး ပြုပြင်ပေးရုံဖြင့် နှစ်စဉ် ပုံမှန်ဝင်ငွေရရှိသည်။ အထူးသဖြင့် တန်ခူးလကျော်လျှင် ပန်းပင်များကို ပြုစုပေးကာ မှိုဆေးများ ဖျန်းပေးရသည်။ ကဆုန်လတွင် အပွင့်လှိုင်လှိုင်ပွင့်သည်။ ပန်းသီသည့် အပ်ချည်ကြိုး တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀ ပေးရသည်။ ဇွန်ပန်းအငှားခူးသူများမှာ ဇွန်ပန်းတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ပေးရသည်။ ပန်းပွဲစားများထံ ပိဿာချိန်ဖြင့် ဖောက်သည်သွင်းသည့်သူများလည်းရှိသည်။ ပန်းပွဲစားများမှ ပန်းသီသူများကို ပြန်လည်ငှားရမ်းကြသည်။ လက်ရှိကာလတွင် ဇွန်ပန်းများလှိုင်လှိုင်ပွင့်နေပြီး ပန်းသီသူ၊ ပန်းခူးသူများ ပုံမှန်ဝင်ငွေ ရရှိလျက်ရှိကြသည်။

လက်ရှိကာလ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ထုံးဘို၊ သလဲကုန်း၊ ကုလားကြီးခြံ၊ တံတိုင်းရှည်၊ အိုင်ကြီး၊ စာကလေးအင်း၊ မြို့တောနှင့်အခြားကျေးရွာများမှလာရောက်ကာ ကျေးရွာများတွင် အပိုဝင်ငွေရရှိစေရန်အတွက် ဇွန်ပန်းပင်များ အများအပြား စိုက်ပျိုးထားကြကြောင်း သိရသည်။

**နွေနဒီ(မြစ်ငယ်)**

# ဝိုင်းမော်မြို့၌ ဆိုင်ခန်းပေါင်း ၃၀၀ ကျော်ပါဝင်သည့် အမှတ်(၂)ဈေးသစ်စီမံကိန်းဆောင်ရွက်

**ဝိုင်းမော် မေ ၁**

ကချင်ပြည်နယ် ဝိုင်းမော်မြို့၌ လက်ရှိရောင်းချလျက်ရှိသည့် အမှတ်(၁)ရပ်ကွက်ရှိ မြို့မဈေးအပြင် အမှတ်(၂)ရပ်ကွက်၌ ဈေးဆိုင်ခန်းပေါင်း ၃၀၀ ကျော်ပါဝင်သည့် အမှတ်(၂) ဈေးသစ်စီမံကိန်းကို ထပ်တိုးဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးမှ သိရသည်။

ဈေး(၂)စီမံကိန်းနှင့်ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်ထွေးက "ဒီဈေး(၂)စီမံကိန်းကတော့ ဝိုင်းမော်မြို့လက်ရှိဈေး (၁) မှာ နေရာလုံလောက်မှုမရှိတဲ့အတွက် ဈေးသူဈေးသားတွေ၊ ဈေးဝယ်သူတွေ အဆင်ပြေစေဖို့ အမှတ်(၂)ဈေးအဖြစ် ဆောင်ရွက်ရခြင်းဖြစ်ပါတယ်" ဟု ရှင်းပြသည်။

အဆိုပါအမှတ်(၂) ဈေးသစ်စီမံကိန်းကို ဆောက်လုပ်မည့်ကာလမှာ သက်တမ်းတစ်နှစ်သာကြာမြင့်မည်ဖြစ်ပြီး တစ်ထပ်ဈေးအဆောက်အအုံပုံစံတွင် ပျံကျဈေးဆိုင်ခန်းများ အပါအဝင် ၁၂ ပေ၊ ၁၅ ပေဆိုင်ခန်း ၁၅၄ ခန်းဖြင့် စုစုပေါင်းဆိုင်ခန်း ၃၀၉ ခန်း ပါဝင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။



ထို့အပြင် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ဈေးသစ် အဆိုပြုဈေးပုံစံတွင် အဆင့်မြင့် နှစ်ထပ်ဈေး အဖြစ်လျာထားတင်ပြခဲ့သော်လည်း ပြည်သူလူထုအနေဖြင့် နှစ်ထပ်ဈေးမဆောက်စေလိုဘဲ တစ်ထပ်ဈေးသာ ဆောက်စေလိုကြသဖြင့် ပြည်နယ်အစိုးရအဖွဲ့က ဝိုင်းမော်မြို့ ပြည်သူလူထု၏ဆန္ဒနှင့်အညီ တစ်ထပ်ဈေးအဖြစ်သာ ဆောက်လုပ်ရန် ခွင့်ပြုပေးခဲ့သည်။

**ခိုင်သက်မွန်**
**(ပြန်/ဆက်)**

■



# ရန်ကုန်တောင်ပိုင်းခရိုင် (သန်လျင်)၌ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ အသင့်စုဖွဲ့ထားရှိ

**ရန်ကုန် မေ ၁**

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း သဘာဝဘေးအန္တရာယ်နှင့် အခြားသော ဘေးအန္တရာယ်များ ကျရောက်လာပါက အရေးပေါ် ကယ်ဆယ်ခြင်းနှင့် ပြုစုစောင့်ရှောက်နိုင်ရေးအတွက် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် တပ်စုတစ်စုစာကို ရန်ကုန်တောင်ပိုင်းခရိုင် မီးသတ်ဦးစီးဌာနတွင် အသင့်ဖွဲ့ထားရှိပြီး အချိန်နှင့်တစ်ပြေးညီ ချက်ချင်းထွက်ခွာနိုင်အောင်လည်း ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း ယနေ့ နံနက် ၉ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် မီးသတ်ဦးစီးဌာန ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်လွင်ဦးထံမှ သိရသည်။

ခရိုင်မီးသတ်ဦးစီးဌာနအနေဖြင့် ခရိုင်အတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ရှာဖွေကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက်လည်း ရှာဖွေကူညီ ကယ်ဆယ်ရေးဆောင်ရွက်ပုံနည်းလမ်းများကို ခရိုင်မီးသတ်တပ်ဖွဲ့ဝင်များအား အပတ်စဉ် ခေတ်မီစက်ကိရိယာများဖြင့် လေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း မီးလောင်မှုများနှင့် အခြားသော သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက အရေးပေါ် တယ်လီဖုန်းနံပါတ် ၁၉၁၊ ၀၅၆-၂၁၅၀၂၊ ၀၅၆-၂၁၀၅၈ သို့ ၂၄ နာရီ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

## Home Garden စိုက်ပျိုးနိုင်ရေး မျိုးစေ့ပျိုးပင်များ အခမဲ့ဖြန့်ဖြူးပေးမည်

**တောင်ကြီး မေ ၁**
ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် ကာလတွင် ဈေးများသို့ သွားရောက်ဝယ်ယူခြင်းကို လျှော့ချနိုင်ရန် မိမိနေအိမ်ခြံဝင်းအတွင်း ဟင်းသီးဟင်းရွက်နှင့် သီးပင်စားပင်များ စိုက်ပျိုးနိုင်ရေးအတွက်နှင့် တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက်နေပြည်သူများအား အာဟာရပြည့်ဝသော သီးနှံပျိုးပင်များ အခမဲ့ဖြန့်ဝေပေးနိုင်ရန်အတွက် ပလတ်စတစ်ဘူးခွံများဖြင့် ပျိုးထောင်ခြင်းလုပ်ငန်းကို ဧပြီ ၂၈ ရက်တွင် တောင်ကြီးမြို့ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနတွင် ဆောင်ရွက်နေကြောင်း သိရသည်။

မီးဖိုချောင်သုံးဟင်းသီးဟင်းရွက်များဝယ်ယူရာတွင် တွေ့ကြုံရမည့် အခက်အခဲပြဿနာများ ဖြေရှင်းရန် စိုက်ပျိုးရေးဦးစီးဌာနမှ Home Garden အစီအစဉ်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဦးကြိုင်က ပြောသည်။

မိမိအိမ်ခြံဝင်းတွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းသည် မြန်မာ့အလေ့အထရှိပြီး ရှမ်းပြည်နယ်တွင် တိုင်းရင်းသားများက မိမိအိမ်ခြံဝင်းအတွင်း ဂေါ်ဖီ၊ ဆလတ်၊ ရှောက်သီးများ စိုက်ပျိုးသည့် အလေ့အထရှိသည်။ ယခုကာလမှာ ဈေးထွက်ဝယ်စရာမလိုဘဲ လုံလုံလောက်လောက် မိသားစုအတွက် စားနိုင်ရန်ရှိပြီးသားအပြင် တိုးချဲ့ဆောင်ရွက်ခြင်းကို Home Garden ဟု ခေါ်သည်။ မိမိအိမ်ဝင်းထဲတွင် မြေကြီးရှိလျှင် ပျိုးပင်များကို ပျိုးထောင်ပေးပြီး မြေကြီးမရှိပါက ရေသန့်ဘူး၊ ကားတာယာ စသည်တို့မှာ မြေထည့်ပြီး စိုက်ပျိုးခြင်းကို ပညာပေး၍ လက်တွေ့လုပ်နိုင်ရန်နှင့် လက်ရှိတွင် မျိုးစေ့များကိုလည်း ဖြန့်ဝေပေးနေသည်၊ စီးပွားဖြစ်မဟုတ်ဘဲ တစ်ပိုင်တစ်နိုင် မိမိအိမ်ခြံဝင်းတွင် စိုက်ပျိုးနိုင်ရန်အတွက် မျိုးစေ့များကို အခမဲ့ဖြန့်ဝေပေးကာ ကိုဗစ်-၁၉ ရောဂါကာလတွင် အပြင်မထွက်ရသောကြောင့် ကျန်းမာရေးအရ အညောင်းပြေ အညာပြေ ဖြစ်စေပြီး မြေဆွေးများလိုအပ်ပါက ချိတ်ဆက်၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဦးကြိုင်က ပြောသည်။

အဆိုပါ Home Garden စိုက်ပျိုးနိုင်ရန် အခမဲ့ဖြန့်ဝေပေးသော ဟင်းသီးဟင်းရွက်မျိုးစေ့များမှာ သခွား၊ ခရမ်း၊ ချဉ်ပေါင်၊ ရုံးပတီသီး၊ ခရမ်းကသော့(ဖြူ+စိမ်း)၊ ဘူး(ရှည်+ဝိုင်း)၊ ရှောက်ချိုပွ၊ တိုင်လွတ်ပဲ၊ တိုင်ထောင်ပဲ၊ ရှောက်မိုးထောင်၊ ကြက်ဟင်းခါးသီး၊ ဟင်းနုနယ်၊ မုန်ညင်းစိမ်း၊ ကိုက်လန်၊ ကန်စွန်းရွက်၊ မုန်ညင်းဖြူ၊ ခရမ်းသီး၊ မုန်လာဥနီ၊ မုန်လာဥဖြူ၊ ရွှေပဲရွက်၊ ပဲတောင့်ရှည်၊ ဗိုလ်စားပဲ၊ ပဲမျိုးစုံ၊ ဖရုံ၊ နံနံပင်၊ သင်္ဘော၊ ဂေါ်ဖီထုပ်၊ ဆလတ်၊ ပန်းဂေါ်ဖီစိမ်း စသည်တို့ကို ရှမ်းပြည်နယ် (တောင်ပိုင်း)၊ (မြောက်ပိုင်း)၊ (အရှေ့ပိုင်း) ရှိ ခရိုင်များသို့ အခမဲ့ပေးပို့ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**



## ဒေသထွက်ကြက်သွန်ဖြူများ ဈေးကောင်း ကြက်သွန်ဖြူစိုက်ပျိုးသူများ အဆင်ပြေ

**ပင်လည်ဘူး မေ ၁**
စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့၌ ဒေသထွက်ကြက်သွန်ဖြူများ ဈေးကောင်းရောင်းရ၍ ကြက်သွန်စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း ကြက်သွန်ဖြူစိုက်ပျိုးရောင်းချသူများထံမှ သိရသည်။

ပင်လည်ဘူးမြို့နယ်တွင် ကြက်သွန်များကို မိုးစပါးရိတ်သိမ်းပြီးချိန် လယ်ကွက်များအတွင်းနှင့် နုန်းမြေစိုက်ခင်းများအတွင်း ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် စတင်စိုက်ပျိုးကြကြောင်း၊ ကြက်သွန်များစိုက်ပျိုးရာတွင် လယ်ကွက်ထဲရှိစပါးရိတ်ပြီးသား အပင်ငုတ်များကိုပြန်လည်ရိတ်သိမ်းခုတ်ထွင်ပြီး မြေကြီးပျော့ထဲသို့ ကြက်သွန်အတက်များကို တစ်ခုနှင့်တစ်ခုကြား ခြောက်လက်မခြားကာ စိုက်ကြကြောင်း၊ စိုက်ပြီးသားကြက်သွန်အတက်များကို စပါးခြွေပြီးသား စပါးပင်ကောက်ရိုးများဖြင့် ရက်ပေါင်း ၁၀၀ ကျော်ဖုံးအစိုက်ပျိုးထားကြပြီး ဧပြီလတွင် နုတ်ယူကြကြောင်း၊ ကြက်သွန်ဖြူအပြင် ကြက်သွန်နီကိုလည်းစိုက်ပျိုးကြကြောင်း၊ ပင်လည်ဘူးမြို့နယ်တွင် ကြက်သွန်ဖြူကို အများဆုံးစိုက်ပျိုးကြပြီး ယခုနှစ်တွင် ကြက်သွန်ဖြူမှာ ဈေးကောင်းရောင်းရကြောင်း မံစီလေးကျေးရွာမှ ကြက်သွန်စိုက်တောင်သူတစ်ဦးထံမှသိရသည်။

ပင်လည်ဘူးမြို့နယ်တွင် ယခင်နှစ်က ဒေသပေါက်ဈေး တစ်ပိဿာကို ကျပ် ၅၀၀ မှ ၈၀၀ သာရောင်းကြရပြီး ယခုနှစ်တွင် ကြက်သွန်ဖြူ အလုံးအကြီး၊ အသေး ရွေးပြီး အရွယ်အစားအလိုက် တစ်ပိဿာကို ကျပ် ၁၅၀၀ မှ ၃၀၀၀ ထိ ရောင်းချရကြောင်း၊ ကြက်သွန်နီမှာလည်း တစ်ပိဿာကို ကျပ် ၆၀၀ မှ ၁၀၀၀ ရောင်းချရကြောင်း ယခုနှစ်တွင် ကြက်သွန်ဖြူဈေးကောင်း၍ ကြက်သွန်စိုက်သူများ အဆင်ပြေကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

## မတ်ပဲ၊ ရွှေဝါပဲများ အထွက်နှုန်းနည်း ဈေးကွက်သို့ မတင်ပို့ဘဲ သိုလှောင်သူများ

**ချောင်းဆုံ မေ ၁**
မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ လယ်ဧကများတွင် နှစ်စဉ်မိုးစပါးရိတ်သိမ်းပြီးသည်နှင့် မတ်ပဲ၊ ရွှေဝါပဲများကို နှစ်သီးစားစိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် ပဲအထွက်နှုန်းနည်းပါးသည့်အတွက် ဈေးကွက်သို့ ပဲတင်ပို့သူနည်းပါးပြီး သိုလှောင်သိမ်းဆည်းထားကြကြောင်း သိရသည်။

ယခုနှစ်တွင် ပဲစိုက်ပျိုးချိန် တစ်ဧကလျှင် သုံးတင်းမှ ငါးတင်းနှုန်းသာထွက်ရှိပြီး ကာလပေါက်ဈေးအရ တစ်တင်းလျှင်ငွေကျပ် ၃၀၀၀၀ နှုန်းရရှိကြောင်း ပဲစိုက်တောင်သူ ဦးထွန်းသိန်းက ပြောသည်။

ချောင်းဆုံမြို့နယ်တွင် မတ်ပဲ၊ ရွှေဝါပဲ၊ ဂျပန်ပဲများကို မြေဆီလွှာပေါ်မူတည်ပြီး စိုက်ပျိုးရာတွင် ရာသီဥတုအနေအထားအရ အစိုဓာတ်ခန်းခြောက်သည့်အတွက် အထွက်နှုန်းနည်းပြီး ပဲဈေးကွက်မှာ ပဲအထွက်နှုန်းနည်းခြင်းကြောင့် ကုန်သည်များက ဝယ်လှောင်ခြင်းများရှိကြောင်း၊ ပဲဝယ်ယူရာတွင် ဒေသပေါက်ဈေးအရ မတ်ပဲတစ်ပိဿာလျှင် ကျပ် ၁၅၀၀၊ ရွှေဝါတစ်ပိဿာလျှင် ကျပ် ၁၇၀၀ ဖြင့် ဝယ်ယူနေရကြောင်း၊ ယခုအခါ ပဲဈေးတက်မည့်အလားအလာပေါ်မူတည်ပြီး သိုလှောင်သူများရှိနေကြောင်း ပဲသိုလှောင်သူ ဦးဝင်းလှက ပြောသည်။

ချောင်းဆုံမြို့နယ်တွင် ကော့မုပွန်၊ ကညော့်ကျေးရွာများတွင် အများဆုံး စိုက်ပျိုးရပြီး အများစုမှာ မတ်ပဲ၊ ရွှေဝါပဲများ စိုက်ပျိုးကြကာ ယခုအခါ ရာသီဥတုအခြေအနေအရ ပဲအထွက်နှုန်းလျော့နည်းလျက်ရှိကြောင်း၊ အလုပ်သမားအခက်အခဲများနှင့် စက်ကိရိယာရှားပါးမှုများရှိခြင်းကြောင့် ပဲအထွက်နှုန်းလျော့နည်းရခြင်းဖြစ်ကြောင်း ပဲစိုက်တောင်သူများထံမှ သိရသည်။ **ထူးအိမ်(ပြန်/ဆက်)**

## ရှင်မတောင်ဒေသ အထူးစိမ်းလန်းစိုပြည်ရေး မိုးရာသီစိုက်ပျိုးရန် ပျိုးပင် ၇၃၅၈၀ ပျိုးထောင်



**ရေစကြို မေ ၁**
မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရှင်မတောင်ဒေသအထူးစိမ်းလန်းစိုပြည်ရေးနယ်မြေ မိုးရာသီကာလအတွင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် ပျိုးပင်ပေါင်း ၇၃၅၈၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ရေစကြိုမြို့နယ် ရှင်မတောင်ဒေသ အထူးစိမ်းလန်းစိုပြည်ရေးအတွက် ရေရှည်စီမံကိန်းများချမှတ်ကာ ယခုနှစ်တွင် ကျေးရွာသုံးထင်းစိုက်ခင်းဧက ၅၀ ပျိုးပင်ပေါင်း ၂၇၀၀၀၊ အခြားစိုက်ခင်း ၂၅ ဧက ပျိုးပင်ပေါင်း ၃၀၂၅၀၊ တောထိန်းကွက်လပ်ဖြည့် စိုက်ပျိုးမည့် ပျိုးပင် ၇၀၀၀ နှင့် အထူးစိမ်းစိုက်ပျိုးမည့်ပျိုးပင် ၂၀၀၀ စုစုပေါင်းပျိုးပင် ၆၆၂၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ရေစကြိုမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ တောအုပ်ကြီးဦးအောင်လင်းထက်က ရှင်းပြသည်။

ထို့ပြင် ရေစကြိုမြို့နယ် အောင်နန်းကျေးရွာဘက်စုံသုံးတစ်ဧကယူကလစ်ပင် ၆၀၀၊ တစ်အိမ်ထောင်ကျွန်းပျိုးပင် သုံးပင်အတွက် အပင် ၆၃၀၊ သစ်မာပင် ၂၀၊ ယူကလစ်ပင် ၃၅၇၀၊ လျှော်ဖြူပင် ၆၃၀ တို့ကို ပေးအပ်သွားမည်ဖြစ်ပြီး လူထုပညာပေး ဟောပြောပွဲများတွင်ဖြန့်ဝေရန် လျှော်ဖြူပင် ၁၅၀၀ နှင့် စန္ဒကူးပင် ၄၀၀ကို ကျေးရွာ ၁၃ ရွာအတွက် ပျိုးပင်ပေါင်း ၇၃၃၀ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ရေစကြိုမြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သိရသည်။

**ကိုထိန် (ငါ့သရောက်)**

## ဂန္ဓမာပန်းစိုက်တောင်သူများ ရောင်းအားကျ

**ကျွန်းလှ မေ ၁**
စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ဂန္ဓမာပန်းစိုက်တောင်သူများ ရောင်းအားကျဆင်း၍ အခက်တွေ့နေကြောင်း သိရသည်။

"ဂန္ဓမာပန်းစိုက်ပျိုးလာခဲ့တာ ၁၀ နှစ်ကျော်ရှိပါပြီ၊ ပန်းမျိုးကို ပြင်ဦးလွင်ကမှာယူပြီး အပင် ရေ ၁၀၀၀၀ ကျော်စိုက်ပျိုးထားပါတယ်။ ထွက်ရှိတဲ့ပန်းတွေကို မြို့တွင်းရောင်းချတဲ့ဈေးသည်တွေက လက်တစ်ဆုပ်တစ်စည်းကို ငွေကျပ် ၂၀၀ နှုန်းနဲ့ ဖောက်သည်လာယူတဲ့အတွက် တစ်နေ့ငွေကျပ် ၁၀၀၀၀၊ ၂၀၀၀၀ ဖိုးရောင်းရပါတယ်။ အခုအချိန်မှာ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်နေ့ငွေကျပ် ၁၅၀၀၊ ၂၀၀၀ ဖိုးလောက်ပဲရောင်းရပြီး ရောင်းအားမကောင်းလို့ အခက်တွေ့နေပါတယ်" ဟု အင်ကြင်းမြိုင်ရပ်ကွက် ပန်းစိုက်သူ ဦးလှဌေးက ပြောသည်။

"ဂန္ဓမာပန်းတွေကို ဖောက်သည်ယူပြီး စည်ပင်သာယာဈေးမှာ ပြန်လည်ရောင်းချပါတယ်။ အရင်က ပန်းတစ်စည်းငွေကျပ် ၂၀၀ နှုန်းပေးရပြီး ငွေကျပ် ၄၀၀ နဲ့ရောင်းရပါတယ်။ အခုအခါ ပန်းတစ်စည်းကို ငွေကျပ် ၂၅၀၊ ၃၀၀ သာရောင်းရပါတယ်" ဟု ပန်းရောင်းသူ ဒေါ်အေးက ပြောသည်။

ဂန္ဓမာပန်းကို မိမိတို့နေအိမ်များအတွင်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးရာမှ ခြံများဖြင့် စီးပွားဖြစ်စိုက်လာကြကြောင်း၊ မိုးရာသီတွင် အဓိကစိုက်ပျိုးကြသော်လည်း ယခုအခါ နွေ၊ မိုး၊ ဆောင်း ရေတင်စနစ်ဖြင့် စိုက်ပျိုးခြင်းကြောင့် ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိနေကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**



# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းသုံး တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံနှင့် အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**တနင်္သာရီ မေ ၁**

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံနှင့် အထောက်အကူပြုပစ္စည်းများ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။



ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက လှူဒါန်းပေးပို့သော တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံအပြည့် ၁၅စုံ၊ နှာခေါင်းစည်းအခု ၅၀၀၊ လက်သန့်ဆေးရည် ၅၀၀ မီလီမီတာ သုံးဘူး၊ လက်သန့်ဆေးရည် ၂၀ လီတာ နှစ်ဘူး၊ အရက်ပြန် ၁၀၀ မီလီမီတာ ဘူး ၆၀၊ သာမိုမီတာသုံးခုနှင့် ကာဘော်လစ်ဆပ်ပြာအတောင့် ၂၀ တို့အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်းက လွှဲပြောင်းပေးအပ်ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ အောင်သိုက်ထွန်းနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

အဆိုပါ လှူဒါန်းပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း၊ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်း၏ မြိတ်ခရိုင်တာဝန်ခံ ဒေါ်မြတ်မြတ်အိနှင့် ဦးတင်ထွန်းလင်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ အောင်သိုက်ထွန်းနှင့်သူနာပြုဆရာမကြီးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

❖

# ကောလင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျ ကူညီဆောင်ရွက်နိုင်ရေး သင်တန်းဖွင့်

**ကောလင်း မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျကူညီဆောင်ရွက်နိုင်ရေးအတွက် သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက ဇာတိမာန်ခန်းမ၌ ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲတွင် အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်သိန်းတို့က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းပို့ချမည့်အဖွဲ့ခေါင်းဆောင် ဒေါက်တာပြည့်ဖြိုးမောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များနှင့် သင်တန်းတွင် ပို့ချမည့်အကြောင်းအရာတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူဝင်းနှင့်ဦးတင်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာတာဝန် ရှိသူများနှင့်လူမှုရေးအသင်းအဖွဲ့များမှ သင်တန်းသား ၅၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

❖

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် World Vision က အထောက်အကူပြု ဆေးရုံသုံးပစ္စည်းများ လာရောက်လှူဒါန်း

**လှိုင်းဘွဲ့ မေ ၁**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် World Vision(ANCP) အဖွဲ့က ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် လိုအပ်သော အထောက်အကူပြု ဆေးရုံသုံးပစ္စည်းများကို ယမန်နေ့က မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနသို့ လာရောက်လှူဒါန်းခဲ့သည်။



ထိုသို့ လှူဒါန်းရာတွင် လှိုင်းဘွဲ့မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လျင်မြန်လွယ်ကူစေရန်နှင့် ထိရောက်စေရန် လိုအပ်နေသော ကျန်းမာရေးအသုံးအဆောင်ပစ္စည်းများနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် World Vision က တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ၊ နှာခေါင်းစည်း၊ ခေါင်းစွပ်၊ လက်အိတ်၊ ဖိနပ် ငါးမျိုးပါ အစုံ ၂၀၀ နှင့် နှာခေါင်းစည်း ၂၀၀၊ N-95 နှာခေါင်းစည်း ၂၀၀၊ လက်အိတ် ၂၀၀၊ လက်သန့်ဆေးရည်ဘူး ၅၀ တို့ကို လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# မြို့သစ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် အလှူငွေများလှူဒါန်း

**မြို့သစ် မေ ၁**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပညာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် ယမန်နေ့ မွန်းလွဲ ပိုင်းက အလှူငွေကျပ် ၁၇၁၅၀၀၀ ကို မြို့နယ်အဆင့် ကိုဗစ် -၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ကော်မတီသို့ လာရောက်လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာတွင် မြို့နယ်ဒုတိယပညာရေးမှူး ဦးမင်းနိုင်ကြွယ်နှင့် ပညာရေးဝန်ထမ်းများက မြို့နယ်အတွင်း ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် အလှူငွေကျပ် ၁၇၁၅၀၀၀ ကို လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသန်းဆွေ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဆန်းဝင်း၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးခင်ထွန်း၊ မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်တို့က လက်ခံရယူခဲ့ကြောင်း သိရသည်။ **ဝင်းအိဇွန်(ပြန် / ဆက်)**




# တန့်ယန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လက်ဆေးဘေစင် ၃၃ ခု တပ်ဆင်

**တန့်ယန်း မေ ၁**

ကိုဗစ်-၁၉ ရောဂါကာလအတွင်း ကျေးလက်နေပြည်သူများ ကျန်းမာရေး အထောက်အကူပြုစေရန်အတွက် တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်တို့ပူးပေါင်းပြီး မြို့နယ်အတွင်းရှိ ကျေးရွာကိုးရွာနှင့် မြို့ပေါ်ရှိ လူစည်ကားသည့် နေရာများ၌ လက်ဆေးဘေစင် ၃၃ ခုနှင့် ဆက်စပ်ပစ္စည်းများကို တပ်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လက်ဆေးဘေစင်များ တပ်ဆင်ပေးရာတွင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် ဝန်ထမ်းများက မြို့နယ်အတွင်း လူစည်ကားရာ နေရာများဖြစ်သည့် မြို့မဈေးသစ်၊ ပြည်သူ့ဆေးရုံ၊ မြို့အဝင်၊ အထွက်ဂိတ်၊ ဌာနဆိုင်ရာရုံးများနှင့် ကျေးရွာကိုးရွာရှိ အများနှင့် သက်ဆိုင်သည့် နေရာများ၌ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မင်းမြင့်မိုရ်**



# စေတုတ္တရာမြို့နယ်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ပထမအကြိမ်ပေးအပ်ပွဲကျင်းပ

**စေတုတ္တရာ မေ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ပထမအကြိမ်ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ကျင်းပသည်။




စေတုတ္တရာမြို့နယ်အတွင်း ကျေးလက်ဒေသများတွင် လမ်း၊ တံတား၊ သောက်သုံးရေ ရရှိရေး အစရှိသည့် လုပ်ငန်းများအပါအဝင် စီမံကိန်းလုပ်ငန်းများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သန်း ၁၀၀ မှ ကျေးရွာ ၂၃ ရွာသို့ ပထမအကြိမ် ထောက်ပံ့ပေးအပ်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်၊ တိုင်းဒေသကြီး (၁)လွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုဦး၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးရွာ ၂၃ ရွာမှ အုပ်ချုပ်ရေးမှူးများထံသို့ လုပ်ငန်းအလိုက် ရန်ပုံငွေများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ခင်သန်းလှိုင်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး စဉ့်ကိုင်မြို့နယ် ပြည်သူ့စာကြည့်တိုက်၌ ပိုးသတ်ဆေးဖျန်း

**စဉ့်ကိုင် မေ ၁**

ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ယမန်နေ့ ညနေ ၆ နာရီက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဆောင်ရွက်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်သို့ ဝင်/ထွက်သွားလာလျက်ရှိသည့် စာပေဝါသနာရှင်များ ကိုဗစ် -၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ပျံ့နှံ့မှုအန္တရာယ်မှ ကင်းဝေးစေရန် ရည်ရွယ်၍ လူထုအခြေပြုဗဟိုဌာနခန်းမ၊ ပြတိုက်ငယ်၊ ရုံးခန်း၊ ကွန်ပျူတာခန်း၊ စာကြည့်ခန်းရှိစာအုပ်ဗီရိုများ၊ စာအုပ်များ၊ ကလေးစာဖတ်ခန်း၊ ကလေးကစားကွင်း၊ ရုံးတွင်း/ ရုံးပြင် မြေစိုက်နံရံကပ်ပြဘုတ်များ၊ လူဝင်၊ လူထွက်များသည့်နေရာများအား မြို့နယ်မီးသတ်ဦးစီးမှူးဦးကျော်ဇေယျနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ပိုးသတ်ဆေးဖျန်းပေးခဲ့ကြောင်း သိရသည်။

**ဝင်းဝင်းသန်း(စဉ့်ကိုင်)**

# Chinese 8 Ball ပြိုင်ပွဲတွင် နိုင်ပွဲဆက်နေသည့် ဘုန်းမြင့်ကျော် (ခ) မောင်မောင်အား မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်က ဂုဏ်ပြုဆုချီးမြှင့်

**ရန်ကုန် မေ ၁**

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သည် တရုတ်နိုင်ငံ၌ ကျင်းပနေသည့် Chinese 8 Ball ပြိုင်ပွဲတွင် နိုင်ပွဲဆက်နေသည့် မြန်မာ့လက်ရွေးစင် Pool ကစားသမား ဘုန်းမြင့်ကျော် (ခ) မောင်မောင် (ခ) အားတီကို ဂုဏ်ပြုဆုချီးမြှင့်ခဲ့သည်။

**နိုင်ပွဲများထပ်မံရရှိရန် ကြိုးစား**

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သည် ဘုန်းမြင့်ကျော်ကို ဒေါ်လာ ၁၀၀၀ ဂုဏ်ပြုဆုချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး ဘုန်းမြင့်ကျော်ကလည်း ယင်းကဲ့သို့ ဂုဏ်ပြုချီးမြှင့်အသိအမှတ်ပြုခဲ့သည့်အတွက် ဝမ်းမြောက်ကြောင်းနှင့် လာမည့်ပွဲများတွင်လည်း နိုင်ပွဲများထပ်မံရရှိရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမင်းနိုင်၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များသည် အဖွဲ့ချုပ်ရန်ပုံငွေမှ ဘုန်းမြင့်ကျော်အား ဂုဏ်ပြုဆုချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး လာမည့်ပွဲများတွင် ထပ်မံအနိုင်ရပါကလည်း ဆုများထပ်မံချီးမြှင့်သွားမည်ဖြစ်သည်။

"ဒီလိုမျိုး ကစားသမားရှစ်ဦးနဲ့ ယှဉ်ပြိုင်ရတဲ့ပြိုင်ပွဲမှာ ယှဉ်ပြိုင်ခွင့်ရတာ အင်မတန်ဂုဏ်ယူဖို့ ကောင်းသလို နှစ်ပွဲဆက်အနိုင်ရထားတဲ့အတွက်လည်း သူ့ကို ချီးကျူးဂုဏ်ပြုချင်ပါတယ်။ ဒါကြောင့် အဖွဲ့ချုပ်ရန်ပုံငွေထဲက ဂုဏ်ပြုခဲ့တာ ဖြစ်ပါတယ်။ နောက်ပွဲတွေမှာ အနိုင်ရရင်လည်း ဂုဏ်ပြုသွားမှာပါ။ အခုလို ဂုဏ်ပြုခံရတဲ့အတွက် သူလည်းဝမ်းသာနေပါတယ်" မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမင်းနိုင်က ပြောကြားခဲ့သည်။ ယင်းပြိုင်ပွဲတွင် ဘုန်းမြင့်ကျော်နှင့်အတူ တရုတ်ကစားသမားခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်နေပြီး ဘုန်းမြင့်ကျော်သည် ဧပြီ ၂၈ ရက်က ကစားသည့်ပထမပွဲတွင် ယူဟိုင်ထောင်ကို ၂၁ ပွဲ-၁၇ ပွဲ၊ ဧပြီ ၂၉ ရက်က ယှဉ်ပြိုင်ကစားသည့် ဒုတိယပွဲတွင် လီဘိုကို ၂၁ ပွဲ-၁၇ ပွဲဖြင့် အနိုင်ရထားသည်။

ဘုန်းမြင့်ကျော်သည် နှစ်ပွဲအနိုင်ရထားသောကြောင့် ရမှတ် ၁၂၀၀ ရရှိထားပြီး ပြိုင်ပွဲကျင်းပရေးက ချီးမြှင့်သည့် ဆုကြေးငွေ တရုတ်ယွမ် ၂၀၀၀၀ (မြန်မာငွေကျပ်သိန်း ၄၀) ရရှိထားသည်။




ဘုန်းမြင့်ကျော်သည် မေ ၃၊ ၅ ရက်တွင် ပထမအဆင့် ပွဲစဉ်နှစ်ပွဲဆက် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- Ko Ar Ti Facebook



# အင်္ဂလန်ဂိုးသမားဟောင်း ဂျိုးဟက် လိဒ်စ်ယူနိုက်တက်ကို ပြောင်းရွှေ့ကစားဖွယ်ရှိနေ

အင်္ဂလန်လက်ရွေးစင်အသင်းရဲ့ ဂိုးသမားဟောင်းတစ်ဦးဖြစ်တဲ့ ဂျိုးဟက်ဟာ လာမယ့်နွေရာသီဈေးကွက်အတွင်း လိဒ်စ်ယူနိုက်တက်အသင်းကို ပြောင်းရွှေ့ကစားဖို့ ရှိနေတယ်လို့ သိရပါတယ်။ ချန်ပီယံရှစ်ကလပ် လိဒ်စ်ယူနိုက်တက်အသင်းကလည်း လက်ရှိဂိုးသမား ကီကိုကာဆီလ်လာအသင်းကနေ ထွက်ခွာသွားမယ်ဆိုရင် အသင့်ထည့်သွင်းကစားနိုင်ဖို့အတွက် ဝါရင့်ဂိုးသမားတစ်ဦးကို ခေါ်ယူဖို့ စီစဉ်နေတာလည်းဖြစ်ပါတယ်။

ဂိုးသမားဂျိုးဟက်ဟာ အသက် ၃၃ နှစ်အရွယ်ရှိပြီဖြစ်ပြီး တစ်ပတ်လုပ်ခလစာပေါင် ၇၀၀၀၀ နဲ့ ဘန်လေအသင်းနဲ့ ချုပ်ဆိုထားတဲ့ နှစ်နှစ်စာချုပ်သက်တမ်းဟာလည်း ဇွန်လကုန်မှာကုန်ဆုံးမှာဖြစ်လို့ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ဘန်လေအသင်းကနေ ထွက်ခွာဖို့ရှိနေတာဖြစ်ပါတယ်။

၂၀၁၆ ခုနှစ်မှာ မန်စီးတီးအသင်းကို နည်းပြဂွာဒီယိုလာ ရောက်ရှိလာခဲ့ပြီးနောက် ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးခဲ့ရတဲ့အပြင် တိုရီနိုအသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့မှာ အငှားနဲ့သွားရောက်ကစားခဲ့ရတာဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်မှာတော့ မန်စီးတီးအသင်းကနေ ဘန်လေအသင်းကို ပြောင်းရွှေ့ကြေးပေါင် ၃ ဒသမ ၅ သန်းနဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

# ရီးယဲလ်ဘတ်တစ်ကွင်းလယ်လူ နာဘီလ်ဖီကာကို အာဆင်နယ်အသင်း ခေါ်ယူဖို့ ပစ်မှတ်ထားနေ

အာဆင်နယ်အသင်းဟာ ရီးယဲလ်ဘတ်တစ်အသင်းရဲ့ ကွင်းလယ်ကစားသမား နာဘီလ်ဖီကာကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။ နာဘီလ်ဖီကာဟာ ပြီးခဲ့တဲ့နွေရာသီဈေးကွက်အတွင်းက လိုင်ယွန်အသင်းကနေ လီဗာပူးအသင်းဆီကို ပြောင်းရွှေ့ကစားဖို့ နီးစပ်ခဲ့သူဖြစ်ပြီး ပြင်သစ်ကြယ်ပွင့် နာဘီလ်ဖီကာရဲ့ ဒဏ်ရာပြဿနာကြောင့် လီဗာပူးအသင်းနဲ့ လိုင်ယွန်အသင်းတို့အကြား သဘောတူညီမှုပျက်ခဲ့ရပြီး နောက်ဆုံးမှာ လိုင်လီအသင်းကနေ ရီးယဲလ်ဘတ်တစ်အသင်းကို ပြောင်းရွှေ့ကြေးပေါင် ၁၇ သန်းနဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။


ကွင်းလယ်ကစားသမား နာဘီလ်ဖီကာဟာ အခုနှစ်ဘောလုံးရာသီမှာ ရီးယဲလ်ဘတ်တစ်အသင်းနဲ့အတူ လာလီဂါပွဲစဉ် ၂၂ ပွဲ ပါဝင်ကစားပေးထားကာ သွင်းဂိုး ခုနစ်ဂိုး သွင်းယူပေးထားတာလည်း ဖြစ်ပါတယ်။ ဒါကြောင့် အာဆင်နယ်အသင်းက ကွင်းလယ်ကစားသမား နာဘီလ်ဖီကာကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပြီး နာဘီလ်ဖီကာကတော့ စပိန်မြေမှာပဲ ဆက်ကစားဖို့ ဆုံးဖြတ်ထားတယ်လို့ သိရပါတယ်။



လက်ရှိမှာ ကွင်းလယ်ကစားသမား နာဘီလ်ဖီကာကို ခေါ်ယူဖို့အတွက် နယူးကာဆယ်အသင်း၊ အေစီမီလန်အသင်းနဲ့ အာဆင်နယ်အသင်းတို့က စိတ်ဝင်စားနေတာဖြစ်ပါတယ်။ ဘာစီလိုနာအသင်းနဲ့ ရီးယဲမက်ဒရစ် အသင်းတို့ကလည်း နာဘီလ်ဖီကာကို ခေါ်ယူဖို့ ပစ်မှတ်ထား နေပြီး ရီးယဲလ်ဘတ်တစ် အသင်းကလည်း ကွင်းလယ်ကစားသမား နာဘီလ်ဖီကာကို ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖြစ်ပေါ်ခဲ့တဲ့ သက်ရောက်မှုတွေရခဲ့တာဖြစ်လို့ ရောင်းချဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

ရီးယဲလ်ဘတ်တစ်အသင်းက အသက် ၂၆ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား နာဘီလ်ဖီကာကို ခေါ်ယူဖို့ စီစဉ်နေတဲ့အပြင် ပြောင်းရွှေ့ကြေးပေါင် သန်း ၃၀ ရရှိမယ်ဆိုရင် ရောင်းချသွားမယ်လို့ ဆိုပါတယ်။

# ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြင်သစ်ပထမတန်းပြိုင်ပွဲ ဖျက်သိမ်းလိုက်ရသဖြင့် ပီအက်စ်ဂျီအသင်း ချန်ပီယံဖြစ်လာ




ကမ္ဘာတစ်ဝန်းမှာ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုတွေကြောင့် မတ်လအစပိုင်းကတည်းက ဥရောပတစ်ဝန်းကျင်းပနေတဲ့ ဘောလုံးပြိုင်ပွဲတွေကို ရပ်နားထားခဲ့ရသလို လက်ရှိအချိန်မှာလည်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုဟာ ရပ်တန့်သွားခြင်းမရှိသေးတာမို့ ပြင်သစ်ပထမတန်းပြိုင်ပွဲကို ဖျက်သိမ်းလိုက်တာကြောင့် လက်ရှိအမှတ်ပေးဇယားရဲ့ထိပ်ဆုံးမှာ ရပ်တည်နေတဲ့ ပီအက်စ်ဂျီအသင်းက ချန်ပီယံဖြစ်လာခဲ့ပါတယ်။

**ချန်ပီယံဖြစ်လာခဲ့**

ပြင်သစ်နိုင်ငံရဲ့ တာဝန်ရှိသူတွေအနေနဲ့ နိုင်ငံအတွင်းကျင်းပလျက်ရှိတဲ့ အားကစားပြိုင်ပွဲအားလုံးကို အနည်းဆုံး စက်တင်ဘာလအထိ ရပ်ဆိုင်းထားဖို့ ကြေညာခဲ့တာဖြစ်တာကြောင့် လက်ရှိပြင်သစ်ပထမတန်းပြိုင်ပွဲရဲ့ အမှတ်ပေးဇယားမှာ ထိပ်ဆုံးက ၁၂ မှတ်ဖြတ်ပြီး ဦးဆောင်နေတဲ့ ပီအက်စ်ဂျီအသင်းက ချန်ပီယံဖြစ်လာခဲ့တာဖြစ်ပါတယ်။

ပြင်သစ်ပထမတန်းပြိုင်ပွဲဟာ ကစားဖို့ ၁၁ ပွဲ ကျန်ရှိနေသေးတာဖြစ်ပြီး ပီအက်စ်ဂျီအသင်းဟာ အမှတ်ပေးဇယားဒုတိယနေရာနဲ့ တတိယနေရာတွေမှာ အသီးသီးရပ်တည်နေတဲ့ မာဆေးလ်အသင်း၊ ရင်းနက်စ်အသင်းတို့နဲ့အတူ လာမယ့်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိမှာလည်း ဖြစ်ပါတယ်။

လိုင်လီအသင်းနဲ့ နိုက်စ်အသင်းတို့ကတော့ လာမယ့်ဘောလုံးရာသီမှာ ယူရိုပါလိဂ်ဝင်ခွင့်ရရှိမှာလည်းဖြစ်ပါတယ်။ အေမီယန်အသင်းနဲ့ တူးလော့အသင်းတို့ကတော့ ပြင်သစ်ပထမတန်းပြိုင်ပွဲမှာ အဆင့် ၁၉ နဲ့ အဆင့် ၂၀ အသီးသီးရပ်တည်နေတာဖြစ်တဲ့အတွက် လိဂ်တူးကို တန်းဆင်းသွားခဲ့ရပြီဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ အခုနှစ်ဘောလုံးရာသီမှာ ပြင်သစ်ပထမတန်း ချန်ပီယံဖြစ်ခဲ့တာကြောင့် နောက်ဆုံးကစားခဲ့တဲ့ ဘောလုံးရာသီခုနစ်ရာသီမှာ ခြောက်ကြိမ်အထိ ချန်ပီယံဖြစ်ခွင့်ရရှိခဲ့တာဖြစ်ပြီး အခုနှစ်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ချန်ပီယံဖြစ်လာဖို့လည်း ရေပန်းစားနေတဲ့အသင်းပဲ ဖြစ်ပါတယ်။

**ငွေကြယ်- ရေးသားသည်**

# ချစ်သူဟောင်းနဲ့ ပြန်လည်လက်တွဲနေပြီလို့ သတင်းတွေ ထွက်လာတဲ့ ဆောင်းဆန်ဟွန်း

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ဆောင်းဆန်ဟွန်းဟာ တရုတ်မင်းသမီး လျူရီဖိုင်နဲ့ ချစ်သူတွေအဖြစ် အချိန်အတော်ကြာ လက်တွဲခဲ့ကြတာကို ပရိသတ်တွေက မှတ်မိနေကြဆဲပါ။ လတ်တလောမှာ သူတို့နှစ်ဦး ပြန်လည်လက်တွဲနေပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆောင်းဆန်ဟွန်းဟာ တရုတ်ရုပ်ရှင်အချို့မှာ ပါဝင်ခဲ့သူပါ။ သူဟာ တရုတ်ပရိသတ်တွေလည်း များစွာရှိသူဖြစ်ပြီး သူ့မှာ တရားဝင် ဝီဘိုအကောင့်လည်း ရှိပါတယ်။ မေ ၂၉ ရက်မှာ ဆောင်းဆန်ဟွန်းဟာ ချစ်သူဟောင်း လျူရီဖိုင်ရဲ့ ဝီဘိုအကောင့်မှာ ဖော်ပြခဲ့တဲ့ ဓာတ်ပုံနဲ့ စာသားအချို့ရဲ့ အောက်မှာ ကြိုက်နှစ်သက်ကြောင်း ဖော်ပြခဲ့တာကြောင့် သူတို့နှစ်ဦး အဆက်အသွယ်မပြတ်သေးဘဲ ချစ်သူတွေအဖြစ် ပြန်လည်လက်တွဲနေကြောင်း သတင်းတွေလည်း ထွက်လာခဲ့ပါတယ်။

ဒီလိုသတင်းတွေ ပေါ်ထွက်ပြီးနောက်နေ့မှာ ဆောင်းဆန်ဟွန်းရဲ့ ဖျော်ဖြေရေးအေဂျင်စီက ပြန်လည်ရှင်းချက်ထုတ်ခဲ့ပါတယ်။ အေဂျင်စီရဲ့ ပြောကြားချက်အရ ဒါဟာ ဝန်ထမ်းတစ်ဦးရဲ့ အမှားကြောင့်ဖြစ်ပြီး ဆောင်းဆန်ဟွန်းရဲ့ ဇာတ်လမ်းတွဲသစ်အတွက် ပိုစတာဓာတ်ပုံကို ဝီဘိုပေါ်မှာ ဖော်ပြခဲ့ရမှာ မတော်တဆ လျူရီဖိုင်ရဲ့ဓာတ်ပုံကို ကြိုက်နှစ်သက်ကြောင်း ဖော်ပြမိခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ဒါ့အပြင် အေဂျင်စီရဲ့ ပြောကြားချက်အရ လျူရီဖိုင်ရဲ့ ဖော်ပြချက်တွေကို နှစ်ဦးစလုံးနဲ့ သူငယ်ချင်းဖြစ်နေတဲ့ အကောင့်ကနေတစ်ဆင့် တွေ့မြင်ခဲ့ရကြောင်း၊ လတ်တလောမှာ ပေါ်ထွက်လာတဲ့ ကောလာဟလတွေမှာ မှန်ကန်မှုမရှိကြောင်းလည်း တစ်ပါတည်းပြောကြားခဲ့ပါတယ်။





ဆောင်းဆန်ဟွန်းနဲ့ လျူရီဖိုင်တို့ဟာ တရုတ်-ကိုးရီးယားရုပ်ရှင် The Third Way of Love ကို ရိုက်ကူးရင်း တွေ့ခဲ့ကြတာပါ။ အဆိုပါ ရုပ်ရှင်ရိုက်ကူးပြီး နောက်ပိုင်း ၂၀၁၅ ခုနှစ်အတွင်း သူတို့နှစ်ဦး ချစ်သူတွေအဖြစ် တရားဝင်လက်တွဲခဲ့သူတွေလည်း ဖြစ်ပါတယ်။ သုံးနှစ်ခန့် လက်တွဲခဲ့ပြီးနောက် ၂၀၁၈ ခုနှစ်အတွင်း လမ်းခွဲလိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ကြတာဖြစ်တယ်လို့ သိရပါတယ်။

# တေးအယ်လ်ဘမ်သစ်နဲ့ တေးဂီတဇယားတွေကို ဦးဆောင်နေတဲ့ NCT Dream

တောင်ကိုရီးယား အမျိုးသားတေးဂီတအဖွဲ့ NCT Dream ဟာ နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ တေးအယ်လ်ဘမ်သစ်နဲ့ ဒေသတွင်း တေးဂီတဇယားတွေသာမက ကမ္ဘာတစ်ဝန်းက iTunes တေးဂီတဇယားတွေကို ဦးဆောင်နေကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

NCT Dream ဟာ မေ ၂၉ ရက်မှာ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ် Reload ကို စတင်ထုတ်လွှင့်ခဲ့ပါတယ်။ အဆိုပါ တေးအယ်လ်ဘမ်ဟာ စတင်ထုတ်လွှင့်သည်မှ ၂၄ နာရီအတွင်း ဒေသတွင်းက iTunes တေးဂီတဇယားတွေမှာ နံပါတ်တစ်နေရာက ရပ်တည်နိုင်ခဲ့ပြီး ကမ္ဘာတစ်ဝန်းမှာရှိတဲ့ အဆိုပါ တေးဂီတဇယားတွေမှာလည်း ထိပ်ဆုံးကနေ နေရာရနေကြောင်း သိရပါတယ်။ လက်ရှိအချိန်မှာ အဆိုပါ တေးအယ်လ်ဘမ်ဟာ နိုင်ငံပေါင်း ၄၉ နိုင်ငံမှာရှိတဲ့ iTunes တေးဂီတဇယားတွေကို ဦးဆောင်ထားနိုင်ကြောင်း သိရပါတယ်။

အဆိုပါ တေးအယ်လ်ဘမ်ဟာ အာရှနိုင်ငံတွေရဲ့ တေးဂီတဇယားတွေကို ဦးဆောင်နိုင်ရုံသာမက ဥရောပ၊ အမေရိကနိုင်ငံတွေရဲ့ iTunes တေးဂီတဇယားတွေကိုလည်း ဦးဆောင်နေပါတယ်။ ဒါ့အပြင် တရုတ်နိုင်ငံရဲ့ ဒစ်ဂျစ်တယ်တေးအယ်လ်ဘမ် ရောင်းချမှုဇယားကိုလည်း ဦးဆောင်နေကြောင်း သိရပါတယ်။




# Revlon ရဲ့ အမှတ်တံဆိပ်ကိုယ်စားလှယ် ဖြစ်လာတဲ့ ဂျက်ဆီကာ

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့ Girls' Generation ရဲ့ အဖွဲ့ဝင်ဟောင်း ဂျက်ဆီကာဟာ လတ်တလောမှာ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် လှုပ်ရှားနေပါတယ်။ ဂျက်ဆီကာဟာ အလှကုန်အမှတ်တံဆိပ်တစ်ခုဖြစ်တဲ့ Revlon ရဲ့ အမှတ်တံဆိပ်ကိုယ်စားလှယ်အဖြစ် လတ်တလောမှာ ခန့်အပ်ခြင်းခံခဲ့ရကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျက်ဆီကာကို Revlon ရဲ့ ကမ္ဘာလုံးဆိုင်ရာ အမှတ်တံဆိပ်ကိုယ်စားလှယ်အဖြစ် ခန့်အပ်လိုက်ကြောင်း အဆိုပါ အလှကုန်ကုမ္ပဏီဘက်က ထုတ်ပြန်ပြောကြားလာတာပါ။ ကေပေ့ါပ်ကြယ်ပွင့်ဟာ အာရှအတွက် ရည်ရွယ်တဲ့ ထုတ်ကုန်တွေသာမကဘဲ နိုင်ငံတကာကို ဖြန့်ချိသွားမယ့် ထုတ်ကုန်တွေအတွက်ပါ ပရိုမိုးရှင်းလုပ်ငန်းတွေ လုပ်ဆောင်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

ဂျက်ဆီကာဟာ အခြားသော ဟောလိဝုဒ် နာမည်ကျော်တွေဖြစ်ကြတဲ့ ဂဲလ်ဂက်ဒေ့၊ ဆိုဖီယာကာဆန်၊ အက်ရှ်လေဂရာဟန် စတဲ့သူတွေနဲ့ တွဲဖက်ကာ Revlon ထုတ်ကုန်တွေအတွက် အမှတ်တံဆိပ်ကိုယ်စားလှယ်အဖြစ် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။





# စံချိန်သစ်တင်လိုက်တဲ့ The World of The Married

တောင်ကိုရီးယားမှာ ထုတ်လွှင့်ပြသလျက်ရှိတဲ့ ဇာတ်လမ်းတွဲရုပ်ရှင် The World of The Married ဟာ ဒေသတွင်းမှာ ကြည့်ရှုသူအများဆုံး ဇာတ်လမ်းတွဲအဖြစ် စံချိန်သစ် တင်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ယခင်က ကြည့်ရှုသူအများဆုံးအဖြစ် စံချိန်တင်ထားခဲ့တဲ့ Sky Castle ရဲ့ စံချိန်ကို ကျော်လွန်နိုင်ခဲ့တဲ့ရုပ်ရှင်ဖြစ်ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

The World of The Married ရဲ့ နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့အပိုင်းမှာ ကြည့်ရှုသူ ၂၅ ဒသမ ၉ ရာခိုင်နှုန်း ရှိခဲ့တာကြောင့် ယခင်က ကြည့်ရှုသူအများဆုံးအဖြစ် စံချိန်တင်ထားတဲ့ Sky Castle ရဲ့ စံချိန်ဖြစ်တဲ့ ၂၄ ဒသမ ၆ ရာခိုင်နှုန်းကို ကျော်လွန်ခဲ့ပါတယ်။

JTBC ရုပ်သံလိုင်းကနေ အပတ်စဉ် သောကြာ-စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိတဲ့ အဆိုပါ ဇာတ်လမ်းတွဲဟာ အိမ်ထောင်ရေးအကြောင်း ရိုက်ကူးပုံဖော်ထားတာ ဖြစ်ပါတယ်။ အမျိုးမျိုးသော အိမ်ထောင်တွေရဲ့ အခြေအနေနဲ့ ရှုပ်ထွေးမှုတွေအကြောင်း ရိုက်ကူးထားပြီး သစ္စာမဲ့မှုတွေလည်း ပါဝင်နေတာကြောင့် လက်ရှိရှုပ်ထွေးလှတဲ့ လောကကို ထင်ဟပ်နိုင်တဲ့ ရုပ်ရှင်ဖြစ်၍ ကြည့်ရှုသူများရတာဖြစ်ကြောင်းလည်း သိရပါတယ်။

# မွေးနေ့မှာ ဘန်အက်ဖ်လက်ခ်နဲ့အတူရှိနေတဲ့ အန်နာဒီအာမက်စ်

ဟောလိဝုဒ်မင်းသမီး အန်နာဒီအာမက်စ်ဟာ လတ်တလောမှာ ကျရောက်ခဲ့တဲ့ သူ့ရဲ့ အသက်(၃၂)နှစ်ပြည့် မွေးနေ့မှာ ချစ်သူဖြစ်တဲ့ မင်းသားကြီး ဘန်အက်ဖ်လက်ခ်နဲ့အတူ ဖြတ်သန်းခဲ့ပြီး သူတို့နှစ်ဦးရဲ့ ဓာတ်ပုံတွေကို လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဧပြီ ၃၀ ရက်မှာ အန်နာဒီအာမက်စ်ဟာ အသက်(၃၂)နှစ်ပြည့်ခဲ့တာဖြစ်ပြီး အဲဒီနေ့မှာ သူနဲ့ ဘန်အက်ဖ်လက်ခ်တို့ရဲ့ ဓာတ်ပုံတွေကို အင်စတာဂရမ်ပေါ်မှာ ဖော်ပြခဲ့တာပါ။ သူဖော်ပြခဲ့တဲ့ ဓာတ်ပုံတွေမှာ နေရာကိုဖော်ပြခဲ့ခြင်းမရှိပေမယ့် နောက်ခံမြင်ကွင်းတွေအရ အဆိုပါနေရာဟာ ကယ်လီဖိုးနီးယားမှာဖြစ်ပြီး သူတို့နှစ်ဦးအတူ အသွားအလာစောင့်ကြပ်ကြည့်ရှုမှုခံယူနေတဲ့ လော့အန်ဂျလိစ်ကနေ နှစ်နာရီခန့် သွားရတဲ့နေရာဖြစ်ကြောင်းလည်း သိရပါတယ်။

အန်နာဒီအာမက်စ်က သူဖော်ပြခဲ့တဲ့ဓာတ်ပုံတွေရဲ့ အောက်မှာ မွေးနေ့နဲ့ ချစ်ခြင်းမေတ္တာတွေအတွက် ကျေးဇူးတင်ရှိကြောင်း၊ နောက်ထပ်နှစ်သစ်တစ်နှစ်ကို ကြိုဆိုကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့တာလည်း တွေ့ရပါတယ်။

# လက်ထပ်တော့မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတဲ့ လင်းမ်

တစ်ချိန်က တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Wonder Girls အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ ဟေလင်းမ်ဟာ လတ်တလောမှာ နှစ်အတော်ကြာလက်တွဲလာခဲ့တဲ့ ချစ်သူနဲ့ လက်ထပ်တော့မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဟေလင်းမ်နဲ့ လက်ထပ်မယ့် သတို့သားဟာ သူနဲ့ ခုနစ်နှစ်ခန့် ချစ်သူတွေအဖြစ် လက်တွဲလာခဲ့တဲ့ အားကစားသမားတစ်ဦးဖြစ်ပြီး ရှင်မင်ချူးလို့ အမည်ရပါတယ်။ သူတို့နှစ်ဦးလက်ထပ်မယ့်နေ့ကို ဟေလင်းမ်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့တာလည်း ဖြစ်ပါတယ်။

ဒီသတင်းကို ဟေလင်းမ်ရဲ့ ဖျော်ဖြေရေးအေဂျင်စီကလည်း အတည်ပြုပြောကြားခဲ့ပြီး မင်္ဂလာအခမ်းအနားကို လာမယ့် ဇူလိုင် ၅ ရက်မှာ ပြုလုပ်မှာဖြစ်ကြောင်းလည်း သိရပါတယ်။

အနေပြည့်

စုစည်းသည်

## ဦးခင်ဝင်း
### မန်နေးဂျင်းဒါရိုက်တာ
### အောင်စကြာကုမ္ပဏီ
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်နေ (ဦးဟတ်လျှောင်)-ဒေါ်ကြင်မြတို့၏ သားငယ်၊ ဦးအောင်စိုး-ဒေါ်မြင့်မြင့်ကြည်၊ (ဦးစွမ်)-ဒေါ်ကြင်အေး၊ ဦးအောင်ရွှေ-ဒေါ်တင်လွှမ်၊ ဦးကြည်ဝင်း-ဒေါ်ရီရီလွင်၊ (ဦးစိုးမြင့်)-ဒေါ်ခင်မေရီ၊ ဦးကြည်လွင်-ဒေါ်အေးတို့၏ မောင်ငယ်/ညီငယ်၊ ဒေါ်နုနုစန်း၏ ခင်ပွန်း၊ ကိုထွန်းမြတ်အောင်၊ မခင်မေဆင့်တို့၏ ကျေးဇူးရှင်မွေးသဖခင်သည် ၂၈-၄-၂၀၂၀ (အင်္ဂါနေ့) နံနက်တွင် နေအိမ်၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
(၂.၅.၂၀၁၉)မှ (၂.၅.၂၀၂၀)
**ဒုတိယဗိုလ်မှူးကြီးသန်းအေး (ငြိမ်း) (ခ) Tommy Than Aye**
**စစ်ဦးစီးမှူး (ပထမတန်း)၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး ကာကွယ်ရေးဝန်ကြီးဌာန**

- တပည့်တွေအပေါ် ညီအစ်ကိုလို ရင်းနှီးဖော်ရွေစွာ ဆက်ဆံခဲ့သော ဆရာ၊
- မကွယ်လွန်မီလပိုင်းအလိုထိ ဘာသာပြန်စာပေများ ရေးသားခြင်းနှင့် နိုင်ငံတော် အကျိုးပြုလုပ်ငန်းများကို စိတ်ရှည်အပင်ပန်းခံ ဆောင်ရွက်ပေးခဲ့သောဆရာ၊
- နှစ်တွေဘယ်လောက်ကြာကြာ ဆရာ့ကို နှမြောတသ သတိရနေဆဲပါ။
- ဆရာမြင့်မြတ်တဲ့ဘုံဘဝမှာ ရောက်ရှိခံစားနိုင်ပါစေ၊

**တပည့်-မောင်မောင်သန်း(DSA 26th intake) ဝါးခယ်မမြို့**

## ဝမ်းနည်းကြေကွဲခြင်း
### သူရဦးထွန်းတင်
### နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း)
### ဒုတိယဝန်ကြီးချုပ်
### စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး(ငြိမ်း)
### လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)
### နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)
### အသက်(၁၀၀)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ပါရမီရိပ်သာ၊ မြစပယ်လမ်း၊ အမှတ်(၂၆)နေ ဒေါ်မြင့်မြင့်သိန်း၏ ချစ်လှစွာသောခင်ပွန်း၊ Capt:ကျော်မြင့်ထွန်း-(ဒေါ်ခင်မမလွင်)၊ Capt:ရဲမြင့်ထွန်း-ဒေါ်မေမေသက်၊ ဦးဇော်မြင့်ထွန်း-ဒေါ်ခင်မေသက်တို့၏ဖခင် သူရဦးထွန်းတင်သည် ၁-၅-၂၀၂၀ (သောကြာနေ့) နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းမိသားစု**

သွေးသည် အသက်

## ဝမ်းနည်းကြေကွဲခြင်း
## သူရဦးထွန်းတင်၊ ဝန်ကြီးချုပ်(ငြိမ်း)
## အသက်(၁၀၀)နှစ်

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်နေ ကျေးဇူးရှင်ကြီးကြီး ဒေါ်မြင့်မြင့်သိန်း၏ ချစ်လှစွာသောခင်ပွန်း ကျေးဇူးရှင် ဘဘကြီး သူရဦးထွန်းတင်(ဝန်ကြီးချုပ်၊ ငြိမ်း) အသက် (၁၀၀)နှစ်သည် ၁.၅.၂၀၂၀ ရက်နေ့ နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲမိပါသည်။

**ဗိုလ်ချုပ်သန်းထွဋ်+ဒေါ်နီလာလှိုင် မိသားစု**

## အထူးကျေးဇူးတင်ရှိခြင်း

၂၈-၄-၂၀၂၀ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားသော ဦးမြင့်ဌေး(ဒု-ခရိုင်တရားသူကြီး-ငြိမ်း)၏ စျာပနကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော မိတ်ဆွေများအားလည်းကောင်း၊ နိဗ္ဗာန်ချမ်းသာမင်္ဂလာအသင်း တိုက်ကြီးမြို့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ ဦးသန်းမြင့်အားလည်းကောင်း၊ တိုက်ကြီးမြို့နယ်တရားရုံးမှ ဝန်ထမ်းမိသားစုအားလည်းကောင်း၊ တောင်ကြီးခရိုင်တရားရုံးမှ ဝန်ထမ်းများနှင့် ရှေ့နေကြီးများအားလည်းကောင်း၊ မော်လမြိုင်ကျွန်းမြို့မှ မိတ်ဆွေများအားလည်းကောင်း၊ မကျန်းမာစဉ်က ဆေးဝါးကုသပေးခဲ့သော နှလုံးအထူးကုသမားတော်ကြီး ဒေါက်တာဦးစန်းလွင်၊ နှလုံးသမားတော်ကြီး ဒေါက်တာဒေါ်လွင်တင်အေးတို့အား လည်းကောင်း၊ မြောက်ဥက္ကလာပဆေးရုံကြီး နှလုံးကြပ်မတ်ကုသဆောင်မှ ဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ အာရှတော်ဝင်ဆေးရုံမှ ဆရာ၊ ဆရာမများအားလည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး ဆီးကျောက်ကပ်ဌာနမှ ဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ ဦးနှောက်နှင့်အာရုံကြောဌာနမှ ဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ မကျန်းမာစဉ် အနီးကပ် ပြုစုစောင့်ရှောက်ပေးသော ဒေါက်တာ ဦးလှမြင့်၊ ဆရာမကြီး နော်သန်းသန်းစိုး၊ ဆရာ ချစ်ဦးမောင်၊ ဆရာမဒေါ်ဖြူဖြူ၊ ကိုဘိုလတ်-မမြဟေမာစိုး၊ ကိုမြင့်နိုင်၊ ကိုဇော်မျိုး၊ ကိုကျော် မြင့်မိသားစု၊ ကိုသန်းနိုင်မိသားစုအားလည်းကောင်း၊ ဝိုင်းဝန်းကူညီအားပေးခဲ့ကြသော မြို့မအထကမှ ဆရာမများအားလည်းကောင်း၊ အိမ်နီးချင်း မိတ်ဆွေသူငယ်ချင်းအားလုံးတို့အားလည်းကောင်း၊ လိုက်ပါပို့ဆောင်ကြပါသော တိုက်ကြီးမြို့မှ မိတ်ဆွေအပေါင်းတို့အားလည်းကောင်း၊ တရားသူကြီး(ငြိမ်း) ဦးလှငွေအားလည်းကောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေအားလည်းကောင်း၊ စျာပနကိစ္စကို အစအဆုံး လုပ်ကိုင်ပေးပါသော ဒေါ်သင်းသင်းနု၊ ဒေါ်ခင်မာကြူ၊ ဒေါ်လဲ့လဲ့ဝေ၊ ဒေါ်တင်မာလာထွေး၊ ဒေါ်ရီရီလွင်၊ ဦးတင်မောင်မောင်သက် တို့အား အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူ**
**ဒေါ်စုစုမာ မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## သူရဦးထွန်းတင်၊ ဝန်ကြီးချုပ်(ငြိမ်း)
## အသက်(၁၀၀)နှစ်

ဆေကဝတီဗုဒ္ဓတက္ကသိုလ်နှင့် ချမ်းမြေ့ဂုဏ်ဝေပရိယတ္တိနှင့် ပဋိပတ္တိပရဟိတ သီလရှင်ကျောင်းတိုက်ကြီးများ၏ ပဓာနနာယက သီလရှင်ဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဂန္ထဝါစကပဏ္ဍိတ ဒေါ်ဆေကဝတီ၏ (အာဒိကမ္မိကပစ္စယာနုဂ္ဂဟ) ဖြစ်ပါသော ခမည်းတော်ကြီး ဝန်ကြီးချုပ် သူရဦးထွန်းတင် (ငြိမ်း)သည် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားသည်ကို ကြားသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ကောင်းမှုထူးများ ရည်စူးပြု၍ တောင်းဆုပြုလျက် မြင့်မြတ်သောဘုံဘဝတွင် မြတ်ဓမ္မများနာယူ၍ အဆင့်မြင့်မြင့် တရားထူးများ ရနိုင်ပါစေသတည်း။

**မဟာသဒ္ဓမ္မဇောတိကဓဇ ဂန္ထဝါစကပဏ္ဍိတ ဒေါ်ဆေကဝတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ကျွန်တော်များ ဘုရင့်နောင်တာယာမိသားစုများမှ ညီအစ်ကိုရင်းပမာ ချစ်ခင်လေးစားအပ်ရပါသော ဦးခင်ဝင်း(မန်နေဂျင်းဒါရိုက်တာ-အောင်စကြာ ကုမ္ပဏီလီမိတက် ROADONE / ANNAITE တာယာဖြန့်ချိရေး) သည် ၂၈-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါကြောင်းကို ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၁။ MYANMAR AUTOMOBILE HOLDING LIMITED
၂။ ဟာဂျီ ဦးဝင်းထိန်-ဟာဂျီမ ဒေါ်လှလှယဉ်(ဧကရာဇ် တာယာဆိုင်) (Tyre Master Trading Co.,Ltd)
၃။ ဦးတော်မီ(ကေဒီပါ တာယာဆိုင်)
၄။ ဦးကျော်သက်/ဦးမင်းသက်နိုင်(အောင်ကျော်စည် တာယာဆိုင်)
၅။ ဦးသိန်းဇော်နှင့်တူများ(Lucky Man Co.,Ltd)(တာယာ၊ ဘက်ထရီဖြန့်ချိရေး)
၆။ နိုင်ဘရားသား တာယာရောင်းဝယ်ရေး(မိသားစု)
၇။ ဦးဘလှိုင်နှင့်သား ကိုစံထွန်း(ရတနာထွန်း တာယာဆိုင်)
၈။ ဦးစိန်ဝင်း(Light House Enterprises Ltd)
၉။ ဦးအကျင်း
၁၀။ ရွှေပြည်ကျော်(တာယာ၊ ကျွတ်၊ ဘက်ထရီ၊ ငွေ ဖြန့်ချိရေး)
၁၁။ United Tyre Group (U.T.G Co.,Ltd)
၁၂။ ကိုအောင်မိုး(စူပါစတားတာယာဆိုင်)
၁၃။ ဝင်းချယ်ရီ(တာယာနှင့်ဘက်ထရီရောင်းဝယ်ရေး)
၁၄။ ဟာဂျီဦးအီဆပ်(ရွှေမြိုင်တာယာဆိုင်)
၁၅။ ဦးဘိုလ်လိမ်း(ဘိုရင်းပါဝါတာယာရောင်းဝယ်ရေး)
၁၆။ ဦးကျင်လှိုင်(Vee Rubber တာယာဆိုင်)
၁၇။ ဦးလှမြင့်(Hla Myint Trading Co.,Ltd)
၁၈။ မန္တလေး ပါဝါတာယာဆိုင်
၁၉။ ကိုဇော်ဝင်း(ပြည်)(ရွှေလင်းယုန်ကားပစ္စည်းဆိုင်)
၂၀။ နေ့သစ် တာယာရောင်းဝယ်ရေး
၂၁။ အောင်လွင်ထွန်း တာယာရောင်းဝယ်ရေး
၂၂။ ဦးမောင်မောင်-ဒေါ်စန္ဒာ(B.S တာယာဆိုင်)
၂၃။ ဦးရိုမီရိုနှင့်သားများ(မကွေး တာယာဆိုင်)
၂၄။ ဦးမောင်မောင်စိန်(အနော်ရထာ တာယာဆိုင်)
၂၅။ ဦးငွေမြင့်-ဒေါ်သန်းအေး(ကွန်ပြူတာ တာယာရောင်းဝယ်ရေး)
၂၆။ ဦးစိန်ဝ(နိုင်လွှမ်း တာယာရောင်းဝယ်ရေး)
၂၇။ ဦးခင်စိန်(ဦးခင်စိန်နှင့် တူများ တာယာရောင်းဝယ်ရေး)
၂၈။ ဟာဂျီ ဦးမူဆာ(ခ)ဦးလှဌေး(Moe Myint Htay Co.,Ltd) (AEOLUS တာယာဖြန့်ချိရေး)

## အထူးဝမ်းနည်းကြေကွဲခြင်း
## သူရဦးထွန်းတင်၊ ဝန်ကြီးချုပ်(ငြိမ်း)
## အသက်(၁၀၀)နှစ်

ဝန်ကြီးချုပ်(ငြိမ်း) သူရဦးထွန်းတင် အသက် (၁၀၀)နှစ်သည် ၁.၅.၂၀၂၀၊ သောကြာနေ့ နံနက် ၇:၃၀ နာရီတွင် ဘဝတစ်ပါးသို့ ကွယ်လွန်အနိစ္စ ရောက်သွားပါကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးခင်မောင်မောင်+ဒေါ်မေရီနှဲ့**
**သား ဒေါက်တာအေးကိုကိုကျော်+မသိမ့်သီတာလှိုင် မိသားစု**

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့



## ဝမ်းနည်းကြေကွဲခြင်း
## သူရဦးထွန်းတင်
### နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း)
### ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး(ငြိမ်း)
### လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)
### နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)
## အသက်(၁၀၀)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ပါရမီရိပ်သာ၊ မြစပယ်လမ်း၊ အမှတ်(၂၆)နေ ဒေါ်မြင့်မြင့်သိန်း၏ ချစ်လှစွာသောခင်ပွန်း သူရဦးထွန်းတင်သည် ၁-၅-၂၀၂၀ (သောကြာနေ့) နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်- ကြူကြူလှ**

## စာအုပ်
## စာပေ
## လူ့
## မိတ်ဆွေ

## ဦးကိုကြီး
### ဒု - လက်ထောက်ညွှန်ကြားရေးမှူး (စက်မှု ထွေ / ထိန်း)
### သံမဏိစက်ရုံ ၊ ရွာမ ၊ အင်းစိန်
## အသက် (၈၇) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၂၈) ရပ်ကွက်၊ အောင်သီရိ (၄)လမ်း၊ အမှတ် (၇၈၄) နှင့် (၃၁) ရပ်ကွက်၊ သခင်ဗစိန်လမ်း၊ အမှတ် (၄၅) နေ (ဦးမောင်ခင်-ဒေါ်ဘေဘီ) တို့၏သား ၊ (ဦးဘဘွား-ဒေါ်အေးနု) တို့၏ သားသမက်၊ (ဦးအောင်ညိမ်း) - ဒေါ်ခင်သိန်း၊ (ဒေါ်ခင်သောင်း) တို့၏မောင် ၊ ဒေါ်သန်းရီ (အထက်တန်းပြ (ငြိမ်း) အထက (၃) အင်းစိန်၊ အထက (၁) မြောက်ဥက္ကလာ) ၏ခင်ပွန်း၊ ဒေါက်တာဖေမြင့် (ပြည်ထောင်စုဝန်ကြီး ၊ ပြန်ကြားရေးဝန်ကြီးဌာန)-ဒေါ်ခိုင်နွယ်ဦး၊ ဦးရွှေကို (လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန )-ဒေါ်ခိုင်မော်သက် (MAPCO) ၊ ဦးမြတ်ခိုင် (Pack Zone Moving Co;)-ဒေါ်အေးအေးကြိုင်(NHL) တို့၏ဖခင်၊ ဒေါက်တာဖေဇော်ဦး-ဒေါက်တာမြတ်မွန်သူဇာ ၊ ဦးသန့်ဖြိုးဝင်း(Phyo Mobile)-ဒေါ်ချိုစုစုခိုင် (GIZ) ၊ ကိုဖြိုးသီဟန် - မအိသီရိခိုင် ၊ မောင်ထက်အောင်ခိုင် ၊ မဖူးပွင့်သိင်္ဂီခိုင် ၊ မောင်ခိုင်ဇော်လင်းတို့၏အဘိုး၊ မြစ် ၃ ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁-၅-၂၀၂၀ရက် (သောကြာနေ့) ညနေ ၆နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ကွယ်လွန်သူအား ရည်စူး၍ ၇-၅-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၇ - ၁၀ နာရီ၊ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာမည် ဖြစ်ပါကြောင်း။)

ကျန်ရစ်သူမိသားစု

## သူရဦးထွန်းတင်
### နိုင်ငံတော်ဝန်ကြီးချုပ် (ငြိမ်း)
### ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး(ငြိမ်း)
### လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)
### နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)
## အသက် (၁၀၀)နှစ်

မြစ်ကြီးနားမြို့၊ ရှမ်းစု(မြောက်ရပ်)နေ (ဦးကျောက်လုံး-ဒေါ်ထူး)တို့၏သား၊ သထုံမြို့နေ (ဦးရဲဒင်-ဒေါ်သိန်းရင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၉) ရပ်ကွက်၊ ပါရမီရိပ်သာ၊ အမှတ်(၂၆)၊ မြစပယ်လမ်းနေ ဒေါ်မြင့်မြင့်သိန်း၏ ခင်ပွန်း၊ Capt: ကျော်မြင့်ထွန်း-(ဒေါ်ခင်မမလွင်)၊ Capt:ရဲမြင့်ထွန်း-ဒေါ်မေမေသက်၊ဦးဇော်မြင့်ထွန်း-ဒေါ်ခင်မေသက်တို့၏ ဖခင်၊ မကေသီကျော်ထွန်း၊ မောင်ကျော်မင်းထွန်း၊ မောင်အောင်နိုင်ထွန်း-မသူသူသွင်၊ မဝင်းမြတ်သိင်္ဂီတို့၏ အဘိုး၊ မပွင့်ဇမ္ဗူ၏ ဘိုးဘိုးကြီး သူရဦးထွန်းတင်သည် ၁-၅-၂၀၂၀ (သောကြာနေ့) နံနက် ၇:၃၀ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး၊ ခုတင်-၅၀၀ ၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသည်။ ကျန်ရှိသည့် ရုပ်ကလာပ်ကို ၃-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌ မီးသင်္ဂြိုဟ်ပြီး ဂူသွင်းပါမည်။ ( Covid-19 ကြောင့် မိသားစုဝင်များသာ လိုက်ပါပို့ဆောင်မည်ဖြစ်ကြောင်း ဆွေမျိုးများနှင့်မိတ်ဆွေများအား တောင်းပန်အသိပေးအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်ရင်
## အသက်(၉၇)နှစ်
### (E.P.C) စာရင်းကိုင်အဆင့်(၁) (ငြိမ်း)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်ထွန်းလင်းလမ်း၊ အမှတ်(၈)နေ ဒေါ်ကျင်စိန်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးကျော်ကျော်)၊ ဦးဝင်းနိုင်-ဒေါ်အုန်းစန်း၊ ဒေါ်သီတာ၊ ဒေါ်နီလာရင်-ဦးသန်းထွန်းအောင်၊ ဦးမိုးနိုင်-ဒေါ်နယ်လီမိုး၊ ဦးထင်အောင်-ဒေါ်အိရွှေဇင် တို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၁-၅-၂၀၂၀ ရက် ညနေ ၄:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၂၀ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

### ရဟန်းအမ
## ဒေါ်ခင်လှမြင့် (ခ) ဒေါ်လှလှ
## အသက် (၈၀)နှစ်

မိုးကုတ်မြို့၊ ရှမ်းစုရပ်နေ (ဦးဘနီ-ဒေါ်အေး)၊ (ဒေါ်ငွေး)တို့၏ တူမ၊ (ဦးစံလင်း-ဒေါ်မြရီ)တို့၏သမီးငယ်၊ ရန်ကုန်မြို့နေ (ဦးမောင်မောင်မြင့်-ဒေါ်သန်းသန်း)တို့၏ညီမ၊ ဒေါ်လီလီမြင့်၊ ဦးသန်းထွဋ်-ဒေါ်နန်းခမ်းဖူး၊ ဦးညီညီလွင်-ဒေါ်နွယ်နွယ်ဝေ၊ ဦးကျော်စိုးလွင်-ဒေါ်မျိုးမျိုးသိန်းတို့၏အဒေါ်၊ မဆုမြတ်သဇင်၊ မခြူးကေခိုင်၊ မခင်ကြယ်စင်ဖြူတို့၏အဘွားလေးသည် ၃၀-၄-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၅:၄၅ နာရီတွင် အမှတ်(146)၊ သုနန္ဒာ(9) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၂၀ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## သူရဦးထွန်းတင်
### နိုင်ငံတော်ဝန်ကြီးချုပ် (ငြိမ်း)
### ဒုတိယဝန်ကြီးချုပ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီး (ငြိမ်း)
### လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)
### နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)
## အသက် (၁၀၀)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉) ရပ်ကွက်၊ ပါရမီရိပ်သာ၊ အမှတ် (၂၆)၊ မြစပယ်လမ်းနေ ဒေါ်မြင့်မြင့်သိန်း၏ ချစ်လှစွာသောခင်ပွန်း၊ Capt: ကျော်မြင့်ထွန်း-(ဒေါ်ခင်မမလွင်)၊ Capt:ရဲမြင့်ထွန်း-ဒေါ်မေမေသက်၊ ဦးဇော်မြင့်ထွန်း-ဒေါ်ခင်မေသက်တို့၏ဖခင် သူရဦးထွန်းတင်သည် ၁-၅-၂၀၂၀ (သောကြာနေ့) နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သီရိပုံချိုဦးသိန်းဇော်-ဒေါ်မူမူဝင်း မိသားစု**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှမြင့်
## အသက် (၇၈) နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အမှတ်(၂၅/က)၊ အောင်ဇေယျ(၂) လမ်း၊ ရန်ကုန်သစ်ရပ်ကွက်နေ (ဦးစိန်မြ-ဒေါ်မြစိန်)တို့၏သမီး၊ (ဦးအေးကို)၏ ဇနီး၊ ဦးခင်မောင်လှ-ဒေါ်သက်သက်ဦး၊ ဦးစိန်လွင်-ဒေါ်နွဲ့နွဲ့ဦး၊ ဦးညွှန့်နိုင်၊ ဦးအောင်ငွေးမြင့်-ဒေါ်မိုးမိုးတို့၏မိခင်ကြီး၊ ဒေါက်တာနေမျိုးလွင်-ဒေါက်တာထက်ထက်လင်း၊ ဒေါက်တာကောင်းမြတ်စည်သူ-ဒေါက်တာပိုးမြတ်မဟေသီတို့၏အဘွား၊ မောင်လင်းခန့်မြင့်မိုရ်၏ဘွားဘွားသည် ၃၀-၄-၂၀၂၀ ရက် ည ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၂၀ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးစိုးသိန်း (တရားလွှတ်တော်ရှေ့နေ)
## အသက် (၇၅) နှစ်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ဆီမီးကန်ကျေးရွာနေ (ဦးဘစို-ဒေါ်သုလှ)တို့၏သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းရိပ်သာ၊ တိုက်(၁၇)၊ အခန်း(၁)နေ ဒေါ်တင်တင်အေး (လယ်/ပြ-ငြိမ်း၊ အ.မ.က-၁၇၊ မရမ်းကုန်း)၏ခင်ပွန်း၊ ဦးမျိုးမောင်မောင်စိုး(တရားလွှတ်တော်ရှေ့နေ)-ဒေါက်တာဒေါ်ခိုင်ခိုင်ဆု(ပန်းပျိုးအိမ်စာသင်ဝိုင်း)၊ ဦးရဲလွင်ဦး-ဒေါ်ယဉ်ယဉ်စိုး (အမက-၁၇၊ မရမ်းကုန်း)၊ ဦးအောင်ခင်စိုး-ဒေါ်စိမ်းစန္ဒာဖြူ(အလက-၄၊ အင်းစိန်)၊ ဦးညီညီစိုး(တရားလွှတ်တော်ရှေ့နေ)-ဒေါ်စန်းစန်းမြင့်၊ ဦးဖုန်းဟေကို (Photography)-ဒေါ်ပြည့်ပြည့်ပပစိုး(အထက်တန်းရှေ့နေ)တို့၏ချစ်လှစွာသောဖခင်ကြီး၊ မောင်ဟိန်းထက်အောင်စိုး၊ မောင်မျိုးချစ်သုစိုး၊ မသဒ္ဒါအောင်တို့၏အဘိုးသည် ၃၀-၄-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရဲအုပ် ရဲကျော်သူကျော်စံဝင်း
### သူရ-၁၂-သတင်းတပ်ဖွဲ့ (ငြိမ်း)
## အသက်(၇၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နေ (ဦးသိမြ-ဒေါ်လှရှိန်) တို့၏ သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ချမ်းသာလမ်း၊ အမှတ်(၉)၊ တတိယထပ်(ဝဲ)နေ (ဒေါ်ညိုညိုဟန်)၏ ခင်ပွန်း၊ ဦးမျိုးသူရကျော် (2nd Engineering F.G)၊ ဒေါ်နှင်းဝတ်ရည်၊ ဒုတိယဗိုလ်မှူးကြီးခိုင်မင်းသန့် (တပ်မတော်-ရေ)၊ ဒေါ်တင်ယုဇနကျော်တို့၏ ဖခင်၊ မြေးလေးယောက်တို့၏ အဘိုး ဟင်္သာတအသင်း၊ စာရင်းစစ်အဖွဲ့ဝင်သည် ၂၀-၄-၂၀၂၀ ရက် မွန်းလွဲ ၁:၁၀ နာရီတွင် နှလုံးသွေးကြောပိတ်ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး သူငယ်ချင်းများအား အကြောင်းကြားအပ်ပါသည်။

သူငယ်ချင်းများ

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးစိုးနိုင်
### B.E (Electrical Power) (1981)
## အသက်(၆၅)နှစ်

မြိတ်မြို့နေ (ဦးခင်မောင်-ဒေါ်စောရီ)တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးသန်းစိန်-ဒေါ်မြဟန်)တို့၏ သားသမက်၊ (ဦးတင်မောင်လတ်)-ဒေါ်လှရင်၊ ဦးရှင်လိုက်-ဒေါ်ထားရင်၊ (ဒေါ်ခင်မူ)တို့၏ ညီ/မောင်၊ စင်ကာပူနိုင်ငံနေ ဒေါ်မြမြသွယ် (B.E Electrical Power)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်ကိုဟိန်း-Angel yang တို့၏ ချစ်လှစွာသောဖခင်သည် ၁-၅-၂၀၂၀ (သောကြာနေ့) နံနက် ၃:၂၅ နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၂၀ ရက်တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးသန်းထွန်း
## အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ (၅၂)လမ်း၊ (အောက်ဘလောက်)၊ အမှတ်(၃၂)နေ (ဦးသင်းမောင်-ဒေါ်မြရင်) တို့၏ သား၊ ဒေါ်ခင်ခင်ဝင်း၏ ခင်ပွန်း၊ (ဦးထွန်းထွန်းမျိုး)၊ ဦးလှဝင်းထွန်း၊ ဦးအေးမင်းထွန်း၊ ဒေါ်နန္ဒာဝင်းထွန်းတို့၏ဖခင် ဦးသန်းထွန်းသည် ၁-၅-၂၀၂၀ ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကိုကြီး
### ဒု - လက်ထောက်ညွှန်ကြားရေးမှူး (စက်မှု ထွေ / ထိန်း)
### သံမဏိစက်ရုံ ၊ ရွာမ ၊ အင်းစိန်
### အသက် (၈၇) နှစ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် - ဒေါ်ခိုင်နွယ်ဦးတို့၏ဖခင်၊ ဦးကိုကြီးသည် ၁-၅-၂၀၂၀ရက် ညနေ ၆နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးအောင်လှထွန်း နှင့် ဝန်ထမ်းမိသားစုများ**
**ပြန်ကြားရေးဝန်ကြီးဌာန**

## အာနိဒ္ဒါ

## ရတနာ
## သစ်တော
## ပြည့်
## သွေးကြော
## သစ်တော
## ရတနာ
## ထိန်းသိမ်း
## ပါ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်လေးယု(ခ)Ruth Samual
## အသက်(၈၄)နှစ်

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း) ဒုတိယဗိုလ်ချုပ်ကြီးကျော်ဘ (ငြိမ်း) ၏ ချစ်ဇနီး ဒေါ်ခင်လေးယု(ခ)Ruth Samual သည် ၂၈-၄-၂၀၂၀ရက်နေ့တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာညီညီကျော်**
**(ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန)**
**ဒေါ်ခင်သန်းဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန)**

## ဒေါ်စုစုထွန်း
## အသက် (၄၁) နှစ်
### Chief Accountant
### Yangon Metropolitan Development Public Co.,Ltd

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ အမှတ်(၈၃)၊ ခုနစ်လွှာနေ ဦးထွန်းထွန်း-ဒေါ်ခင်စောဝေတို့၏သမီး၊ ဦးအေးကို-ဒေါ်နုနုမော်တို့၏သမီးချွေးမ၊ ဦးဇင်မင်းကို(M.D, Smart Sky Logistics )၏ချစ်လှစွာသောဇနီး၊ မခင်ကြည်စင်သန့် (G-3၊ ၄ဝါ၊ အထက-၁၊ ဒဂုံ)၊ မသန့်သီရိဇင်(မူကြို-၄၊ အလုံ)တို့၏ချစ်လှစွာသောမိခင် ဒေါ်စုစုထွန်းသည် ၂၉-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၂၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၂၀ (သောကြာနေ့) နံနက် ၉ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု





# ထိုင်းနိုင်ငံ တာ့ခ်ခရိုင်အတွင်းမှ မြန်မာရွှေ့ပြောင်းလုပ်သားအချို့ မြဝတီချစ်ကြည်ရေးတံတား အမှတ် ၂ မှ ယနေ့ စတင်ဝင်ရောက်

မြဝတီ မေ ၁

ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လာရန်ရှိသည့် မြန်မာရွှေ့ပြောင်းလုပ်သားအချို့သည် ယနေ့နံနက်ပိုင်းမှစ၍ မြန်မာ-ထိုင်း အမှတ် ၂ ချစ်ကြည်ရေးတံတားမှတစ်ဆင့် စတင်ဝင်ရောက်လာသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

# ဂန့်ဂေါမြို့၌ ပြည်ပမှ ပြန်လာသူများအား အသွားအလာ ကန့်သတ်ထားရှိနိုင်ရေး ကြိုတင်ပြင်ဆင်

ဂန့်ဂေါ မေ ၁

ဂန့်ဂေါမြို့တွင် ထိုင်းနိုင်ငံနှင့် ပြည်ပမှ ပြန်လည်ဝင်ရောက်သူများအား ၂၁ ရက် သတ်မှတ်နေရာ၌ အသွားအလာကန့်သတ်ထားရှိနိုင်ရေးနှင့် စောင့်ကြည့်နေရာ ချထားရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းကို ဂန့်ဂေါမြို့ အစိုးရ စက်မှုလက်မှုသိပ္ပံကျောင်းတွင် ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**စာရင်းကောက်ထား**

"ထိုင်းနိုင်ငံနဲ့ ပြည်ပကနေ မေလပထမပတ်က စတင်ပြီး ဝင်လာတော့မှာပါ။ ရပ်/ကျေးစာရေးနဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးတွေဆီ ကိုယ့်ဒေသကနေ ပြည်ပကိုထွက်တဲ့သူတွေရဲ့ စာရင်းကိုကောက်ထားပြီးပါပြီ။ လူဦးရေ ၄၀၀ လောက်တော့ရှိပါတယ်။ ဒီစက်မှုကျောင်းမှာတော့ ၂၁ ရက် ကန့်သတ်စောင့်ကြည့်ဖို့အတွက် ကြိုတင်ပြင်ဆင်ရေးအပိုင်းအနေနဲ့ ကျန်းမာရေး၊ စားသောက်ရေး၊ တည်းခိုနေထိုင်ရေး၊ တစ်ကိုယ်ရေသုံးပစ္စည်းများ၊ အခန်း သန့်ရှင်းရေးနဲ့ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းတို့ကိုလည်း ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ လောလောဆယ်တော့ အယောက် ၁၀၀ အတွက် ပြင်ဆင်ထားပါတယ်။ နောက်ထပ်တိုးလာရင်လည်း အထက(ဂန့်ဂေါ)နဲ့ အမက(တောင်ကုန်း)တို့မှာ ထားရှိဖို့ လျာထားပြီးပါပြီ"ဟု ကိုဗစ်-၁၉ မြို့နယ်အဆင့်ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်အေးက ပြောပြသည်။

ထင်အောင်နိုင်(ပြန်/ဆက်)




ကြေးမုံ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

**ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။


# တစ်နေ့လျှင် အိမ်ထောင်စု ၈၀၀ ခန့် မိမိနေအိမ်မှ ဈေးဝယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် မေ ၁

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်အတွင်း အိမ်တိုင်ရာရောက် ဈေးလိုက်လံရောင်းချပေးသည့် အစီအစဉ်မှာ ယခုဆိုလျှင် ရက်သတ္တပတ်ကျော်ရှိပြီဖြစ်ရာ ဈေးရောင်းချမှုနှင့် ဝယ်ယူမှုတွက်ချက်မှုများအရ တစ်နေ့လျှင် အိမ်ထောင်စု ၈၀၀ ခန့်ကို ဈေးသွားဝယ်ရန်မလိုဘဲ မိမိနေအိမ်မှနေ၍ ဈေးဝယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း တောင်ဥက္ကလာပမြို့နယ် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

**ရောင်းချပေး**

ထိုအစီအစဉ်သည် နေအိမ်တွင် နေထိုင်ရေးအစီအစဉ်တွင်ပါဝင်သော တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ပြည်သူများ စားသောက်မှုအဆင်ပြေစေရန် ရည်ရွယ်၍ မြို့နယ်အတွင်း ရပ်ကွက်များသို့ လှည့်လည်ကာ ဈေးကားများဖြင့် ဟင်းသီးဟင်းရွက်နှင့် အသားငါးများကို အိမ်တိုင်ရာရောက် လိုက်လံရောင်းချပေးသည့် အစီအစဉ်ဖြစ်ပြီး ယင်းသို့ရောင်းချမှုကို ဧပြီ ၂၃ ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"အခုဆိုရင် ကျွန်တော်တို့ ဈေးကားထွက်တာ တစ်ပတ်ပြည့်ပြီးသွားပါပြီ။ ကျွန်တော်တို့ တွက်ချက်မှုတွေအရ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ○



## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် မေ ၁

| | | |
|---|---|---|
| မိုင်းဆတ် | ၃ ဒသမ ၁၁ | လက်မ |
| ပင်လောင်း | ၂ ဒသမ ၄၈ | လက်မ |
| မာန်အောင် | ၁ ဒသမ ၈၉ | လက်မ |
| လွိုင်လင် | ၁ ဒသမ ၆၉ | လက်မ |
| မိတ္ထီလာ | ၁ ဒသမ ၄၁ | လက်မ |
| နမ့်စန် | ၁ ဒသမ ၃၀ | လက်မ |
| သာစည် | ၁ ဒသမ ၁၅ | လက်မ |
| ကျိုင်းတုံ | ၁ ဒသမ ၁၀ | လက်မ |
| ညောင်ရွှေ | ၁ ဒသမ ၀၆ | လက်မ |
| ထားဝယ် | ၁ ဒသမ ၀၆ | လက်မ |


**ကြေးမုံ** ယနေ့ ဖတ်စရာ

ကရင်ပြည်နယ်အတွင်းမှာ လူဦးရေ ၆၅၀၀ ထားနိုင်မယ့် Facility Quarantine နဲ့ မွန်ပြည်နယ်မှာ လူဦးရေ ၈၅၀၀ လောက်ထားနိုင်မယ့် Facility Quarantine တွေ စီစဉ်ထား — စာမျက်နှာ » ၉

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများသို့ နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားစတင်ဖြန့်ဖြူး — စာမျက်နှာ » ၁၀

တောင်ကိုရီးယားနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုနှင့် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်မှုကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ချီးကျူး — စာမျက်နှာ » ၁၂

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြင်သစ်ပထမတန်းပြိုင်ပွဲ ဖျက်သိမ်းလိုက်ရသဖြင့် ပီအက်စ်ဂျီအသင်း ချန်ပီယံဖြစ်လာ — စာမျက်နှာ » ၂၆

ကြေးမုံ
အထူးကဏ္ဍ
မေ ၂၊ ၂၀၂၀ (စနေနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

# ကုန်သွယ်မှုဖြင့် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေမည်

ခင်ရတနာ၊ ဇင်ဦး၊ ခတ်ပုံ – မြတ်မိုးကျော်(စီး/ကူး)၊ သီဟစည်သူ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံတို့တွင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြု ကြိုးပမ်းဆောင်ရွက်နေသည်ကို မြင်တွေ့ရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မဟာဗျူဟာ မျှော်မှန်းချက်ဖြစ်သည့် ကုန်သွယ်မှုမြှင့်တင်ခြင်းဖြင့် နိုင်ငံတော်၏ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ရန်ဟု ရည်မှန်းထားကြောင်းသိရသည်။

ထိုကဲ့သို့ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ရေရှည်စီမံကိန်းများ၊ စီးပွားရေးမူဝါဒများနှင့် ကုလသမဂ္ဂ၏ ၂၀၁၆ – ၂၀၃၀ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈ – ၂၀၃၀) တို့နှင့် ကိုက်ညီစေရန် ရည်ရွယ်ဆောင်ရွက်နေကြောင်း အဆိုပါဝန်ကြီးဌာနမှ သိရသည်။

**စီးပွားရေးမူဝါဒနှင့်အညီ**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ “ကုန်သွယ်မှုလုပ်ငန်းများဖြင့် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်”ဟူ၍ မျှော်မှန်းချက်ချမှတ်ထားသကဲ့သို့ ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာဖြစ်ပေါ်ပြီး ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်များဖန်တီးနိုင်ရေးတို့ကို အထောက်အကူပြုရေးအတွက် ရည်ရွယ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။

“ဝန်ကြီးဌာနရဲ့ နယ်ပယ်(Scope)က ကူးသန်းရောင်းဝယ်မှုတစ်ခုကိုသာ အာရုံစိုက်တာ မဟုတ်ဘဲ လယ်ကွင်းထဲကနေ၊ စက်ရုံတွေကနေ စားသုံးသူတွေရဲ့ ထမင်းစားပွဲပေါ်ရောက်တဲ့အထိ အကျိုးဝင်တဲ့ ထုတ်လုပ်စားသုံးမှုကွင်းဆက် (Supply Chain) တစ်ခုလုံးကို လွှမ်းခြုံပြီး ဖွံ့ဖြိုးတိုးတက်မှုကိုရရှိအောင် ဆောင်ရွက်လျက်ရှိပါတယ်။ ဥပမာ ပြည်တွင်းထုတ်လုပ်မှုဆိုင်ရာ အချက်အလက်တွေ၊ ကုန်စည်စီးဆင်းမှု၊ ဈေးနှုန်းသတင်းတွေကို စုဆောင်းမှတ်တမ်းတင်ခြင်း၊ ဖြန့်ဝေခြင်း၊ ထုတ်ကုန်ဆိုင်ရာ အသင်းအဖွဲ့တွေ ဖွဲ့စည်းခြင်း၊ ကုန်စည်ဒိုင်တွေ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ဈေးကွက်ရရှိရေးကို ဆောင်ရွက်ပေးခြင်းတို့ကစလို့ စားသုံးသူတွေ ဘေးကင်းလုံခြုံရေး၊ စိတ်ကျေနပ်မှုရှိစေရေးကို ဆောင်ရွက်ပေးတာဖြစ်ပါတယ်”ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ရှင်းပြသည်။

**ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေး**

ဝန်ကြီးဌာနမှ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်သည့်အပြင် တစ်ဖက်တွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး (Private Sector Development)၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှုတွင် သက်သာလွယ်ကူစေရေး (Ease of Doing Business)၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး (Job Creation)၊ အထူးစီးပွားရေးဇုန်များ ဖော်ထုတ်အကောင်အထည်ဖော်ရေး (Development of Special Economic Zones)၊ နှစ်နိုင်ငံနယ်စပ် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဇုန်များ ထူထောင်နိုင်ရေး (Development of Border Economic Cooperation Zones)၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (MSMEs Agency) ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်တွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၉၁၉ ဘီလီယံ၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၀၅၉ ဘီလီယံ၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၉၇၉ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄ ဘီလီယံအထိ လျှော့ကျအောင် ဆောင်ရွက်နိုင်ခဲ့သည်ကို မြင်တွေ့ရပြီး ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၄ ရက်အထိ ပို့ကုန် အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၆၁ ဘီလီယံ၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၇၄ ဘီလီယံ၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၅၃၅ ဘီလီယံ ကုန်သွယ်နိုင်ခဲ့သည်ကို ဝန်ကြီးဌာနမှထုတ်ပြန်သည့် စာရင်းဇယားများမှ သိရသည်။

**ကုန်သွယ်မှုကဏ္ဍ ပိုမိုတိုးတက်**

အဆိုပါစာရင်းဇယားများအရ ယခင်နှစ်ကာလတူထက် ပို့ကုန်အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅၃ ဘီလီယံ၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉၄ ဘီလီယံ၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၄၇ ဘီလီယံ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်သည်။

၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ အဓိကပို့ကုန် ပြောင်းတင်ပို့ရာ၌ တရုတ်နိုင်ငံဈေးကွက်အပြင် ထိုင်းနိုင်ငံသို့ မြဝတီနယ်စပ်မှတစ်ဆင့် ဖေဖော်ဝါရီလမှ ဩဂုတ်လအထိ Form D ခံစားခွင့်ဖြင့် Duty Free Quota Free (DFQF) တင်ပို့ခွင့်ရရှိခဲ့ရာ တန်ချိန် ၆ သိန်းကျော်ခန့်အထိ တင်ပို့နိုင်ခဲ့ပြီး လက်ရှိကာလတွင် ထိုင်းနိုင်ငံသို့ မြန်မာနိုင်ငံမှ ပြောင်းများ တင်ပို့နေပြီဟု သိရသည်။ ထို့ပြင် လာအိုနိုင်ငံကုန်သည်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှုကြောင့် ဆန်၊ ပြောင်းနှင့် ဆိတ်(အရှင်)များကို လာအိုနယ်စပ် ကျိုင်းလပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် လာအိုနိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း ဝန်ကြီးဌာနမှသိရသည်။

ပြည်တွင်းကုန်သွယ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ အသင်းအဖွဲ့ ၈၉၃ သင်း၊ အစုအဖွဲ့ ၁၉၉၄ ဖွဲ့၊ ဇုန် ၄၃ ဇုန်နှင့် ကုန်စည်ဒိုင် ၆၅ ဒိုင်ကို ဖွဲ့စည်းခဲ့သည့်အပြင် အလုပ်ရုံဆွေးနွေးပွဲ ၂၉ ခုကို တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျင်းပနိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စတုတ္ထ

အထူးကဏ္ဍ [ ခ] သို့ »»



သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(၁) တည်ဆောက်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။

**စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ “ကုန်သွယ်မှု လုပ်ငန်းများဖြင့် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်” ဟူ၍ မျှော်မှန်းချက် ချမှတ်ထားသကဲ့သို့ ဈေးကွက်စီးပွားရေး စနစ်ကို ပီပြင်စွာ ဖြစ်ပေါ်ပြီး ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှင့် အလုပ်အကိုင်များဖန်တီးနိုင်ရေး တို့ကို အထောက်အကူပြုရေး အတွက် ရည်ရွယ်**



ရန်ကုန်မြို့ရှိ ပုဂ္ဂလိကအထည်ချုပ်စက်ရုံများမှ လုပ်ငန်းများလည်ပတ်နေမှုကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ က ] မှ

(၁) နှစ်တာ ဆောင်ရွက်ချက်များမှ သိရသည်။

**စားသုံးသူရေးရာအဖြေရှာ**

စားသုံးသူရေးရာဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်များ၊ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ ကုန်ပစ္စည်းသတိပေးချက်များနှင့် စားသုံးသူများ၏ အခွင့်အရေးများ နစ်နာဆုံးရှုံးမှုများကို အလွယ်တကူတိုင်ကြားနိုင်ရန် Complaint System ပါဝင်သည့် Website www.doca.gov.mm ကို စတုတ္ထ (၁) နှစ်တာအတွင်း ဆောင်ရွက်ထားကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောသည်။

"စားသုံးသူတွေအနေနဲ့ တိုင်ကြားမှုတွေကို လွယ်ကူလျင်မြန်စွာ တိုင်ကြားနိုင်ဖို့နဲ့ သတင်းအချက်အလက်တွေကို ဖြန့်ဝေနိုင်ဖို့တို့အတွက် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်နဲ့ ခရိုင်မြို့တွေမှာ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (Consumer Information and Complaint Center – CICC)တွေကို ၄၈ နေရာအထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ စားသုံးသူတွေအနေနဲ့ နစ်နာဆုံးရှုံးမှုတွေနဲ့ ပတ်သက်ပြီး စားသုံးသူတိုင်ကြားမှုစုစုပေါင်း ၁၅၈၄ မှုအနက် ၁၄၈၂ မှုကို စားသုံးသူတွေ စိတ်ကျေနပ်မှုရရှိအောင် ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ဖြေကြားသည်။

၂၀၁၉ ခုနှစ် စားသုံးသူကာကွယ်ရေး ဥပဒေပုဒ်မ ၄၃ အရ ကုန်စည် (၈) မျိုး၏ ကုန်အညွှန်း အမှတ်အသားများနှင့်ပတ်သက်၍ မြန်မာဘာသာဖြင့် ဖော်ပြနိုင်ရန် အသေးစိတ်ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ပြီး စားသုံးသူများအကာအကွယ်ပေးရေး လုပ်ငန်းများဆောင်ရွက်ခဲ့ပြီး အများပြည်သူ သိရှိနိုင်ရန်လည်း နိုင်ငံပိုင်သတင်းစာများနှင့် ရုပ်မြင်သံကြားတို့တွင် ထုတ်လွှင့်ပေးလျက်ရှိသည်ကို မြင်တွေ့ရသည်။

**အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု ဗဟိုဌာန(ရန်ကုန်)**

မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့သည် မြန်မာ့ထွက်ကုန်များကို နိုင်ငံတကာ ဈေးကွက်များသို့ ဝင်ရောက်နိုင်ရန်အတွက် ကူညီပံ့ပိုးပေးပြီး လိုအပ်သော သတင်းအချက်အလက်များပံ့ပိုးပေးနိုင်စေရန်အတွက် ရန်ကုန်မြို့တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန (Myanmar International Trade Center – MITC)ကို မကြာမီ ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်းသိရပြီး စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့တွင် တစ်နိုင်ငံလုံးမှ မြန်မာ့ထုတ်ကုန်များကို တစ်နေရာတည်းတွင် တစုတစည်းတည်း လေ့လာကြည့်ရှု၍ လက်လီလက်ကား ဝယ်ယူရရှိနိုင်စေရန် စီစဉ်ဆောင်ရွက်ထားမည်ဖြစ်ကြောင်း ဝန်ကြီးဌာနမှ သိရသည်။

"ပြည်ပသို့တင်ပို့မည့် လုပ်ငန်းရှင်တွေအတွက် အထောက်အကူဖြစ်စေဖို့နဲ့ အခက်အခဲတွေကို ဖြေရှင်းပေးဖို့ အီးယူအပါအဝင် နိုင်ငံအလိုက်၊ ဈေးကွက်အလိုက် အကူအညီပေးရေးကောင်တာတွေ(Help desk) ထားရှိသွားမည့်အပြင် ပြည်တွင်း၌ လာရောက်ရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေဖို့နဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ လုပ်ကိုင်ရလွယ်ကူစေဖို့အတွက် Ease of Doing Business ဆိုင်ရာဌာနတွေမှာ လုပ်ငန်းတွေအတွက် အခက်အခဲတွေကို ဖြေရှင်းပေးနိုင်ဖို့ အကူအညီပေးရေးကောင်တာတွေကို ဖွင့်လှစ်ကူညီမှုပေးမှာဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောသည်။

**လုပ်ငန်းစဉ်အဆင့်များ ဖြေလျှော့ပေး**

နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁) နှစ်တာအတွင်း အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၉ ဖြင့် သွင်းကုန်လိုင်စင် လျှောက်ထားရန် လိုအပ်သည့် ကုန်စည်လိုင်းပေါင်း ၄၆၁၃ လိုင်းကို Automatic Import Licensing နှင့် Non–Automatic Import Licensing အဖြစ် ခွဲခြားသတ်မှတ်၍ Import Negative List ကို ပြင်ဆင်ထုတ်ပြန်နိုင်ခဲ့ကြောင်း ဝန်ကြီးဌာနမှ သိရသည်။ ဆက်လက်၍ သွင်းကုန်နှင့် ပို့ကုန်လိုင်စင်လျှောက်ထားရန်လိုအပ်သော ကုန်စည်လိုင်းများကို ထပ်မံဖြေလျှော့နိုင်ရေးအတွက် သက်ဆိုင်ရာအသင်းအဖွဲ့များ၊ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ရသည်။

ထို့ပြင် နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီများကို ပြည်တွင်းတွင် လက်လီ၊ လက်ကား ရောင်းချခြင်းအား ခွင့်ပြုပေးနိုင်ခဲ့သည့်အပြင် ပြည်တွင်းတွင် ထုတ်လုပ်သော အသား၊ ငါး၊ တစ်ဆင့်မြင့် ပြုပြင်ထုတ်လုပ်ထားသော ကောက်ပဲသီးနှံများ၊ ပျော့ဖတ်နှင့် စက္ကူအမျိုးမျိုး၊ မျိုးစေ့၊ သန့်စင်ထားသည့် သတ္တုရိုင်းများ၊ သစ်သီးဝလံကုန်ကြမ်းတို့မှ အဆင့်မြင့်ထုတ်လုပ်ထားသော တစ်ဝက်တစ်ပျက်ကုန်ချော (သို့မဟုတ်) ကုန်ချောပစ္စည်းများ၊ သစ်အခြေခံ ပရိဘောဂပစ္စည်းများ စသည့် ကုန်ပစ္စည်းအုပ်စု ခုနစ်မျိုးကို နိုင်ငံခြားကုမ္ပဏီများကို တင်ပို့ခွင့်ပြုခဲ့ကြောင်း ဝန်ကြီးဌာန၏ စတုတ္ထ (၁) နှစ်တာ အစီရင်ခံစာတွင်ထည့်သွင်းဖော်ပြထားသည်။

**စိန်ခေါ်မှုများစွာကြုံတွေ့**

မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ လုပ်ငန်းများကို လေ့လာကြည့်မည်ဆိုပါက ပို့ကုန်ပိုင်းတွင် ဈေးကွက်တိုးချဲ့နိုင်စေရေးအတွက် အခွင့်အလမ်းကောင်းများ တည်ရှိနေသော်လည်း တစ်ဖက်တွင် များပြားသည့် စိန်ခေါ်မှုများနှင့် အခက်အခဲများကို တွေ့မြင်ရမည်ဖြစ်သည်။

"ကုန်သွယ်ဖက်နိုင်ငံရဲ့ ကုန်သွယ်ရေးမူဝါဒ ပြောင်းလဲမှု၊ နိုင်ငံခြားငွေကြေးလဲလှယ်မှုနှုန်းထားများ မတည်ငြိမ်မှု၊ ရာသီဥတုပြောင်းလဲမှုနဲ့ ကုန်သွယ်မှုဆိုင်ရာ အရေးပေါ်အခြေအနေတွေက အခက်အခဲတွေကို ကြုံရစေပါတယ်။ ဥပမာ တရုတ်နိုင်ငံကနေ စတင်ဖြစ်ပွားနေတဲ့ Coronavirus ဖြစ်စဉ်မျိုးတွေကြောင့် ပြည်တွင်းထုတ်လုပ်မှုတွေနဲ့ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းတွေအပေါ် အများကြီးအကျိုးသက်ရောက်မှုတွေ ရှိလာပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက သုံးသပ်ပြသည်။

ယင်းအကြောင်းအရာများအပြင် တရားမဝင်ကုန်သွယ်မှုများ ရှိနေခြင်းကြောင့် ပို့ကုန်ဝင်ငွေလျော့နည်းခြင်း၊ အခွန်ဘဏ္ဍာဆုံးရှုံးခြင်း၊ သဘာဝသယံဇာတပြုန်းတီးမှု ဖြစ်စေခြင်း၊ ပြည်တွင်း အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများကို ကြီးမားစွာထိခိုက်စေခြင်းနှင့် စားသုံးသူများအတွက် အန္တရာယ်ဖြစ်စေမှုများကို တွေ့ရှိရကြောင်း သိရသည်။

**အမျိုးသားပို့ကုန်မဟာဗျူဟာ**

"လက်ရှိအစိုးရလက်ထက်မှာ ဝယ်လိုအားနဲ့ ရောင်းလိုအားကို အခြေခံတဲ့ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ် (Liberal Market Economy)ကို ပီပြင်အောင် ဖွံ့ဖြိုးစေပြီး ပို့ကုန်တိုးတက်မှုကို အခြေခံတဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို ရရှိအောင်ကြိုးပမ်းခဲ့တာဖြစ်ပါတယ်။ ပို့ကုန် တိုးတက်စေဖို့အတွက် ပို့ကုန်အမယ်နဲ့ တင်ပို့တဲ့နိုင်ငံတွေကို ဖြန့်ခွဲခြင်း (Diversification)နဲ့ အဓိက ပို့ကုန်အမယ်အချို့ကို ပိုမိုဦးစားပေးပြီး စူးစိုက်တိုးချဲ့တင်ပို့ခြင်း (Intensification)တို့အတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy) ၂၀၁၅ – ၂၀၁၉ ကို ချမှတ်ဆောင်ရွက်ခဲ့ရာ အခုဆိုရင် (၅) နှစ်တာကာလပြီးဆုံးခဲ့ပြီး ထိုက်သင့်တဲ့ အောင်မြင်မှုတွေလည်း ရရှိခဲ့ပြီးဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ရှင်းပြသည်။

နယ်သာလန်နိုင်ငံ CBI အဖွဲ့အစည်းမှ ကယားပြည်နယ်အခြေပြု အားလုံးပါဝင်သော ခရီးသွားလုပ်ငန်းစီမံချက် (INCLUSIVE Tourism Focusing on Kayah State)ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ကယားပြည်နယ်၏ ကျန်ဒေသအချို့ အပါအဝင် တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ၂၀၁၈ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ဆက်လက် အကောင်အထည်ဖော်ရန်အတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ သန်းတန်ဖိုးရှိ စီမံကိန်းကို ဆက်လက်ဆောင်ရွက်သွားရန်ရှိကြောင်း ဝန်ကြီးဌာနမှ သိရသည်။

**စီးပွားရေးဆိုင်ရာချိတ်ဆက်မှု အားကောင်းလာ**

"စီးပွားရေးချိတ်ဆက် ဆောင်ရွက်မှုတွေ တိုးတက်လာစေဖို့အတွက် ဥယျာဉ်ခြံစိုက် ပျိုးထောင်နိုင်မှုစွမ်းရည်နဲ့ ခရီးသွားဆက်စပ်လုပ်ငန်းတွေ အဆင့်မြှင့်တင်ရေးစီမံကိန်းကို ၂၀၁၈ ခုနှစ်ကနေ ၂၀၂၂ ခုနှစ် အထိ ရှမ်းပြည်နယ်တောင်ကြီးမြို့ အင်းလေးကန်အနီးမှာ UNOPS၊ ITC၊ UNIDO၊ UNCTAD နဲ့ ILO အဖွဲ့အစည်းတွေကနေပံ့ပိုးတဲ့ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၀၁ သန်းနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ရှိပါတယ်"ဟု ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ရှင်းပြသည်။

ဝန်ကြီးဌာနသည် အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀ – ၂၀၂၅) တွင် ဦးစားပေးကဏ္ဍ (ကုန်စည်) (Priority Sector–Goods) ၅ မျိုး၊ (ဝန်ဆောင်မှု) (Priority Sector–Services) ၁ မျိုး၊ ဖွံ့ဖြိုးရန် အလားအလာရှိသည့်ကဏ္ဍ (Emerging Sector) ၁ မျိုးနှင့် ဦးစားပေး

အထူးကဏ္ဍ [ ဂ ] သို့ »»»



သစ်သီးများအဓိကတင်ပို့နေသည့် ကျင်စန်းကျော့ကုန်သွယ်ရေးဂိတ်ကို တွေ့ရစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် နေပြည်တော်ရှိ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ရုံး အဆောက်အအုံအား ဖွင့်လှစ်ပေးစဉ်။

»»» အထူးကဏ္ဍ [ ခ ] မှ

ကဏ္ဍများကို အထောက်အကူပြု ဝန်ဆောင်မှုကဏ္ဍ (Cross-Sector) ၄ မျိုးတို့ကို ရွေးချယ်ထားပြီး ပို့ကုန်မြှင့်တင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသည်။

**စီးပွားရေးသံမှူးများတိုးချဲ့စေလွှတ်**

နိုင်ငံထွက်ကုန်များကို အဓိကဈေးကွက်ရှိရာ နိုင်ငံများသို့ ပိုမိုတိုးချဲ့တင်ပို့နိုင်ရေးနှင့် ဈေးကွက်သစ်များရှာဖွေနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁) နှစ်တာအတွင်း ပြည်ပနိုင်ငံ ၁၀ နိုင်ငံသို့ စီးပွားရေးသံမှူးများကို စေလွှတ်ထားပြီး ထပ်မံ၍ ၅ နိုင်ငံသို့ တိုးချဲ့စေလွှတ်သွားရန်ရှိကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ တရားမဝင်ကုန်သွယ်မှုများကြောင့် ကမ္ဘာလုံးဆိုင်ရာ တရားမဝင်ကုန်သွယ်မှု အခြေအနေညွှန်းကိန်း မြင့်တက်လာမှုနှင့်စပ်လျဉ်းပြီး ဌာနအချင်းချင်းအကြား ပူးပေါင်းမှုမြှင့်တင်ရန် နိုင်ငံတော်သမ္မတရုံးကနေ ဖွဲ့စည်းပေးသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေက ဥက္ကဋ္ဌအဖြစ် ဦးဆောင်သော "တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ"၏ တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း သိရသည်။

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်**

တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာ တားဆီးထိန်းချုပ်နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ ၁၅ ဖွဲ့ကို ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး မဟာဗျူဟာရေးဆွဲရန်နှင့် မဟာဗျူဟာတွင် တရားမ ဝင်ဖြစ်ပေါ်နေသော ခန့်မှန်းတန်ဖိုးများအပေါ် အခြေခံ၍ ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၃ ရက်မှ ၄ ရက်အထိ ကျင်းပခဲ့သည့် UNCTAD Illicit Trade Forum သို့ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် နိုင်ငံတကာအဆင့် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ခဲ့သည်ကို ဂုဏ်ယူဖွယ်တွေ့ရသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) မှ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများသို့ ပေးအပ်သည့် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီအထောက်အပံ့ဖြစ်သည့် Enhanced Integrated Framework – EIF အစီအစဉ်များကို WTO နှင့် အပြည်ပြည်ဆိုင်ရာ



ဒုတိယဝန်ကြီး ဦးအောင်ထူး



အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး

ကုန်သွယ်မှုနှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ ဌာနခွဲတို့နှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့်ပူးပေါင်း၍ မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲနှင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရေး အကြိုညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း ဝန်ကြီးဌာနမှ သိရသည်။

**ကုန်သွယ်ရေးတွင် နည်းပညာအကူအညီရယူ**

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအမျိုးအစားများ တိုးပွားလာစေရေးနှင့် အာဆီယံဒေသတွင်း၊ ဥရောပသမဂ္ဂအောက်ရှိ နိုင်ငံများနှင့် ကမ္ဘာ့ဈေးကွက်များတွင် ပေါင်းစည်းပါဝင်လာစေရေးတို့အတွက် မြန်မာနိုင်ငံသို့ ပေးအပ်သည့် နည်းပညာအကူအညီ (ASEAN Regional Integration Support–Myanmar Trade Related Technical Assistance– ARISE Plus Myanmar) အရ ယူရို ၈ သန်းထောက်ပံ့နိုင်ရန် Financing Agreement ကို ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနတို့အကြား လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး

**ကမ္ဘာ့ဘဏ်ရဲ့ ထုတ်ပြန်ချက်တွေအရ ပြုပြင်ပြောင်းလဲမှု အတိုးတက်ဆုံးနိုင်ငံ ၂၀ ထဲမှာ မြန်မာနိုင်ငံ ပါဝင်လာခဲ့ပါတယ်။ ဒီအညွှန်းကိန်း တိုးတက်လာတာနဲ့အမျှ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ရတာ လွယ်ကူလာပြီး ပြည်ပက ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှုတွေကို ပိုမိုဆွဲဆောင်လာနိုင်လိမ့်မယ်လို့ မျှော်မှန်း**

ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက ပြောသည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း AEC Action Plan (2025) အရ ပြန်လည်ဖွဲ့စည်းထားသည့် ဝန်ဆောင်မှုကုန်သွယ်ရေးလုပ်ငန်းကော်မတီ၏ Focal Ministry အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဥပဒေများတိုးတက်ပြဋ္ဌာန်းနိုင်**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အဓိက စီမံခန့်ခွဲလျက်ရှိသည့် ဥပဒေများမှာ ပို့ကုန်သွင်းကုန်ဥပဒေ ၂၀၁၂ ၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ၊ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ ၂၀၁၄၊ ယှဉ်ပြိုင်မှုဥပဒေ ၂၀၁၅၊ စားသုံးသူကာကွယ်ရေးဥပဒေ၂၀၁၉၊ သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ ၂၀၁၉ တို့ဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် မူပိုင်ခွင့်ဆိုင်ရာဥပဒေ ၄ ခု ပြဋ္ဌာန်းနိုင်ခဲ့သည်ကို မြင်တွေ့ရသည်။

"စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေ၊ စာပေနှင့် အနုပညာ မူပိုင်ခွင့်ဥပဒေတို့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကနေ တာဝန်ယူဆောင်ရွက်နေပါတယ်။ ဒုတိယသမ္မတ ဦးဆောင်တဲ့ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီကို ဖွဲ့စည်းရန်အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ မူပိုင်ခွင့်ဆိုင်ရာ ဥပဒေ ၄ ခုအနက် ကုန်အမှတ်တံဆိပ်ဆိုင်ရာ မူပိုင်ခွင့်ဥပဒေကို စတင်ကျင့်သုံးဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်"ဟု အမြဲတမ်းအတွင်းဝန်က ပြောသည်။

လျှော့ဈေးဖြင့် စုပုံတင်ပို့ရောင်းချခြင်းနှင့် အစိုးရအထောက်အပံ့ ရယူတင်ပို့ရောင်းချခြင်းတို့ကြောင့် ထိခိုက်နစ်နာမှုအပေါ် ကုစားမှုဥပဒေမူကြမ်းကိုပြုစုခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လွှတ်တော်ဥပဒေကြမ်းကော်မတီများနှင့် ညှိနှိုင်းပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးဌာန၏ စတုတ္ထ (၁) နှစ်တာ အချက်အလက်များအရ သိရသည်။

ကုန်သွယ်မှုကဏ္ဍ တစ်ရပ်လုံးကို လွှမ်းခြုံနိုင်မည့် ကုန်သွယ်မှုဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်များဖြစ်သည့် World Bank Group၊ GIZ တို့နှင့်ပူးပေါင်း၍ ဥပဒေမူကြမ်းရေးဆွဲဆောင်ရွက်လျက်ရှိရာ ဥပဒေမူကြမ်း ၁ ခု ရေးဆွဲနိုင်ခဲ့သည့်အပြင် တိုက်ရိုက်ရောင်းချခြင်းဥပဒေ (မူကြမ်း)ကို ရေးဆွဲပြီးဖြစ်ကာ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

**ကုန်သွယ်မှုဆိုင်ရာကျွမ်းကျင်သူများ မွေးထုတ်**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရန်ကုန်မြို့တွင် ကုန်သွယ်မှုသင်တန်းကျောင်း (Trade Training Institute – TTI) ကို ဖွင့်လှစ်၍ ပို့ကုန်သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ကုန်သွယ်မှုဆိုင်ရာ အသိပညာပေးခြင်းများ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်းများ၊ နိုင်ငံခြားအဖွဲ့အစည်းများ/ ကုမ္ပဏီများနှင့် ပူးပေါင်းဖွင့်လှစ်ခဲ့သည့် ရက်တိုသင်တန်းများ၊ ကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးပွဲများကို ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း ဝန်ကြီးဌာနမှ သိရသည်။

ထို့ပြင် ဝန်ထမ်းများ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရန်၊ အတွေ့အကြုံဗဟုသုတများ တိုးတက်စေရန်နှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်အတွက် ပြည်ပမှ ဖိတ်ခေါ်သည့်သင်တန်းများသို့ စဉ်ဆက်မပြတ် စေလွှတ်တက်ရောက်စေခြင်း၊ ပြည်ပနိုင်ငံများ၌ ကျင်းပပြုလုပ်သည့် ဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ စေလွှတ်တက်ရောက်စေခြင်း၊ ဌာနတွင်းသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်ထံမှ သိရသည်။

ဝန်ထမ်းများ နိုင်ငံတကာ ဘာသာစကားများကို ကျွမ်းကျင်တတ်မြောက်မှုရှိစေရန် အတွက် တရုတ်ဘာသာ၊ အင်္ဂလိပ်ဘာသာ သင်တန်းများကို သင်ကြားပေးလျက်ရှိပြီး ဝန်ကြီးဌာနတွင် နှစ်ပတ်တစ်ကြိမ် ကျင်းပပြုလုပ်လျက်ရှိသည့် ကြာသပတေးနေ့ စကားဝိုင်းတွင် ပြည်တွင်း/ပြည်ပ ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပြည်ပနိုင်ငံများတွင် ပြုလုပ်သည့် သင်တန်း၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ သွားရောက်ပြီး ပြန်လည်ရောက်ရှိလာသည့် ဝန်ထမ်းများ၏ အတွေ့အကြုံများ ဦးစီးဌာနများရှိ အရာထမ်းများ အသိပညာမျှဝေခြင်း Knowledge Sharing ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**လုပ်ငန်းရှင်များအခက်အခဲဖြေရှင်းပေး**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်မှုဖြင့်ဦးဆောင်သည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်တွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး (Private Sector Development – PSD)ကို ဆောင်ရွက်လျက်ရှိသည်။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြား တွေ့ဆုံ ဆွေးနွေးမှု (Public Private Dialogue) များကို လစဉ်ဆောင်ရွက်လျက်ရှိပြီး တွေ့ဆုံသည့် အစည်းအဝေး (၃၂) ကြိမ်ကျင်းပခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲ၊ အကြံပြုတင်ပြချက်များအပေါ် ကူညီဖြေရှင်းဆောင်ရွက်ပေးနေသည်ကို မြင်တွေ့ရသည်။

"စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်မှုလွယ်ကူစေရေးအတွက် ကမ္ဘာ့ဘဏ်နဲ့ ပူးပေါင်းပြီး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်မှုလွယ်ကူရေးအညွှန်းကိန်း (World Bank Ease of Doing Business Index) ကို Ranking ပိုမိုတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ ရည်မှန်းချက်အဖြစ် အညွှန်းကိန်း (၁၇၁) ကနေ (၁၀၀) အောက်ကို ကျဆင်းသွားနိုင်ဖို့ ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်။ ကမ္ဘာ့ဘဏ်ကထုတ်ပြန်တဲ့ Doing Business အစီရင်ခံစာမှာ မြန်မာနိုင်ငံရဲ့ အဆင့်သတ်မှတ်ချက်က ၂၀၁၉ ခုနှစ်တွင် နိုင်ငံပေါင်း ၁၉၀ အနက် အဆင့် ၁၇၁ ရရှိထားပြီး ၂၀၂၀ ပြည့်နှစ်မှာ အဆင့် ၁၆၅ ကို တိုးတက်လာပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ ထုတ်ပြန်ချက်တွေအရ ပြုပြင်ပြောင်းလဲမှု အတိုးတက်ဆုံးနိုင်ငံ ၂၀ ထဲမှာ မြန်မာနိုင်ငံ ပါဝင်လာခဲ့ပါတယ်။ ဒီအညွှန်းကိန်း တိုးတက်လာတာနဲ့အမျှ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ရတာ လွယ်ကူလာပြီး ပြည်ပက ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှုတွေကို ပိုမိုဆွဲဆောင်လာနိုင်လိမ့်မယ်လို့ မျှော်မှန်းပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက မျှော်မှန်းချက်ကို ပြောသည်။

**တောင်သူလယ်သမား**

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ လယ်ယာထုတ်ကုန်များရောင်းချရာတွင် သင့်တင့်မျှတသော ဈေးကွက်နှင့် ဈေးနှုန်းရရှိရေးအတွက် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ အဖွဲ့ဝင် ၂၄ ဦး ပါဝင်သောအဖွဲ့ကို ဖွဲ့စည်းပေးထားကြောင်း သိရသည်။

"လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့အနေနဲ့ ၂၀၁၉–၂၀၂၀ အတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအောက် ကျဆင်းလျက်ရှိတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှာ အခြေခံရည်ညွှန်းစပါးဈေးနှုန်းနဲ့ ဝယ်ယူခွင့်ရရှိရေးကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ နွေစပါးထွက်ပေါ်လာချိန်မှာ အခြေခံ ရည်ညွှန်းစပါးဈေးနှုန်းအောက် ရောက်နေခဲ့မယ်ဆိုရင် ဝယ်ယူနိုင်ရေးအတွက် ကျွန်တော်တို့ဘက်က စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြောသည်။

**အထူးစီးပွားရေးဇုန်များ**

လက်ရှိအထူးစီးပွားရေးဇုန် ၃ ခုအနက် ရန်ကုန်မြို့ရှိ သီလဝါအထူးစီးပွားရေးဇုန်သည် အအောင်မြင်ဆုံး စီးပွားရေးဇုန်တစ်ခု ဖြစ်နေပြီဖြစ်သည်။ လက်ရှိဇုန်(အေ) အကောင်အထည်ဖော် ပြီးစီးသွားပြီဖြစ်သည့်အပြင် ဇုန်(ဘီ)ကို တိုးချဲ့ဆောင်ရွက်နေသည်ကို သိရ

အထူးကဏ္ဍ [ ဃ ] သို့ »»»



မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်အတွင်း ကုန်တင်ယာဉ်များကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ ၇ ] မှ

သည်။ သီလဝါ အထူးစီးပွားရေးဇုန်အနေဖြင့် လက်ရှိအချိန်အထိ နိုင်ငံပေါင်း ၁၉ နိုင်ငံမှ ကုမ္ပဏီပေါင်း ၁၁၂ ခု ခန့် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိကြောင်း ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းဆိုင်ရာ သဘောတူစာချုပ်နှင့် အစုရှယ်ယာများနှင့် သက်ဆိုင်သော သဘောတူစာချုပ်တို့ကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သည်။ ရေနက်ဆိပ်ကမ်းစီမံကိန်းကို CITIC Consortium မှ ရှယ်ယာအချိုး ၇၀ ရာခိုင်နှုန်းနှင့် မြန်မာဘက်မှ ၃၀ ရာခိုင်နှုန်းတို့ဖြင့် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ပထမအဆင့်အနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံဖြင့် စတင်အကောင်အထည်ဖော်နိုင်ရေး စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA)၊ လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်း(SIA)နှင့် ဘူမိဗေဒနှင့် မြေမျက်နှာသွင်ပြင် စစ်တမ်းကောက်ယူမှု G.T survey လုပ်ငန်းများကို တင်ဒါခေါ်ယူသွားမည်ဖြစ်ပြီး စက်မှုဇုန်စီမံကိန်းကို CITIC Consortium ဘက်မှ ရှယ်ယာအချိုး ၅၁ ရာခိုင်နှုန်းနှင့် မြန်မာဘက်မှ ၄၉ ရာခိုင်နှုန်းတို့ဖြင့် ရင်းနှီးမြှုပ်နှံမှုငွေ အမေရိကန်ဒေါ်လာသန်း ၃၀ အကုန်အကျခံ အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်မှုများကို အများပြည်သူ သိရှိနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာ – ထိုင်း နိုင်ငံအပြင် ဂျပန်နိုင်ငံပါ ပါဝင်လာရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးဌာနမှ သိရသည်။

"ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်းရဲ့ အရေးကြီးတဲ့အစိတ်အပိုင်းတစ်ခုအဖြစ် ထိုင်း – မြန်မာနယ်စပ် ထီးခီးအထိ အဆင့်မြှင့်တင်ဖောက်လုပ်သွားမယ့် ၂ လမ်းသွားကားလမ်းဖောက်လုပ်ဖို့အတွက် ထိုင်းနိုင်ငံ NEDA ရဲ့ ချေးငွေနဲ့ မကြာမီ စတင်အကောင်အထည်ဖော် တည်ဆောက်သွားမှာဖြစ်ပါတယ်"ဟု အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက ပြောသည်။

**မြန်မာ – တရုတ် နယ်စပ်**
**စီးပွားရေးပူးပေါင်းဆောင်ရွက်မှု**

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နယ်စပ်ရှိ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များ ထူထောင်နိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သည့် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ပြည်နယ်များအလိုက် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ဗဟိုကော်မတီ အစည်းအဝေး ၄ ကြိမ် ကျင်းပနိုင်ခဲ့ပြီး နယ်စပ်အထူးစီးပွားရေးဇုန်များကို ကချင်ပြည်နယ် ကန်ပိုက်တီ၊ ရှမ်းပြည်နယ် မူဆယ်နှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ ချင်းရွှေဟော်တို့၌ ထူထောင်သွားမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံနှင့် ညှိနှိုင်းချက်အရ ရှမ်းပြည်နယ် မူဆယ်၌ စတင်အကောင်အထည်ဖော်သွားရန်ရှိပြီး မူဆယ် – ရွှေလီ နယ်စပ်စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဇုန်နှင့် ပတ်သက်သည့် မူဘောင်သဘောတူစာချုပ် ဆွေးနွေးမှုလုပ်ငန်းစဉ်များ လျင်မြန်တိုးတက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဒေသအဆင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်း၍ နှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်နေသည်ကို မြင်တွေ့ရသည်။

**အလုပ်အကိုင်ဖန်တီးနိုင်ရေး**

ဝန်ကြီးဌာနသည် နိုင်ငံအတွင်း ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရန်အတွက် အလုပ်အကိုင်ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Job Creation Sector Coordination Group) ကို အစိုးရဌာနများနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများမှ အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိရာ ဦးစားပေးကဏ္ဍခွဲအလိုက် ခရီးသွားလုပ်ငန်းကဏ္ဍ၊ စက်မှုကုန်ချောထုတ်လုပ်မှုကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတို့ကို ဖွဲ့စည်းထားခဲ့ပြီး ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း အဆိုပါဝန်ကြီးဌာန၏ စတုတ္ထ (၁) နှစ်တာ ဆောင်ရွက်ချက် မှတ်တမ်းများအရ သိရသည်။

**စားသုံးသူများ ထိထိရောက်ရောက်ကာကွယ်**

စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ ကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်ကို အသစ်ပြန်လည်ဖွဲ့စည်းခဲ့ပြီးဖြစ်ရာ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်များကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် ပြည်ထောင်စုနယ်မြေ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များတွင် စားသုံးသူရေးရာကော်မတီများကို ဖွဲ့စည်းခဲ့ပြီး ကုန်စည်အုပ်စု ၈ မျိုးတွင် ကုန်အညွှန်းအမှတ်အသားများကို မြန်မာဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရန်ကိစ္စနှင့်ပတ်သက်၍ အသေးစိတ်ညွှန်ကြားချက်များကို ထုတ်ပြန်ဆောင်ရွက်ခဲ့ပြီး အဆိုပါပြဋ္ဌာန်းချက်မှာ ၂၀၂၀ ပြည့်နှစ် မတ်လ ၁၆ ရက်တွင်စတင်၍ အာဏာသက်ရောက်ခဲ့ပြီ ဖြစ်သည်။

ထို့ပြင် စားသုံးသူများရသင့်သည့် အခွင့်အရေးများကို မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး၊ ကုန်အညွှန်း အမှတ်အသားနှင့်ပတ်သက်၍ စားသုံးသူများ အသိပညာပေးသည့်ကိစ္စရပ်များကို သတင်းစာစောင်များ၊ ရုပ်မြင်သံကြားတို့တွင် ကျယ်ကျယ်ပြန့်ပြန့် အသိပေးဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

**ယှဉ်ပြိုင်မှုကော်မရှင်ထံတိုင်ကြားနိုင်**

ယှဉ်ပြိုင်မှုဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ကို ဖွဲ့စည်းပြီး ကော်မရှင်အစည်းအဝေးများကို ၃ လတစ်ကြိမ် ပုံမှန် ကျင်းပပြုလုပ်ကာ တိုင်ကြားမှုများအပေါ် ဆွေးနွေးဖြေရှင်းပေးလျက်ရှိသည့် အပြင် ကော်မရှင်၏ လုပ်ငန်းများ ထိထိရောက်ရောက် စနစ်တကျ အကောင်အထည်ဖော်နိုင်ရေး အတွက် ပြည်တွင်း၊ ပြည်ပမှ ယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများနှင့် ပူးပေါင်းကာ ယှဉ်ပြိုင်မှု ဥပဒေ အကောင်အထည်ဖော်ရေး မဟာဗျူဟာစီမံချက်များကို ရေးဆွဲနေပြီဖြစ်သည်။

ယှဉ်ပြိုင်မှုကော်မရှင်သည် တရားမျှတမှုမရှိသော စီးပွားရေးဆိုင်ရာ အပြုအမူများ အပေါ် တိုင်ကြားမှုများကို လက်ခံစိစစ်ကာ အရေးယူဆောင်ရွက်ပေးလျက်ရှိရာ လက်ရှိအချိန်အထိ တိုင်ကြားမှု ၁၀ မှုကို လက်ခံရရှိထားပြီး ၃ မှုအား ပြီးပြတ်သည်အထိ စုံစမ်းဖော်ထုတ်နိုင်ခဲ့ကြောင်းသိရသည်။

ယှဉ်ပြိုင်မှုဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဒေသတွင်း အစီအစဉ်များအပြင် ဩစတြေးလျယှဉ်ပြိုင်မှုနှင့် စားသုံးသူရေးရာကော်မရှင်၊ ဂျပန် လွတ်လပ်သော ကုန်သွယ်ရေးကော်မရှင်၊ GIZ ကဲ့သို့ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်နေကြောင်း အဆိုပါဝန်ကြီးဌာနမှ သိရသည်။

**MSMEs စီးပွားရေး**
**လုပ်ငန်းများအတွက်ပြင်ဆင်**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (MSMEs Agency) ကို တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အေဂျင်စီမှ တိုင်းဒေသကြီး/ပြည်နယ်များတွင် တိုးချဲ့နိုင်ခဲ့ကာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် MSMEs Action Plan များချမှတ်၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောသည်။

"ကျွန်တော်တို့ ဝန်ကြီးဌာနက တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျယ်ပြန့်တဲ့ ပို့ကုန်ဈေးကွက်နဲ့ ခိုင်မာတဲ့ပို့ကုန်ဈေးကွက်တွေ တိုးတက်ရရှိရေးအတွက် ရေတို၊ ရေရှည် စီမံချက်များချမှတ်ပြီး ကုန်သွယ်မှုဖွံ့ဖြိုးရေးအတွက် နှစ်လတ်ဖွံ့ဖြိုးရေးအစီအစဉ် (Medium Term Programme–MTP) နဲ့ အမျိုးသားပို့ကုန်မဟာဗျူဟာကို သတ်မှတ်ချက်အတိုင်း အောင်မြင်စွာပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ဝန်ကြီးဌာန၏ စတုတ္ထ (၁) နှစ်တာဆောင်ရွက်ချက်များအဖြစ် ပြည်ထောင်စုဝန်ကြီးက ဖြေကြားသည်။

**အရေးပေါ်စီးပွားရေးပြင်ဆင်**

ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များ၌ အရေးပေါ် အခြေအနေများ ဖြစ်ပေါ်လာပါက စီမံဆောင်ရွက်မည့် ကာလတို၊ ကာလရှည်ဆောင်ရွက်မည့် နည်းလမ်းများကို တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် "ကုန်သွယ်မှုဆိုင်ရာအရေးပေါ်အခြေအနေ အလျင်အမြန် တုံ့ပြန်ရေးအဖွဲ့ (Trade Emergency Rapid Response Team)"ကို ဖွဲ့စည်း၍ တုံ့ပြန်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးထံမှ သိရသည်။

"လက်ရှိဖြစ်ပေါ်နေတဲ့ အရေးပေါ်အခြေအနေတွေကြောင့် ဖရဲ၊ သခွားကဲ့သို့ ရာသီသီးနှံများ၊ ရေထွက်ကုန်ပစ္စည်းများ တင်ပို့မှုလျော့နည်းသွားတဲ့ကိစ္စနဲ့ သွင်းကုန် လျော့နည်းသွားတဲ့ကိစ္စအပေါ် ဆောင်ရွက်နိုင်မယ့်နည်းလမ်းတွေကို သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တွေ၊ အသင်းအဖွဲ့တွေ အားလုံးနဲ့ ပေါင်းစပ်ညှိနှိုင်းသလို အခြားဈေးကွက်သစ်တွေ ရှာဖွေနိုင်ရေးကို ပြည်ပနိုင်ငံသို့ စေလွှတ်ထားတဲ့ စီးပွားရေးသံမှူးတွေကနေတစ်ဆင့် ဈေးကွက်ရှာဖွေနိုင်ဖို့ ကြိုးပမ်းနေပါတယ်။ ကုန်သွယ်မှုတိုးတက်စေရေးနဲ့ ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးအတွက် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းတွေ၊ စိုက်ပျိုးထုတ်လုပ်သူတွေ၊ အသင်းအဖွဲ့တွေ၊ ကုန်သည်လုပ်ငန်းရှင်တွေ၊ ပညာရှင်တွေ၊ သတင်းမီဒီယာတွေနဲ့ ပြည်သူတွေဆီကနေ အကြံပြုချက်တွေ၊ ဝေဖန်သုံးသပ်ချက်တွေကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ပေးပို့နိုင်ပါတယ်ဆိုတာနဲ့ ဝန်ကြီးဌာနကနေ ကြိုဆိုလျက်ရှိပါတယ်ဆိုတာကို ပြောကြားလိုပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁) နှစ်တာ ဖြတ်သန်းမှုများတွင် ပြောကြားသည်။

နိုင်ငံ၏ ပို့ကုန်ဦးဆောင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပုံစံ (Export–led Growth) ဖြင့် ဦးတည်ဆောင်ရွက်လျက်ရှိရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် တစ်ထောင့်တစ်နေရာမှ အားဖြည့်တင်း၍ နိုင်ငံတော်အတွက် ကြိုးပမ်းလျက်ရှိနေပါကြောင်း တင်ပြလိုက်ရပါသည်။ ။



စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ ဈေးတွင် ကွင်းဆင်းစစ်ဆေးနေမှုကို တွေ့ရစဉ်။

# ကယားတိုင်းရင်းသားများ: ငွေတောင်နယ်တောင်ညိုတန်းရိပ်က မနုမနော(ကော်ယော်) တိုင်းရင်းသားများ

## ကယားပြည် ငွေတောင်နယ်တောင်ညိုတန်းရိပ်က မနုမနော(ကော်ယော်) တိုင်းရင်းသားများ

မောင်မောင်ကျော့(ပလက်ဝ)

မြန်မာနိုင်ငံတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည်တို့ဖြင့် စုစည်းထားသည့် တိုင်းရင်းသားလူမျိုးနွယ်စု ၁၃၅ မျိုးရှိသည်။ ကယားပြည်နယ်မှာ အငယ်ဆုံးဖြစ်သည်။ စတုရန်းမိုင်ပေါင်း ၄၅၀၆ မိုင်သာ ကျယ်ဝန်း၏။ ကယား၊ ပရဲ(ကယော)၊ မနုမနော(ကော်ယော်)၊ ဂေဘား၊ ယင်းတလဲ၊ ကယန်း (သို့) ကယန်း-ပဒေါင် (ကယန်းကခေါင်း)၊ ဂေခို (ကယန်းကဒွေ့)၊ ယင်းဘော်(ကယန်းကငံ)၊ အဇီး(ကယန်းလဲထ) ဟူ၍ ကယားအစု ကိုးမျိုးနှင့် ပကူးကရင်၊ ရှမ်း၊ ပအိုဝ်း၊ အင်းသား၊ ဗမာ စသောတိုင်းရင်းသားများ စုပေါင်းနေထိုင်သော ပြည်နယ်တစ်ခုဖြစ်သည်။ ကယားပြည်နယ်တွင် လွိုင်ကော်၊ ဒီးမော့ဆို၊ ဖားဆောင်း၊ ဖရူဆို၊ မယ်ဆည်နယ်နှင့် ရှားတော စသောမြို့နယ်ခြောက်ခုရှိသည်။

### မနုမနော(ကော်ယော်)လူမျိုး

မနုမနော(ကော်ယော်)တို့သည် ကယားမျိုးနွယ်စုတွင်ပါဝင်ပြီး အိမ်နီးနားချင်းများက မနုမနော၊ ကယားစကားဖြင့် အနူး၊ မနုမနော(ကော်ယော်)စကားဖြင့် မိုနိုဟု ခေါ်ကြသည်။ ယခုအခါ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ပထမအစည်းအဝေး) သို့ တက်ရောက်ခဲ့ကြသော မနုမနောတို့က ကော်ယော်တိုင်းရင်းသားအမည်ဟုသာ ရေးမှတ်ခဲ့ကြောင်း တွေ့ရသည်။ မနုမနော(ကော်ယော်) စကားကိုပြောကြသည်။ အသံအနိမ့်အမြင့် ဒေသအလိုက်အနည်းငယ်ကွဲပြားသည်။ ပင်ရင်းစာပေမရှိ၊ ရိုးသားကြိုးစားသူများဖြစ်သည်။ လုံ့လဝီရိယကောင်းသည်။ ဖရူဆိုမြို့နယ်တွင် အများဆုံးနေထိုင်ကြသည်။ ၁၉၆၅ ခုနှစ် (၁၈)ကြိမ်မြောက် ပြည်ထောင်စုနေ့တွင် တိုင်းကြီးကြပ်ရေးကော်မတီ၊ တိုင်းခွဲ(၉)မှ တင်ပြသောစာရင်းအရ မနုမနောတိုင်းရင်းသား ၃၀၀၀ ကျော်ခန့်ရှိသည်။ ယခုအခါ ၁၀၀၀၀ ကျော်ခန့် ရှိနေပြီဖြစ်သည်။

### ဆင်းသက်ပေါက်ဖွား မနုမနော(ကော်ယော်)တိုင်းရင်းသား

မြန်မာနိုင်ငံသို့ မနုမနော(ကော်ယော်)တိုင်းရင်းသားများ ဝင်ရောက်နေထိုင်မှုနှင့်ပတ်သက်၍ မနုဿဗေဒပညာရှင်များက ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံးသည် မွန်ဂိုလွိုက်လူမျိုးနွယ်မှ ပေါက်ဖွားလာခြင်းဖြစ်သည်။ မွန်ဂိုလွိုက်လူမျိုးတို့၏ ပင်ရင်းဒေသမှာ အာရှတိုက်အလယ်ပိုင်းရှိ မွန်ဂိုကုန်းမြင့်ဖြစ်သည်။ မွန်ဂိုလွိုက်ဖြစ်ကြ၍ ညီနောင်တူဖွားသွေးရင်းသားရင်းတို့ပင် ဖြစ်သည်။

မွန်ဂိုကုန်းမြေမြင့်တွင် နေထိုင်ခဲ့ကြရာမှ တောင်ဘက်သို့ တဖြည်းဖြည်းဆင်းသက်လာသူများဖြစ်ကြသည်။ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နေထိုင်ကြရာတွင် နေထိုင်ရာ ရေ၊ မြေ၊ ချောင်းခြားနားခြင်း၊ မြေပြန့်၊ တောင်ပေါ်လမ်းခရီးခက်ခဲခြင်း၊ ပထဝီအနေအထားအရ တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်ပြတ်ကာ ရောက်ရာအရပ်၌ ကိုယ့်အစုအဝေးနှင့်ကိုယ်နေထိုင်ကြခြင်း၊ ရာသီဥတု ပတ်ဝန်းကျင်မတူညီခြင်း စသည်တို့ကြောင့် အပြောအဆို၊ အနေအထိုင်၊ အဝတ်အစား၊ အမူအရာ၊ ဓလေ့ထုံးစံများ ကွဲပြားခြားနားခြင်းသာဖြစ်သည်။ ရုပ်သွင်ပြင်မှာ မွန်ဂိုလွိုက်ရုပ်သွင်ပြင်လက္ခဏာများပေါ်လွင်ပြီး အသားဝါလူမျိုးများဖြစ်ကြသည်ဟု ရေးသားထားပါသည်။

### စဉ်လာထိန်းထားရှေးစကား

မနုမနော(ကော်ယော်)တိုင်းရင်းသားတို့သည်လည်း ပြည်ထောင်စုဖွားတိုင်းရင်းသားများဖြစ်ကြသော ကယား၊ ကရင်၊ ပအိုဝ်း၊ ရှမ်းတို့နှင့်အတူ တရုတ်ပြည်အနီး “စင်ကီ” ဟူသော အရပ်ဒေသမှ ဆင်းသက်လာသူများဖြစ်ကြောင်း ဘိုးဘွား များက ပြောခဲ့ကြပေသည်။

(၁) ဆင်းသက်လာရာ လမ်းကြောင်းတစ်လျှောက်တွင် မနုမနော (ကော်ယော်) အခေါ် ပဝိုတလာ၊ မြန်မာလို မန္တလေးတွင်စခန်းချအနားယူခဲ့ကြသည်ဟု ဆိုပါသည်။

(၂) ထိုမှတစ်ဆင့် တောင်ဘက်သို့ ဆင်းလာရာ မြစ်ဝကျွန်းပေါ်နှင့်ပင်လယ်ပြင်အထိ ရောက်သွားခဲ့ကြသည်ဟု ဆိုပါသည်။ တောင်ဘက်သို့ ဆက်လက်သွားရန် ဖောင်ဖွဲ့၍ ပင်လယ်ပြင်သို့ ထွက်လာရာတွင် သူတို့ထံပါလာသော တဆေး (တရာမို) အနံ့ကြောင့် မိကျောင်းက အနှောင့်အယှက်ပေးသဖြင့် ရှေ့သို့ဆက်လက်မသွားဝံ့ဘဲ ကုန်းပေါ်သို့ ပြန်တက်ခဲ့ရသည်ဟု ဆိုပါသည်။

(၃) မြစ်ဝကျွန်းပေါ်မှတစ်ဆင့် သံလွင်မြစ်အတိုင်း ပြန်လည်တက်လာခဲ့ရာ ခဲမဖြူတွင်စခန်းချ၍ အနားယူခဲ့ရပြန်သည်။

(၄) ထိုမှတစ်ဆင့် အချို့က မွန်ချောင်းလက်တက်ဖြစ်သော ထူးချောင်းအတိုင်း၊ အချို့က နန်းဖဲချောင်းအတိုင်း အသီးသီးဆန်တက်ခဲ့ကြရာ ယင်းချောင်းနှစ်ခုကြားရှိဒေသ ယခုဖရူဆိုမြို့နယ်တွင် နေရာချကာ ယနေ့အထိ နေထိုင်လာခဲ့ကြခြင်းဖြစ်သည်ဟု ဆိုပါသည်။

> **ယခုအခါ နိုင်ငံတော်အနေဖြင့် ကယားပြည်နယ်တစ်ခွင်ရှိ ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေဖို့ လမ်းတံတားနှင့် မြို့ပြဒေသတို့ အချိုးညီဖွံ့ဖြိုးတိုးတက်လာစေဖို့ ဆောင်ရွက်ပေးလျက်ရှိရာ မနုမနော(ကော်ယော်)တို့ အများစုနေထိုင်ရာ ဖရူဆိုမြို့နယ်တွင်လည်း လမ်းတံတား၊ မြို့ပြနှင့်ကျေးလက်ဒေသအဆောက်အဦများ ဥပမိရုပ်တို့မှာလည်း အတိုင်းအတာတစ်ခုအထိ ဖွံ့ဖြိုးတိုးတက်လာခဲ့ပေပြီ။**



ကော်ယော် (မနုမနော)လူမျိုးစု
ခေတ်သစ်ရိုးရာဝတ်စုံ



ကော်ယော် (မနုမနော)လူမျိုးစု
ခေတ်ဟောင်းရိုးရာဝတ်စုံ

### အုပ်ချုပ်ရေး

မနုမနော(ကော်ယော်)တို့ အုပ်ချုပ်ရေးတွင် “စောဖျာ” သည် အာဏာအရှိဆုံးဖြစ်သည်။ စောဖျာရာထူးကို မျိုးရိုးစဉ်ဆက် ဆက်ခံရသည်။ သားမရှိလျှင် ညီဆက်ခံ၍ ညီမရှိလျှင်အနီးစပ်ဆုံး ဆွေမျိုးဆက်ခံရသည်။ စောဖျာအစဉ်အဆက်ကို နယ်လူထုသဘောမကျသော်လည်း ဖြုတ်ခွင့်မရှိ၊ စောဖျာလုပ်သူသည် တော်တည့်မှန်ကန်ခြင်း၊ ဩဇာတိက္က မရှိခြင်း၊ သတ္တိကောင်းခြင်း၊အပြောအဆိုပြေပြစ်ခြင်း စသောအရည်အချင်းနှင့်ပြည့်စုံရပေမည်။ အမှုကိစ္စများကို စောဖျာလက်အောက်ရှိ သူကြီးများမဆုံးဖြတ်နိုင်လျှင် စောဖျာမှာအဆင့်မြင့်ဆုံးစီရင်ပိုင်ခွင့်ရှိသည်။ သူကြီးတို့၏တာဝန်မှာ ခိုက်ရန်ဖြစ်ပွားမှုကို ဖြန်ဖြေခြင်း၊ ကျေးရွာအေးချမ်းသာယာအောင် အုပ်ချုပ်ခြင်းတို့သာဖြစ်သည်။ အင်္ဂလိပ်ခေတ်တွင်လည်း သူကြီးတို့၏တာဝန်မှာ ထိုနည်းအတူပင်ဖြစ်သည်။

### လူမှုစီးပွားဘဝ

မနုမနော(ကော်ယော်)တို့၏ နေထိုင်မှုသဘာဝသည် တောတောင်မှီသဖြင့် အခြားသော ကယားတိုင်းရင်းသားကဲ့သို့ပင် တောင်ယာလုပ်ငန်းကိုလုပ်ကိုင်လေ့ရှိကြသည်။ သူတို့သည် တောင်စောင်းများတွင် နေထိုင်ကြပြီး တောင်ယာကို တောင်စောင်းများတွင် စူးထိုးစိုက်ပျိုးကြသည်။ မြေပြန့်လယ်ယာလုပ်ငန်းကို လုပ်ကိုင်လေ့မရှိပေ။ ဖရူဆိုမြို့နယ်တွင် ရောနှောနေထိုင်ကြသော ပရဲတို့နှင့် မျိုးနွယ်စုတူ ဂေခိုတို့ကဲ့သို့ တောင်ယာမခုတ်မီ ခုတ်ရမည့်ရက်ကိုသိနိုင်ရန် ကြက်ရိုးဗေဒင်မေးလေ့ရှိသည်။ ဗေဒင်အလိုအရ တောင်ယာခုတ်ခြင်း၊ တောင်ယာမီးရှို့ခြင်း စိုက်ပျိုးခြင်းတို့ကိုပြုလုပ်ကြသည်။

တောင်ယာလုပ်ငန်းမှာ မိုးရွာသွန်းမှုအပေါ်မူတည်၍ စပါးတင်းတစ်ရာ၊ နှစ်ရာအထိပင် ရရှိကြသည်။ ကယန်းတို့ကဲ့သို့ စုပေါင်းလုပ်ကိုင်လေ့ရှိသည်။ တောင်စောင်းတွင် စပါးကိုစိုက်ပျိုးပြီး အပင်တစ်ထွာခန့်ရှိချိန်၌ သစ်ပင်တစ်ပင်ကို ရွေးချယ်ကာ အထွတ်အမြတ်ထား၍ အိမ်တိုင်းစေ့ပူဇော်ပသလေ့ရှိသည်။ ထိုအပင်ကိုမည်သည့်အခါမှ ခုတ်လှဲခြင်းမပြုဘဲ ကိုးကွယ်ထားကြသည်။ စပါး၊ ပြောင်း၊ ကောက်ပင်တို့ကို စားသုံးရန်သာစိုက်ပျိုးကြသည်။

ဥယျာဉ်ခြံမြေတွင် ကွမ်းသီး၊ ကွမ်းပင်တို့ကို စားသုံးရန် အဓိကထားစိုက်ပျိုးကြသည်။ ပိုလျှံက ဖရူဆိုမြို့ပေါ်တွင် သွားရောက်ရောင်းချကြသည်။ တည်း၊ ငှက်ပျော၊ လိမ္မော် အနည်းအကျဉ်းစိုက်ပျိုး၍ ဆန်ဖြင့်လဲလှယ်ကြသည်။

စီးပွားဖြစ်လုပ်ငန်းတစ်ခုမှာ သစ်တောထွက်ပစ္စည်းဖြစ်သော ချိတ်လုပ်ငန်းပင်ဖြစ်သည်။ ချိတ်အစိုကို ညောင်ပင် (သို့) ချိတ်တွယ်ကပ်သည့် သစ်ပင်အကိုင်းတို့တွင် ချည်ထားခြင်းဖြင့် ချိတ်ကိုပွားအောင်လုပ်ကြသည်။ တစ်နှစ်ကျော်လျှင် ရင့်လာသောသစ်ကိုင်းကို ချိတ်ရှိသည့်နေရာအထိ ဖြတ်၍ ရောင်းချကြသည်။ အချို့က ချိတ်ကိုခွာ၍ ဝါးကျဉ်တောက်ထဲထည့်ပြီး အရည်ပျော်လာသည်အထိ မီးဖုတ်ကြသည်။ အရည်ကိုအအေးခံ၍ ဝါးကိုခွာလိုက်လျှင် ချိတ်တောင့်များရလာသည်။ မနုမနော(ကော်ယော်) တို့ ကိုင်ဆောင်သော ဓားလက်ကိုင်အရိုးမာထဲတွင် ချိတ်ရည်လောင်းထည့်ခြင်းဖြင့် ပိုမိုခိုင်ခံ့အောင်ပြုလုပ်ကြသည်။

တောင်ယာအလုပ်အားချိန်တွင် ငါးရှာလေ့ရှိသည်။ ရေအိုင်ကိုကျောက်များစီ၍ လမ်းပိတ်ကာ ငါးဖမ်းကြသည်။ ပုစွန်၊ ကဏန်းလည်းဖမ်းကြသည်။ မနုမနော(ကော်ယော်)အမျိုးသားတိုင်း မုဆိုးလိုက်ရန် ဝါသနာပါသည်။ သားကောင်းများကို ထောင်ချောက်လုပ်၍ဖမ်းကြသည်။ အထူးသဖြင့် ပြောင်းကောက်ပင်ကို အမြဲဖျက်ဆီးလေ့ရှိသော ဝက်ဝံကို မောင်းဆင်၍ဖမ်းလေ့ရှိသည်။ ပြောင်း၊ ကောက်ပင်များကို စင်ပေါ်ထောင်ထားပြီး စင်အောက်တွင်မြားကို ခလုတ်တပ်၍ထောင်သည်။ ဝက်ဝံလာသည့်အခါ ခလုတ်ဖြုတ်ပြီး မြားထိ၍သေစေသည်။ ဖြူကောင်ကို ဂူဝတွင် ကွင်းထောင်ပြီးဖမ်းကြသည်။ ကျားများကို လင့်စင်ထိုး၍ လင့်စင်ပေါ်မှ သေနတ်ဖြင့်ပစ်ခတ်၍ ဖမ်းကြသည်။ ငှက်များကို ညောင်စေးသုတ်၍ ဖမ်းကြသည်။

မနုမနော(ကော်ယော်)အမျိုးသမီးတို့မှာ ပျင်းရိသူများမဟုတ်။ အချက်၊ အပြုတ်၊ အဖွပ်၊ အလျှော် အားလပ်သည်နှင့် လက်ရက်ကန်းရက်ကြသည်။ လက်ရက်ကန်းဖြင့်လွယ်အိတ်များရက်ကြသည်။ အမျိုးသား၊ အမျိုးသမီးအားလုံး ရိုးရာခြင်း၊ ပလိုင်း၊ တောင်း ရက်ကြသည်။ မွေးမြူရေးလုပ်ငန်းလည်းလုပ်ကြသည်။ အိမ်သုံးစားသုံးရန်နှင့် ရိုးရာဓလေ့များတွင် အသုံးပြုရန် မွေးမြူခြင်းသာဖြစ်သည်။ မနုမနော (ကော်ယော်)အမျိုးသားတို့၏ ပန်းဘဲလုပ်ငန်းလက်ရာမြောက်ပေသည်။

ယခုအခါ နိုင်ငံတော်အနေဖြင့် ကယားပြည်နယ်တစ်ခွင်ရှိ ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာစေဖို့ လမ်းတံတားနှင့် မြို့ပြဒေသတို့ အချိုးညီဖွံ့ဖြိုးတိုးတက်လာစေဖို့ ဆောင်ရွက်ပေးလျက်ရှိရာ မနုမနော(ကော်ယော်)တို့ အများစုနေထိုင်ရာ ဖရူဆိုမြို့နယ်တွင်လည်း လမ်းတံတား၊ မြို့ပြနှင့် ကျေးလက်ဒေသအဆောက်အဦများ ဥပမိရုပ်တို့မှာလည်း အတိုင်းအတာတစ်ခုအထိ ဖွံ့ဖြိုးတိုးတက်လာခဲ့ပေပြီ။ ထိုသို့ဖွံ့ဖြိုးတိုးတက်လာခဲ့မှုနှင့်အတူ ဒေသခံ မနုမနော(ကော်ယော်)လူမျိုးတို့၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာစေဖို့အတွက်ပါများစွာအထောက်အကူဖြစ်စေပါသည်။

အထူးကဏ္ဍ [ ၈ ] သို့ »»

»»» အထူးကဏ္ဍစာမျက်နှာ (ဃ) မှ

(၉) ကျောင်းသစ်ကျောင်း (စော်ဘွားကိုးကွယ်သည့်ကျောင်း)ဟူ၍ ဖြစ်သည်။ ထိုကျောင်းအများစုတို့မှာ ပြိုပျက်ပြီး သံဃာတော်တို့ မရှိကြတော့ပေ။ ယခုအခါ ကျောင်းသစ်ကျောင်း (ခေါ်) မြို့မဘုန်းကြီးကျောင်း တစ်ကျောင်းတည်းသာ ရှိတော့သည်။

**စံကားအင်း ပေါ်ပေါက်လာခဲ့**

ယခင်စံကားနယ်ဖြစ်သော ဘီလူးချောင်းတစ်ဖက်တစ်ချက်တွင် ရွာများ၊ လယ်ယာများ များစွာရှိခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် လောပိတရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် စံကားကျေးရွာ၏ တောင်ဘက် ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာဒေသတွင် ရေလှောင်ကန်ဆည်တမံကိုပြုလုပ်၍ ရေများကိုထိန်းသိမ်းသိုလှောင်ခဲ့ရာ ဘီလူးချောင်းတစ်လျှောက်ဒေသများ၌ ရေများမြင့်တက်လာပြီး လယ်မြေနှင့် ယာမြေများနစ်မြုပ်ခံခဲ့ရသည်။ ထိုအချိန်မှစတင်၍ စံကားအင်း ပေါ်ပေါက်လာခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ရေအကြီးဆုံးနစ်မြုပ်ခဲ့၍ ရွာများအိမ်များ ဘီလူးချောင်း၏အနောက်ဘက်ကုန်းပေါ်သို့ ပြောင်းရွှေ့ပေးခဲ့ရသည်။ ယခင်တာခေါင်ရွာသည် ဘီလူးချောင်း၏ အရှေ့ဘက်ကမ်းတွင်ရှိပြီး ဘုန်းတော်ကြီးကျောင်းနှင့်တကွ အလွန်စည်ကားစွာတည်ရှိသည်ကို ဘီလူးချောင်း အရှေ့ဘက် ကမ်းစပ်တွင်ရှိသည့် ပေါ်ကုန်းကျောင်း၏ ရေသိမ်ပျက်က သက်သေခံလျက်ရှိပါသည်။

**တည်ထားပူဇော်**

တကျ၊ တက်ကျ၊ တက်ထောင်ဘုရား သို့မဟုတ် တာခေါင်မွေတော်ဘုရားသည် မြန်မာသက္ကရာဇ် ၄၇၄ ခုနှစ် အလောင်းစည်သူမင်းကြီးသည် ဘီလူးချောင်းအတိုင်း တောင်ဘက်သို့ စုန်ဆင်းသွားရာ ရှစ်မိုင်ခန့်ဝေးသော စံကားကျေးရွာ၊ ဘီလူးချောင်းအနောက်ဘက်ကမ်းစပ်ကုန်းကမူလေးတွင် ထိုစေတီတော်အတွင်း၌ ကျောက်မျက်ရတနာ စိန်ပတ္တမြားနှင့် မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို ထည့်သွင်း၌ာပနာပူဇော်ခဲ့သည်။ ထိုဘုရားစေတီတော်ကို တကျ၊ တက်ကျဟုခေါ်ခြင်းမှာ အလောင်းစည်သူမင်းကြီးသည် မောဘီဘုရားစေတီ တည်ထားပူဇော်ပြီးသည့်နောက် တောင်အရပ်သို့ ဘီလူးချောင်းအတိုင်းစုန်ဆင်းလာရာ စံကားကျေးရွာအရောက် ဘီလူးချောင်း အနောက်ဘက်ကမ်းစပ်သာယာကုန်းအနီး ရောက်ခါနီးတွင် ဖောင်တော်သားထဲမှာ လှေလှော်သားတစ်ယောက်သည် မိမိလှော်ခတ်နေသော လှော်တက်မှာ လက်မှလွတ်ကျသွားလေရာ ထိုနေရာ၌ ဘုရားစေတီ တစ်ဆူတည်မည်ဟု မင်းကြီးမိန့်သောကြောင့် ထိုဘုရား၏ဘွဲ့တော်ကို တကျ၊ တက်ကျဘုရားဟု မှည့်ခေါ်ခဲ့ခြင်းဖြစ်သည်။ ထိုဘုရားစေတီတည်ပြီးသောအခါ ဖောင်တော်သားများက လှော်တက်ထောင်၍ အောင်ပြီ အောင်ပြီ ဟု တညီတညာတည်း ကောင်းချီးပေးကာ အော်မြည်ကြခြင်းကို အကြောင်းပြု၍ "တက်ထောင်" ဘုရားဟုခေါ်လာကြရာ ကာလရွေ့လျားလာသောအခါ "တက်ထောင်" မှ "တာခေါင်" ဘုရားဟု သက်ကြီးစကားသက်ငယ်များ မှတ်သားခေါ်ဝေါ်ကြလေသည်။

ထိုဘုရားစေတီတည်ပြီးနောက် အလောင်းစည်သူမင်းကြီးသည် ဤသို့အဓိဋ္ဌာန်ပြုခဲ့သည်မှာ –

"ဤငါတည်ထားသော တက်ကျ-တက်ထောင်-တာခေါင်ဘုရားအား ဆွမ်း၊ သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ၊ ဆီမီး၊ ထီး၊ တံခွန်၊ ကြက်လျှာ၊ ပန်းပေါက်ပေါက် စသည့် လှူဒါန်းပူဇော်ခြင်း တံမြက်တံလင်း မြက်ပေါင်းရှင်းသုတ်သင်ကြသော ခုနစ်ရက်သားသမီးတို့သည် ငါကဲ့သို့ပင် စကြာသိဒ္ဓိအမျိုးမျိုးရရှိကြ၍ အဆုံးစွန်သောဘဝ၌ ဒုက္ခခပ်သိမ်းကင်းငြိမ်းရာမှန် မြတ်နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြစေသတည်း"ဟု သစ္စာအဓိဋ္ဌာန်ပြုကာ ဘုရားကိုလက်ယာရစ် သုံးပတ်လှည့်လျက် ရှိခိုးပူဇော်တော်မူခဲ့သည်။ အလောင်းစည်သူမင်းကြီး တည်ထားပြီးသည့်နောက် စော်ဘွားများဆရာတော်ကြီးများ မိဘတိုးဘွားများနှင့် ဗုဒ္ဓသူတော်စင်အဆက်ဆက်တို့က စေတီတော်အား တိုးချဲ့တည်ထား ကိုးကွယ်လာခဲ့ကြသည်။ ကောဇာ

**"တာခေါင်မွေတော်ဘုရားရှိ စေတီဘုရားများကို ခရစ်နှစ် ၁၉၆၈ ခုနှစ်မှစတင်၍ ခေတ်အဆက်ဆက် ပြုပြင်လှူဒါန်းမှုပြုခဲ့ကြပေသည်။ နှစ်စဉ် တန်ဆောင်မုန်းလရောက်တိုင်း အဝေးရောက် စံကားသားများ စံကားသို့ လာရောက်ကြပြီး စံကားမြို့သူ၊ မြို့သားများနှင့်အတူတကွ ကထိန်ခင်း တန်ဆောင်တိုင်အလှူပွဲ ကျင်းပလျက်ရှိကြပေသည်**

သက္ကရာဇ် ၁၁၅၁ ခုနှစ်၊ ခရစ်နှစ် ၁၇၈၉ ခုနှစ် ဘိုးတော်ဗဒုံမင်း စံကားစော်ဘွားမင်းခွန်ဖြူလက်ထက်တွင် ဆရာတော်ကြီးတစ်ပါးက ဦးဆောင်၍စော်ဘွားများအဆက်ဆက်နှင့် ဒေသခံတိုင်းရင်းသားတို့က ပြုပြင်လှူဒါန်းခဲ့ကြသည်။ ယခုအခါ တာခေါင်မွေတော်ဘုရားကြီးတွင် စေတီပေါင်း ၂၃၆ ဆူရှိရာ စေတီကြီး ၇၆ ဆူ၊ စေတီငယ် ၅၄ ဆူ ငုတ်တိုဘုရားဖြင့် ကျန် ၁၀၆ ဆူတို့ကို တွေ့မြင်နိုင်ပေသည်။

**ရှေးဟောင်းစေတီများဖြစ်**

တာခေါင်မွေတော်ဘုရားသည် အင်းတန်းကျေးရွာအုပ်စုတွင် ပါဝင်သော သာယာကုန်းရွာ မြောက်ဘက်ကျောက်တန်းရွာ၏ တောင်ဘက်ကြားအလယ်တွင် တည်ရှိသည်။ တာခေါင်ဘုရားတည်ရှိရာ အင်းတန်းကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း ခုနစ်ရွာရှိပါသည်။ မြို့ဟောင်းရွာ၊ ညောင်ပင်သာရွာ၊ သာယာကုန်းရွာ၊ လွယ်လောင်းရွာ၊ ကျောက်တန်းရွာ၊ အောင်ဆုဗွေရွာ၊ ရေချိုရွာတို့ဖြစ်ကြသည်။ တာခေါင်ဘုရား၏ တောင်ဘက်အနီးတွင် လွယ်လောင်းတောင်၌ ဒေသခံများ ပြုပြင်လှူဒါန်းသော စေတီတစ်ဆူရှိခဲ့ပြီး ယခုအခါတွင်တော့ မရှိတော့ပေ။ သာယာကုန်းရွာအနီး အင်းတန်းရေထွက်တောင်ပေါ်တွင် စေတီနှစ်ဆူရှိသည်။ ရှမ်းထီးဖြင့် တစ်ဆူဖူးတွေ့နိုင်၍ ရှေးဟောင်းစေတီများဖြစ်ကြသည်။ ကောဇာသက္ကရာဇ် ၁၃၀၁ ခု၊ ခရစ်နှစ် ၁၉၃၉ ခုနှစ်တွင် တောမီးစွဲရာမှ ကူးစက်လောင်ကျွမ်းသဖြင့် ဘီလူးချောင်းရေစပ်မှ တာခေါင်ဘုရားခြေရင်းအထိ ဘုရားစောင်းတန်းဘုရားအနီးမှ ဇရပ်တန်းလျားကြီးများ ဘုရားဝတ်အဆောင်ကြီးများပါ ခြောက်ဆောင်၊ အငယ်စား အဆောင်အဦပေါင်း ၁၀ ဆောင်၊ ၁၅ ဘုံရှိ စောင်းတန်းနှစ်ခုတို့ပါ လောင်ကျွမ်း၍ ရှေးဟောင်းအမွေအနှစ်ဖြစ်သော အဆောက်အဦနှင့် ပစ္စည်းဘဏ္ဍာများ အမြောက်အမြားဆုံးရှုံးခဲ့ရသည်။

**သွားရောက်လေ့လာ**

ယခုအခါတွင် အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းရှိသည်။ ကျေးရွာဆေးရုံကို ယခင်က စံကားဟော်နန်းတော်နေရာတွင် အသစ်ဆောက်လုပ်ဖွင့်လှစ်ထားရှိသည်။ ထိုဆေးရုံအနီးတွင် ရဲစခန်းရှိပြီး ဈေးမှာ ရွာ၏တောင်ဘက်ပိုင်း မော်တော်ဆိပ်ကမ်းတွင် တည်ရှိပေသည်။ တာခေါင်မွေတော်ဘုရားရှိ စေတီဘုရားများကို ခရစ်နှစ် ၁၉၆၈ ခုနှစ်မှစတင်၍ ခေတ်အဆက်ဆက် ပြုပြင်လှူဒါန်းမှုပြုခဲ့ကြပေသည်။ နှစ်စဉ် တန်ဆောင်မုန်းလရောက်တိုင်း အဝေးရောက်စံကားသားများ စံကားသို့ လာရောက်ကြပြီး စံကားမြို့သူ၊ မြို့သားများနှင့်အတူတကွ ကထိန်ခင်း တန်ဆောင်တိုင်အလှူပွဲ ကျင်းပလျက်ရှိကြပေသည်။ ထိုသို့သော ယဉ်ကျေးမှုအမွေအနှစ်များ ပေါများတည်ရာ စံကားမြို့ဟောင်းရှိရာဒေသ တာခေါင်မွေတော်ဘုရားသို့ အခါအခွင့်သင့်သော အချိန်ကာလတွင် သွားရောက်လေ့လာနိုင်ကြစေရန် လမ်းညွှန်ရေးသား ဖော်ပြလိုက်ရပါသည်။

**ကိုးကား–**

(၁) သောင်းတင်ရီ(သမိုင်းကျမ်းပြုစုသူ)– စံကားသမိုင်း

(၂) တာခေါင်မွေတော်ဘုရား သမိုင်းမှတ်တမ်း

(၃) ကိုယ်တိုင်ကွင်းဆင်းလေ့လာခဲ့မှုမှတ်တမ်း

စာရေးဆရာမြင့်စိုးလှိုင် ဘာသာပြန်ဆိုရေးသားထားသည့် ရာဘင်ဒြာနသ်တဂိုး၏ ဆန်းစသော်တာကဗျာစုစာအုပ်တွင် ကလေးများ၏ စိတ်နေစိတ်ထား၊ အတွေးအခေါ်၊ ဘဝနေထိုင်နည်းများအပြင် သားသမီးနှင့် မိဘကြားနှောင်ဖွဲ့ထားသည့် သံယောဇဉ်များကို ဖော်ကျူးရေးဖွဲ့ထားရာ ယခုတစ်ပတ်တွင် "နက္ခတ်ဆရာ"ကဗျာကို အထူးအစီအစဉ်တစ်ရပ် ကလေးသူငယ်များ ဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ တိုင်းရင်းသားရေးရာကဏ္ဍမှ ဖော်ပြလိုက်ရပါသည်–

## THE ASTRONOMER

I only said,
"When in the evening
the round full moon gets entangled
among the branches
of that Kadam tree,
couldn't somebody catch it?"

But dada laughed at me and said,
"Baby, you are the silliest child
I have ever known.
The moon is ever so far from us,
how could anybody catch it?"

I said,
"Dada, how foolish you are!
When mother looks out of her window
and smiles down at us playing,
would you call her far away?"

Still dada said,
"You are a stupid child!
where could you find a net
big enough to catch
the moon with?"
I said,
"Surely you could catch it
with your hands."

But dada laughed and said,
"You are the silliest child
I have known.
If it came nearer,
You would see how big the moon is."

I said,
"Dada, what nonsense
they teach at your school!
When mother bends her face
down to kiss us,
does her face look very big?"

But still dada says,
"You are a stupid child."

## နက္ခတ်ဆရာ

ကျွန်တော်က မေးရုံမေးတာပါ-
"ညချမ်းအခါ
လပြည့်ဝန်းကြီး
မအူကိုင်းတွေကြား ငြိနေတုန်း
သူ့ကိုဖမ်းယူနိုင်တဲ့သူ မရှိဘူးလား"

ဒါပေမယ့် ကိုကိုကကျွန်တော့်ကို ဟားတိုက်ရင်း ပြောတယ်-
"အငယ်လေး
မင်းဟာ ငါတွေ့ဖူးသမျှထဲမှာ အမိုက်မဲဆုံးပဲ
လမင်းကြီးက တို့ဆီကနေ ဒီလောက်တောင်ဝေးတဲ့ဟာ
သူ့ကို ဘယ်သူကဖမ်းယူနိုင်မှာလဲကွ"

ကျွန်တော်က ပြန်ပြောတယ်
"ဟ-ညံ့လှချည်လား ကိုကိုရ
ကျွန်တော်တို့ကစားနေတုန်း ပြတင်းပေါက်ကနေ
မေမေလှမ်းကြည့်ပြီး ပြုံးလိုက်တဲ့အခါ
မေမေ့ကို အဝေးကြီးမှာလို့ ကိုကိုပြောမလား"

ကိုကိုကတော့ ပြောတုန်းပဲ-
"မင်းဟာ အတော်ချာတဲ့ကောင်လေးပါ
ဒါပေမယ့် အငယ်လေး
လမင်းကို ဖမ်းယူနိုင်လောက်အောင်ကြီးတဲ့ပိုက်ကွန်
မင်းဘယ်သွားရှာမတုန်း"
ကျွန်တော်ကပြောတယ်-
"လက်နှစ်ဖက်နဲ့ဖမ်းရင် ရကိုရရမယ်ဗျာ"

ဒါပေမယ့် ကိုကိုက ရယ်ပြီးပြန်ပြောတယ်
"မင်းကတော့
ငါတွေ့ဖူးသမျှထဲမှာ အမိုက်မဲဆုံးပါပဲ
လမင်းသာ တို့နဲ့နီးလာရင်
သူ ဘယ်လောက်ကြီးတယ်ဆိုတာ မင်းမြင်ရလိမ့်မယ်"

ကျွန်တော်ကပြောလိုက်တယ်-
"ကိုကိုရယ်---
ကိုကိုတို့ကျောင်းကသင်တာ ပေါက်ကရတွေပါ
ကျွန်တော်တို့ကို နမ်းရအောင်
မေမေငုံ့လိုက်တော့
မေမေ့မျက်နှာ အကြီးကြီးဖြစ်လာလို့လား"

ကိုကိုကတော့ ပြောတုန်းပါ-
"မင်းဟာလူမိုက်ကလေးပါကွာ" တဲ့။ ။

မြင့်စိုးလှိုင် (မြန်မာပြန်)


# စွဲမက်ဖွယ်ရာ တိုင်းလိရိုးရာအစားအစာ မိုင်းယောင်းဝက်သားထုပ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)က လူသိများသည့် ရှမ်းအစားအစာများထဲတွင် တိုင်းလိရိုးရာအစားအစာ မိုင်းယောင်းဝက်သားထုပ်သည် ဒေသတွင်း လူကြိုက်များသော ရှမ်းရိုးရာအစားအစာတစ်မျိုးဖြစ်သည်။

ဝက်သားထုပ်ကို မိုင်းယောင်းဒေသတွင် "ဟော်နွတ်ကျင်မူး"ဟု ခေါ်ဆိုကြောင်း၊ ယခင်က ဝက်သားထုပ်ကို ဝါတွင်းအချိန်ကာလ၌သာ "တုပ်ဆင်" (လှူဒါန်းရန် အလှည့်ကျ)သည့် အိမ်များက မုန့်ဖက်ထုပ်နှင့်အတူ ပြုလုပ်စားသုံးကြရသည်။ ယခုအခါ နေ့စဉ်ပြုလုပ်ရောင်းချသူများရှိလာ၍ အချိန်မရွေး ဝယ်ယူစားသုံးနိုင်သည်။

"ပထမဦးဆုံး ချင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီကို အခွံသင်ထားရပါတယ်။ ဝက်သားကို သန့်စင်အောင် ရေဆေးပြီး ကြေမွအောင် မညက်တညက် ထောင်း/စင်းပြီးလျှင် အခွံ့သင်ထားတဲ့ ချင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီတို့ကို ထောင်းပြီး တစ်ဆက်တည်းမှာ နနွင်း၊ ငရုတ်သီးစိမ်း၊ ဆား၊ အချိုမှုန့် စတဲ့ ဟင်းခတ်အမွေးအကြိုင်များနဲ့ သမအောင် ရောမွှေပေးပြီး အငန်၊ အစပ်အရသာကို မိမိကြိုက်နှစ်သက်တဲ့ အနေအထားမှာထားပြီးလျှင် ငှက်ပျောဖက်နှင့် ထုပ်ပြီး ပေါင်းအိုးနဲ့ နာရီဝက်/တစ်နာရီကြာ ကျက်အောင် ထည့်ပေါင်းရပါတယ်"ဟု ဝက်သားထုပ်ပြုလုပ်ရောင်းချသူ အမျိုးသမီးတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ဆီမလို၊ ကျန်းမာရေးနှင့်လည်းကိုက်ညီပြီး ရိုးရှင်းသော စွဲမက်ဖွယ်ရာ တိုင်းလိရိုးရာအစားအစာ မိုင်းယောင်းဝက်သားထုပ်ကို ထမင်း၊ ကောက်ညှင်းပေါင်းများနှင့် စား၍ရသလို ဂျုံ၊ ပြောင်း၊ ကောက်ညှင်းကျည်တောက်၊ မုန့်ဖက်ထုပ်များနှင့်လည်း စား၍ရကြောင်း သိရသည်။





စိုင်းအောင်ဇော်လင်း(ပြန် / ဆက်)

»»» အထူးကဏ္ဍစာမျက်နှာ (က) မှ

**ဝတ်စားဆင်ယင်ထုံးဖွဲ့မှု**

မနုမနော(ကော်ယော်)တို့တွင် အမျိုးသားဆင်ယင်ထုံးဖွဲ့မှုမှာ အချို့နေရာတွင်ကယားနှင့် ခပ်ဆင်ဆင်တူသည်။မိမိတို့ရက်လုပ်သော ချည်ဘောင်းဘီ အနီရောင်နှင့် အမည်းရောင်တို့ ဝတ်ဆင်ကြသည်။ ရှမ်းဘောင်းဘီရှည် အဖြူကိုလည်းဝတ်ကြသည်။ ရောင်စုံ၊ မတ်တတ်စင်း ဂျင်းဘောင်းဘီကိုလည်းဝတ်ကြသည်။ ဘောင်းဘီတွင် ခါးကြိုးထည့်၍စည်းကြသည်။ သားရေခါးပတ်အသုံးပြုသည်။ လက်ရက်ထည်ချည်ဖြင့် ကော်လံနှင့်ကြယ်သီးမပါသည့် ရှပ်အင်္ကျီလက်ရှည်၊ လက်တို၊ အဖြူရောင်ကို ဝတ်ကြသည်။ အပေါ်မှတိုက်ပုံအနက်ဝတ်ကြသည်။ ဦးခေါင်းတွင် ဖိုးခေါင်ပေါင်းပေါင်းကြသည်။ ရှေးအခါက ဆံပင်ရှည်ထား၍ဗိုလ်ကော၊ ဆံတောက်ထားကြသည်။ ကျွဲသားရေ၊ နွားသားရေဖြင့် ပြုလုပ်သော ဖိနပ်စီးကြသည်။

အမျိုးသမီးတို့မှာ ဂျပ်ခုတ်ထဘီအနက်ခံကန့်လန့်စင်း(သို့)အနက်၊ အနီ၊ အဝါ၊ အပြာ၊ အကွက်ဖော်၍ ဝတ်ကြသည်။ထဘီအရှည်များ ဒူးအထက်နားထိရှည်သည်။ ခါးစည်းဖြူစည်းပြီး ရှေ့တွင် ဖားလျားချထားသည်။ ခါးစည်းအဖျားတွင် သိုးမွှေး၊ ပန်းဖွား၊ အလှအပများ တပ်ဆင်ထားကြသည်။ အင်္ကျီမှာ အထူးချုပ်လုပ်ခြင်းမရှိဘဲ အဝတ်ကို သိုင်းခြုံပြီးလျှင် ခါးစည်းထားသည်။ ပူသောရာသီ၌ ပခုံးတစ်ဖက်သာသိုင်း၍ အေးသောရာသီတွင် နှစ်ဖက်သိုင်းဝတ်ကြသည်။ ဂျပ်ခုတ်ထည်အနီ(သို့)အနက်ဖြင့် ခေါင်းစည်းကြသည်။ ငွေနှင့်ပြုလုပ်သော နားဆွဲ၊ ငွေလက်ကောက်၊ ငွေပြားဖြင့်သီကုံးသော လည်ဆွဲ ဝတ်ကြသည်။ ပုတီးစေ့ အစိမ်း၊ အနီ၊ အပြာအဖြူရောင်စုံသီကုံး၍လည်း လည်ဆွဲကြသည်။ ဆံပင်ရှည်ထား၍ နောက်တွင်ဆံထုံး ထုံးပြီး ဝါးဘီးစိုက်ကြသည်။ ဒူးအောက်၊ ခြေသလုံးအောက်တွင် ကိုယ်တိုင်ကျစ်သော ကြိုးကိုသစ်စေးသုတ်ပြီး အခွေပြုလုပ်၍ ဝတ်ဆင်ကြသည်။

**လူမှုရိုးရာယဉ်ကျေးမှုဓလေ့များ**

မနုမနော(ကော်ယော်)တို့၏ ရိုးရာထိမ်းမြားဓလေ့တွင် အောင်သွယ်ငယ်နှင့် အောင်သွယ်ကြီးဟူ၍ နှစ်မျိုးထားလေ့ရှိသည်။ အောင်သွယ်ငယ်မှာ မိန်းကလေးဘက်မှဖြစ်ပြီး အောင်သွယ်ကြီးမှာ ယောကျ်ားလေးဘက်မှဖြစ်သည်။ စေ့စပ်ကြောင်းလမ်းပွဲဟူ၍ မရှိပေ။ အောင်သွယ်ဖြင့် အစစအရာရာ ဆောင်ရွက်ပြီး၍ နှစ်ဖက်မိဘသဘောတူပြီးလျှင် ကြက်ရိုးထိုးဗေဒင် တွက်၍လည်းကောင်း၊ နီးချိုး၍လည်းကောင်း မင်္ဂလာရက်သတ်မှတ်သည်။ သုံးလကြာမှ လက်ထပ်ပွဲလုပ်ကြသည်။

အောင်သွယ်ရန် မိန်းကလေးအိမ်သို့သွားစဉ် ချေတောက်သံကြားလျှင်နမိတ်မကောင်း။ အောင်သွယ်မှုကို ဆက်လက်မပြုလုပ်ကြပေ၊ ရက်ကောင်းနေ့မြတ်ထပ်မံရွေး၍ ရွှေ့ဆိုင်းမှုပြုလုပ်ကြသည်။ ချေတောက်သံကြားသည်ကို ဂရုမမူဘဲဆက်လက်ပြုလုပ်ပါက လက်ထပ်ပြီးလျှင်အိမ်ထောင်ကွဲတတ်သည်။ ယောကျ်ား(သို့)မိန်းမ သေဆုံးတတ်သည်ဟု ယုံကြည်ကြသည်။ အထူးသဖြင့် လဆန်းရက်များတွင် ချေများတောက်တတ်၍ လဆန်းရက်ကျော်မှသာ အောင်သွယ်မှုပြုလုပ်တတ်သည်။

အောင်သွယ်သည် မင်္ဂလာပွဲပြီးသည်အထိ အစစအရာရာဆောင်ရွက်ရသည်။ မိန်းကလေးဘက်မှ ပျက်ကွက်လျှင် ငွေနှင့် လက်သုံးဆုပ်ရှိဝက်တစ်ကောင် ပေးလျော်ရသည်။ ယောကျ်ားလေးဘက်မှပျက်ကွက်လျှင်လည်း ငွေနှင့် နွားတစ်ကောင် ပေးလျော်ရသည်။ ပျက်ကွက်သူက လျော်ကြေးမပေးနိုင်ပါက အောင်သွယ်မှ ပေးလျော်ရ၍ အောင်သွယ်တာဝန်မှာ အလွန်ကြီးလေးလှသည်။

ရှေးအခါက လူမျိုးချင်းတူမှ လက်ထပ်နိုင်သော်လည်း ယခုအခါလူမျိုးမရွေး လက်ထပ်နိုင်သည်။ ယောကျ်ားပျိုနှင့်မိန်းမပျို တစ်ဦးနှင့် တစ်ဦးကြိုက်နှစ်သက်၍ယူသည်ကများသည်။ မိဘသဘောတူပေးစား၍ ယူသည်ကနည်းလှပေပြီ။

သတိုးသားဘက် အောင်သွယ်မှတစ်ဆင့် ကွမ်းသီး၊ ကွမ်းရွက်၊ အဝတ်အစား၊ လက်ကောက်၊ ကျွဲ၊ နွား၊ ဝက်တို့ကို မိန်းကလေးမိဘထံသို့ မင်္ဂလာကြေးအဖြစ်ပေးရသည်။ မင်္ဂလာပွဲကို မိန်းကလေးအိမ်တွင် ပြုလုပ်ရသည်။ တစ်ရွာသားနှင့် လက်ထပ်လျှင် သတိုးသားရွာတွင်ပြုလုပ်လေ့ရှိသည်။ ကုန်ကျစရိတ်ကို သတိုးသားဘက်ကပို၍ကုန်ကျခံရသည်။ သတိုးသားဘက်ကကျွဲတစ်ကောင်ပေးလျှင် သတိုးသမီးဘက်က ဝက်တစ်ကောင်ပေးရသည်။ သတိုးသမီးဘက်မှ သတိုးသားဘက်ကရသည့်ကျွဲကိုသတ်၍ သတိုးသားဘက်သို့ ကျွဲပေါင်တစ်ကပ်ပြန်ပေးရသည်။

မင်္ဂလာပွဲ နံနက်ပိုင်းတွင် သတိုးသားအိမ်နှင့် သတိုးသမီးအိမ်တို့ တစ်ပြိုင်တည်း ကျွေးမွေးရသည်။ ဧည့်သည်များက မိမိနှစ်သက်ရာအိမ်သို့ သွားရောက်စားသောက်နိုင်သည်။ ဧည့်သည်များကို ဧည့်ခံရာတွင် သီချင်းမဆိုရဘဲ တီးမှုတ်၍သာဧည့်ခံရသည်။ သို့သော်အဘိုးအဘွားများက အပြန်အလှန် သီချင်းဆိုနိုင်သည်။ နေ့အချိန် ဧည့်ခံပွဲများ၌ အတီးအမှုတ်မပါဘဲ ကျွေးမွေးရသည်။ ညအချိန်ကျမှသာ တီးမှုတ်ရသည်။ ဧည့်သည်များက ခေါင်ရည်ယူလာကြသည်။ လက်ထပ်ပွဲတွင် ထမင်းဖြစ်စေ၊ ဆန်ပြုတ်ဖြစ်စေ ကျွေးမွေးသည်။ ဟင်းလျာအဖြစ် အနည်းဆုံး ဝက်ထီးတစ်ကောင်၊ ကျွဲတစ်ကောင်သတ်ပြီး ကျွေးမွေးလေ့ရှိသည်။

တစ်လင်တစ်မယားစနစ်ကို ကျင့်သုံးကြသည်။ အငယ်အနှောင်းယူခြင်း မနှစ်သက်ကြပေ။ အငယ်အနှောင်းယူခြင်းလည်း အလွန်နည်းသည်။ ဓလေ့ထုံးတမ်းတွင် မယားငယ်ယူနိုင်သော်လည်း ယူဖြစ်ပါက တစ်အိမ်တည်းမထားရ။ မွေးသောကလေးများလည်း အမွေခံစားခွင့်မရှိ။ ကွာရှင်းမှုကို ဆောင်ရွက်ရာတွင် ရပ်ရွာလူကြီးများက ပြုလုပ်ပေးရသည်။ စေ့စပ်၍မရနိုင်မှသာ ကွာရှင်းပေးလေ့ရှိသည်။ ကွာရှင်းလိုသူက ပစ္စည်းအနည်းငယ်ယူ၍ အိမ်ပေါ်ကဆင်းသွားရသည်။ ကလေးများမိခင်နှင့် လိုက်နေရသည်။ အငယ်အနှောင်းယူပါက မိန်းမဘက်မှပါသောကလေးနှင့် ယောကျ်ားဘက်မှပါသောကလေး တစ်အိမ်တည်းအတူနေရသည်။ တစ်ခုလပ်အမျိုးသမီးနှင့်အိမ်ထောင်ပြုရာ၌ သားသမီးများအား အမွေပေးရာတွင် ပထမအိမ်ထောင်နှင့်မွေးသော သားသမီးများက အမွေပိုရသည်။ ယောကျ်ားသေလျှင် သေသူပိုင်ပစ္စည်းအနည်းငယ်နှင့် ဓားလွယ်၊ သေနတ်ထည့်မြှုပ်လေ့ရှိသည်။ ချမ်းသာသူသေလျှင် သင်္ဂြိုဟ်သောနေရာခေါင်းရင်း၌ စပါးကျီဆောက်လေ့ရှိကြသည်။

**ယုံကြည်ကိုးကွယ်မှု**

မနုမနော(ကော်ယော်)တို့တွင် ရှေးအခါက ရိုးရာအလိုက် နတ်ပူဇော်ကြသည်။“တန်နှာ”ဟူသော နတ်ဘုရားရှိသည်ဟု ယုံကြည်ကြသည်။ ဂါအို၊ ကေဒေ၊ သော်ဘော်၊ နတ်များကိုလည်း ပူဇော်ကြ၏။ အတိဒုက္ခရောက်လျှင်“တန်နှာ”ကိုတသည်။ သူတစ်ပါးမကောင်းမှုပြုသည်ကို “တန်နှာ” က မင်္ဂလာပေးမည်မဟုတ်ဟု ပြောကြသည်။ နောင်တမလွန်ဘဝရှိသည်ဟု အယုံအကြည်ရှိကြသည်။ ငရဲနှင့် နိဗ္ဗာန်ရှိသည်ဟု ယုံကြည်ကြသည်။

ယခုအခါနတ်ကိုးကွယ်မှုနည်းပါးသွားပြီး ခရစ်ယာန်ဘာသာဝင်များပြားလာသည်။ ရွာတိုင်းတွင် ခရစ်ယာန်ဘုရားရှိခိုးကျောင်း ဆောက်ထားသည်။ ကောင်းကင်ဘုံ၌ ဘုရားတစ်ဆူသာရှိသည်ဟု စွဲမြဲစွာ ယုံကြည်ကြသည်။သို့သော် နတ်ရှိသည်ဟု ယုံကြည်ကြသောတောင်ကို အထွတ်အမြတ်ထားလေ့ရှိသေးသည်။ ငွေတောင်တွင် နတ်ရှိသည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် ငွေတောင်ပေါ်တွင် ပေါက်ရောက်သော အပင်များကို ခုတ်လှဲခြင်းမရှိပေ။ ငွေတောင်ကဲ့သို့ မော်ချီး၌လည်း နတ်ရှိသည်ဟု ယုံကြည်သော “ဝိုးဖား”တောင်တစ်တောင်ရှိသေးသည်။ ထိုတောင်များပေါ်တွင် တန်ခိုးကြီးသောနတ်များရှိသောကြောင့် အသီးအနှံများ လူတို့မစိုက်ပျိုးဘဲ အလိုအလျောက်သီးကြသည်ဟု ယုံကြည်ကြသည်။ ထိုအသီးအနှံများကို လူသားတို့စားသုံးလိုပါက တောင်ပေါ်တွင်သွားရောက်ခူးစားနိုင်သည်။ အခြားနေရာသို့ ယူဆောင်မသွားရပေ။ ယူသွားမိပါက အပြန်တွင်လမ်းရှာမတွေ့ဖြစ်တတ်သည်။ စုန်းပြုစားခြင်းကိုလည်း ယုံကြည်သည်။ စုန်းမှာ မိန်းမများသာဖြစ်တတ်သည်။ တစ္ဆေသရဲရှိသည်။ ရေနစ်သေဆုံးသူတစ္ဆေဖြစ်၍ ခြောက်တတ်သည်ဟုလည်း ယုံကြည်ကြသည်။အဆိပ်ခတ်ခြင်းကို အထူးယုံကြည်သောကြောင့် ကျားများဖမ်းလျှင် နှုတ်ခမ်းမွေးကို မီးရှို့လေ့ရှိသည်။

**အတိတ်နမိတ်**

မနုမနော(ကော်ယော်)ဓလေ့ထုံးစံတွင် မှိုခူးရသည်မြင်မက်လျှင်သားကောင်ရတတ်သည်။ ငါးများရတတ်သည်။ အိမ်မီးလောင်သည်၊ ရွာထဲဆင်ဝင်သည်။ သွားကျိုးသည် မြင်မက်လျှင်အိမ်သား၊ ဆွေမျိုးသားချင်းတစ်ယောက်ယောက်သေဆုံးတတ်သည်။ မြေလျှောင် လှုပ်သောအခါ ငရုပ်ဆုံထောင်းခြင်း၊ မောင်းတီးခြင်း၊ ဖားစည်တီးခြင်းကို ကမ္ဘာပေါ်လူသားများရှိသေးသည်ဟူ၍ အချက်ပြသည့်သဘောဖြင့် ပြုလုပ်ကြသည်။စပါးသီးနှံပေါ်များအောင် စပါးဆုံထဲ(သို့)ထမင်းအိုးထဲ လက်နှိုက်သည့်ဓလေ့ရှိသည်။ သစ်တောငှက်အော်လျှင်၊ ငှက်ဆိုးအိမ်ပေါ်သို့ ပျံဝဲလျှင် တောခုတ်သွားသည့်အခါ ဒဏ်ရာရတတ်သည်။ အိမ်ထဲရှိ စပါးကျီပျားစွဲလျှင် စပါးပေါ်များသည်။ အိမ်အောက်ခြတောင်ပို့ရှိလျှင် လူသေတတ်သည်။ အိမ်တွင် တိရစ္ဆာန်မပွားတတ်ဟူ၍ အယူရှိကြသည်။

**ရိုးရာတေးဂီတ၊အက၊တူရိယာနှင့် ပွဲတော်များ**

မနုမနော(ကော်ယော်)တို့၏ ရိုးရာတေးဂီတ၊ အက၊ တူရိယာနှင့် ပွဲတော်များမှာ ထိမ်းမြားမင်္ဂလာပွဲတွင် ဧည့်သည်များကို အတီးအမှုတ်ဖြင့် ဧည့်ခံရာတွင် အဘိုးကြီး၊ အဘွားကြီးများက အပြန်အလှန်တေးသီချင်းသီဆိုခြင်း၊ အိမ်သစ်တက်ပွဲတွင် အိမ်ဆောက်ပြီးစီးသည့်နေ့မှစ၍ တစ်ညလုံး ကခုန်မြူးတူးခြင်း၊ ယောကျ်ားနှစ်ယောက်က ကပြီး အခြားယောကျ်ားများနှင့်မိန်းမများက အပြန်အလှန် တေးသီချင်းသီဆိုခြင်း၊ ကောက်ညှင်းထုပ်ပွဲတော်၊ ဂါဘိုပွဲတော်တို့ကို တစ်နှစ်တစ်ခါ နှစ်စဉ် ကျင်းပခြင်းတို့ ဖြစ်ပါသည်။

တူရိယာမှာ ဗုံကြီး၊ ပလွေ၊ မောင်းနှင့်ဖားစည်တို့ဖြစ်သည်။ ဗုံကိုကောင်းမွန်သော သစ်ပင်ကိုရွေး၍ ထွင်းရသည်။ နွားသရေဖြင့် ထိပ်တွင်ကွပ်ပြီး သားရေဖြင့် စည်းရသည်။ အရှည်နှစ်ပေခွဲခန့်ရှိပြီး အပေါက်ခုနစ်ပေါက်ပါသည်။ ပဋ္ဌလောက သတ္တုငါးမျိုးရောစပ်ပြီး ဖားစည်ပြုလုပ်သည်။ တီကူးခေါ်သော ဝါးဂီတာကို သီချင်းဆိုရာတွင် တီးခတ်သည်။

**ကောက်ညှင်းထုပ်ပွဲတော်**

ကောက်ညှင်းထုတ်ပွဲတော်ကိုမနုမနော(ကော်ယော်)ဘာသာစကားဖြင့် ဖေးလပ်(ခေါ်)ဒီကူးပွဲဟုခေါ်သည်။ ကောက်ညှင်းထုပ်ဖက်ခူးရန် နေ့ကောင်းရက်မြတ်ကို ကြက်ရိုးထိုးဗေဒင်မေးကြသည်။ ကောက်ညှင်းထုပ်ဖက်ခူးရာတွင် ကြောင်လျှာရွက်တစ်ရွက်၊ ဆူးနှင်အပင်မှ အရွက်တစ်ရွက်၊ ကင်းပွန်း အကိုင်းတစ်ကိုင်းကိုပါ ခူးခဲ့ရသည်။ ထိုအရွက်များကို လှေကားထိပ်တွင် ချည်ထားခြင်းဖြင့် နတ်ဆိုးများလာလျှင် ဆူးစူး၍ မဝင်နိုင်အောင်ပြုလုပ်ခြင်းဖြစ်သည်။

ပွဲတော်ကျင်းပသည့်ရက်များအတွင်း အကြိုနေ့တွင်အနီးဝန်းကျင်မှရွာသားများက အတီးအမှုတ်အကအခုန်ဖြင့် လာကြသည်။ ရွာခံသားများက ရွာအပြင်ထွက်၍ သေနတ်ဖောက်ကာ ကြိုဆိုကြသည်။ ကြိုဆိုသူများကို ဧည့်သည်များက တွေ့လျှင်တွေ့ချင်း ပြန်လည်သေနတ်ဖောက်ကြသည်။ ရွာထဲသို့ ဝင်သည့်အခါ ရွာသားများက တစ်တန်း၊ ဧည့်သည်များက တစ်တန်း နှစ်တန်းတန်း၍ ရှေ့လှည့် နောက်လှည့် ကကြသည်။ တစ်ဖန် တစ်အိမ်တက်ဆင်း ကကြပြန်သည်။ ကောက်ညှင်းထုပ်ဖြင့် ကျွေးမွေးကြသည်။

အကြိုနေ့တွင် ရွာအပြင်၌ အရုပ်တစ်ရုပ်ပြုလုပ်ကြသည်။ အရုပ်၏ ကိုယ်မှာ ပလိုင်း၊ ခေါင်းမှာဘူးသီး၊ ဘူးသီးထဲ၌ ဦးနှောက်အနေဖြင့် မီးခတ်ကျောက်ထည့်ကြသည်။ လက်ကိုသက်ကယ်ဖြင့် ပြုလုပ်၍ အဝတ်ဝတ်ပေးရသည်။ ထိုနေ့တွင် အရုပ်ပြုလုပ်ပြီး ညပိုင်းတွင် အရုပ်ကိုရွာထဲသို့မသွင်းမီ လူနှစ်ယောက်က အရုပ်ကိုလှုပ်ပြီး“အသင် ဘယ်အိမ်မှာနေချင်သလဲ”ဟု အမိဋ္ဌာန်ပြုမေးရသည်။ ဦးခေါင်းယိမ်းသည့်ဘက်တွင်ရှိသည့် အိမ်သို့ဆိုင်း၊ ဗုံတီးမှုတ်၍ လိုက်ပို့ရသည်။ အိမ်ရောက်လျှင် ကျပ်ခိုးစင်ပေါ်တင်၍ ထားရသည်။ ထို့နောက်“အသင်အားဘယ်မှာပစ်ရမှာလဲ” ဟုမေးရသည်။ ဦးခေါင်းယိမ်းသည့် ဘက်သို့ ကောက်ညှင်းထုပ်နှင့်အတူ သွားရောက်၍ ရွာအပြင်ဘက်တွင် စွန့်ပစ်ရသည်။ ပွဲအပြီးအပြန်တွင် အသားအနည်းငယ်၊ ခေါင်ရည်တစ်ကျည်ထောင့်နှင့် ကောက်ညှင်းထုပ်သုံးထုပ်စီတွဲထားသော နှစ်တွဲ၊ သုံးတွဲစီ လက်ဆောင်ပေးလိုက်ကြပါသည်။

**ဂါဘိုပွဲတော်**

ဂါဘိုပွဲတော်မှာ ကြက်ရိုးဗေဒင်မေး၍ ရွေးချယ်ထားသော ဂါဘိုပင်ကိုပူဇော်ပသခြင်း ဖြစ်သည်။ ထိုအပင်ကို မြင့်မြတ်သောအပင်ဟု ယူဆကြသည်။ ထိုဂါဘိုပင်တွင် တစ်နှစ်တစ်ကြိမ် နွားသတ်၍ ပူဇော်ခြင်းဖြစ်သည်။ ပူဇော်သည့်သားကောင်၏ ခြေသည်း၊ လက်သည်း၊ အမြီး၊ ခွာ၊ နားရွက်၊ လျှာဖျားတို့ကိုလှီး၍ ဂါဘိုပင်အနီးတွင် ဆောက်လုပ်ထားသောစင်ပေါ်၌ ထားရသည်။ ထို့အပြင် အခွံခွာ၍ ဦးနှောက်ထုတ်ပြီးသော ဦးခေါင်းကို အထက်ဖော်ပြပါပစ္စည်းတို့နှင့်အတူ ပူဇော်ထားခဲ့သည်။ ဤကဲ့သို့ပူဇော်ရခြင်းမှာ ရပ်ရွာတည်မြဲရေး၊ အေးချမ်းသာယာရေး၊ ဆန်စပါးသီးနှံကောင်းမွန်ရေးအတွက်ဖြစ်သည်။

မနုမနော(ကော်ယော်)တိုင်းရင်းသားတို့၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံသည် မိမိတိုင်းပြည်၊ မိမိတိုင်းရင်းသားတို့၏ ရိုးရာဓလေ့များပင်ဖြစ်သည်။ ဒေသတစ်ခုနှင့်တစ်ခု တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့် တစ်မျိုး တူညီသော မတူညီသော ဓလေ့များရှိနိုင်သည်။ ဓလေ့ဆန်းတစ်ခုသည် မတူညီသော အကြောင်းတရားမဟုတ်ဘဲ ပြည့်စုံမှု အင်္ဂါတစ်ရပ်သာဖြစ်သည်။ ထို့ကြောင့် ကယားတို့ဌာနေ၊ ငွေတောင်နယ် တောင်ညိုတန်းရိပ်က မနုမနော(ကော်ယော်)တို့၏ ရိုးရာဓလေ့များကို လေ့လာလိုသူများ လွယ်လင့်တကူသိရှိနိုင်ရန် တိုင်းရင်းသားချစ်ကြည်ရေးစိတ်ဓာတ်ဖြင့် လေ့လာရှာဖွေ စုစည်းရေးသားလိုက်ရပါသည်။

**မှီငြမ်းကိုးကား**

၁။ တိုင်းရင်းသားယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံများ(ကယား)။
၂။ တို့တိုင်းရင်း ဘွားပြည်ထောင်စုသား-ဦးမင်းနိုင်။
၃။ ကယားပြည်နယ်ခုနစ်စင်ကြယ်(ပြည်နယ်ယဉ်ကျေးမှု)။
၄။ ပြည်ထောင်စုသားတို့၏ ရိုးရာထိမ်းမြားမင်္ဂလာဓလေ့-တက္ကသိုလ်သျှင်သီရိ။
၅။ မနုမနော၊ တို့သွေးချင်း- မောင်မောင်ကျော့(ပလက်ဝ)၊နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း(၁၄၃/၂၀၁၁)နှင့်ကိုယ်တိုင်လေ့လာမှုမှတ်တမ်းများ။

**“မနုမနော(ကော်ယော်)တိုင်းရင်းသားတို့၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံသည် မိမိတိုင်းပြည်၊ မိမိတိုင်းရင်းသားတို့၏ ရိုးရာဓလေ့များပင်ဖြစ်သည်။ ဒေသတစ်ခုနှင့်တစ်ခု တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး တူညီသော မတူညီသော ဓလေ့များရှိနိုင်သည်။ ဓလေ့ဆန်းတစ်ခုသည် မတူညီသော အကြောင်းတရားမဟုတ်ဘဲ ပြည့်စုံမှု အင်္ဂါတစ်ရပ်သာဖြစ်သည်။ ထို့ကြောင့် ကယားတို့ဌာနေ၊ ငွေတောင်နယ် တောင်ညိုတန်းရိပ်က မနုမနော (ကော်ယော်)တို့၏ ရိုးရာဓလေ့များကို လေ့လာလိုသူများ လွယ်လင့်တကူသိရှိနိုင်ရန် တိုင်းရင်းသားချစ်ကြည်ရေး စိတ်ဓာတ်ဖြင့် လေ့လာရှာဖွေ”**

**ဖိတ်ခေါ်ပါသည်**

**ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို Mirrormyosathit@gmail.comသို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။**

(စာတည်း)

# ယဉ်ကျေးမှုအမွေအနှစ်များတည်ရာ စံကားမြို့ဟောင်း

**မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)**


သမိုင်းဝင် တာခေါင်မွေတော်ဘုရား

စံကားကျေးရွာသည် ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် အင်းလေးကန်တောင်ဘက်ပိုင်းတွင် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၉ ဒသမ ၅၂၅၂ မိနစ်နှင့် အရှေ့ လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၅၆ ဒသမ ၄၇၇၄ မိနစ်ကြားတွင်တည်ရှိသည်။ ရှေးယခင်က စံကားစော်ဘွားများ အုပ်ချုပ်သော စကားနယ်ဒေသဖြစ်ခဲ့သည်။ စတုရန်းမိုင်ပေါင်း ၃၅၀ ကျယ်ဝန်းသည်။ မြောက်ဘက်တွင် ညောင်ရွှေ၊ အရှေ့ဘက်တွင် ဆားထောင်၊ တောင်ဘက်တွင် နမ်းတုတ်နှင့်စကွယ်၊ အနောက်ဘက်တွင် လွယ်လုံ (ပင်လောင်း) နယ်တို့အကြားတွင် တည်ရှိသည်။ ညောင်ရွှေမြို့မှ ရေမိုင် ၃၇ မိုင် အကွာ ဘီလူးချောင်း၏ အရှေ့ဘက်နှင့် အနောက်ဘက် တစ်ဖက်တစ်ချက် ကမ်းပေါ်တွင် စံကားကျေးရွာတည်ရှိသည်။

### ပုထိုးတော်တည်တော်မူခဲ့

အဘယ်ကြောင့် စံကားဟုခေါ်ဆိုသည်ကို လေ့လာကြည့်ရာတွင် စံကားမြို့ကို ကျိုင်းဟဲစော်ဘွား စဝ်ပြားစဲ၏ညီတော် စဝ်ပြားလဲက နောက်ပါယွန်းရှမ်းလူမျိုးများဖြင့် မြန်မာသက္ကရာဇ် ၈၄၁ ခုနှစ်၊ ခရစ်နှစ် ၁၄၇၉ ခုနှစ်တွင် လွယ်နွဲဘုရားကုန်း အရှေ့မြောက်အရပ်တွင် (ပန်လုံမြို့)ဟု သတ်မှတ်ပြီး မြို့တည်၍ အုပ်ချုပ်စိုးစံခဲ့သည်။ မြို့၏အလယ်ဗဟိုတွင် တရုတ်စံကားသားအနှစ်ဖြင့် မြတ်စွာဘုရားဆင်းတုတော်ထုလုပ်ပြီး မဟာတံတိုင်းနှင့်တကွ မြတ်စွာဘုရား၏ စရိယဓာတ်တော်အစစ်နှင့်ဌာပနာသွင်း၍ ပုထိုးတော်တည်တော်မူခဲ့သည်။ ပုထိုးတော်ကို စံကားရွှေဂူဘုရားဟုလည်းကောင်း၊ နယ်မြေကို စံကားနယ်မြေဟုလည်းကောင်း သမုတ်တော်မူသည်။ စဝ်ပြားလဲလက်ထက် စံကား၏နယ်နိမိတ်အပိုင်းအခြားမှာ အရှေ့သို့လားသော် မောက်မယ်နယ်မြေနှင့်ကျောခိုင်း၊ တောင်သို့လားသော် မိုးဖြဲနယ်မြေနှင့်ကျောခိုင်း၊ အနောက်သို့လားသော် ကန့်ဖြူတောင်၊ ပေါင်းလောင်းအထိ၊ တောင်ငူကြေးတောင်မြေနှင့် ၎င်းလွယ်ပင်ကျယ်တောင်၊ ရေဝေရေလဲအထိ ရမည်းသင်းမြေနှင့်ကျောခိုင်း၊ မြောက်သို့လားသော် ညောင်ရွှေနယ်မြေနှင့် ကျောခိုင်းယူ၍ လေးရပ်သတ်မှတ်ထားတော်မူသည်။ နန်းမြဲမြစ်ချောင်း (ဘီလူးချောင်း)တွင် ဆည်ကန်မရှိသဖြင့် လယ်ရေများရယူရန် မြေတာရိုးအကြီးအကျယ်ဖို့၍ မြေတစ်လျှောက်ဖြင့် နန်းဟူး-လင်လန်ရေထွက်မှ လယ်ရေများသွယ်ယူစေသည်။ အင်းဝခေတ် ထူပါရုံဒါယကာ နရပတိကြီး၏ သားတော် ပြည့်စုံမင်းသီဟသူ(၈၃၀-၈၄၂) မင်းလက်ထက်အချိန်က ဖြစ်ပေသည်။ ထို့နောက် မြန်မာသက္ကရာဇ် ၉၁၇ ခုနှစ်၊ ခရစ်နှစ် ၁၅၅၅ ခုနှစ်တွင် စဝ်ပြားလဲ ကွယ်လွန်သည့်အချိန် အင်းဝမင်း ၁၆ ဆက်မြောက်မင်း မိုးဖြဲနရပတိ(၉၀၇-၉၁၃)မင်းနှင့်အပြိုင် ဖြစ်ခဲ့သည်။

### အရိုက်အရာကို ဆက်ခံ

စဝ်ပြားလဲကွယ်လွန်ပြီးနောက် ၈၅ နှစ်ခန့် မင်းဆက်ပြတ်သွားခဲ့သည်။ ထိုအခါ ပန်လုံမြို့သူမြို့သားများက တောင်ပေါ်မိန်းနှင့် မြောက်ပေါ်မိန်းဆိုသူနှစ်ဦးကို မြို့မိမြို့ဖအဖြစ် အုပ်ချုပ်စေခဲ့သည်။ စဝ်ပြားလဲ၏ မြေးတော် ခွန်လူးကို သတိုးမဓ္မရာဇမင်းက ခန့်အပ်လွှာနှင့်အတူ စော်ဘွားအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ထိုမင်းသည် ပန်လုံမြို့ မြောက်ဘက် ၁၂ မိုင်အကွာ ဘီလူးချောင်း အရှေ့ဘက်ကမ်းတွင် ဝိန်ကောက်မြို့သစ်ကို တည်ထောင်ပြီး အုပ်ချုပ်စိုးစံခဲ့သည်။ ထိုမှတစ်ဖန် ခွန်လူး၏ သားတော် ခွန်ဆိုင်သည် ဝိန်ကောက်မြို့၏ တောင်ဘက် နှစ်မိုင်အကွာတွင် မြို့သစ်တည်ခဲ့ပြန်ပေသည်။ စံကားနယ်မြေကို ခွန်ဆိုင်၏ သားတော် စဝ်နော်မိုင်းက ဆက်ခံခဲ့သည်။ စဝ်နော်မိုင်း နတ်ရွာစံတော်မူသောအခါ သားတော် စဝ်နေထွန်းက ခမည်းတော်၏ အရိုက်အရာကို ဆက်ခံခဲ့သည် ။ ၎င်းသည် ရန်သူများကိုနှိမ်နင်းရန် စကားနယ် တောင်ဘက်ပိုင်းတွင် ဟွေဖြဲမြို့ဟု မြို့သစ်တည်တော်မူခဲ့သည်။ စကားနယ်သို့ ဝင်ရောက်လာသော ကရင်နီများကို ကွပ်မျက်ခဲ့သည်။ စဝ်နေထွန်း နတ်ရွာစံသောအခါ ကျန်ရစ်သော သားတော်များသည် ကိုယ်မနိုင်လွန်းသဖြင့် မြို့စားကြီးရိုက်ရာကို ညီတော်ခွန်ဖြူက ဆက်ခံခဲ့သည်။ ခွန်ဖြူသည် ဟွေဖြဲမြို့တည်နေရာကို သဘောမကျသောကြောင့် စဝ်ပြားလဲကောင်းမှုတော် ရွှေဂူဘုရားတည်ရှိရာအရပ်ရှိ ဘုရားကို မြို့လယ်၌ထားပြီး (အေဒီ ၁၇၇၄ ခု) မြန်မာသက္ကရာဇ် ၁၁၃၆ ခုနှစ် တော်သလင်းလပြည့်ကျော် ၆ ရက်(တနင်္ဂနွေနေ့) ညနေ ၄ ချက်တီးကျော် ၆ ဗီဇနာပြန် ပြည်တစ်ရာပြည့် မိဿလက်နက္ခတ် တစ်လုံး တစ်ပတ်ထက် လက္ခိုလျက်-ထိုနာရီ၏တည်နက္ခတ်သော်ကား သရဝဏ်နက္ခတ်မွန်းတည့်ချိန်တွင် မြန်မာသက္ကရာဇ် ၁၁၃၆ ခုနှစ်တွင် မင်းခွန်ဖြူသည် မြို့သစ်၏ အရှေ့မြောက်ဘက်တွင် မြို့ကိုတည်သည်။ မြို့တည်သောအခါ မြို့တစ်နေရာတွင် တရုတ်စံကားပင်ကြီးတွေ့ရှိ၍ ထိုစံကားသားကို ဘုရားထု၍ဌာပနာသွင်းပြီး စေတီတစ်ဆူ တည်ထားကိုးကွယ်လေသည်။ ထိုစေတီကို ရွှေဂူဘုရားစေတီတော်ဟု ခေါ်ဝေါ်သမုတ်ခဲ့ပေသည်။ စံကားသားဖြင့် ဘုရားဌာပနာသွင်းတည်သောကြောင့် စံကားမြို့ဟုခေါ်တွင်လာကြသည်။ စံကားမြို့တည်သည်ကိုလည်း သင်္ကေတလင်္ကာစီပြီး **“ဥဩစည်သူမင်း ခွန်ဖြူ (၁၁၃၆ ) ခုနှစ်”**ဟု ခေါ်ဝေါ်သမုတ်ခဲ့ပေသည်။ စကားမြို့သစ်တည်ချိန်သည် တတိယအင်းဝခေတ် ဆင်ဖြူရှင်မင်းလက်ထက်တွင်ရှိသည်။ စံကားမြို့၌ မြို့ရိုး၊ တပ်ရိုး၊ ကျုံး၊ တံခါးမှစ၍ မြို့အင်္ဂါရပ်နှင့်ညီအောင် ပြုစုတော်မူသည်။ ယင်းနောက် မြို့ကို အင်္ဂါနေ့တွင် တံခါးအသစ်ထပ်မံပြုစုသည်။ အထက်ကသတ်မှတ်ထားသော စကားနယ်မြေ၏ တည်နေရာအကျယ်အဝန်းအတိုင်း (အေဒီ ၁၈၀၆) ခုမြန်မာသက္ကရာဇ် ၁၁၆၈ ခုနှစ် တပို့တွဲလဆန်း ၄ ရက်နေ့အထိ အနှောင့်အယှက်မရှိ အုပ်ချုပ်ခဲ့သည်။

ဘိုးတော်မင်းတရားခေါ် ဗဒုံမင်းသည် ကောဇာသက္ကရာဇ် ၁၁၄၇ ခုနှစ် ခရစ်နှစ် ၁၇၈၅ ခုနှစ်တွင် တစ်နိုင်ငံလုံးရှိ မြို့များအနက် မြို့ပေါင်း ၂၃၀ တွင် ရွှေဂူဘုရားများကို တည်ထားကိုးကွယ်စေသည်။ ရွှေဂူစေတီတော်များတွင် လိုဏ်သွင်းကိုးကွယ်စေရန် ကျောက်ဖြူဆင်းတုများဌာပနာရန် ဓာတ်တော်ရုပ်တုတော်များမှစ၍ ကုန်ကျစရိတ်များကို ဗဒုံမင်းကပေးအပ်လေသည်။ စံကားကိုလည်း တစ်ဆူပေးပို့ခဲ့သည်။ တစ်နိုင်ငံလုံးရှိ အဆူ ၂၃၀ ကို ညွှန်ကြားသည့် လ၊ ရက်၊ နေ့အချိန်တွင် တစ်ပြိုင်နက် ပန္နက်ချရသည်။ စံကားမြို့တွင် ရွှေဂူဘုရားကို မင်းခွန်ဖြူလက်ထက်တွင် စံကားမြို့နံ့စေတီ၌ တည်ထားကိုးကွယ်စေသည်။ စဝ်ပြားလဲ (၈၄၁ ခုနှစ်) တည်သော စကားနံ့စကားဘုရားသည် ဘိုးတော်ဗဒုံမင်း တည်သော ရွှေဂူဘုရားထက် နှစ်ပေါင်း ၃၀၆ နှစ် စောတည်ခဲ့သည်။ ညောင်ရွှေမြို့တွင် စော်ဘွားစပ်ယွန်းလက်ထက်၌ ယခု သာသနာဝိပုလ ရွှေဂူပရိယတ္တိစာသင်တိုက်ကျောင်းရှိရာတွင် တည်ထားလေသည်။

### ဘွဲ့ပေးအပ်

ဘကြီးတော်(စစ်ကိုင်းမင်း)လက်ထက် ခရစ်နှစ် ၁၈၁၉ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ရှမ်းနယ်အကြီးအကဲများဖြစ်သည့် ညောင်ရွှေစော်ဘွားကို ကမ္ဘောဇဒေဝရာဇာဘွဲ့ကိုလည်းကောင်း၊ စံကားမြို့ကို သီရိသိုဟံဘွား ဘွဲ့ကိုလည်းကောင်း ပေးအပ်ခဲ့ပါသည်။ မင်းခွန်ဖြူ နတ်ရွာစံလွန်ပြီးနောက် သားတော် ခွန်ရီက ခမည်းတော်၏အရိုက်အရာဆက်ခံခဲ့သည်။ မြို့စားကြီးခွန်ရီ လုပ်ကြံခံရပြီးနောက် ကျမိုင်းခွန်ကြွက်၏ကိုယ်ရံတော် ပေါ့ဆာပန်းက ၎င်း၏သားတော်ဖြစ်သော ခွန်စုံမှာ ငယ်သေးသည့်အတွက် ပေါ့ဆာပန်းက ခေတ္တစောင့်ထိန်းအုပ်ချုပ်ခဲ့ရသည်။ ခွန်စုံအသက် ၁၆ နှစ်ပြည့်သောအခါ မြို့ရွာကို စတင်စီမံအုပ်ချုပ်ခဲ့သည်။ ခွန်စုံသည် မိုင်းစိတ်ကျမိုင်းကို ဓားနှင့်ထိုးသဖြင့် ဘုရင်က ခွန်စုံအားခေါ်ယူ၍ မန္တလေးတွင် အကျယ်ချုပ်ချထားခဲ့သည်။ ထိုအခါ စံကားမြို့ကိုအုပ်ချုပ်ရန် မြို့စားကြီး ခွန်ရီ၏မြေး၊ ခွန်ဖူး၏သား ခွန်နဲအား မြန်မာဘုရင်က ခန့်အပ်တော်မူခဲ့သည်။ ခွန်နဲမှာ ဘုရင်အား တော်လှန်ပုံကန်သည်ဆိုသည့် စကားဖြင့် တိုက်ခိုက်ခံရသဖြင့် မြို့စားကြီးခွန်နဲသည် တောင်ငူမြို့ရှိ အင်္ဂလိပ်တို့ထံ ခိုလှုံခဲ့သည်။ အုပ်ချုပ်သူကင်းမဲ့နေသော စံကားမြို့ကို ပြန်လည်အုပ်ချုပ်ရန် မင်းတုန်းမင်းက အကျယ်ချုပ်နှင့်ထားသော ခွန်စုံအား စံကားနယ်အား ပြန်လည်အုပ်ချုပ်ရန် ပေးအပ်ခဲ့သည်။ (အေဒီ ၁၈၇၈ ခု) မြန်မာသက္ကရာဇ် ၁၂၄၀ ပြည့်နှစ်တွင် အကျဉ်းချုပ်နှင့် သီပေါတွင် နတ်ရွာစံသည်။

စံကားမြို့နယ်ကို စောင့်ရှောက်ရန် ဘုရင်က မြေလတ်ဝန် ဦးတိုအား စေလွှတ်သည်။ ဦးတို ဘဝတစ်ပါးသို့ ပြောင်းသွားသောအခါ ဘုရင်က စစ်ကဲအောင်ပုအား စံကားနယ်မြေကို ကြည့်ရှုစောင့်ရှောက်ရန် စေလွှတ်ခဲ့ပြန်သည်။ အောင်ပုသည် အလွန်လောဘရမ္မက်ကြီးပြီး ကိုယ်ချင်းစာစိတ်မရှိ၊ အလွန်ရက်စက်သူဖြစ်သည့်အတွက် ဆင်းရဲသားများက မခံမရပ်နိုင်ဘဲ စစ်ကဲအောင်ပုနှင့်တကွ ၎င်း၏အခြွေအရံများကိုပါ လုပ်ကြံသတ်ဖြတ်လိုက်ကြသည်။

**စံကားမြို့ကို ကျိုင်းဟဲစော်ဘွား စဝ်ပြားစဲ၏ညီတော် စဝ်ပြားလဲက နောက်ပါယွန်းရှမ်းလူမျိုးများဖြင့် မြန်မာသက္ကရာဇ် ၈၄၁ ခုနှစ်၊ ခရစ်နှစ် ၁၄၇၉ ခုနှစ်တွင် လွယ်နွဲဘုရားကုန်း အရှေ့မြောက်အရပ်တွင် (ပန်လုံမြို့) ဟု သတ်မှတ်ပြီး မြို့တည်၍ အုပ်ချုပ်စိုးစံခဲ့သည်။ မြို့၏အလယ်ဗဟိုတွင် တရုတ်စကားသားအနှစ်ဖြင့် မြတ်စွာဘုရားဆင်းတုတော်ထုလုပ်ပြီး မဟာတံတိုင်းနှင့်တကွ မြတ်စွာဘုရား၏ စရိယဓာတ်တော်အစစ်နှင့် ဌာပနာသွင်း၍ ပုထိုးတော်တည်တော်မူခဲ့သည်။ ပုထိုးတော်ကို စံကားရွှေဂူဘုရားဟုလည်းကောင်း၊ နယ်မြေကို စံကားနယ်မြေဟုလည်းကောင်း သမုတ်တော်မူသည်**

မင်းတုန်းမင်းသည် စံကားနယ်ကို အုပ်ချုပ်ထိန်းသိမ်းရန် စစ်ကဲအောင်တူအား စေလွှတ်ပြန်သည်။ ထိုစစ်ကဲအောင်တူသည် ခုနစ်ရက်သာနေ၍ ဘဝတစ်ပါးသို့ ရွှေ့လျောပြန်ပါသည်။ စံကားမြို့ကို ပြန်လည်အုပ်ထိန်းရန် (အေဒီ ၁၈၇၇ ခု) မြန်မာသက္ကရာဇ် ၁၂၃၉ ခုနှစ်တွင် စံကားမြို့စားကြီးရာထူးကို ရှေ့တော်မှောက် ပြန်လည်ရောက်ရှိလာသော ခွန်နဲအား ပေးသနားတော်မူခဲ့သည်။ ခွန်နဲနှင့်အတူ တွဲဖက်အုပ်ချုပ်ရန် စစ်ကဲတစ်ဦးကိုလည်း စေလွှတ်ခဲ့သည်။

(အေဒီ ၁၈၈၄ ခု) မြန်မာသက္ကရာဇ် ၁၂၄၆ ခုနှစ်တွင် ခွန်နဲနတ်ရွာစံတော်မူပြီး သားတော် စောပွင့်က ဆက်လက်စိုးစံခဲ့သည်။ (အေဒီ ၁၈၈၅ ခု) မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ် သီပေါဘုရင်ကို အင်္ဂလိပ်တို့ဆောင်ယူသောအခါ မြို့သားတို့သည် စောပွင့်နှင့်တကွ ၎င်း၏ မယ်တော်၊ အစ်မတော်တို့ကို မြို့မှနှင်ထုတ်လိုက်ကြသည်။ ထို့နောက် ခွန်စုံ၏သားတော်ကြီး စောစိန်ဖိုးအား အင်းလေးနယ်မှကြိုဆိုပြီး မြို့စားအဖြစ် တင်မြှောက်ကြသည်။ ပြည်သူက တင်မြှောက်သော အရှင်ပင်ဖြစ်ပေသည်။ စောစိန်ဖိုးကို (အေဒီ ၁၉၀၆ ခု) မြန်မာသက္ကရာဇ် ၁၂၆၈ ခုနှစ်တွင် အင်္ဂလိပ်ဘုရင်မင်းက စော်ဘွားရာထူး ခန့်တော်မူခဲ့ပြန်ပါသည်။ စော်ဘွားကြီး စောစိန်ဖိုးသည် (အေဒီ ၁၉၀၉ ခု) မြန်မာသက္ကရာဇ် ၁၂၇၁ ခုနှစ် ကဆုန်လဆန်း ၁၁ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီအချိန်တွင် နတ်ရွာစံကံတော်ကုန်ခဲ့သည်။ (အေဒီ ၁၉၁၄ ခု) မြန်မာသက္ကရာဇ် ၁၂၇၆ ခုနှစ်တွင် သက်တော် ၂၂ နှစ်ရှိပြီဖြစ်သော ဧကဒသမ စောဝခွန်ကြည်သည် ခမည်းတော်၏အရိုက်အရာကို ဆက်ခံတော်မူခဲ့ပါသည်။ (အေဒီ ၁၉၁၅ ခု) မြန်မာသက္ကရာဇ် ၁၂၇၇ ခုနှစ်တွင် ဟော်သစ်ဆောက်လုပ်၍ ဒုတိယဝါဆိုလဆန်း ၈ ရက်တွင် ဟော်သစ်ကို ပြောင်းရွှေ့ခဲ့သည်။

### မင်းဆက် ၁၁ ဆက်

စံကားမြို့တွင် စံကားစော်ဘွားမင်းဆက် ၁၁ ဆက်ရှိခဲ့ရာ နောက်ဆုံးစော်ဘွားမှာ စဝ်ခွန်ကြည်ဖြစ်ပြီး စော်ဘွားကြီးသည် စံကားစော်ဘွားဖြစ်သည့် လူမျိုးစုလွှတ်တော်နာယက ရှမ်းပြည်နယ်ကောင်စီ သဘာပတိလူမျိုးစုလွှတ်တော်နာယကအဖြစ် အမှုတော်ထမ်းခဲ့သည်။ စံကားမြို့နယ်သည် ခရစ်သက္ကရာဇ် ၁၈၈၇ ခုနှစ်တွင် စတုရန်းမိုင်ပေါင်း ၃၁၄ မိုင်ရှိပြီး လူဦးရေမှာ ၁၄၃၁၅ ဦးအထိ ရှိခဲ့ပေသည်။ စံကားကျေးရွာ (ယခင်စံကားမြို့ဟောင်း) တွင် ရပ်ကွက်ခုနစ်ရပ်ကွက်ရှိပြီး အိမ်ခြေပေါင်း ၁၈၀ ခန့်ရှိသည်။ ယခုအခါ စံကားကျေးရွာတိုက်နယ်တွင် ကျေးရွာအုပ်စု ခုနစ်အုပ်စုရှိသည်။

ပန်းပြင်အုပ်စုတွင် လွယ်မွန်းရွာ၊ နန်းတက်ရွာ၊ ဖာဟီးရွာတို့ဖြစ်သည်။ လင်လံတောင်အုပ်စုတွင် တောင်ပိုကွဲရွာ၊ ညောင်လေးပင်ရွာတို့ဖြစ်သည်။ ရေပူကျေးရွာအုပ်စုတွင် ရေပူရွာ လွိုင်နွဲ့ရွာ၊ ဘုရားတောင်ရေဆိပ်ရွာတို့ဖြစ်သည်။ လုံကန်အုပ်စုတွင် လုံကန်ရွာ၊ နမ့်ဆင်ရွာ၊ နမ့်တောင်းရွာ၊ သရက်အုပ်ရွာ၊ နမ့်ဟူးရွာ၊ ထီးကာရွာတို့ဖြစ်သည်။ အင်တန်းကျေးရွာအုပ်စုတွင် မြို့ဟောင်းရွာ၊ ညောင်ပင်သာရွာ၊ သာယာကုန်းရွာ၊ လွယ်လောင်းရွာ၊ ကျောက်တန်းရွာ၊ နောင်မိုအနောက်ရွာ၊ ရေချိုရွာဟူ၍ ဖြစ်သည်။

စံကားရွာလယ်တွင် မြို့နံ့စံကားစေတီ ရွှေဂူဘုရားရှိသည်။ ရှေးယခင်က ယွန်းရှမ်းလူမျိုးများတည်ထားသည်ဟုဆိုသည့် စေတီ၊ ပုထိုး၊ ကျောင်းကန်များစွာကို ရွာပတ်လည်တွင် တွေ့ရသည်။ အချို့မှာ ပြိုကျပျက်စီးကုန်ပြီ ဖြစ်ပါသည်။ ရှေးအခါက စံကားမြို့တွင် ဘုန်ကြီးကျောင်း ကိုးကျောင်း ရှိခဲ့သည်။ ၎င်းတို့မှာ (၁) ကျိုင်းတောင်းကျောင်း၊ (၂) ဘီလူးနှစ်ကောင်ကျောင်း၊ (၃) ကျောင်းနီကျောင်း (ကျောင်းလျှန်)၊ (၄) လေးမျက်နှာဘုရားကျောင်း၊ (၅) တောရကျောင်း၊ (၆) နှစ်ကျိပ်ရှစ်ဆူ ဘုရားကျောင်း၊ (၇) တွံ့ဟုန်းကျောင်း၊ (၈) အရှေ့ကျောင်း၊

အထူးကဏ္ဍစာမျက်နှာ (ခ) သို့ »»»